
www.burmeseclassic.com

# နေနွယ်ဇင်မြိုင်



BURMESE CLASSIC .com

မခွဲရက်နိုင်

www.burmeseclassic.com

www.burmeseclassic.com

# နေနွယ်ဖင်မြင့်

မခွဲရက်နိုင်

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၂၄၀၈၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၃၃၀၉၀၉

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

နေနွယ်ဖင်မြင့်
မခွဲရက်နိုင်/နေနွယ်ဖင်မြင့်-ရန်ကုန်။
စေတနာစာပေ၊ ၂၀၀၉။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) မခွဲရက်နိုင်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း၊ စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# နေနွယ်ဇင်မြင့်





စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







မင်း ... ချစ်သူတစ်ယောက် ရတဲ့နေ့ထိ၊ မင်းချစ်သူက မသွားရလို့ တားတဲ့နေ့ထိ၊ ချစ်သူစကားကို နားထောင်ပေးတဲ့နေ့ထိ ...

မမဆီ နေ့တိုင်းလာခဲ့ပါ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ ... အိမ်ထောင်ပြုတယ် ဆိုတာ ဖြစ်ရိုးဖြစ်စဉ် တစ်ခုပဲ။ အဲဒီ ဖြစ်ရိုးဖြစ်စဉ်တွေထဲက ကိုယ်ကြိုက်တဲ့ နည်းလမ်းကို ရွေးကြတာပဲ။ ကိုယ်ကတော့ ... ကိုယ်ချစ်မြတ်နိုးတဲ့ အရုပ်လှလှလေး တစ်ရုပ်ကိုဝယ်ပြီး ဖန်ကလပ်ပေါ် တင်ထားတဲ့နည်းကို ရွေးတယ်။

အဲဒီ အရုပ်ကလေးက ... မကွဲမရှအောင် ငြိမ်ငြိမ်နေဖို့တော့ လိုတယ်။

✿ ❥ ✿

အောင်မြင်ပျော်ရွှင်တဲ့ အိမ်ထောင်ရေး ဆိုတာ ပေးဆပ်သူနှစ်ဦးတို့ရဲ့ ပေါင်းစည်းမှုပါ။ တစ်ဦးတစ်ယောက်ရဲ့ ပေးဆပ်မှုကို ကျန်တစ်ဦးတည်းက ရယူပိုင်ဆိုင်နေတဲ့ ပေါင်းစည်းမှုမျိုးကို အိမ်ထောင်ရေးလို့ မခေါ်ဆိုနိုင်ပါဘူး။

✿ ❥ ✿

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမျှ ...

ဘယ်သူ့ကိုမျှ မချစ်ခဲ့ဖူးသလို၊ ဘယ်သူ့အချစ်ကိုမှလဲ ရယူ ခံစားဖူးခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ ... တစ်ခုလပ်ဆိုတဲ့ ဘဝကိုတော့ ရောက်ခဲ့ရပါတယ်။



ချစ်ခြင်းနဲ့တွေ့ရှိချိန်၊ အချစ်ကို ခံစားလိုက်ရဖူးတဲ့အချိန်၊ အချိုမြိန်ဆုံးသောအချစ်ကို ပိုင်ဆိုင်ခွင့် ကြုံလိုက်ရတဲ့အချိန် ... အဲဒီ အချိန်တွေဟာ တစ်ချိန်တည်းမှာ တိုက်ဆိုင်စွာ ပေါက်ကွဲသွားပေမယ့် ...

သိပ်ကို ... သိပ်ကို ... နောက်ကျသွားခဲ့ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com


မင်းကိုပေးဖို့ ... ဒါမှမဟုတ် ပြောဖို့၊ ဝါကျဆိုလို့ တစ်ကြောင်းတည်း ရှိပါတယ်။ ရင်တွင်းစကားရယ်လို့လည်း ဒီတစ်ခွန်းပဲ ရှိပါတယ်၊ အဲဒါ ...

မင်းကို ချစ်တယ်။

သိပ်ချစ်တယ်။ ရင်နဲ့အမျှ ချစ်တယ်။ တစ်သက်မှာ တစ်ခါသာ ချစ်ဖူးတဲ့အချစ်၊ ဘယ်တုန်းကမှ ဘယ်သူ့ကိုမှ မချစ်ဖူးခဲ့တဲ့ အချစ်မျိုးနဲ့ မင်းကို ချစ်တယ်။

ဒါပေမဲ့ ...

အဲဒီ ရင်တွင်းစကားတစ်ခွန်း၊ ပြောစရာဝါကျတစ်ကြောင်းကို၊ မင်း ... ဒီတစ်သက်မှာ ဘယ်တော့မှ ကြားခွင့် မကြုံစေရဘူး။

အဲဒါ ... မင်းကိုချစ်လို့ပေါ့ ကောင်လေးရယ်။ သိပ်ချစ်လို့ပါ။

BURMESE CLASSIC .com

# ၁

"ဖက်ရှင်ရှော့ပ်တစ်ခုမှာ မင်းရဲ့မမကို တွေ့ခဲ့တယ်"

"ဘာ"

"အာမေဋိတ်လား၊ မကြားလို့ ထပ်မေးတာလား"

သီဟ ပခုံးကို လက်သီးနှင့် တစ်ချက်ပစ်ထိုးလိုက်၏။

"ဟော့ကောင် ... နာတယ်ကွ။ သတင်းကောင်းလည်း ပေးရသေး။ လက်သီးနဲ့လည်း အထိုးခံရသေး"

"ဆိုင်နာမည်ပြော"

"ကဠနာဒေဝီ ... တဲ့။ အင်းဝကို သတိုးမင်းဖျား တည်ထောင်စဉ်က ကျန်ရစ်ခဲ့တဲ့ မိဖုရားကြီးတစ်ပါး တည်ထောင်တဲ့ဆိုင် ဆိုရင်တော့ ပိုင်ရှင်ဟာ အသက်တစ်ထောင်ကျော်ဂုရုကြီး ဖြစ်နေလောက်ပြီ"

"ဟာသတွေလျှော့"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ ရှိတာလဲ။ လိပ်စာနဲ့ ဖုန်းနံပါတ်ပါ သိရင်ပြော၊ ဘာတွေရောင်းလဲ"

"မိန်းမအသုံးအဆောင်တွေချည်း ရောင်းတာ၊ ခေါင်းမှာသုံးတဲ့ ပစ္စည်းမျိုးစုံကစပြီး မျက်နှာသုံးပစ္စည်း၊ ကိုယ်ပေါ်တင်တဲ့ပစ္စည်း အမျိုးစုံ၊ လက်မှာကိုင်တဲ့ပစ္စည်း၊ ခြေထောက်မှာတပ်တဲ့ပစ္စည်း"

"ခြေထောက်မှာ ဘာပစ္စည်းတပ်လို့လဲ"

"ဖိနပ်"

"ဒါများကွာ"

"ဆိုင်ကတော့ ချောင်ကြိုချောင်ကြားလို့ ပြောမရရင်တောင်၊ လမ်းမကြီးပေါ်တော့ မဟုတ်ဘူး။ ရွှေတောင်ကြားထဲမှာ မင်းသိတဲ့အတိုင်း၊ ရွှေတောင်ကြားလောက် လမ်းသွယ်တွေ ရှုပ်ပြီး ခြံနံပါတ်တွေက အစီအစဉ်မရှိ၊ ရှာရခက်တာ"

"ဒါဆို မင်း လိုက်ပို့တော့"

"ထင်ပါတယ် ... ဒီပန်းပေါ်ပဲ တာဝန်ကျမယ်ဆိုတာ"

"ကားပါလား"

"ပါတာပေါ့"

"မင်းကားနဲ့ပဲ သွားမယ်၊ ငါ့ကားဆိုရင် မှတ်မိပြီး ပုန်းနေမှာစိုးလို့"

"မင်းသွားတော်နဲ့ မတွေ့ရင်၊ အကြောင်းကြောင်း မဖြစ်ရအောင် တစ်ခုခုတော့ ဝယ်မှဖြစ်မယ်၊ ပိုက်ဆံယူခဲ့ဦး"

"မမကို သွားတော်လို့ခေါ်တဲ့ပါးစပ် ချိတ်နဲ့ဆွလိုက်ရ"



ဝါကျမဆုံးမီပင် ထူးသစ်က သီဟပန်းကို ဆွဲခေါ်၍ အခန်းထဲမှ ထွက်လေ၏။

စင်စစ် ... ဒီမနက် ဘာမျှမစားရသေးပါ။ ညက အိပ်ရာဝင် ညဥ့်နက်၏။ အိပ်လို့မပျော်။ မမကိုပဲ မြင်နေသည်။ အိပ်ခန်း၏ မျက်နှာကြက်မီးခိုးပြာဖျော့ဖျော့လေးထဲမှာ မမ။ ပြတင်းပေါက်မှာ မမ။ ခြံထဲလှမ်းကြည့်တော့ ပန်းတွေပွင့်နေတာ မဟုတ်ဘဲ၊ မမ မျက်နှာတွေသာ ပန်းအဖြစ်နှင့် ပွင့်နေကြသည်။ ခြံဝမီးထိန်ထိန်နားမှာ မမ။ မျက်စိမှိတ်လိုက်တော့လည်း မမကိုပဲ မြင်၏။ မိုးသာ စင်စင်လင်းခဲ့သည်။ မမမျက်နှာပေါင်း တစ်သိန်းကြားမှာ တစ်မှေးမျှ မရခဲ့ပါ။

အဲသည်လို အိပ်ပျက်ညတွေက များခဲ့ပြီ။ မေမေလည်း မျက်စောင်းထိုးလှပြီ။ မေမေ့ မီးကျီခဲဝါကျများ၊ သံချွန်တပ်စကားလုံးများကို ကြောက်လွန်းလို့ ဝေးဝေးရှောင်နေလည်း မရပါ။ မေမေက သားကို လာကြည့်ပြီး၊ နှုတ်ခမ်းကို တင်းတင်းစေ့လျက် မျက်ရည်ဝဲပြန်တော့လည်း၊ ရင်ထဲ မချိနိုင်ပြန်။ မေမေဟာ မမကို သဘောတူ ကြည်ဖြူပေးလျှင် ထူးသစ် ဆိုသည့်ကောင် ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးလူသား။

တစ်ညလုံး တစ်မှေးမျှ မရလိုက်ပေမယ့် အိပ်ရာထနောက်ကျသည်။ လေးလံထိုင်းမှိုင်းခြင်းကြောင့် လူက မလန်းဆန်းပါ။ အဲသည်လို ... မှိုင်းမှုန်ညိုမှောင် ဖြစ်နေခဲ့တာ ကြာပါပြီ။ ကိုယ့်ဘဝထဲမှ မမ ပျောက်သွားကတည်းကပါ။ နေရောင်ခြည် ရင့်လာလို့သာ အိပ်ရာထက်မှ ဆင်းခဲ့ရ၏။ မျက်နှာသစ်ရင်း ရေ

www.burmeseclassic.com

www.burmeseclassic.com



ပါတင်ပါတည်းချိုး၊ ခေါင်းကိုပါ လျှော်ပစ်တာတောင် ကြည်လင်လှသည်မဟုတ်။

အဝတ်အစား လဲပြီးကာစမှာ သီဟ ရောက်လာတော့ နံနက်စာက ဗိုက်ထဲမရောက်သေး။

ဗိုက်ထဲမှာ အစာရှိဖို့ မလိုပါ။ ကိုယ့်မျက်ဝန်းထဲ မမပုံရိပ် ရောက်လာလျှင် ကိုယ့်အစာအိမ်ဟာ၊ အဟာရတွေနှင့် ပြည့်တင်းသွားမှာပဲ မဟုတ်လား။

"ဘယ်လဲ သား"

မေမေက တွေ့ဖြစ်အောင်တွေ့ကာ၊ မေးဖြစ်အောင် မေးလေ၏။

"စည်သူနဲ့ နေထိုက်ဆီ သွားမလို့ မေမေ"

အလျှောက်ကောင်းသွားသလား မဆိုနိုင်ပါ။ အထောင်း သက်သာ၏။ မေမေက သူငယ်ချင်းတွေနှင့် အဲသည်လို ဟိုသွားဒီသွား၊ ပျော်ပျော်ရွှင်ရွှင် နေစေချင်သည်။ အိမ်ထဲကုပ်၊ အခန်းထဲမှ မထွက်၊ ခုတင်ပေါ်မှ မဆင်းဘဲနေလျှင် ဒေါသအမျက် ချောင်းချောင်းထွက်တတ်ပါသည်။

"ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ဒီလောက်ဖြစ်တယ် ... အရူး"... တဲ့။

မေမေပေးသည့်နာမည် "အရူး"ဆိုတာကို ကိုယ်က မက်မောနှစ်ခြိုက်စွာ ခံယူလိုက်မှန်း မေမေ မသိရှာပါ။ မသိလို့သာ (တမင် ... နာပါစေတော့ရယ်လို့) အရူး ... အရူးနှင့် ခဏခဏခေါ်၏။ မေမေ တစ်ခွန်းခေါ်တိုင်း ကိုယ် ... ခေါင်းတင်



ချက် ညိတ်ဖြစ်သည်။ ကိုယ်ဟာ မမအတွက် ရူးသွပ်နေသူပဲမို့ မေမေရွေးသော စကားလုံးက ကိုယ်နှင့် ကွက်တိပါပဲ။ အံဝင်ခွင်ကျ ရှိလှလွန်းလို့ကို မက်မောစွာ ခံယူပါသည်။

ခုလို ... ဟိုသွား ဒီသွား၊ လှုပ်လှုပ်ရှားရှား ဆိုလျှင် သားကိုချစ်သော မေမေက ... ငါ့သားကလေး၊ ဖြေသာနေသာရှာပြီ ... ဟု ထင်၏။ မေမေ မှားပါပြီ။ ကျွန်တော် သွားမှာ ... မမဆီ ... ဟု ပြောလျှင်တော့ မေမေ ပုံခနဲ ခွေလဲ၍များ ကျန်ရစ်ခဲ့ရှာမလား။ မေမေ့ကို သနားပါသည်။ ကိုယ့်ကိုယ်ကိုယ်လည်း သနားသည်။ သနားသည့်ထဲမှာ မမကိုလည်း ဘယ်လိုမှ မချန်ရစ်ခဲ့နိုင်ပါ။ စင်စစ် ... မမသည် ဤမဟာဘဒ္ဒကမ္ဘာမှာ သနားစရာအကောင်းဆုံး မိန်းမသားတစ်ဦး ဖြစ်ပါသတည်း။

"သီဟ"

သီဟ ပခုံးကိုဆွဲ၍ လှည့်ပစ်လိုက်၏။ သီဟက ဘာလဲဟု လှည့်မေးသည်။

"ငါ ... ဆန္ဒစောသွားတယ်"

"ဘာကိုလဲ"

"ငါ ... မမဆီ သွားသင့်ရဲ့လား"

ခြံထဲရောက်လာပြီမို့၊ ကိုယ်ဖွင့်ထားသည့် ကော်ဖီဆိုင်လေးဆီပဲ ခြေဦးကို လှည့်ပါက်ဖြစ်၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သီဟ ခြေဦးတွေကပါ ထူးသစ်ရဲ့ ကော်ဖီဆိုင်ဆီသို့ လှည့်လိုက်၏။ ဆိုင်ထဲမှ လှမ်းမြင်လိုက်သော ဇမ္ဗူက တံခါးဝသို့ ထွက်လာသည်။

"ဘယ်လဲ"

တစ်နေရာရာသွားမည့် ပုံစံက တကယ်ပဲပေါ်လွင်နေသလား မပြောတတ်ပါ။ ဇမ္ဗူက "ဘယ်လဲ"... ဟု ဆီးမေး၏။ ထူးသစ် ဘာမှပြန်မဖြေဘဲ ဆိုင်ထဲသို့ ဝင်လိုက်သည်။ ခုတလော ထူးသစ် အဲဒီလို အူကြောင်ကြောင် ပြစ်တာတွေ များပြီမို့ ဇမ္ဗူက ထပ်မမေးတော့ပါ။ ထူးသစ် ထိုင်နေကျ အတွင်းခန်းလေးဆီသို့ သုံးယောက်လုံးဝင်၏။ ထူးသစ် ပုံစံက ခြေပစ်လက်ပစ်။

"ဘာထူးလဲ"

ဇမ္ဗူ့အမေးကို ထူးသစ် မဖြေပါ။

"မမကို ရှာတွေ့လာလို့"

"ဘယ်မှာလဲ"

"ဘယ်မှာနေလဲတော့ မသိဘူး၊ မမ အလုပ်လုပ်နေတယ် စတိုးဆိုင် မိနီမာ့တ်ဆိုပါတော့၊ အဲဒီဆိုင်တစ်ဆိုင်မှာ"

"ဘာ ... မမက အဲဒီအလုပ်မျိုးလုပ်ဖို့ လိုအပ်လို့လား"

"မသိဘူး"

"သွားကြမလို့လား"

"သွားသင့် မသွားသင့် မဝေ ချာလို့"

"ဒေါ်စိန်နဲ့ အရင်တွေ့ရရင် ကောင်းမယ်"

"သူ့အိမ်မှ မသိတာ"



ဇမ္ဗူနှင့် သီဟတို့ အပြန်အလှန် ပြောနေသော စကားတို့မှာ ကိုယ်နှင့်မဆိုင်သလို ... ထူးသစ် အဝေးသို့ ငေးနေလိုက်၏။ ရင်ထဲမှာ မုန်တိုင်းမွှေနေပါသည်။ မမ ပျောက်သွားစဉ်က မုန်တိုင်းတစ်ခု၊ မမနှင့် ဝေးကွာနေရစဉ် ပဲ့ရိဆွေးကျသော ရင်ဘတ်ကြီးပေါ် ဖြတ်တိုက်နေသည့် မုန်တိုင်းကတစ်ခု၊ အခု ... မမကိုတွေ့ပြီဆိုသည်နှင့် ရုတ်တရက် တိုက်ခတ်လာသော မုန်တိုင်းကတစ်ခု၊ မမဆီ သွားသင့်မသွားသင့် ဆုံးဖြတ်ချက်မကျသော မုန်တိုင်းကတစ်ခု၊ မုန်တိုင်းလေးခု ဖြတ်တိုက်သွားသည်။ ဒီရင်ဘတ်ကြီးထဲမှာ ရှိသမျှကလီစာတွေ တစ်ခုမျှ အကောင်းမကျန်နိုင်တော့ပြီဟု တွေးရင်း ရင်မှာ လစ်ဟာလျက် တုန်ယင်လှိုက်လှဲနေရတော့သည်။

မမနှင့်ပတ်သက်ပါလျှင် ... ဤမျှထိ ခံစားရပါ၏။

ဘာပဲဖြစ်ဖြစ် ... မမကိုတော့ တွေ့ချင်လှပါသည်။

"စဉ်းစားကြသေးတာပေါ့"

သီဟ စကားကို ဇမ္ဗူ ခေါင်းညိတ်ပြနေတာ မြင်ရမယ့် အဲသည်ကိစ္စလည်း ကိုယ်နှင့်မဆိုင်သလိုပါပဲ။ ရင်ထဲမှာ တစ်ခုပဲရှိသည်။ မမကိုတွေ့ချင်သည်။ တစ်ခါတစ်ရံမှာ စိတ်သွားတိုင်း ကိုယ်မပါနိုင်တာတွေ အများကြီး။ စိတ်က မမဆီ ပြေးသွားနေ၏။ ကိုယ်ခန္ဓာကြီးက ရပ်သေးကြိုးပြတ်၊ ငြိမ်သက်လျက်။

စိတ်နှင့် ကိုယ်နှင့် ဆန့်ကျင်ဘက်။

www.burmeseclassic.com

www.burmeseclassic.com



မမ ... ခင်ဗျား ... ကျွန်တော့်ကို ပုန်းလို့ လွတ်နိုင်မလား။ စိမ်းလို့ ရနိုင်မလား။ ရက်စက်ဖို့ ရော စိတ်ကူးနိုင်သေးလား။ ကျွန်တော်ဆိုတဲ့ကောင်က၊ ခင်ဗျားကို ယာယီမက်မောမှုနဲ့ အပျော်တွဲခဲ့တာ မဟုတ်ဘူးဗျ၊ ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းကို နှုတ်မြိန်ရုံ အာသွက်ခဲ့တယ်များ ထင်နေလား။

စိမ်းချင်သလောက်စိမ်း။ ကျွန်တော့်ရင်ထဲက ချစ်တတ်တဲ့ သွေးတွေက ရဲရဲတောက် အနီရင့်ရင့်တွေဆိုတာ သဘောပေါက်။

ရက်စက်တယ် ဆိုတာ၊ ရက်စက်ခံလူသား တစ်ဦးရှိမှ လုပ်လို့ရတဲ့ ဖြစ်ရပ်။ ကျွန်တော်က ရက်စက်ခြင်း ... ဆိုတာကို ငြိမ်ခံ၊ ငုံ့ခံနေမယ့် ကောင်မှ မဟုတ်ဘဲ။

ချစ်တယ် မမရယ် ... ချစ်မိသွားပုံက မဆန်းပြားသလို၊ တွေ့ကြပုံကလည်း ရိုးရိုးလေးပါပဲ။

## ၂

ထူးသစ်လောက် မနက်အိပ်ရာထပျင်းသူ ... နောက်ထပ်တစ်ယောက် ရှိနိုင်တော့မည် မထင်ပါ။ သူငယ်ချင်းတွေက မနက်စောစောထပြီး လမ်းလျှောက်ဖို့ခေါ်တိုင်း ထူးသစ် ငြင်းမြဲ။

"မလိုက်ဘူးကွာ၊ ဘော်ဒါအဖြစ်က ရပ်စဲပစ်ရင်တောင် ဂရုမစိုက်ဘူး"

လမ်းလျှောက်တူတူမလိုက်လို့ အဖွဲ့ထဲက ထုတ်ပစ်မည်ဆိုလျှင်တောင် မနက်စောစောထဖို့ နည်းလမ်းကိုတော့ မရွေးချယ်ပါ။ တစ်ယောက်တည်း ပြုံးပြုံးကလေး အိပ်ပျော်နေပစ်လိုက်မည်သာ။ ထူးသစ်ကို အအိပ်မက်သူဟု ပြောဖို့ကျတော့လည်း ခက်သားပင်။

သူငယ်ချင်းအားလုံး၏ စုရပ်ဟာ ထူးသစ်တို့အိမ်ပဲဖြစ်သည်။ စုအိပ်ကြ၊ စာစုကျက်ကြ၊ ဂစ်တာခေါက်ကြ။ အထက်တန်းကျောင်းသား ဘဝကတည်းက တွဲခဲ့ခင်ခဲ့ကြသည့် သူငယ်ချင်းတစ်စုဟာ၊ သားနှင့်အဖွဲ့ရဲ့ ကရိကထကို မညည်းမညူခံယူပေးသည့် ထူးသစ်မိခင်ကိုလည်း ချစ်ခင်ရင်းနှီးကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"အန်တီ့လက်ရာ မြီးရှည်မစားရတာ ကြာပြီ"

အဲသည်လို ပူဆာရဲလောက်အောင် ထူးသစ်မေမေ ဒေါ်တင်မေသစ်က တရင်းတနှီးနေ၏။ သားသူငယ်ချင်းများကို တူသားတွေလို သဘောထားသည်။ အိမ်မှာလာအိပ်ကြ၊ စားကြ၊ ခြံထဲမှာ ဂစ်တာတီးကြ၊ စာမေးပွဲနီးလျှင် စာကျက်ကြ။ အဲသည်အတွက် အစားအသောက်ကို တစ်မျိုးပြီးတစ်မျိုး ...၊ စားရမည့်သူတွေက ...

"ကြောက်ပါပြီ အန်တီ၊ တော်ပါတော့၊ ဗိုက်ပေါက်ထွက်တော့မယ်"... ဟု တားယူရသည်အထိ။

စုပေါင်းစာကျက်ကြပြီဆိုလျှင်၊ သူငယ်ချင်းအုပ်စုသာ တစ်ယောက်ပြီးတစ်ယောက် ဒေါင်းသွားမည်၊ ထူးသစ်တို့က ပန်းပန်လျက်ပဲ ... ဆိုသကဲ့သို့။ စာကျက်ရင်း မိုးလင်းသွားလည်း ထူးသစ် လန်းဆန်းမပျက်။ မိုးအလင်းမကျက်ဖြစ်ဘဲ အိပ်သွားလိုက်ပြီဆိုသည့် ညတွေကျတော့၊ မိုးကြီး ဘယ်လောက်လင်းလင်း၊ နေကြီး ဘယ်လောက်ထွက်ထွက်၊ ဘယ်သူတွေ ဘယ်လောက်နိုးနိုး၊ မေမေ့လက်ရာ နံနက်စာကို ဗိုက်ပြဲချက်လန် ဝါးတီးပြီးကြလည်း ထူးသစ် အိပ်ရာထဲက မထွက်သေး။

လာနိုးလျှင် ကန်လွတ်ပြီး ဆက်အိပ်နေတတ်တာပင်။ ညလုံးပေါက် စာကျက်၍ တစ်ရေးမှုမအိပ်လိုက်ရသည့်နေ့တွေသာ ထူးသစ်ကို နံနက်ခြောက်နာရီ ခုနစ်နာရီမှာ လန်းလန်းဆန်းဆန်း တွေ့ရနိုင်သည်။ ညဦးပိုင်းကတည်းကပဲအိပ်အိပ်၊ ညသန်းခေါင်ကျော်မှာပဲအိပ်အိပ်၊ အိပ်ပြီဆိုလို့ကတော့ ထူးသစ်အိပ်



ရာထချိန်ဟာ ရှစ်နာရီ။ ဒီထက်စောပြီး လာနှိုးသူသည် လက်သီးထိုးခြင်းနှင့်သော်လည်း ခံရမည်။ ခြေနှင့်ကန်ခြင်းသော်လည်း ခံရမည်။

ကရာတေးခါးပတ်အနက်အဆင့်ဖြင့် ဆရာဖြစ်ထိအောင်ထားသည့် လက်သီးနှင့် ခြေကန်ချက်တို့ကလည်း ပြင်းမှပြင်း။

"မနက်ကို ရှစ်နာရီမှထချင်လို့ ကျောင်းတက်တာတောင် နှစ်ချိန်ကျောင်းမတက်ဘူး၊ ကိုးနာရီက သုံးနာရီခွဲထိ တစ်နေ့ကုန်သင်ရတဲ့ တစ်ချိန်ကျောင်းကိုတက်တာ"... တဲ့။

အတန်းကြီးလာတော့ ကျူရှင်လေး ဘာလေး ယူချိန်ရအောင်၊ အချိန်ပိုလေး ထွက်လာအောင်၊ နှစ်ချိန်ကျောင်း (နေ့တစ်ဝက်ကျောင်း)ကို သူငယ်ချင်းတွေက ရွေးကြသည်။ ရွေးသည့်သူ ရွေးသွား၊ ကျန်သည့်သူကျန် ...။

"အိပ်ရေးကို သူငယ်ချင်းထက် ပိုမက်တယ်"... ဟု ကြွေးကြော်၏။

"ကျူရှင်တွေ ဘာတွေလဲ ယူမနေချင်ပါဘူး၊ ကျောင်းက သင်တာ နားလည်ရင် ပြီးတာပဲ"

ထူးသစ်က ဆရာဝန် အင်ဂျင်နီယာ လုပ်မည့်သူ မဟုတ်ပါ။ ဝါသနာလည်းမပါ။ ဖေဖေ့လို ရုံးဝန်ထမ်း ရာထူးကြီးလည်း မလုပ်ချင်။ မေမေ့ရတနာတိုက်မှ စိန်တွေ ပတ္တမြားတွေကို မှန်ဘီလူးနှင့်ကြည့်၊ ဈာဂနာနှင့် တစ်ပွင့်ချင်းရွေး ဆိုတာလည်း မကြိုက်။ သူ့ဝါသနာက အေးဆေးငြိမ်းချမ်းလှသည့် ကော်ဖီဆိုင်လေးတစ်ခု ဖွင့်ချင်တာပင်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆိုင်လေးထဲကို ဝင်လိုက်တာနဲ့ ကဗျာလေးတစ်ပုဒ်ထဲ ရောက်သွားသလို၊ စမ်းချောင်းလေးထဲ စီးမျောခွင့်ရသွားသလို၊ ပန်းချီကားထဲက ဆေးစက်လေး တစ်စက်ရဲ့ ဘဝလို ...

"ငြိမ်းချမ်းသွားရမယ်၊ ဘဝအမောမှန်သမျှ ပြေပျောက်သွားရမယ်။ အေးစိမ့်ကြည်နူးခြင်းတွေ ရမယ်။ ဘဝတစ်ခုဟာ ပြောင်းပြန်လှန်ပစ်လိုက်သလို၊ လက်ရှိဘဝထဲက လုံးဝလွတ်မြောက်ပြီး ငါ့ကော်ဖီဆိုင်လေးရဲ့ဘဝသစ်ထဲကို ...

"ကြည်နူးခြင်း၊ ချမ်းမြေ့ခြင်း၊ ငြိမ်းချမ်းခြင်း၊ သောကမှန်သမျှပျောက်ပြီး လုံးဝအနားရလိုက်တဲ့အဖြစ်ကို ရောက်ရမယ်"

"သေချာတယ် ... ကုမ္ပဏီပိုင်ရှင် ဘူတားကြီးတွေ၊ စမောနဲ့၊ စက်ကတ်ကြေးနဲ့ လာကြမှာ၊ လူငယ်တွေတော့ လာမှာမဟုတ်ဘူး"

"လူငယ်ဆိုတိုင်း ခုန်ပေါက် ပွလောင်နေရမှာလားကွ။ လူငယ်လည်း အသွေးနဲ့အသားနဲ့ ဖွဲ့စည်းထားတယ်။ လူကြီးလည်း အသွေးနဲ့အသားနဲ့ ဖွဲ့စည်းထားတယ်။ ခုန်ပေါက်ပြီး ပျော်ချင်တဲ့အချိန်၊ ပွလောင်ပြင်းပြတဲ့ အရသာကို ခံစားချင်တဲ့အချိန်၊ မျက်စိမှိတ်နားပိတ်ပြီး ...

"အေးဆေးချမ်းသာ နားနေ စီးမျောချင်တဲ့ အချိန်တွေ ရယ်လို့ ခွဲခြားခံစားချင်တဲ့ ဆန္ဒဟာ လူကြီးတွေမှာလည်း



ရှိတယ်၊ လူငယ်တွေမှာလည်း ရှိတယ်။ အေးအေးဆေးဆေးနဲ့ ကြည်နူးချင်တဲ့အချိန်မှာ ငါ့ ဆိုင်ကိုရောက်လာကြလိမ့်မယ်"

"သေချာတယ် ... မီးရောင်က ခပ်မှောင်မှောင်ဖြစ်မှာ"

"နီးစပ်ပါတယ်"

အဲသည်စိတ်ကူးကို ဆယ်တန်းမအောင်ခင်ကတည်း ရခဲ့တာဖြစ်၏။ ပင်ကိုက ဉာဏ်ကောင်း၊ ထက်မြက်သော ူးသစ်မှာ ဆယ်တန်းကို ဟိုကျူရှင် ဒီကျူရှင်၊ ပြေးတက်၊ ဂိုက် (Guide)တွေနှင့် နပန်းလုံး ... ဆိုတာမျိုး မလိုဘဲ ဂုဏ်ထူးငါး ုးနှင့် အောင်ခဲ့ပါသည်။ သို့ပေမဲ့ ... ဆေးတက္ကသိုလ်မသွား၊ ည်းပညာတက္ကသိုလ်မတက်။ သူက နိုင်ငံခြားဘာသာတက္ကသိုလ် သို့ပဲ တက်ခဲ့သည်။ Language ကို ဝါသနာပါ၏။ စာဖတ်ရတာ ည်း ကြိုက်သည်။ သည်လိုနည်းနှင့် ဘွဲ့ရလာခဲ့ကြတာဖြစ်၏။ သည်လိုမျိုး ထူးသစ်သည် အကြောင်းထူးမရှိဘူးဆိုလျှင် ဘယ် ာ့မျှ နံနက်ရှစ်နာရီထက် စောၡမထခဲ့ပါ။

"ငါအိပ်နေရင် ဘယ်တော့မှ လာမနှိုးနဲ့၊ ကုန်ကုန်ပြောမယ်။ အိမ်မီးလောင်ရင်တောင် လာမနှိုးနဲ့။ မီးထဲမှာ သေသွားမှာ သနားရင် ထမ်းချသွားကြ။ နှိုးတော့မနှိုးနဲ့။ ထားရက်ရင်လည်း ထားခဲ့ကြ။ သေပစေ။ အိပ်ရေးမပျက်ရင် ပြီးရော"

သူငယ်ချင်းတွေ စုမိတိုင်း၊ ထူးသစ် အိပ်ရေးဖျက် းသည် အဓိကအကြံအစည်ကြီးပင်။

www.burmeseclassic.com

www.burmeseclassic.com



“ထူးသစ်ကို မနက်ငါးနာရီခွဲ အင်းယားကန်ပေါင်မှာ လမ်းထလျှောက်အောင် ဘယ်သူလုပ်နိုင်မလဲ။ လုပ်နိုင်မယ့်သူကို ဝမ်းတောဘယ်ကွာ”

အုပ်စုတွေတွေ့တိုင်း ဒါကိုချည်း ကျိတ်တိုင်ပင်ကြသည်။

“တော်ရုံနဲ့တော့ မရဘူး၊ တစ်ခုခုကို အရှုံးအနိုင်လုပ်ပြီး မနက်ငါးနာရီခွဲထဖို့ကို လောင်းကြေးထားရင် နိုးစပ်တယ်”

“မဆိုးဘူး၊ ရှုံးတဲ့သူ ထ,ကြေး”

“သေချာတယ်၊ အဲဒီလောင်းကြေးကို ထူးသစ် လုံးဝသဘောတူမှာ မဟုတ်ဘူး၊ တခြားဟာနဲ့ပဲ လောင်းမှာ”

မျှော်လင့်ထားသည့် အတိုင်းပင်။ ဘယ်တော့မဆို ငြင်းလေ့ခုန်လေ့ ရှိကြသည့် အုပ်စုထဲမှာ သူ မှန်တယ်၊ ငါမှန်တယ်၊ လောင်းမလား ... ဆိုတာတွေက ရှိမြဲ။ လောင်းကြေးအမျိုးမျိုးပင် စုံခဲ့ပြီ။ မနက်ငါးနာရီခွဲ ထပြေးကြေးတော့ ဘယ်တော့မှမပါ။

“အဲဒီလောင်းကြေးနဲ့ဆို ငါ မပြိုင်ဘူး၊ စိန်မခေါ်ဘူး”

“အရှုံးပေးတာလား”

“ပေးတယ်ဆိုလည်း ပေးတယ်ပဲပေါ့ကွာ။ အရေးမလုပ်လောက်ပါဘူး”

သူငယ်ချင်းတစ်အုပ်စုလုံး ဘွဲ့တွေသာ အသီးသီး ရကုန်ကြသည်။ ထူးသစ် မနက်ငါးနာရီခွဲထဖို့ အရေးကိစ္စက မအောင်မြင်သေး။



“ငါ ဆိုင်ဖွင့်တော့မယ်၊ ဘယ်သူပါမလဲ”

“ပါချင်တယ်၊ ဒါပေမဲ့ ဆိုင်ဖွင့်မယ့်ကိစ္စကို အင်းယားစောင်းမှာ မနက်ငါးနာရီခွဲ ... ခုံတန်းလျားလေးတွေမှာ ဆွေးနွေးမယ်”

“မဆွေးနွေးပါဘူး၊ တစ်ယောက်မှ မပါနဲ့တော့”

“ပါချင်တယ်ကွ”

“ပါချင်ရင် ခုဆွေးနွေး”

“ခု ... အကြံဉာဏ်တုံးနေတယ်”

“ရတယ် ... နောက်နေ့ရွှေ့”

“မနက်စောစော”

“မပါနဲ့”

“ပါမယ်ဆို”

“နေဦး ... မင်းဆိုင်က ဘယ်နနာရီစဖွင့်မှာလဲ၊ မနက်ကို”

“ခြောက်နာရီဖွင့်မှာ”

“မင်း ... ထမယ်ပေါ့”

“အဲဒါကြောင့် ... မင်းတို့ပါဖို့ ပြောတာပေါ့။ မင်းတို့ထဲက တစ်ကောင် ... မနက်ခြောက်နာရီ ဆိုင်လာဖွင့်”

“လောကကြီးမှာ တရားမျှတပါပေတယ်”

“ငါတို့မပါရင် ဘယ်သူလာဖွင့်မလဲ”

“မန်နေဂျာကောင်းကောင်း၊ သစ္စာရှိရှိရှာပြီး လခကောင်းကောင်းပေးမယ်”

“ကြီးပွားဦးတော့မှာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"နေရာက ..."

"ငါ့ခြံထဲပဲ"

စင်စစ် ... ထူးသစ်ခြံသည် ကမ္ဘာအေးစေတီလမ်းမကြီးပေါ်မှာ၊ အင်းယားကန်ပေါင်နှင့်ဆို မျက်စောင်းထိုး၊ စားလွယ်ခုတ်ဆိုသော အနေအထားမှာ ရှိသည်မို့ ကော်ဖီဆိုင်အကောင်းစားလေးတစ်ဆိုင်ဖွင့်လျှင် အလွန်သင့်တော်သည့်နေရာပင်။ မနက်စောစော လမ်းထလျှောက်သူတွေ၊ လမ်းလျှောက်ကအပြန် ဝင်နိုင်သည်။ တစ်နေကုန်မှာလည်း အပန်းဖြေသည့်သဘော၊ အလုပ်ကိစ္စဆွေးနွေးလိုသူများ၊ သူငယ်ချင်းမိတ်ဆွေ အဖွဲ့တွေ၊ ချစ်သူစုံတွဲလေးတွေ လာရောက်နိုင်သည်ပင်ဖြစ်၏။ ညနေစောင်းကျတော့လည်း ညနေစောင်းအလျှောက် စီးပွားရေးအကွက်အကွင်းကတော်တော်လေးကျသည်။ ပြီးတော့ ... မိဘဘိုးဘွားလက်ထက်ကတည်းက ပိုင်ဆိုင်ခဲ့သည့် ဘိုးဘွားပိုင်မြေမျိုးမို့လည်း ခြံကကျယ်ဝန်းလှသည်။

"မင်းခြံ ... တစ်ဧကလား"

"မတာ,ဘူးကွ။ တစ်ဧကခွဲတောင်ရှိတာ၊ ကျယ်လွန်းလို့ မနိုင်ဘူး၊ နွေဆို ... အပင်ကြီးတွေက ကြွေတဲ့သစ်ရွက်ခြောက်တောင် သေလုအောင် လှည်းရတယ်၊ အဲဒါကြောင့် အဆောင်လေးတစ်ခု ထပ်ဆောက်ချင်တာ"

"ခြံထဲမှာ ရေတံခွန်အတု ခပ်ကြီးကြီးထည့်မလား"

"ထည့်မှာ ... ရေစီးသံပါထည့်မယ်။ ပြီးရင် စမ်းချောင်းအတုလေးတစ်ခု ဆက်စီးခိုင်းမယ်၊ မမေ့စမ်းချောင်းပေါက်စ



လေးနဲ့ သွားဆက်မယ်။ အဲဒီနား ... အပင်ကြီးတွေရှိတော့ နေရိပ်မယ်၊ ဆိုင်ခန်းထဲထိုင်ပြီး မစားမသောက်ချင်ရင်လည်း၊ စမ်းချောင်းလေးနားမှာ စားပွဲကုလားထိုင်လေးတွေ ချပေးထားမယ်"

"ငါတောင် လာသောက်ချင်လာပြီ။ ကော်ဖီအရသာ ဘယ်လိုနေမယ် မသိဘူး"

"အတော်ဆုံးလူတွေကို လခကောင်းကောင်းပေးပြီး ထားမှာ၊ နိုင်ငံခြားကော်ဖီမျိုးစုံရမယ်၊ မုန့်မျိုးစုံ၊ မနက်ပိုင်းဆို မြီးရှေတို့ နန်းကြီးသုပ်တို့ ရှမ်းခေါက်ဆွဲတို့"

"ဟော့ကောင် ... ငါပါမယ်"

ပြောရင်းက မနက်စောစော ထဆွေးနွေးစရာမလိုဘဲ၊ တစ်ထိုင်တည်း စည်းဝေးဖြစ်သွားရတော့သည်။ ပါမယ် ... ဟု တစ်ထိုင်တည်း ဆုံးဖြတ်လိုက်သူက "သီဟ"။

"မင်း ခြောက်နာရီ ဆိုင်လာဖွင့်ရမှာ"

"ငါးနာရီခွဲ ရောက်စေရမယ်"

သီဟ ပေါ်သို့ (ထူးသစ်မပါ) သူငယ်ချင်းတွေ၏ လက်သီးပျော့တွေ စုပြုံကျရောက်တော့၏။

"နည်းနည်းပါးပါး ဟန်တောင်မဆောင်ဘူး"

"ငါ အရမ်းစိတ်ပါနေပြီကွ"

"ဂီတသံ ဘယ်လိုထည့်မလဲ"

"ဆိုင်ထဲမှာတော့ ဟောလိုဂစ်တာလေးတစ်လက်နဲ့ ကန်းထရီး(Country)လေးတွေ တစ်ယောက် ထိုင်ဆိုနေမယ်"

www.burmeseclassic.com

www.burmeseclassic.com

"ပျင်းတဲ့သူတွေ ရှိမယ်နော်"

"နောက်တစ်ဆောင်သပ်သပ်ထဲမှာကျတော့ ဟစ်ပ်ဟော့ပ် (Hip Hop)ကချင် ခုန်ချင်လည်း ရမယ့်အဆောင်ကတစ်ဆောင်"

"နှစ်ဆောင်တောင်လား"

ထူးသစ် ခေါင်းညိတ်၏။

"ဟိုဘက်ဆောင်မှာ ပျင်းတဲ့သူတွေ ဒီဘက်ဆောင်လာ။ ဒီဘက်ဆောင်ကို မျက်စိနောက် နားငြီးတဲ့သူတွေ ဟိုဘက်ဆောင်ကိုသွား"

"အဲဒီနှစ်ဆောင် နည်းနည်းဝေးမှ ဖြစ်မှာ"

"ဝေးမှာ၊ ကြားထဲမှာ ရေတံခွန်နဲ့ စမ်းချောင်းရယ်၊ ပန်းခြံခပ်သေးသေးနဲ့ အသားကင်ဆိုင် ခပ်ကျဉ်းကျဉ်း ခြားပေးလိုက်မယ်"

"ငါ သွားရည်တွေ ကျလာပြီနော်"

"ခွက်နဲ့ခံထား၊ ဗိုက်ဆာရင် ပြန်သောက်ရအောင်"

"ဟာ ... ရွံတယ်"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက်ပြောရင်းကပင် ဆွေးနွေးပွဲက အလိုလို ဖြစ်ထွန်းသွားရတော့သည်။

"ပိုက်ဆံအရမ်းကုန်မှာ"

"မေမေ ထုတ်ပေးမယ်၊ အဆောင်တွေဆောက်ဖို့၊ ရေတံခွန်နဲ့ စမ်းချောင်းလုပ်ဖို့၊ ဒါတွေက ငါ့ခြံထဲ ငါပိုင်ဆိုတော့ ရှယ်ယာမလိုဘူး၊ ကော်ဖီဆိုင်နှစ်ဆိုင်ထဲမှာပဲ ထည့်ချင်ထည့်၊ အသားကင်ဆိုင်ကို တစ်ယောက်သပ်သပ် ယူချင်ယူ"



"ငါယူမယ်"

သီဟပင် အရင်ဆုံး ထ,အော်၏။

"အသားကင်ဆိုင်က ညနေပိုင်းမှာ စမှာမဟုတ်လား။ ဒီလိုလုပ်မယ်၊ ဟော့ကောင် ... ထူးသစ်။ အသားကင်ဆိုင်က ငါ့အလုပ်သီးသန့်၊ ငါ့အရင်း၊ ငါ့အမြတ်၊ မင်းကိုနေရာငှားခပေးမယ်၊ ဖြစ်လား"

"အဲဒါက ဖြစ်တယ်၊ မင်း အသားကင်ဆိုင် သီးသန့်လိုချင်ရင် ငါ့ကော်ဖီဆိုင်ကို မနက်ခြောက်နာရီ လာဖွင့်ပေးရမယ်"

"မင်း ... ခုန်ပေါက်မယ့်ဆိုင်ကလည်း ညနေပိုင်း မဟုတ်ဘူးလား"

"အဲဒါက ဟုတ်တယ်။ ဒီဘက်က ကြည်နူးဆွတ်ပျံ့ဖွယ် ဒီပါချမ်းမြေ့လေးကတော့ မနက်ခြောက်နာရီ စဖွင့်မှာ"

"ဘာလဲ ဒီပါချမ်းမြေ့ ..."

"ငါ့ဆိုင်နာမည်။ ဒီပါဆိုတာ ကျွန်း၊ နေရာတစ်ခုခုဆိုတဲ့ အဓိပ္ပာယ်ပေါ့ကွာ၊ ချမ်းမြေ့ကြည်နူး ဆွတ်ပျံ့ဖွယ်နေရာလေးဆိုတဲ့ အဓိပ္ပာယ်"

"ဒီပါက ကျွန်းဆို"

"အေးလေ"

"မင်းရဲ့ဆိုင်လေးကို ရေပတ်လည်ဝိုင်းလိုက်ပါလားကွ။ ပြီးရင် ... တံတားလေးနဲ့ကူးပြီး ဆိုင်ထဲဝင်"

"ဟာကွာ"

www.burmeseclassic.com

www.burmeseclassic.com

ထူးသစ်က နေထိုက်ပခုံးကို လက်သီးပျော့နှင့် ထိုးတော့၏။

"ရွှေဥက်တော် စူးရောက်လှချည်လားကွ၊ မင်း တော်တယ်၊ ငါ့တပည့်အရာမှာနေ"

နေထိုက် မျက်နှာကြီးက ရှုံ့မဲ့သွားရတော့သည်။

"စူးရောက် ဆိုတော့ ..."

"စူးရောက်"၏ ပြောင်းပြန်စကားလုံးကို အားလုံးသိကြပြီးသားမှာပင် ပိုမိုလေးနက်အောင် စည်သူကျော်က စပ်ဖြီးဖြီးထ,အော်ပေးသည်မို့ နေထိုက်က စည်သူကျော်ကို နောက်ပေါက်နှင့် ကန်၏။

"စမ်းချောင်းလေးနဲ့ တစ်ဆက်တည်း"

ထူးသစ်က ထပ်ပြောသည်ကို ဇမ္ဗူသိမ်းက လက်မထောင်၍ ဝင်အော်၏။

"ဝွဒ်"

"ဟော့ကောင် ... နာမည်ကသာ ဇမ္ဗူသိမ်း၊ လူကဖြင့် ရည်းစားတစ်ယောက်တောင် ပိုင်အောင်သိမ်းမထားနိုင်လို့ ဟိုက လိုက်ပြေးသွားပြီ"

ဇမ္ဗူသိမ်း ခမျာ ... မျက်နှာလေးရှုံ့၍ ငိုချင်ယောင်ဆောင်လေ၏။

"ဒီတော့ ... ငါ့ဆိုင်မှာ ပိုက်ဆံလာသိမ်း၊ ကောင်တာထိုင်"

"ဟုတ်ကဲ့ ... ကျေးဇူးရှင်၊ အမှိုက်မသိမ်းခိုင်းတာ ကျေးဇူးကြီးလှပါပြီ"



"မင်းရဲ့ဆိုင်လေးက မှန်တွေနဲ့ကာမှာ မဟုတ်လား"

"ဒါပေါ့ ... ဆီးညိုရောင်လေး။ အပြင်ကကြည့်ရင် အထဲကို မမြင်ရဘူး၊ အထဲကသာ အပြင်ကို မြင်ရမှာ၊ ငါ ... အာဒီတက်ကိုတစ်ယောက်နဲ့တောင် တိုင်ပင်ပြီးပြီ"

"အဲဒါ ပြောမလို့။ လိုအပ်ရင် ကိုယ်လိုချင်တဲ့အချိန်မှာ ခေါင်မိုးပေါ်ကနေ မိုးရွာချ၊ တံစက်မြိတ်က ကျလာတာကို မှန်တွေထဲက ဖောက်မြင်"

"ဝွဒ်"

ဇမ္ဗူသိမ်းက ထအော်ပြန်၏။

"ဒီ ... ဇမ္ဗူဆိုတဲ့ကောင် E major နဲ့အောင်လာတာ၊ ဝွဒ် Good တစ်လုံးကြီးများတောင် ဘတ်လာတယ်။ အံ့ရော... အံ့ရော"

စည်သူက ကန္တဲ့ကရပြော၍ လက်ဖျားလေးတခါခါသုပ်၏။

"ဟုတ်ကဲ့ မာမီစည်"

စည်သူက ထမ[illegible]ဘဲ ရယ်နေလိုက်တော့၏။

"ငါကြားဖူးတာက အရှူးဆယ်ခွန်းပြောရင် တစ်ခွန်းမှန်တယ်တဲ့။ အခု ဇမ္ဗူ ပြောတာ နှစ်ခွန်း၊ နှစ်ခွန်းလုံးမှန်နေပြီဆိုတော့ ဒီကောင် ဘယ်တော့သွက်သွက်လည်ပြီး နို့ဆီခွက်တွေဆွဲ ... လမ်းမပေါ် ပုဆိုးကွင်းသိုင်းနဲ့ လျှောက်ပြေးမလဲဘဲ"

"လမ်းမပေါ် မပြေးဘူးဟော့။ မင်း ဆိုင်ဖွင့်ပွဲကျမှ မင်းဆိုင်ထဲပဲ ပြေးမယ်။ မှတ်ပလား"

www.burmeseclassic.com

www.burmeseclassic.com

အဲသည်ဆွေးနွေးပွဲလေးက အင်းယားကန်ပေါင်ပေါ် နံနက်ငါးနာရီခွဲမှာ သွားမဆွေးနွေးရဘဲ ပြီးမြောက်ဖြစ်ထွန်းသွားခဲ့ရလေ၏။

သို့ပေမဲ့ ... ထူးသစ် အင်းယားကန်ပေါင်ပေါ်သို့ မနက်ငါးနာရီခွဲ ထပြီးလမ်းလျှောက်ဖြစ်ဖို့အရေးက သူငယ်ချင်းတစ်ဖွဲ့လုံး၏ အရေးဖြစ်ကာ ဉာဏ်နီဉာဏ်နက်ထုတ်ဖို့ စိတ်ကူးကကိုယ်စီမှာ ရှိဆဲပင်။

ဉာဏ်ပြာ ဉာဏ်ဝါလေးတွေပါ ပေါင်းပြီး ဉာဏ်စိမ်းလေးများ ထွက်ကြစမ်းပါတော့။

သူတို့လုပ်ပုံက ရိုးရိုးလေးပင်။

ထူးသစ်တို့ခြံနှင့် မနီးမဝေး၊ သစ္စာလမ်းမကြီးပေါ်မှာရှိသော 77 Cakes ဆိုင်မှ Cheese Cake ကြီး တစ်လုံးဝယ်၏။ သူငယ်ချင်းတွေစုကာ "အန်ကယ်နဲ့ အန်တီကို ကန်တော့ချင်လို့ပါ"... ဆိုတော့ ...

ဘာအကြောင်းများ ရှိသလဲတော့ ထင်သား၊ သို့ပေမဲ့ကန်တော့မည့်သူတွေက ကန်တော့ချင်နေတော့မှ ဦးမြင့်ထူးနှင့်ဒေါ်တင်မေသစ်တို့ စုံတွဲက ထိုင်ပေးရတော့သည်။

"ဘာအတွက် ကန်တော့ကြမှာလဲ သားတို့က"



"ဘယ်လိုမှ သဘောမထားပါနဲ့ အန်တီ၊ ရိုက်ရင်လည်းရိုက်ပါ။ စိတ်လည်းမဆိုးပါနဲ့၊ ဖြစ်အောင်တော့ လုပ်ပေးပါ"

"ဘာလဲ ... မိန်းမလိုက်တောင်းပေးရမှာလား"

သီဟ၊ စည်သူကျော်၊ နေထိုက်နှင့် ဇမ္ဗူသိမ်းတို့က ကြမ်းပြင်ကော်ဇောပေါ်မှာ ဆောင့်ကြောင့်လေးတွေထိုင်လျက် လက်အုပ်လေးတွေ ကိုယ်စီချီထားကြသည်မို့ ဦးမြင့်ထူးကရယ်၍ မေးလေ၏။ အချိန်က နံနက်ခြောက်နာရီခွဲ။ နွေရာသီမို့ မိုးစင်စင်သင်းနေပါပြီ။ သို့ပေမဲ့ ... ထူးသစ်ကတော့ ထုံးစံအတိုင်း အိပ်ရာမှ မထသေး။ သူက သူ့အခန်းထဲမှာ အိပ်ဆဲ။ သူငယ်ချင်းသွာသာ စောစောစီးစီးချိန်းပြီး ရောက်လာကြခြင်းပင်။

"မဟုတ်ပါဘူး အန်ကယ် ... ထူးသစ် ဆိုင်ဖွင့်မယ့်ကိစ္စ"

ပြောဆဲက လက်အုပ်ချီ မပျက်ကြပါ။

"အင်းလေ ... အဲဒါ ဘာဖြစ်လို့လဲ"

"ထူးသစ်ကို အန်တီက ပိုက်ဆံထုတ်ပေးမယ်ဆိုတာ"

"ပေးမှာ ... သားတို့ရဲ့"

"အဲဒါ ... ထူးသစ်၊ မနက်ငါးနာရီခွဲ အိပ်ရာကထပြီး အင်းယားကန်ပေါင်ပေါ် တစ်ပတ်တိတိ လမ်းလျှောက်မှ ထုတ်ပေးမယ်လို့ ပြောပေးဖို့ပါ အန်တီ"

လေးယောက်သား ဦးသုံးကြိမ် ကိုယ်စီအချမှာ ဦးမြင့်ထူးနှင့် ဒေါ်တင်မေသစ်တို့က ရယ်ပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"သားတို့မလဲ ... ထူးသစ် မနက်စောစော ထဖြစ်ဖို့ကို နည်းမျိုးစုံနဲ့ ကြိုးစားပြီးပြီ၊ မရကြဘူးပေါ့၊ ဟုတ်လား"

"ဒါ ... ဒီလောက် အရေးကြီးတဲ့ကိစ္စတော့ မဟုတ်ပါဘူး အန်တီ။ သူက မထလေ၊ ကျွန်တော်တို့က နှိုးချင်လေ၊ ကျွန်တော်တို့က ထစေချင်လေ၊ သူက မထချင်လေဖြစ် ရင်းက တစ်ဖက်နဲ့ တစ်ဖက် ...

"အနိုင်ရချင်စိတ်က ပြင်းထန်လာကြတာ၊ နောက်ဆုံး မှာ အကြံကုန် ဂျွန်ဆားချက် လုပ်ရတော့တာပါပဲ၊ အန်တီ့အနေနဲ့ အဲဒီလို အပေးအယူ လုပ်ပေးဖို့၊ ကလေး ကလား ဖြစ်နေတာမို့ ကျွန်တော်တို့ ကန်တော့ပြီးတောင်း ဆိုကြတာပါ"

"သားတို့သူငယ်ချင်းက ... မေမေ လုပ်ပုံက မဆီမဆိုင် ကြီးလို့ ပြောမှာ"

"ဒါလည်း ဟုတ်တာပဲ"

"ကဲ ... ကဲ ... ကုလားထိုင်တွေပေါ် ပြန်ထိုင်ကြပါဦး၊ အန်တီ စဉ်းစားပါဦးမယ်၊ သားတို့ဆန္ဒပြည့်အောင်ပေါ့"

"ဟုတ်ကဲ့ပါ အန်တီ"

ဒေါ်တင်မေသစ်က သူငယ်ချင်းအုပ်စုတွေ ပြောသလို အပေးအယူတော့ မလုပ်ပါ။ သူတို့တွေ ကိတ်မုန့်တစ်တုံးနှင့် လာကန်တော့၊ တောင်းဆိုသွားကြတာကိုတော့ ရယ်၍ပြန်ပြော၏။ ထူးသစ်ကလည်း ရယ်သည်။ ဦးမြင့်ထူးလည်း ရယ်၏။



"လုပ်ပေးလိုက်စမ်းပါကွာ၊ ဒီကောင်တွေ ကြည့်ရတာ ရယ်ချင်လွန်းလို့။ သူတို့ပဲ ကြံကြံဖန်ဖန်"

"သားရယ် ... ကိုယ့်သူငယ်ချင်းတွေပဲ၊ လုပ်ပေးလိုက်စမ်း ပါ၊ သူတို့ပြောသလို အပေးအယူတော့ မလုပ်ပါဘူး။ သား ဆိုင်ဖွင့်မယ့်ကိစ္စက အလုပ်ကိစ္စပဲ၊ မေမေက ပေးမှာပါ"

နောက်တစ်နေ့မှာ သော်ဒါတွေ ထူးသစ်အိမ်မှာ ဖြစ်ကြလေ၏။

"ဟေ့ကောင်တွေ ... ငါ မနက်ငါးနာရီခွဲ လမ်းထလျှောက် ရင် မင်းတို့က ငါ့ကို ဘာပြန်လုပ်ပေးကြမှာလဲ"

"ဝမ်းတေဘယ်လ်"

"မလိုချင်ဘူး။ မင်းတို့က လေးယောက်ဆိုတော့ မင်းတို့ အားလုံးရဲ့ဆန္ဒကို ဖြည့်ဆည်းတဲ့အနေနဲ့ ငါ လေးရက်တိတိ လမ်းထလျှောက်မယ်"

"ဟေး"

"ဒါပေမဲ့ ..."

"ပြော"

"မင်းတို့လေးယောက်ဆီက ငါ အကူအညီတစ်ခုခု လိုလို့ တောင်းခဲ့ရင် လေးယောက်လုံး တက်ညီလက်ညီ ဝိုင်းဝန်း ဆောင်ရွက်ပေးရမယ်၊ ကတိပေးမလား"

"ငါ့ညီမကို ခိုးပေးဖို့ကလွဲရင်"

အားလုံးထဲမှာ စည်သူခမျာ ဆယ်တန်းညီမရှိနေသည် ...က်နှာငယ်လေးနှင့် ပြောရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"လွဲပါတယ်"

"ပြီးရော"

"အကူအညီတစ်ခုတည်းကို လေးယောက်ပေါင်းပြီး လုပ်ပေးရမှာလား"

"တစ်ခုတည်းကို လေးယောက်အားနဲ့ လုပ်သင့်လည်း လုပ်ပေးရမယ်၊ တစ်ယောက်ဆီက တစ်မျိုးစီ လိုအပ်ရင်လည်း လိုအပ်မယ်"

သူငယ်ချင်းက အကူအညီ တောင်းလာခဲ့လျှင် ဘယ်လိုမဆို လုပ်ပေးရမှာပဲမို့ မည်သူမျှ ဝန်မလေးကြပါ ခေါင်းလေးတွေ ကိုယ်စီညိတ်ကြတော့၏။

"ကတိ"

"ကတိကွ၊ ငါးပိပါ လိုချင်သေးလည်း ရတယ်"

"အိုခေနော်"

"အိုခေ ... ညီစေနော်"

"ညီတယ်ဟေ့"

အဲဒီနေ့ညမှာ တစ်ဖွဲ့လုံး၊ ထူးသစ်အိမ်မှာ အိပ်ကြသည်။ ညဘက် ခြံထဲဆင်း၍ ဂစ်တာတီးကြသည်။ သီချင်းဆိုကြသည်။ ဒေါ်တင်မေသစ်က အစားအသောက်မျိုးစုံ လုပ်ပေး၏ ညအိပ်ကြတော့ ဆယ့်နှစ်နာရီ။ မနက်မှာ ငါးနာရီ နိုးစက်ပေး လေးယောက်လုံးနိုးကာ ထူးသစ်ကိုနှိုး၏။ ထူးသစ် မညည်းမညူ ထသည်။ ငါးယောက်သား အင်းယားကန်ပေါင်သို့ ချီတက်ကြလေ၏။



အဲသည်လို အရေးမကြီးပါပဲ၊ ကြုံကြုံဖန်ဖန် လုပ်မိသည့်ကိစ္စတစ်ခုဟာ ထူးသစ်၏ ဘဝကြီးတစ်ခုလုံး ပြုပြင်ပြောင်းလဲစေလိမ့်မည်ဆိုတာ အဲသည်တုန်းကတော့ ဘယ်မှာကြိုတင်သိနိုင်ခဲ့ကြပါမလဲ။

တစ်နည်းအားဖြင့် ဆိုရသော် ...

ရင်နှင့်ရင်း၍၊ ဘဝလုံးပုံ၊ သက်လုံးပုံ၊ မခွဲနိုင်မခွာနိုင်ပါသော အချစ်စစ်စစ်တစ်ခုကို ထူးသစ် ရှာဖွေတွေ့ရှိသွားလိမ့်မည်ဟု ဘယ်သူကြိုတင် သိမြင်နိုင်ပါမလဲ။

နောက်တစ်နည်း ဆိုရသော် ...

မေမေ ဒေါ်တင်မေသစ် ဘယ်လိုမှ သဘောမတူနိုင်မည့် "မမ"။ ထူးသစ်ထက် ငါးနှစ်တိတိကြီးပါသော "မြရွက်ညို" ဆိုသည့် မိန်းမသားကို ကန်ပေါင်ဖူးစာအဖြစ် ကြုံတွေ့ခဲ့ရလိမ့်မည်ဟု ထူးသစ် ဘယ်မှာ ကြိုတင်သိမြင်နိုင်ခဲ့ပါမလဲ။

အကယ်၍ ...

ကြိုတင်သာ သိခွင့်ရခဲ့ပါလျှင်ရော၊ ထူးသစ် ဆိုသော ယောက်ျားက အဲသည်ကန်ပေါင်ပေါ်သို့ ငါးနာရီခွဲ တက်ရောက်လမ်းလျှောက်ရမည့်ကိစ္စကို ရှောင်လွှဲငြင်းဆိုခဲ့မှာတဲ့လား။

✿ ➤ ✿

www.burmeseclassic.com

www.burmeseclassic.com



ဝေးလှပါသည် မမ။

မမနှင့် ဆုံတွေ့ခွင့်ကို ခုလို သာမန်ကိစ္စလေး အဖြစ်ဖြင့် မပြောပါနှင့်။ အသက်နှင့်ရင်း၍ ရင်ဆိုင်မှ မမနှင့် ဆုံခွင့်ရမည်ဆိုလျှင်တောင် ... ထူးသစ်ဆိုသည့် ကျွန်တော်က မမအတွက် ... ကျွန်တော့်အသက်ကို မငဲ့မကွက်၊ ပျော်ပျော်ကြီး ရင်းသွားမှာ ...

ချစ်သောမမ ယုံလိုက်ပါတော့။

ယုံကြည်ပေးပါ မမရယ်။



## ၃

ကန်ပေါင်ပေါ်သို့ မြကျွန်းသာမှစ၍ တက်၏။

"ကုက္ကိုင်းဘက် လျှောက်မယ်"

"အင်းယားရိပ်သာဘက် ရှုခင်းက ပိုလှတယ်"

"ညှုံချက်ကတော့ ... တအားပဲ။ ငါ့သူငယ်ချင်းလို့ မပြောနဲ့။ ကုက္ကိုင်းဘက်ရှုခင်းကမှ ပိုလှတာ၊ မနီးမဝေးမှာ အလယ်ကျွန်းသေးသေးလေးတစ်ခု ရှိနေတယ်။ အဲဒီကျွန်းပေါက်စလေးပေါ်မှာ ကျူးဘားအုန်းပင်က တ ပင်တည်းကွာ ...

"အဲဒီ ကျွန်းလေးဆီများ လှေနဲ့လှော်သွားလို့ရရင် ကိုယ့်ကိုယ်ကိုယ် ... ရော်ဘင်ဆင်ခရူးဆိုးလိုလို၊ ဘာလိုလို။ ကျွန်းကလေးမှာ တစ်ယောက်တည်းပေါ့"

"ငါ ကြားဖူးတာ ... နှစ်ယောက်ပါ"

"ကိုယ် နေချင်သလောက် နေမယ်ကွာ။ တစ်ယောက်တည်းနေမှာကို တရားစွဲဖို့ စိတ်ကူးရှိလား"

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ငြင်းကြ ခုန်ကြပြန်၏။

“ငြင်းစရာလား၊ ကုက္ကိုင်းဘက် သွားချင်တဲ့သူက သွား၊ အင်းယားရိပ်သာဘက် သွားချင်တဲ့သူက သွား၊ မြကျွန်းသာမှာ ပြန်ဆုံ။ ပြီးရောပေါ့”

“လူစုကွဲတယ်”

“အောင်မယ်လေး၊ ပြန်မတွေ့မှာ ကျနေတာပဲ။ ဒီရောက်အောင် မပြန်တတ်တဲ့လူ ရှိလို့လား”

“အေးကွာ ... အေးကွာ”

ဇမ္ဗူသိမ်းနှင့် စည်သူကျော်က ကုက္ကိုင်းဘက်ထွက်၏။

“ပြေးမယ်”

သီဟနှင့် နေထိုက်တို့က တစ်မှောင့်။

“မင်းတို့နောက်က ဘယ်ခွေးရူးလိုက်လို့လဲ”

“မကြောင်နဲ့”

“လူသတ်သမားလည်း ပါမလာဘူး”

“ပြေးချင်လို့ ပြေးမယ်ကွာ၊ ဘာလုပ်ချင်လဲ”

“ဘာမှမလုပ်ဘဲနေရင် ကောင်းမလားလို့”

“အင်းယားကန်ပေါင်ပေါ်ကို ဘောင်းဘီရှည်နဲ့ ဝေါကင်းရှူးနဲ့လာပြီးမှ ဖြည်းဖြည်းကြီး လျှောက်နေရင် ဖီးမလာဘူးကွ”

“မင်း ဘောင်းဘီက ရှည်လွန်းတယ်၊ မင်းအဖေဘောင်းဘီ ငှားဝတ်လာသလား၊ ခြေထောက်မှာ စီးထားတဲ့ နှစ်ကျပ်ခွဲတန် ဝေါကင်းရှူးကို ဘယ်သူမှ မမြင်တော့ဘူး”



“နှစ်ကျပ်ခွဲနဲ့ရတဲ့ ဝေါကင်းရှူးရှိရင် ယူခဲ့။ ငါ အရန်နှစ်သိန်းယူမယ်”

“တစ်နေ့တစ်ရန်စီးပြီး နေ့တိုင်းလွှင့်ပစ်နေရင်တောင် နှစ်ပေါင်းငါးရာငါးဆယ်လောက် စီးရမှာ၊ ရေကို သယ်သွားဖို့ စိတ်ကူးရှိလို့လား”

“ဟော့ကောင် ... မင်းအဖေက မတိထက်ပုပါတယ်။ ဒီဘောင်းဘီက ရှည်နေတော့ ယောက္ခမဆီကများ ငှားလာတာလား”

“မဟုတ်မလွဲရော ... စည်သူ့အဖေဆီကများလား”

“စည်သူ့ရှေ့ ပြောရဲရင် နှစ်ကျပ်ပေးမယ်”

ပေါက်ကရတွေပြောရင်း တဖြည်းဖြည်း လျှောက်နေမိမှန်း သတိရသွားသော နေထိုက်က စ,ပြေးလေ၏။

“ငါတော့ ပြေးပြီ”

သီဟက ခုန်ဆွ ခုန်ဆွ လုပ်၏။

“ဘာလုပ်တာလဲ”

“ပြေးခြင်းနဲ့ လျှောက်ခြင်းကလွဲတဲ့ လှုပ်ရှားမှုတစ်မျိုးကို ဆောင်ရွက်နေတာ”

“သေကွာ”

ထူးသစ် လက်သီးကြီး ဆန့်ထွက်လာသည်နှင့် သီဟပါ ပြေးတော့သည်။

“ဟော့ကောင် ... အလယ်လမ်းက အုတ်ပြားတချို့ ကြည်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲမှာ မြင်ထားသည်မို့ ထူးသစ်က အော်ပြောလိုက်၏။

"မင်းထက်အရင် သုံးနှစ်လောက်ကြိုပြီး သိပြီးသား"

"ပြီးရော"

ထူးသစ်ကတော့ အေးအေးဆေးဆေးပဲ လျှောက်ခဲ့၏။ A21 မှ ခုံတန်းလျားနှင့် ထီးကလေးတွေ ကွေ့သွားတာ ငေးကြည့်လိုက်သည်။ အင်းယားရိပ်သာဘက်သို့ အရောက်မှာ ကန်ပေါင်က တော်တော်ကြီး ကွေ့သွားသည်မို့ လမ်းလျှောက်သူတွေကိုရော၊ ထီးနှင့် ခုံတန်းလေးတွေကိုပါ အကုန်လုံး မြင်နေရပါသည်။ လျှောက်လမ်းက တစ်ပေခွဲခန့် အုတ်ပြားလေးတွေကို ငါးပြားစီ စီ၍ခင်းထားသည်။ အလယ်ပြားကမူ၍ ဘေးတစ်ဖက် တစ်ချက် နှစ်ပြားစီက ဆင်ခြေလျှောဖြစ်၏။

လမ်းလျှောက်သူအားလုံးလိုလိုက လူသာရှင်းလျှင် အလယ်လမ်းကိုချည်း ရွေးကြသည်။ မျက်နှာချင်းဆိုင်မှာ လူလာနေလျှင်တော့ ဦးရာလူက (ယဉ်ကျေးစွာ) ဘေးလမ်းသို့ ဆင်းရှောင်ပေးလိုက်သည်။ ထူးသစ်က ဟိုသည်ငေးရင်းက ခလုတ်တိုက်သလို တစ်ချက် ငိုက်ဆိုက်ဖြစ်သွားရသည်မို့ ငုံ့ကြည့်ရာ ကျောက်ပြားတစ်ချပ်က ကြွတက်နေသည်။ ရှေ့နားလမ်းလမ်းဆီမှာကျတော့ ကြွတက်ရုံမက၊ တစ်ချပ်လုံး ကျွတ်ထွက်ကာ လှုပ်တုတ် လှုပ်တုက် ဖြစ်နေ၏။ အဲသည်ကျောက်ပြားကို မည်သူမျှ ဝင်ခလုတ်မတိုက်ကြပါ။ နေ့စဉ် လျှောက်နေကြသည်မို့ ငုံ့ကြည့်စရာ မလိုဘဲ ရှောင်သွားတတ်နေကြသည် ထင်ပါရဲ့။



"ဟိုက်"

မိန်းမသားတစ်ဦး။ ကြွတက်နေသည့် ကျောက်ပြားကို ခလုတ်ပင်တိုက်ကာ ခွေခနဲ လဲကျသွားရတော့သည်။ စောစောက အဲသည်အမျိုးသမီးကို ထူးသစ် မမြင်မိပါ။ ပုံခနဲ ခွေကျသွားတော့မှပဲ တွေ့လေ၏။ လှစ်ခနဲ ပြေးသွားလိုက်သည်။ စိတ်စောစွာ၊ ဆန္ဒစောစွာ ... ဆွဲထူပေးလိုက်ဖို့ လုပ်ပြီးမှ၊ မိန်းမသားမို့ ကိုင်ဖို့ တွယ်ဖို့ ဝန်လေးသွားရလေ၏။ မြောက်တက်လာသော လက်နှစ်ဖက်ကို ပြန်ချ၏။

"ဘာဖြစ်သွားလဲ၊ ထနိုင်လား"

ဘေးနားသို့ နှစ်ယောက် သုံးယောက် ဝိုင်းလာသည်။ မနီးမဝေး ကပ်လာသူလည်းရှိ၏။ ကူညီမည့်သူ ဝိုင်းပြီမို့ ခပ်လှမ်းလှမ်းမှာ ရပ်ကြည့်သူလည်းရှိ၏။ ထိုသူအားလုံးသည် လိုအပ်လျှင် ကူညီမည့်သူချည်းတည်း။

"ဘာလုပ်ပေးရမလဲ"

ခေါင်းငုံ့မျက်ရည်ဝဲ မျက်နှာလေး မော့လာ၏။ ထူးသစ် ငေးခနဲကြည့်လိုက်မိသည်။ အကြည့်ချင်းဆုံ၏။ ထူးသစ်၏အကြည့်စူးက သူမ မျက်ဝန်းထဲသို့ ထိုးခွဲဝင်ရောက်သကဲ့သို့၊ သူမ၏အကြည့်စူးကလည်း ထိုနည်းတူစွာ။ ထူးသစ် ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်၏။ သူမလည်း ရင်ခုန်ရိုက်ပင့်သွားမှာ အသေအချာ။

တွယ်ငြိအကြည့်တွေက ရှစ်စက္ကန့်လောက် ကြာ၏။ ကိုယ်စီမျက်လွှာချသည်။ "ဘာဖြစ်သွားလဲ" "မထနိုင်ဘူးလား" "အဖော်မပါဘူးလား" "ဘယ်ကိုပြန်ရမှာလဲ"။

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတွေက တဖွဲဖွဲ ကျနေသော မြူနှင်းတွေနှင့်အပြိုင်လား ထင်ရ၏။

"ကျွန်မ ... မထနိုင်ဘူး"

အမျိုးသမီးနှစ်ယောက် ရှေ့တိုးလာကာ ဝင်တွဲဆွဲထူ၏။ ထူးသစ်လည်း မတ်တတ်လိုက်ရပ်သည်။ အမျိုးသမီးခမျာ မျက်ရည်ဝဲနေပုံထောက်တော့ တော်တော်နာသွားသည် ထင်ပါရဲ့။

"ကျွန်မ ကားပါလာပါတယ်"

"ဘယ်ပြန်မောင်းသွားနိုင်ပါ့မလဲ"

"တော်တော်နာသွားလား"

"ဟုတ်ကဲ့"

ထူးသစ် ရှေ့တစ်လှမ်း တိုးဖြစ်၏။

"ကျွန်တော် ပြန်မောင်းပို့ပေးမယ်လေ"

သူမ ခေါင်းလေးညိတ်သည်ဟု ထင်၏။

"ကားက ဟိုမှာရပ်ထားတာ မဟုတ်လား"

မြကျွန်းသာ အဝင်ဝနားမှာ ကားတွေရပ်ထားပါသည်။ တချို့ ... အင်းယားနှင့်မနီးသော ခပ်ဝေးဝေးမှလူတွေ၊ ကားမောင်းလာ၊ ကန်ပေါင်ပေါ်ကျမှ ပြေးချင်ပြေး၊ လျှောက်ချင်လျှောက်၊ အပြန်ကားမောင်းပြန် လုပ်ကြ၏။

စောစောက အမျိုးသမီးနှစ်ယောက်ပဲ တွဲ၍ပို့လေ၏။

"ဝင်ဒါမီယာထဲပါ။ ခါတိုင်းက ပြည်လမ်းဘက်က ကန်ပေါင်ကို လျှောက်တာ"



ကားမောင်း၍ပြီး ပြန်ပို့ဖို့ တာဝန်ကို ဝင်လုသူ မရှိခြင်းဟာ၊ တစ်နည်းဆိုရသော် ကားမောင်းပို့ပေးမည့်သူ ရှိပြီမို့၊ နောက်ထပ် တစ်ဦးဦးက ထပ်မံကမ်းလှမ်းမှု မပြုတော့ခြင်းဟာ၊ သူနှင့် သူမတို့အတွက် မိုးနတ်မင်းက ဖန်တီးပေးသော တွေ့ကြုံတိုက်ဆိုင်မှု ရိုးရိုးသားသားလေးဟုပင် ဆိုရပါတော့မည်။

❁ ➤ ❁

အိမ်ပေါ်တက်တော့ ထူးသစ်ပဲ တွဲတင်ရသည်။

"ကန်တော့ ... မမ"

သူမ လက်တစ်ဖက်ကိုဆွဲ၍ ကိုယ့်ပခုံးကို ဖက်ခိုင်းရသည်။ သူမခါးကို ဖက်ရသည်။ အဲသည်အချိန်မှာ ထူးသစ်ရင်မခုန်ပါ။ အဲဒါကိုသာ မမ ယုံကြည်လျှင်၊ နောင်တစ်ချိန်မှာ ချစ်ပါသည်ဟု ပြောလာသော "အချစ်စစ်စစ်"ကိုလည်း မမ ယုံကြည်လိမ့်မည်ထင်သည်။ မိန်းမသားတစ်ဦးကို ကိုင်ရ တွယ်ရ ဖက်ရတော့မည်မို့ (ယဉ်ကျေးစွာ) "ကန်တော့"... ဟု တိုးလျှိုးပြီးသည့်နောက် ... မမ ... ဟု ခေါ်လိုက်မိခြင်းဟာလည်း လေးစားခြင်းတစ်မျိုးပါပင်။ အဲသည်တုန်းက ... သူမဟာ ကိုယ့်ထက် ငါးနှစ်တိတိ ကြီးနေလိမ့်မည်ဟု လုံးဝမထင်မှတ်မိခဲ့ပါ။ မသကာ ရွယ်တူတန်းတူပေါ့။

သူ့နာမည်မှ ကိုယ်မသိဘဲ။

www.burmeseclassic.com

www.burmeseclassic.com

မိန်းမသားမို့ ငယ်ချင်ရိုး ... ဆိုတာ သိပေမယ့် "ညီမလေး" သွားခေါ်လျှင် ကိုယ်ကပဲ ခွဲချင် ရောချင်သလိုလို။ "အစ်မကြီး" ခေါ်ဖို့လောက်ကျတော့လည်း အားနာစရာကောင်းလောက်အောင် သူ့မျက်နှာလေးက ငယ်နု၏။ ဒီတော့ ... ဘာရယ်မဟုတ်၊ လျှပ်တစ်ပြက် အတွေးနှင့် "မမ"ဟု ခေါ်လိုက်မိခြင်းဟာ၊ နောင် ... အစဉ်သဖြင့် ခေါ်ဖြစ်သွားရဖို့ ခရီးလမ်းအခင်းထင်ပါရဲ့။

မမအိမ်မှာ မမကို ဆီးကြိုတွဲကူမည့်သူ (အိမ်သားဒါအကုန်ပဲ ထင်ပါရဲ့) အသက်လေးဆယ်ခန့် အမျိုးသမီးတစ်ဦးနှင့် ဆယ့်လေးငါးနှစ်ရွယ် ကောင်မလေးတစ်ယောက်ပဲ ရှိ၏။ မမက ဧည့်ခန်းဆိုဖာတွေပေါ်မှာပဲ ထိုင်ပါသည်။

"ကျေးဇူးအရမ်းတင်ပါတယ်။ တကယ်ပါ"

"ကိစ္စမရှိပါဘူး။ ရပါတယ်"

"ပြန်ဖို့ ကားယူသွားပါ"

"ဟာ ... မယူပါဘူး၊ ရပါတယ်၊ ကျွန်တော် ဆေးခန်းတွေဘာတွေ ပို့ပေးရဦးမလား"

"မိတ်ဆွေဆရာဝန်တစ်ယောက် ရှိပါတယ်၊ ဖုန်းဆက်လိုက်လို့ ရပါတယ်"

ခုကျမှ အကြည့်ချင်း ဆုံမိကြရပြန်သည်။ ဒီတစ်ကြိမ် နည်းနည်းပိုကြာမည်ထင်၏။ ဆယ်စက္ကန့်လောက်ပါပဲ။

မမ ကျွန်တော် လူကဲခတ်မတော်ပါဘူး။ ဒါပေမဲ့ မမဟာ ကျွန်တော့်ထက် အသက်ကြီးမယ်ဆိုတာ ခန့်မှန်းသွားနိုင်တယ်။ ဒါ မမ မျက်နှာရင့်လို့ မနုပျိုလို့ မဟုတ်ပါဘူး။ မမရဲ့မျက်ဝန်းပြတင်းတွေမှာ ရင့်ကျက် ရင့်ယော်ခြင်းတွေ ခိုတွယ်နေတာကို တွေ့ရတယ်။ နာကျင်ဖူးတယ်၊ နာကြည်းဖူးတယ်၊ ဘဝဆိုတာ ရေစုန်မှာ လှေလှော်ရသလောက် ခရီးမတွင်ဘူး၊ မညက်ညောဘူး၊ သက်သောင့်သက်သာ မရှိဘူး ဆိုတဲ့ အသိတရားတွေဟာ မမ မျက်ဝန်းမှာ စာတန်းတင်ထားသလိုပဲ။

မမဟာ ကျွန်တော့်ထက် ငါးနှစ်စာလောက် ပိုမိုရင့်ကျက်ရင့်ရော်တဲ့ အတွေ့အကြုံတွေထဲမှာ ခါးသီးခဲ့ရဖူးပြီလို့ ကျွန်တော် ခံစားမိလိုက်ရပါတယ်။ ဆိုလိုတာက ... မမဟာ ကျွန်တော့်ထက် ငါးနှစ်လောက်စောပြီး ထမင်းစားခဲ့တယ်ဆိုရင် ကျွန်တော့်ထက် ငါးနှစ်ပိုကြီးလို့ပဲပေါ့။ အဲဒီလို ထင်ရမှာ အားနာရကောင်းနေတာက မမရဲ့အသားဝင်းဝင်းလေး၊ မျက်ခုံးနက်နက်လေး၊ နှာတံချွန်ချွန်လေးနဲ့ နှုတ်ခမ်းရဲရဲလေး၊ ပခုံးနားမှာ ကွေ့ကွေ့ကောက်ကောက်နဲ့ ဝဲကျနေတဲ့ မမရဲ့ဆံပင်ခွေခွေလေးတွေ။

"ကျွန်တော့်နာမည် ထူးသစ်ပါ"

"မမက မြရွက်ညို"

"ဩော်"

သူ့ကိုယ်သူ "မမ"လို့ သုံးလိုက်ခြင်းဖြင့် သူမရဲ့အသက်ကို အတိအကျနီးပါး ဖော်ပြလိုက်ခြင်းပင်။

"ဒေါ်စိန် ... ကိုသက်ထွဋ်ဆီ ဖုန်းဆက်ပေးပါ။ အပုလေးက ဧည့်သည်ဖို့ စားစရာ ယူခဲ့။ စားပွဲပေါ်မှာ မမအတွက်

www.burmeseclassic.com

ပြင်ဆင်ထားတာတွေ ရှိမှာပေါ့။ ဇန်းနဲ့ထည့်ပြီး အိမ်ရှေ့
မှာလာချ”

“နေပါစေ မမ”

“ကိုထူးသစ် ဘရိတ်ဖတ်စ် မစားရသေးဘူး မဟုတ်လား၊
မိတ်ဖြစ်ဆွေဖြစ် ဒီမှာပဲ စားသွားပါ”

“မမ သိပ်နာနေလား”

မျက်နှာလေးတစ်ချက် ရှုံ့သွားသည်မို့ မေးလိုက်
၏။ မမ ... မချိမဲ့လေးနှင့် ပြုံးရာသည်။

“နာပါတယ် ... အောင့်ခံနေတာ။ မနာဘူးဆိုပြီး စိတ်ကို
တင်းထားတာ။ ဘဝဆိုတာ အဲဒီလို စိတ်တင်းပြီး အောင့်
ခံရတဲ့ ခါးသီးမှုနဲ့ ရှောင်လွှဲနိုင်တာမှတ်လို့။ အလေ့အကျင့်
ရနေပါပြီ။ ဩော် ... ဆောရီး။ ခုမှတွေ့ပြီး မိတ်ဆွေဖြစ်
ရတဲ့သူကို ပြောမိတယ်”

“ကျွန်တော့်ရင်ထဲမှာတော့ ငယ်ငယ်တုန်းတည်းက ကွဲကွာ
သွားခဲ့တဲ့ သူငယ်ချင်းကို ပြန်တွေ့ရသလိုပဲ။ ကျွန်တော်
ရိုးရိုးသားသား ပြောတာပါ။ ကျွန်တော် ခင်မင်မိပါတယ်”

“မမလည်း တူတူပဲ။ ကိုထူးသစ်ကို ခင်သွားတယ်။ အဲဒါ
ဘာကြောင့်လဲဆိုတော့ မမရဲ့အမျိုးတစ်ယောက်နဲ့ တူလို့ပါ။
ချော်လဲလဲချင်း ကိုထူးသစ် မမနား ရောက်လာတော့ အဲဒီ
အမျိုးများလားလို့ ရုတ်တရက် ... ကြာကြာလေးတောင်
ကြောင်ကြည့်မိလိုက်တယ်။ မဟုတ်မှန်း သိလိုက်ပြီးလည်း
ရင်ထဲမှာ ခင်သွားတယ်”



“မမ မောင်လေးလား”

“ဆွေမျိုးပေါ့။ မမထက်ကြီးတော့ အစ်ကိုဆိုပါတော့”

“တော်တော်တူလား မမ”

“နည်းနည်းဆင်ရုံပါ။ ရုတ်တရက် အမှတ်တမဲ့ဆိုတော့
တော်တော်တူသလိုပဲ။ ကြည့်ရင်း ကြည့်ရင်းနဲ့ သိပ်မတူ
တော့ဘူး”

“ဒါပေမဲ့ ... ဆက်ခင်ပါ မမ”

“ခင်မှာပါ။ ခုချိန်မှာ သူငယ်ချင်းလည်းမရှိ၊ ဆွေမျိုးလည်း
မရှိ၊ အပေါင်းအသင်းမဲ့သလို ဖြစ်နေရတော့ မိတ်သစ်ဆွေ
သစ်လည်း တအားရချင်နေတာ”

“ဝမ်းသာပါတယ် မမ”

“စားပါဦး ကိုထူးသစ်”

ကော်ဖီတစ်ကရားနှင့် ဆင်းဒဝစ်ပေါင်မုန့် တစ်ပန်း
[illegible]

“အပုလေး ... ထည့်ပေးပါ၊ မမခြေထောက်က မကွေးနိုင်
ဘူး”

“ရောင်လာပြီလား မမ”

“နည်းနည်းပါ ... နာတော့ နာတယ်၊ ကျိုးတာတို့ အက်
တာတို့၊ ခြေဆစ်လည်သွားတာတို့တော့ ဖြစ်မယ်မထင်ပါ
ဘူး။ နည်းနည်းတော့ ရောင်တယ် ထင်တယ်”

ခုမှတွေ့ဖူး မြင်ဖူး ရောက်ဖူးရသည့် အိမ်မှာ ကိုယ့်
[illegible]သာ ကော်ဖီကရားထင့်၊ မမကို တစ်ခွက်ပေး၊ ကိုယ်လည်း

www.burmeseclassic.com

ညည်းသောကြ ဆင်းဒဝစ်တစ်ခု နိုက်စားလိုက်သည့်ထိ ရင်ထဲမှာ ဘယ်လို ဘယ်တုန်းက ရင်းနှီးနေခဲ့မှန်း မသိသည့် "သဲယောဇဉ်" ဟာ မိုးနတ်မင်းကြီး ဖန်ဆင်းသည်ဟုသာ ယုံမှတ်ရတော့မည် ထင်ပါသည်။

❀ ➤ ❀

"မမ ... သူက စည်သူ၊ ဒါ ... နေထိုက်၊ ဒီကောင်က သီဟ၊ ဇမ္ဗူတဲ့၊ ဒါ ... ငါ့ရဲ့ မမမြရွက်ညို"

"ဘာ ... မြရိပ်ညို ... ဟုတ်လား"... ဟု ဇမ္ဗူက သွားကြား လေတိုးသံဖြင့် မကြားအောင်ပြောသည်မို့ ထူးသစ်က နောက်ပေါက်ဖြင့် ကန်ပေးလိုက်၏။

"မမက မိတ်ဆွေအပေါင်းအသင်း တအားရှားပါးနေတာ အားလုံးကို ကိုယ့်မောင်လေးတွေလိုပဲ ခင်လိုက်တော့မယ် တော်ရမယ့် ယောက်မလောင်းလေးတွေ ရှိရင်လည်း ခေါ် လာခဲ့ပါ။ ကိုယ့်အစ်မကြီးတစ်ယောက်အိမ်လို သဘောထား ပြီး ဝင်ပါ ထွက်ပါ။ ဆွေပြမျိုးပြပေါ့"

"ပြချင်ပါတယ် မမရယ်၊ ဒါပေမဲ့ ခုထိ ဘယ်သူမှမစွဲ ... အဲ မစွဲတာတော့ မဟုတ်ဘူး မမရဲ့။ စွဲချိန်တန်တုန်းက စွဲခဲ့၊ ပြတ်ချိန်တန်တော့လည်း ပြတ်ကုန် ... ဆိုသလို ပတ်ကင်မဖောက်ရသေးတဲ့ Brand New ဆိုလို့ကတော့ ထူးသစ် တစ်ယောက်ပဲ ရှိတယ်"



"ထူးသစ်က တယ်ရိုးပါလား"

အစက "ကိုထူးသစ်"ဟု ခေါ်ခဲ့ပါသေးသည်။ ...တော့ ထူးသစ်က "ထူးသစ်"လို့ပဲ ခေါ်ပါ မမ ... ဟု ...င်းဆိုခဲ့သည်။

"ရိုးတာ မဟုတ်ဘူး မမရဲ့။ သူက အမေ့သားလေးလေ။ သူ့ကိုယ်သူ အမေ့ရင်ခွင်ထဲက ကလေးလေးလား၊ ခွေး လေးလား လုပ်နေတာ"

ထူးသစ်က သီဟ ခေါက်ပိုးကို လှမ်းအုပ်၏။

"ကျန်တဲ့ကောင်တွေကတော့ တစ်ယောက်ပြတ်တို့ နှစ် ယောက်ပြတ်တို့"

"အသည်းကွဲလူသားလေးတွေပေါ့"

"နည်းနည်းတော့လည်း ကွဲပါတယ်။ သိပ်တော့လည်း မကွဲပါဘူး။ ငိုတော့ မငိုလိုက်ရဘူး၊ ဒဏ်ရာက ခဏကြာ တော့လည်း ကျက်သွားတာပါပဲ"

"ရှင်တို့ကလည်း မတည်ကြည်လိုက်တာ"

"ကိုယ်က တည်ကြည်ချင်တဲ့ အချိန်မှာ သူက မတည်ကြည် ဘူး၊ သူ တည်ကြည်ပြန်တော့လည်း ကိုယ်က မတည်ကြည် ချင်ပြန်ဘူး။ တည်ကြည်ခြင်း တိုက်ဆိုင်မှု မရှိသေးတဲ့ သဘောလောက်ပါပဲ"

"အမယ်လေး ... ကြီးကြီးကျယ်ကျယ်"

အစက တစ်ဖွဲ့လုံး၏ "စုရပ်"သည် ထူးသစ်တို့ တစ်အိမ်တည်း။ သီဟတို့အိမ်မှာက မိဘနှစ်ပါးတင်မက

www.burmeseclassic.com



အဘိုးအဘွားပါ ရှိနေပြီး၊ အဘိုးအဘွားက ကျန်းမာရေးကောင် လှသည် မဟုတ်သောကြောင့် မျက်စိနောက်မှာ အားနာရသည် စည်သူ့ကျော်ကကျတော့ ညီမတစ်ယောက် ရှိနေသည်။ သူ့အိမ်က ယောက်ျားလေးသူငယ်ချင်းတွေ တရုန်းရုန်း ခေါ်လာတာမကြိုက် ဇမ္ဗူသိမ်း အိမ်က ရိုးရိုးတိုက်ခန်းလေးမို့ ဒီမိမ်ကျဉ်း၏။ နေထိုင် တို့ကျတော့ အိမ်ကျယ် ခြံကျယ်ပါရဲ့။ သူ့မိဘတွေက လူငယ် တွေနှင့် တရင်းတနှီး မနေတတ်ကြချေ။ တကယ့် လူကြီး အကြ မားကြီးတွေလို တည်တည်တန့်တန့်ကြီးတွေမို့ စိတ်ကျဉ်းကျပ်ကြ ရသည်။

ထူးသစ် တစ်အိမ်တည်းသာလျှင် ခြံကျယ်၊ အိမ် ကျယ်၊ အစားအသောက် လုပ်ကိုင်ပေးမည့်သူတွေ ပေါများ အားမနာရ၊ ထူးသစ်အမေက တူသားတွေလို တရင်းတနှီး၊ ဘာ လိုနေလို့မှ မကြိုက်မည့်သူ မရှိ။ လွတ်လပ်လွန်းအားကြီးလို့တော နေသေးသည်။

ခုတော့ စရပ်အဖြစ် တစ်အိမ်တိုးလာခဲ့ပြီ။ မမအိမ် မှာ မမသည်သာ လူကြီး၊ မမတစ်သြဇာ၊ ကြောက်ရမည့်သူ မရှိ ဒေါ်စိန်နှင့် အပုလေးတို့က အလုပ်သမားတွေ။ အဲသည် မ ကိုယ်တိုင်က ဖော်ဖော်ရွေရွေ ခင်ခင်မင်မင်၊ စားချင်တာချ ကျွေးနေသည်မို့ မမအိမ်သည်လည်း ထူးသစ်အိမ်နှင့် တန်းတူ စုပေါင်းတွေ့ဆုံ အချိန်ဖြုန်းစားသောက်ရာ အရပ်ဒေသတစ်ခု တော့သည်။

"မမကလည်း ခုခေတ်မိန်းကလေးတွေကို ဘာမှတ်လဲ"



"ဘာမှတ်ရမှာလဲ"

"ကိုရီးယားကားတွေ ကြည့်ထားတာ"

"ကြည့်တော့ ဘာဖြစ်လဲ"

"ကြည့်တော့ ... ရုပ်ရှင်ကြည့်လိုက်ရတာပေါ့ မမရဲ့။ အဲဒါ ပါပဲ။ အဲဒီလောက်ပါပဲ ... ဟဲ ဟဲ"

နမတစ်ယောက်ရှိသူမို့ မိန်းမသားတွေ နည်းနည်း သေး ဏ္ဍန္ဓြေပျက်ချင်ရုံဆိုလျှင်တော့ ကိုယ့်နမနှင့် နှိုင်းစာ၍ စိတ် ဆိုး၊ ဒေါသထွက်တတ်သူ စည်သူက မမရှေ့မှာ မိန်းကလေး ကောင်းကြောင်း မပြောလိုသည်နှင့် လျှောချသွားတော့၏။

"သိပ်တော့ မဆိုင်ပါဘူး စည်သူရဲ့။ တချို့မိန်းကလေးက ဗီဇမှာကိုက ရဲရဲတင်းတင်း၊ ပွင့်ပွင့်လင်းလင်း နေတတ် တယ်။ ပြောတတ်တယ်။ အဲဒါဟာ ရိုးရိုးသားသား ဖြစ် သလို၊ အများအမြင်မှာ ဝေဖန်ခံရသလို ကလက်တက်တက် လည်း ဖြစ်နိုင်တာပေါ့။ အဲဒါ ... ကိုရီးယားကားနဲ့ ဘာ ဆိုင်လို့လဲ"

"အိမ်မှာ မေမေက ညီမလေး ကိုရီးယား...းစွဲတာကို တဖျစ်တောက်တောက်ဆူတယ် မမရဲ့"

"စည်သူ တစ်ယောက်ပဲ ညီမရှိတာနော်"

"နေထိုက်မှာလည်း ညီတစ်ယောက် ရှိပါတယ်။ ဒါပေမဲ့ သူ့ညီက ဒီနှစ်မှ တစ်တန်း"

"ဟင် ... ကွာလိုက်တာ"

"ဘာစိတ်ကူးပေါက်ကြတယ် မသိပါဘူး"

"ဟော့ကောင် ... မမရှေ့ တွေ့ကရာ မပြောနဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေကြားမှာတော့ ဘယ်ကိစ္စမဆို ရယ်ရောချည်း၊ နောက်ချင်ပြောင်ချင်ဖွယ်ချည်း။ စကားကောင်းအတည်အတန့်ပြောဖြစ်သည်က ခပ်ရှားရှားပါ။ မမက ဒီအုပ်ထဲမှာ တစ်ဦးတည်းသော မိန်းမသားမို့ မမရှေ့ကျတော့ ဆင်ခြင်ကြရပါသည်။

"ပြောပါဦး ... ကိုရီးယားကားနဲ့ ဘာဆိုင်လို့လဲ"

"ကိုရီးယားကားတွေက သိပ်ကြည့်လို့ ကောင်းတယ်မဟုတ်လား၊ ဇာတ်အိမ်ကျယ်ကျယ်၊ ဇာတ်ကောင်များများ၊ ဇာတ်လမ်းရှည်ရှည်။ သရုပ်ဆောင်တွေကလည်း ပီပြင်၊ ငွေကြေးကျခံပြီး ရိုက်ထားတော့ အရမ်းပြည့်လို့ကောင်းတာမြန်မာပရိသတ် စွဲတာပေါ့"

"တစ်ပိုင်းနဲ့တစ်ပိုင်း ဖြတ်တဲ့နေရာတွေကလည်း နောက်တစ်ပိုင်းကို မြန်မြန်သိချင်တဲ့နေရာမှာ ဖြတ်တယ်"

"ဟုတ်တယ်"

"ဒါပေမဲ့ မမရယ် ... ကောင်မလေးတွေ အရက်သောက်ကြတာကို မေမေက သိပ်စိတ်ဆိုးတာ၊ သူတို့တိုင်းပြည်တအားအေးလို့ မိန်းကလေးတွေပါ ရာသီဥတုဒဏ်ခံနိုင်သောက်ရင်းနဲ့ သောက်ကျင့် ..."

"ဟော့ကောင် ... သောက်တတ်တဲ့အကျင့်"

"အေးပါ ... အဲဒါဖြစ်သွားတာလည်း ဖြစ်နိုင်တာပေါ့ ဒါပေမဲ့ ... မြန်မာပြည်က ပူအိုက်စွတ်စိုတဲ့ ရာသီအောက်မှာ သောက်စရာ မလိုဘူး။ သောက်လည်း မသောက်သင့်ဘူး မြန်မာ့ယဉ်ကျေးမှုနဲ့လည်း မဆီလျော်ဘူးတဲ့၊ မေမေက



"တခြားဟာကြည့်ပြီး ဒါကို လိုက်အတုမခိုးဘဲထားလည်း ရတာပဲ"

"ခိုးတဲ့သူတွေ ခိုးကုန်ကြပြီ မမရဲ့"

"ဩော်"

"ပြီးတော့ ... ကောင်မလေးတွေကစုပြီး အတင်းလိုက်ကြိုက်တာ။ ရည်းစားစကား လိုက်ပြော၊ ကောင်လေးတွေက ရှောင်ရတာ၊ အဲဒါကို မေမေက စိတ်အပျက်ဆုံးပဲ။ အိမ်မှာဆို ညီမလေးကလည်း ကြည့်ချင်၊ မေမေကဆူနဲ့"

"ဟုတ်ပါရဲ့နော် ... အဲဒါ သူတို့ယဉ်ကျေးမှုမှာ အပြစ်မဟုတ်ဘူးလား မသိဘူး"

"မြန်မာပြည်မှာတော့ မရှိရဘူးလို့ မေမေက ပြောတာ"

"ခုခေတ်မိန်းကလေးတွေ ကိုရီးယားကားတွေကြည့်ပြီး နည်းနည်းပါးပါး ရဲတင်းလာကြသလို ... တချို့၊ တချို့တွေပေါ့ မမရယ်"

"ဩော် ... ပေါက်ပြီ။ ရှင်တို့က တော်တော်စွံတဲ့အုပ်စုပေါ့နော်"

"ကိုယ်ကမလိုက်ရဘဲ ကိုယ့်ကို လာကြွေတဲ့သူလည်း ရှိပါတယ်၊ သကောင်ပေါင်းလည်း လိုက်ခဲ့ရတာတွေလည်း ရှိပါတယ်"

"သကောင်ပေါင်းလဲ လိုက်မှုရခဲ့တဲ့သူနဲ့လည်း ပြတ်တာပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"စောစောက ပြောခဲ့သလိုပေါ့ မမရဲ့၊ တည်ကြည်ခြင်း မတိုက်ဆိုင်မှု။ ကိုယ်ကမဖြတ်ချင်တော့ သူကဖြတ်သွား တယ်။ သူကမဖြတ်ချင်ပေမယ့် ကိုယ်က ပျင်းလာတာ လည်းရှိတယ်"

"ပြောပုံက မုန်းစရာကောင်းလိုက်တာ၊ ရှင်တို့ လူပွေလေး တွေပဲ"

"နီး ... နီး၊ မမ။ အဲဒီလောက်ထိတော့ မဆိုးဘူး ပြီးတော့ ... မိန်းမသားတိုင်းကို နမချင်း စာနာပါတယ်"

"အောင်မယ် ... သူတော်ကောင်းတွေပေါ့လေ"

"ဒီကောင် ... ထူးသစ်ဆိုရင် အင်မတန် လတ်ဆတ် နလုံးသားပိုင်ရှင်ပါ။ ရည်းစားမထားဖူးသေးဘူး မမရဲ့"

"ထူးသစ်က မစွံဘူးပေါ့"

"အဲဒီလို ယူဆရမှာပဲ"

"စွံကြောင်း ပြလိုက်ရမလား မမ၊ နောက်ဆန်းဒေး၊ မ ဘာကျွေးမလဲ။ ဘာစီစဉ်ထားမလဲ ပြောလေ။ တစ်ဖ တစ်ယောက် တွဲလာမယ်"

"တော်ပါပြီ ... လူကြွား"

မမအိမ်မှာ အဲသည်လို တွေ့ကရာပြော၊ ကျွေးသ စား၊ နေ့တစ်ဝက်ကျော်ကျော် အချိန်ဖြုန်းခြင်း ... ဆိုတဲ့ မကြ ခဏ ဖြစ်ရပ်လေးတွေဟာ "အချစ်"တစ်ခုကို ထုဆစ်သွန်းထုခြင်း ရဲ့ အစိကလေးတွေလို့ သူငယ်ချင်းတွေက စွပ်စွဲကြပါသည် မ



အချစ်ဆိုတာ ရင်းနှီးမှု၊ နီးစပ်မှု၊ တွယ်တာမှုတို့က ပေါက်ဖွားလာတဲ့ သံယောဇဉ် ... တဲ့။ အဲဒီလို တစ်စတစ်စနဲ့ တွယ်တာရစ်နှောင်ဖွဲ့လာတဲ့ အချစ်မျိုးလည်း ရှိချင်ရှိမှာပါ။ ဒါပေမဲ့ မမကို ကျွန်တော် ချစ်တာကတော့ ...။

အင်းယားကန်ပေါင်၊ လူလျှောက်လမ်းကလေးပေါ် က ကြွနေတဲ့ အုပ်ချပ်တစ်ပြားကို ခလှတ်တိုက်ပြီး လဲသွားတဲ့ မမ၊ မျက်ရည်စို့ဝဲနဲ့ မော့အကြည့်ဆိုတဲ့ အချိန်၊ စက္ကန့်ပိုင်းလေး အတွင်းမှာပဲ၊ ကျွန်တော့ရင်ထဲမှာ အချစ်ဆိုတဲ့ ခံစားချက်ကြီး ပေါက်ကွဲဖြစ်ထွန်းသွားခဲ့တာပါ။

မမ ယုံမှာပါ။

မမလည်း အဲဒီအချိန်မှာ ကျွန်တော်နဲ့ထပ်တူ ခံစား သွားရတာ ကျွန်တော် သိတယ်လို့ ပြောလိုက်ရင် မမက ကျွန်တော့်ကို "လူကြွား"လို့ ခေါ်ဦးမှာလား။ ကျွန်တော်တို့ အချစ်ဖြစ်ထွန်းပေါက်ကွဲကြပုံခြင်း ထပ်တူညီပါတယ် မမရယ်။

မမကို သိပ်ချစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဒီပါချမ်းမြ"က အရင်ဆုံး အပြီးသတ်ဖို့ ဖြစ်လာခဲ့၏။ အလယ်မှ အသားကင်ဆိုင်လေးကကော့ သိပ်မကြီးကျယ်သည်မို့ သူက အရင်ဆုံး ပြင်လို့ ဆင်လို့ပြီးသည်။ အနောက်ဘက်မှ စားသောက်ဆိုင်ကတော့ အဆောက်အအုံကစပြီး ဆောက်ရတာမို့ ကြာ၏။

သူတို့အဖွဲ့မှာ ဇမ္ဗူသိမ်း တစ်ယောက် ကွန်ဒိုတိုက်ခန်းနှင့် နေနိုင်သော်လည်း မိဘတွေ ဝန်ထမ်းမို့ ပိုလျှံလှသည် မရှိပါ။ ကျန်လေးယောက်တို့က မိဘချမ်းသာကြသည်ချည်း။

အသားကင်ဆိုင်ကို သီဟက သူတစ်ယောက်တည်း လုပ်မည်၊ စည်ဘီယာလည်းရမည်၊ နေ့ရာငှားခအနေနှင့် ထူးသစ်ကို ပေးမည်။ ပြီးတော့ ... ဒီပါချမ်းမြမှာ ငွေရင်းမပါ၊ လုပ်အားခ မယူဘဲ အားလျှင်အားသလို (သူငယ်ချင်းတွေလည်း တူတူဆုံနေရအောင်)ဝင်ကူမည်။ အနောက်ဘက်မှ စားသောက်ဆိုင်က စိတ်ကူးရင်း ချဲ့ထွင်ရင်းနှင့် ခမ်းခမ်းနားနား Restaurant ကြီးဖြစ်



သွားရသည်မို့ စည်သူနှင့် နေထိုက် နှစ်ယောက်ပေါင်း၍ လုပ်ကြမည်။ အဆောက်အအုံ နေရာကတော့ ထူးသစ် အပိုင်ပဲမို့ ထူးသစ်ကို နေရာငှားခပေးကြရမည်။ ထူးသစ်ကတော့ "ဒီပါချမ်းမြ"ဆိုသည့် ကော်ဖီဆိုင်လေး။

ကော်ဖီဆိုင်လေးသာဆို သူ့ဆိုင်က ထူးသစ်ဖွင့်သည့်ဆိုင်မို့ ယားမသိ ထူးခြားဆန်းသစ်နေ၏။ မုန့်နက်ပိုင်း Dim Sum ၊ နေ့လယ်ဘက် အပူနှင့်အအေးမျိုးစုံ၊ ကိတ်မုန့်မျိုးစုံ၊ မုန့်မျိုးစုံမို့ သူ့အရင်းအနှီးကလည်း မနည်းလှချေ။

ဆိုင်တွေအားလုံး ဖွင့်ဖြစ်ပြီးသွားသည့်အခါ သူငယ်ချင်းငါးယောက်လုံး နေ့တိုင်း ဆုံဖြစ်ကြစေဖို့ ဇမ္ဗူသိမ်းကို ဒီပါချမ်းမြမှာ အထွေထွေမန်နေဂျာ ခန့်လိုက်လေ၏။

"မင်း ရက်စ်ထရွန့်ကို ဘာနာမည် ပေးမှာလဲ"

"အင်္ဂလိပ်နာမည် ပေးမလို့ စဉ်းစားနေတယ်။ မင်းဆိုင်က ငြိမ်းချမ်းနေမှာ၊ နာမည်က ဒီပါချမ်းမြ၊ ငါ့ဆိုင်က လော်င်မြိုက်နေမှာ၊ တစ်နေကုန် ဖွင့်မယ့်သီချင်းတွေက Hip Hop၊ ညဘက်မှာ တီးဝိုင်းနဲ့ အဆိုတော်တွေပါဦးမှာ၊ ခပ်ဟော့ဟော့တွေပဲ ဆိုကြမှာ၊ အင်္ဂလိပ်နာမည် ရွေးနေတယ်"

သူတို့သူငယ်ချင်းတွေ ထူးသစ်ခြံမှာ ဆိုင်အဆောက်အအုံ ကြီးကြပ်ကြ၊ စီစဉ်ကြ လုပ်သည့်ရက်တွေမှာ မြရွက်ညိုက တစ်ခါတစ်ရံ လာလည်တတ်၏။

"မမ ... အိမ်ပေါ်တက်ရအောင်၊ မေမေ ဒီနေ့ဆိုင်မထွက်ဘူး၊ မေမေနဲ့ မိတ်ဆက်ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်တင်မေသစ်၏ Blue Diamond စိန်တိုက်က နာမည်တော်တော်ကြီးသည့် ထိပ်တန်းစိန်တိုက်တွေ စာရင်းထဲမှာ ပါဝင်၏။

မြရွက်ညို ... ထူးသစ်တို့ခြံထဲသို့ ရောက်တာ လေးငါးခေါက်ရှိပါပြီ။ သို့ပေမဲ့ ... တစ်ခါမျှ အိမ်ပေါ်သို့ မတက်ဖြစ်ခဲ့။ ခြံထဲမှာပင် ...။ ထူးသစ်က အစားအသောက်ကိုလည်း ခြံထဲသို့ပင် မှာကျွေးပြီး သူတို့သူငယ်ချင်းတစ်စုနှင့် စကားပြော၍ ပြန်ဖြစ်ခဲ့တာချည်း။ ထူးသစ်ဖေဖေ ဦးမြင့်ထူးကျတော့ ဝန်ကြီးဌာနတစ်ခု၏ ညွှန်ချုပ်မို့ ရုံးဖွင့်ရက်တွေဆို အိမ်မှာမရှိပါ။

"ဟိတ် ... မမ၊ အိမ်ပေါ်သွားရအောင်"

မြရွက်ညိုက တွန့်ဆုတ်နေ၏။

"မေမေနဲ့ မိတ်ဆက်ပေးပါ့မယ်ဆို"

"ကြောက်နေတာ"

"ဟာ ... ဘာကြောက်ရမှာလဲ၊ မေမေက ကျွန်တော့်သူငယ်ချင်းတွေဆို သူ့သား သူ့သမီးတွေလိုလည်း သဘောထားတယ်၊ သူငယ်ချင်းပေါင်းလည်း ပေါင်းတာ"

"ဟုတ်တယ် မမရဲ့ ... အန်တီသစ်က အရမ်းသဘောကောင်းတယ်"

"အဲဒါက ... ဟိုလေ ... ရွယ်တူတန်းတူ သူငယ်ချင်းတွေမို့လား။ မမက အသက်ကြီး ကြီးပြီး ကိုယ့်ထက်ငယ်တဲ့ ကောင်လေးတွေနဲ့ သူငယ်ချင်း လုပ်နေတော့ အထင်သေးမလား မသိ"



"မေမေ့မှာ အဲဒီလိုမျိုး သဘောတွေ မရှိပါဘူး မမရဲ့"

"ထူးသစ်မေမေ ရှိမှန်းသိရင် မလာပါဘူး"

"ဟာ ... မမကလည်း"

"ရှိမှန်းသိသိကြီးနဲ့ အိမ်ပေါ်တက်ပြီး နှုတ်မဆက်ပြန်ရင်လည်း ရိုင်းရာကျတော့မယ်"

"အင်းလေ ... မမကလည်း လာပါဆို"

"ထူးသစ်"

"ဗျ"

ထူးသစ်က ရွှတ်နောက်နောက်ထူး၏။

"အိမ်ကိုလေ ထူးသစ်သူငယ်ချင်းတွေကို အမြဲခေါ်ခေါ်လာခဲ့ဖူးလား"

"အင်းလေ"

"ဒီလေးရယ်ယောက်အပြင်လေ ... တခြား"

"ခေါ်လာဖူးတာပေါ့၊ ဒီကောင်တွေနဲ့သာ အရင်းနှီးဆုံးဆိုပေမယ့် ကျောင်းတုန်းက ပေါင်းတာတွေ အများကြီးမမရဲ့၊ ကျောင်းမပြီးခင်ကဆို အိမ်မှာအမြဲတရုန်းရုန်းပဲ။ ဘော်ဒါဆောင်လားတောင် ထင်ရတယ်၊ အခုက ကျောင်းတွေပြီး၊ အလုပ်တွေဝင်၊ မိန်းမရတဲ့သူကရ ...

"ကျွန်တော့်သူငယ်ချင်းတွေထဲမှာ စောစောစီးစီး မိန်းမရတဲ့သူလည်းရှိတယ်။ အဲဒါနဲ့ နည်းနည်းပါးပါးဝေးကုန်တာ။ ဒီလေးကောင်ပဲ အိမ်ကို ခုထိအမြဲဝင်ထွက်နေတာ၊ ကျွန်တော့်သူငယ်ချင်းတွေဆိုတာ အိမ်မှာ တခါးမရှိတားမရှိ"

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါတွေထဲမှာ မိန်းကလေးသူငယ်ချင်းရော ပါလား"

"တစ်ခါတလေ ပါပါတယ်။ သူငယ်ချင်းတွေပဲ၊ ဘော်ဒါ ကဏ္ဍ၊ ရည်းစားတွေ မဟုတ်ဘူး၊ မောင်နှမတွေလို ခင် တာ"

"အဲဒီမိန်းကလေးသူငယ်ချင်းတွေက ရွယ်တူတွေလား"

"ရွယ်တူတွေဆိုပေမယ့် အသက်က တညီတည်းတော့ ဘယ်ဟုတ်ပါ့မလဲ၊ နည်းနည်းကြီး၊ နည်းနည်းငယ်"

"နည်းနည်းပဲ မဟုတ်လား ထူးသစ်ရယ်။ ကွာကြရင် ခြောက်လ၊ တစ်နှစ်ပေါ့။ မမလို အသက်ငါးနှစ်ကြီးများ တောင် ပိုကြီးနေတဲ့ အဘွားကြီးသူငယ်ချင်းတော့ မပါဘူး မဟုတ်လား"

"မမက အဘွားကြီးမှ မဟုတ်တာ"

"ငါးနှစ်တောင် ပိုကြီးတယ်"

"မမက အရင်ဘဝတုန်းက ကျွန်တော့်ထက် ငါးနှစ်စော သေတာကိုး။ ဒီတော့ ဒီဘဝမှာ လူဖြစ်တာ ကျွန်တော့် ထက် ငါးနှစ်စောသွားတာပေါ့။ ဘာဖြစ်လဲ"

"အဲဒါကို ကြောက်နေတာ"

"လာစမ်းပါ မမရာ"

ထူးသစ်က မြွှက်ညို လက်ကို ဖျတ်ခနဲ (စိတ်လိုက် မာန်ပါ)လှမ်းဆွဲလိုက်၏။

ဘာရယ်မဟုတ်ပါ။ မမကို အိမ်ပေါ်ခေါ်သွားချင်လို့ ပါ။ မေမေနဲ့ မိတ်ဆက်ပေးချင်လို့ပါ။ မမက မေမေနှင့်တွေ့ရဖို့



ကြောက်တွန့်ဆုတ်နေသည်မို့ မမ စိတ်ရဲသွားစေရန် လှမ်းဆွဲလိုက် ခြင်းဖြစ်၏။ မမကို အဲသည်လို တစ်ခါမျှ (မမချော်လဲတုန်းက ဖက်၍ အိမ်ပေါ်ပို့ဖူးသည့် တစ်ကြိမ်တည်းမှလွဲ၍) မဆွဲမကိုင် ူးပါ။ မမ လက်ဖျားကို ကျစ်ခနဲ ဖမ်းအဆုပ်မှာ ထူးသစ် ... န့်များတောင် လန့်သွားရတော့၏။

"မမ ... နေကောင်းရဲ့လား"

မမလက်ဖျားတွေ အေးစက်နေလိုက်ကြပုံများ ရေခဲ းကတောင် ရှုံးရပါပကော။

"Excited (စိတ်လှုပ်ရှား) ဖြစ်နေလား မမ"

"အင်း"

သီဟက မမနှင့် ထူးသစ်ကို လှမ်းကြည့်၏။ းတော့ ... နေထိုက်၊ စည်သူနှင့် ဇမ္ဗူတို့ကိုပါ သိမ်းကျုံးကြည့် ်ကသည်။ သူတို့အားလုံးကလည်း သီဟကို ပြန်ကြည့်သည်။ ချင်းချင်း ကြည့်ကြသည်။ ထူးသစ်နှင့် မမကို ကြည့်ကြပြန် ည်။ အချင်းချင်း ပြန်ကြည့်ဖြစ်ပြန်၏။

"လိုက်သွားလိုက်ပါ မမရဲ့။ သူငယ်ချင်းတွေပဲ"

နေထိုက်က ရှေ့ဆုံးမှ စလှမ်းသည်။ ထူးသစ် မမ က်ကို လွှတ်မပေးတော့ဘဲ ဆွဲ၍ အိမ်တံခါးဝဆီသို့ ခေါ်ခဲ့၏။ ်ပေါက်ဝသို့ အရောက်မှာ မမက သူ့လက်ကလေးကို ထူးသစ် ှ မရုမက ရုန်းထွက်၊ နုတ်သိမ်းလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

"မမ ... ကျွန်တော့်မေမေ။ ကမ္ဘာပေါ်မှာ ကျွန်တော့်အချစ်ဆုံးလူသား"

"ဟုတ်ကဲ့"

မြရွက်က လက်အုပ်လေးများတောင်ချီ၍ ပြုံးရာ၏။

"ဒါ ကျွန်တော်တို့ အုပ်စုထဲကို နောက်ဆုံးဝင်လာတဲ့ ဘော်ဒါပါ မေမေ။ မြရွက်ညိုတဲ့"

"သားက အဲဒီနာမည်ကို အိမ်မှာပြန်ပြောပြီးပါပြီ။ လူကိုသာ ခုမှ မြင်ဖူးတာ"

ဒေါ်တင်မေသစ်က ဖော်ရွေစွာပြုံးရင်း၊ ရင်တွင်းနှင့် နှုတ်ခမ်းတို့ ပဋိပက္ခဖြစ်တော့၏။ ရင်ထဲမှာ စိုးခနဲ ထိတ်သွား ပေမယ့် နှုတ်ခမ်းက ပြုံးလိုက်ရသည်။ ဒေါ်တင်မေသစ် ဆိုတာ စီးပွားရေးလောကမှာ လူကြီးလူကောင်း၊ ထက်မြက်၊ လည်ဝယ် ချက်ချာ၊ ကိုယ်ကသာ သူတစ်ပါးကို မတော်မတရား မလုပ်ချင် တာ၊ သူများက မတော်မတရားဆိုလျှင် မျက်တောင်တစ်မိုတ် အတွင်းတောင် သိနိုင်ရဲ့။ ကိုယ်ကသာ စိတ်သဘောထား ဖြူစင် တာ၊ စိတ်သဘောထား မည်းပုပ်သူများ မဆိုထားဘိ၊ ညိုရောင် ကလေးသမ်းလျှင်တောင် ဒေါ်တင်မေသစ် အရင်ဆုံးသိသည်။ တစ်ဖက်သား၏ ရင်တွင်းကို ထွင်းဖောက်မြင်တတ်သည့် နေရာမှာ ဒေါ်တင်မေသစ်က ပါရဂူပါ။ အဲဒါကြောင့်လည်း သူ့စိန်ထုပ်



တွေ၊ စားပွဲတွေဆီ သိန်းဘယ်နှရာဖိုးပဲ ပေးလိုက်ရစေ၊ လူလိမ် သည်ဆိုတာ တစ်ခါမှ မရှိခဲ့စဖူးချေ။

ခု ...။ မြရွက်ညို ... ဆိုသော မိန်းကလေး။ သား အုပ်စုထဲ နောက်ဆုံးဝင်လာသည့် ဘော်ဒါ ... တဲ့။ သားမှာ ကလေးသူငယ်ချင်းရှိတာ အဆန်းမဟုတ်ပါ။ အိမ်သို့ပါလာ တာတွေ ရှိပါသည်။ မြရွက်ညို ဆိုသည့် နာမည်သည်ပင် အိမ် ရောက်နေတာကြာပြီ။ သားသူငယ်ချင်းတွေ ရည်းစားရကြ ကြ၊ နောက်တစ်ယောက်ပြောင်းကြ ဖြစ်နေပေမယ့် သားရဲ့နှလုံး သားလေးကတော့ ထုပ်ပိုးစက္ကူတောင် မဖွင့်ရသေးသော လတ် တ်စိမ်းစို၊ ခေါက်ရိုးမထင်သေးတာကိုလည်း ဒေါ်တင်မေသစ် သည်ပင်။

ပြီးတော့ ... သားရဲ့သူငယ်ချင်းပါဆိုသည့် ကောင်မ လေးတွေကို မြင်ဖူးသည့်အထဲမှာ၊ တချို့ဟာ တကယ့်ကို သူငယ် ချင်းစစ်စစ်၊ မောင်နှမရင်းချာကဲ့သို့၊ တချို့က သားကသာချူလျှင် ကိန်တောင် မသုံးရာတော့မည့် သံယောဇဉ်ကလေးတွေနှင့်။ တွေကို ဒေါ်တင်မေသစ် ခွဲခြား၍ သိမြင်ခဲ့ပါသည်။

"သားရေ ... အဲဒီကောင်မလေးကို သားကြိုက်ဖို့ ချစ်ဖို့ စိတ်ကူးမရှိရင်၊ သူ့ခများ ကလေးကို မျှော်လင့်ချက်မပေး စေနဲ့၊ မျှော်လင့်ချက်ကလေး ဖြစ်သွားစေမယ့် အပြောအဆို၊ အမူ၊ အနေအထိုင် ... အားလုံး ဆင်ခြင်" ... ဟု ပြောခဲ့တာမျိုး ရှိပါသည်။

ဒီလောက်ပြောလျှင် ထူးသစ်က နားလည်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ ရိုးရိုးပဲ မေမေ"

"ရိုးရင်လည်း ရိုးတာ ထင်ရှားပါစေကွယ်၊ ခမျာ ... မင် သားဘူး ထင်မိပြီး မျှော်လင့်နေရင် ခံစားရမှာစိုးလို့ မေမေက သမီးမရှိပေမယ့် သမီးချင်း စာနာတယ်"

ဒေါ်တင်မေသစ်က တစ်ဖက်သားရင်ထဲမှ အရောင် မျိုးစုံကို ဆန်းစစ်ဖတ်ရှုနိုင်သူဖြစ်၏။ အရောင်ရင့်မှ သိသည် မဟုတ်၊ ခပ်နုနုဆိုလည်း ဒေါ်တင်မေသစ် မျက်ဝန်းထဲမှာတော အရာထင်သည်ပင်။

"သားရဲ့ခေါင်းထဲမှာ ဦးနှောက်ဆိုတဲ့အရာကို မေမေထည့် မွေးပေးခဲ့တယ်။ အဲဒီဦးနှောက်ကို ဘယ်လိုအသုံးချရမယ် ဆိုတာကိုလည်း နားလည်တတ်ကျွမ်းအောင် သင်ပေး တယ်၊ အဲဒါ မေမေ့ဘက်က အတတ်နိုင်ဆုံး စွမ်းဆော ချက်ပဲ ...

"တစ်နေ့နေ့မှာ သားက ကောင်မလေးတစ်ယော ယောက်ကိုများ လက်ဆွဲပြီး အိမ်ခေါ်လာတယ် ဆိုပါတော ဒါ မေမေ့ချွေးမလောင်းပဲလို့ ပြောလိုက်ရင်၊ အဲဒီမိန်းကလေ ဟာ မေမေ့သမီး ဖြစ်သွားပြီလို့သာ မှတ်လိုက်တော့ ...

"သားချစ်ရင် မေမေလည်း ချစ်ပြီးသားပဲ။ သား အချစ်ရေး၊ အိမ်ထောင်ရေးမှာ မေမေက ကန့်ကွက် စွက်ဖက်ဖို့ လုံးဝစိတ်ကူးမရှိဘူး၊ ဘာဖြစ်လို့လဲ သိလား သားရဲ့ဦးနှောက်ကို မေမေက အထင်ကြီးလို့။ တစ်ခုတော ရှိတာပေါ့ သားရယ် ... အဲဒါမျိုး လက်ဆွဲခေါ်လာပြတာ



ဟာ သားရဲ့တစ်သက်မှာ တစ်ကြိမ်ပဲတော့ ဖြစ်သင့်တာ ပေါ့"

ဒေါ်တင်မေသစ်က သားကို အဲဒီလိုပြောထားခဲ့ပါ သည်။ ဆိုလိုသည်မှာ ... တွေ့ကရာ မြင်ကရာ မစဉ်းမစားမလုပ် င်း။ စဉ်းစဉ်းစားစားလုပ်၊ ကိုယ်လက်ထပ်နိုင်မည့် မိန်းကလေး သာ ချစ်သူအဖြစ်ရွေး၊ လက်မထပ်နိုင်ဘဲ အပျော်ချစ်သူတွေ မ်သို့ တင်ပြမလာနှင့် ... ဆိုသည့် သဘောပင်။

"မိန်းကလေးမှ နာမည်ပျက်တတ်တာ မဟုတ်ဘူး၊ ယောက်ျားလေးလည်း ပျက်တတ်တာပဲ။ ပြီးတော့ ... နှမချင်းစာနာ တတ်မှ ယောက်ျားကောင်းလို့ ခေါ်တယ်။ ကိုယ့်မှာနှမမရှိရင် လောင် အမေတော့ ရှိတာပဲ။ အမေဆိုတာဟာလည်း မိန်းမသား ခပ်စုဝင်ပဲဆိုတာ မမေ့နဲ့ပေါ့သားရယ်" ... ဟုလည်း ပြောထားဖူး ပါသည်။

အဲဒါကြောင့်ပင် ထူးသစ်၊ ယနေ့ထက်တိုင် ချစ်သူ ရည်းစားမရှိသေးတာ ဖြစ်နိုင်သည်။

ထူးသစ် ခေါ်လာခဲ့ဖူးသည့်၊ အိမ်သို့အလည်အပတ် ခေါ်လာခဲ့ဖူးသည့် မိန်းကလေးတွေ၏ မျက်နှာလေးတွေက ဖူးနု ကြည်စင်နေကြ၏။ မျက်ဝန်းလေးများ အရောင်နုနေကြသည်။ တချို့က ထူးသစ်သာချွေးလျှင် ကြွေချင်သည့် အရိပ်အယောင်က လေးများရှိရှာသည် ဆိုပေမယ့် နုသစ်လတ်ဆတ်လျက် သောက ဟူဆိုသော ရင့်ရော်မှုများ၊ နာကျင်နာကြည်းမှုများက အဲသည့် မိန်းကလေးတွေ၏ မျက်ဝန်းရိပ်မှာ စွန်းထင်းမနေကြပါ။

www.burmeseclassic.com

www.burmeseclassic.com



မြရွက်ညို ... တဲ့။

နာမည်ကြားဖူးနေတာတော့ ကြာပါပြီ။ သားက ဇမ္ဗူတို့ စည်သူတို့နှင့် တန်းတူထည့်၍ပြောသည်မို့ တော်တော် ရင်းနှီးသည့် သူငယ်ချင်းမလေးပဲဟုသာ သဘောထားခဲ့သည် ခုမှ လူချင်းတွေ့ဖူးတော့ ...။

မြရွက်ညိုသည် သားတို့ထက် တော်တော်ကလေ အသက်ပိုကြီးနေ၏။ လေး,ငါးနှစ်တော့ ကွာမည်။ သားတို့အရွယ် မှာ ပေါင်းကြ သင်းကြသည့် သူငယ်ချင်းတွေကြားမှာ အဲဒီလော အသက်ကွာတာ မရှိ။ အလုပ်ထဲ အကိုင်ထဲ ရောက်ပြီး မိတ်ဆွေ အဖြစ် ပေါင်းကြရပြီဆိုလျှင်တော့ ငါးနှစ်လည်းကွာမည်။ ဆယ် နှစ် ဆယ့်ငါးနှစ်ဆိုသလိုလည်း ကွာနိုင်သည်။ ကိုယ်လေးစ အတုယူရသော အောင်မြင်နေသည့် စီးပွားရေးမိတ်ဆွေတစ်ယော ကို အန်ကယ်လ် ... အန်တီဟု ခေါ်၍ ပေါင်းရသင်းရတာ လည်း ရှိပါသည်။

ပြီးတော့ ... မြရွက်ညို၏မျက်ဝန်းများ။

ရင့်ကျက်၏။ ရင့်ရော်၏။ ဘဝ၏ဖိစီးနှိပ်စက် ဒဏ်ကို ခံစားခဲ့ဖူးပုံရ၏။ နာကျင်ရိပ်၊ နာကြည်းရိပ်တွေ ... ထင်းနေသည်။ ဘယ်သူ့ကို ဘယ်လောက် နာကြည်းခဲ့ဖူးသ ဘယ်သူက နာကျင်ဒုက္ခတွေ ပေးခဲ့သလဲ။ မောင်းလာသည့်က ဝတ်ထားသည့် အဝတ်အစား၊ နားထဲမှ တစ်ပွင့်စိန်၊ လက်ဝဲလ သူကြွယ်မှ ပန်းပွင့်ပုံဖော် စိန်လက်စွပ် ခပ်ကြီးကြီး၊ လည်ပ (ခပ်မျှင်မျှင်ဆိုင်ြား) ပလက်တီနမ်ဆွဲကြိုးမှာ စိန်လော့ကက် ... သေးသေး။



ဒါတွေက သူမ၏စီးပွားရေးပြေလည်မှုကို ပြနေ သည်။ ဘွဲ့ရပြီးလောက်သည့်အရွယ်၊ အလုပ်ထဲမှာ ရောက်နေရ သည့် အရွယ်သို့ ရောက်နေပြီ။ ဒါဖြင့် ... သူမ စီးပွားရေးက ဘာလဲ။ မိဘတွေက ဘယ်သူတွေလဲ။ ဒီအသက်ဒီအရွယ်မှာ သူမမျက်ဝန်းတွင် တွေ့နေရသော စွန်းထင်းရိပ်များ ဒီလောက် ...ပြားထူးထပ်မနေသင့်သေး။ သူမဟာ ... သားတို့ရဲ့သူငယ်ချင်း ...ဘာထက်၊ မိတ်ဆွေသာလျှင် ဖြစ်ရမည့်အနေအထား။

ဘာကြောင့်မှန်းမသိ ... ဒေါ်တင်မေသစ် ရင်ထဲ ...ဘ်ခနဲ ခုန်ပါသည်။ စိုးရိမ်ပူပန်စိတ်ဟု ခေါ်လျှင်ရနိုင်သော ...သာကတစ်မျိုး ရင်ထဲသို့ ဒိုင်းခနဲ ဝင်ဆောင့်သည်။ ဝန်ခံရပါ ...ချင် ...

ထိုအမျိုးသမီး (သူ့ကိုကောင်မလေးဟု ဒေါ်တင်မေ သစ်က မသုံးနှုန်းလိုပါ)နှင့် စီးပွားရေးမိတ်ဆွေ၊ လူမှုရေးမိတ်ဆွေ အဖြစ် ပေါင်းပါသင်းပါ ခင်ပါမင်ပါ။ သူငယ်ချင်း ... ဆိုသည့် ...ဝန်းအဝိုင်းထဲသို့ ရောက်နေခြင်းမှာတော့ (စိုးရိမ်ဖွယ်)ဘာစ်ခုခု ...နေပြီဟု ဒေါ်တင်မေသစ်၏ မသိစိတ်က ခေါင်းလောင်းတီး သတိပေးလိုက်သလိုပါ။ ဒေါ်တင်မေသစ် မျက်နှာကို ကွက်ခနဲ ...က်လိုက်ချင်ပါသည်။ သို့ပေမယ့် ... မပျက်လိုက်ပါ။ နှုတ်ခမ်း ...သာလျှင် ပြုံးထားလိုက်ပါတော့သည်။

"ကျွန်မလည်း ... အန်တီ့နာမည်ကို ထူးသစ် ပြောလွန်းလို့ ကြားနေရတာ ကြာပါပြီ။ ထူးသစ်က အန်တီ့ကို အရမ်း ချစ်တဲ့သားပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မေသစ် ပြုံးပြန်၏။

"သားသမီးက မိဘကို ချစ်တယ်ဆိုတာ ... မိဘကသားသမီးကို ချစ်တဲ့အချစ်ရဲ့ တစ်ဝက်မရှိပါဘူးကွယ်၊ ဒါပေမဲ့... ဒါဟာ လောကသဘာဝတရားပါပဲ"

"ကျွန်မ ဒီခြံထဲကို အရင်လည်း ရောက်ဖူးပါတယ် အန်တီ၊ ထူးသစ်တို့ ဆိုင်ဆောက် ဆိုင်ပြင် လုပ်နေတဲ့ အုပ်စုထဲမှာပေါ့"

"သား ပြောပါတယ်၊ အန်တီက ဆိုင်ထွက်နေတဲ့ရက်ကများလို့ မတွေ့ဖြစ်ကြဘူး။ သီဟတို့တစ်တွေကတော့ အန်တီ့သားဆိုလည်းဟုတ်၊ တူဆိုလည်းဟုတ် ... ဖြစ်နေပါပြီ"

"အဲဒီ သားတွေ တူတွေထဲမှာ သမီးတူမတစ်ယောက် တိုးတာပေါ့ မေမေ"

"ဒါပေါ့ကွယ် ... ဒါပေါ့။ သားက သားရဲ့သူငယ်ချင်းတွေကို ဘာကျွေးဖို့ စီစဉ်ထားလဲ၊ မေမေ ဘာစီစဉ်ပေးရမလဲ"

"ဟာ ... နေပါစေ အန်တီ၊ ဘာပဲဖြစ်ဖြစ် များရင်ရပါပြီ"

သီဟက ရယ်၍ပြောသည်မို့ အားလုံးဝိုင်းရယ်ကြ၏။

"အများကြီးနဲ့ တစ်ဝသောက်ချင်ရင်တော့ ဆန်ပြုတ်ပဲရမယ်"

"ဆန်ပြုတ်ဆိုလည်း ... အန်တီ့ဆန်ပြုတ်က (၁၉)လမ်းနဲ့ နင်လား ငါလား မမရဲ့။ ငါးရဲ့အစိမ်းနဲ့ပဲ။ အန်တီ့ဆန်ပြုတ်ကတောင် ပိုတောင်ကောင်းသေး"



"အန်တီ ဆန်ပြုတ်တိုက်မှာဖြင့်ရင်တော့ ကျွန်တော်က အန်တီ့လက်ရာ ဆန်လှော်ဟင်း ဆိုတာကို ပိုကြိုက်တယ်၊ အဲဒါလည်း ဆန်ပြုတ်တစ်မျိုးပဲဟာ"

"သားတော်မောင်ကတော့ အဲဒီ ဆန်လှော်ဟင်းကို့ နာမည်ပေးထားတယ်။ ထမင်းဟင်း ... တဲ့။ ထမင်းတွေကို ဟင်းလုပ်ပြီး ချက်ထားလို့တဲ့"

သီဟတို့အုပ်စုမှာ ဒေါ်တင်မေသစ်ကို ရှိသေလေးစားပေမယ့် ကြောက်ရွံ့မနေကြပါ။ ခင်မင်သည့်စိတ်က ပို၍တရင်းအနှီး ပြောရဲဆိုရဲရှိနေ၏။

"ကျွန်တော် တကူးတကတော့ မစီစဉ်ထားဘူး မေမေရဲ့။ နောက်ဖေးက လုံ့ဝင်းကို ရှိတာတွေ အကုန်ချကျွေးလို့တော့ ပြောထားတယ်"

သူတို့အိမ်မှာ ဒေါ်တင်မေသစ်လက်စွဲတော်၊ လုံ့ဝင်းက ဒေါ်တင်မေသစ် နည်းပါး အစားအသောက်များကို အထူးတလည် စီစဉ်တတ်နေပြီဖြစ်၏။

"ဒီလိုလုပ်ပါလား သား၊ အခု အအေးတစ်ခုခုနဲ့ အဆာပြေ မုန့်၊ အသီးအနှံလေး နည်းနည်းပါးပါး စားထားပေါ့"

"ကော်ဖီတွေ မုန့်တွေ စားသောက်ပြီးနေပါပြီ အန်တီ"

"အင်းလေ ... မြစက်ညိုတို့ ဒီသားတို့ အချိန်ပေးနိုင်ရင် နေ့လယ်စာထိနေကြပေါ့၊ ဆယ့်နှစ်နာရီခွဲလောက်ဆိုရင် ရပြီ"

"မေမေ ဘာလုပ်ကျွေးမလို့လဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"မြီးရှည်။ ထမင်းလွတ်၊ ဗိုက်ပြည့်အောင် စားလိုက်ကြတာ ပေါ့။ နေ့လယ်စာ"

"ဟား ... မြီးရှည်တဲ့ကွ။ ဆန်ပြုတ်ထက် ပိုကောင်းတယ်။ ဆန်ပြုတ်ဆိုလည်း ထမင်းလွတ် နေ့လယ်စာ သောက်မှာ ပါပဲ"

"ခုမှ ထစီစဉ်လို့ မေမေ အဆင်ပြေပါ့မလားဟင်"

"ဘာလို့ မပြေရမှာလဲ သားရဲ့၊ ဝက်သားရှိတယ်၊ ဩော် မြရွက်ညို ရှောင်တဲ့အသား ရှိလား"

"မရှိပါဘူး အန်တီ"

"ဝက်သားပြုတ်ဖို့ နူးဖို့ အချိန်ကလေးပဲလိုတာ။ ဝက်သား ပြုတ်ထားတုန်း၊ ကြက်သွန်ဖြူလေးထောင်းပြီး ရေစိမ် ငရုတ်သီးစိမ်းလှီးပြီး ရေစိမ်၊ မုန်ညင်းချဉ်လေးလှီးထား ဆီတို့ဟူးနဲ့ ပဲငါးပိနဲ့ ရောနယ်ထား၊ သခွားသီးလေးလှီး ထား ... ဆီနီကလည်း ချက်ပြီးသား ရှိနေတယ် ...

"ပဲပင်ပေါက်ကလေး ရေနွေးဖျောပြီး၊ မြီးရှည်နန်း ကလေးတွေပြုတ်ဖို့ပဲ လိုတယ်။ ပြောရင်း ဆိုရင်းတောင် အလုပ်က ပြီးသွားပြီ"

ဒေါ်တင်မေသစ် ရယ်လိုက်၏။

"ကျွန်မ ဝိုင်းကူပါ့မယ် အန်တီ။ ဘာလုပ်ပေးရမလဲဟင်"

"ရတယ်။ မြီးရှည်ဆိုတာ ဘာမှခက်ခဲတဲ့ အစားအစာမဟုတ် ဘူး၊ လှီးရ ချွတ်ရတာတွေများတာ တစ်ခုပဲ သမီးရဲ့၊ သမီးရဲ့လက်သည်းရှည်တွေနဲ့ ဘယ်လှီးလို့ရမလဲ။ လှဲ့ဝင်



နိုင်ပါတယ်။ သူကလည်း အစစ်စတင့် Assistant နှစ် ယောက်တောင်ရှိတာ ရတယ်"

"ကျွန်တော်တို့ ... တစ်ခါမှ ဘာဝိုင်းကူရမလဲ မမေးမိဘူး နော်၊ အန်တီက သားတို့ရေ ခေါ်မှ ပြေးစားလိုက်တာချည်း ပဲ။ မမပါလာမှပဲ ဘာဝိုင်းကူရမလဲ မေးဖော်ရတယ်"

"ဒါတော့ နေထိုက်တို့က ယောကျ်ားလေးတွေကို။ မမက မိန်းမသားလေ။ ပြီးတော့ ကိုယ့်အိမ် ကိုယ့်ရာမှာ ကိုယ် လူကြီးလုပ်ပြီး စီစဉ်နေရတာမို့ပါ"

"ဩော် ... မြရွက်ညိုက မိဘနဲ့ မနေဘူးလား"

"ကျွန်မက ငယ်ငယ်ကတည်းက မိဘမရှိပါဘူး အန်တီ။ မိဘတွေ တိမ်းပါးလို့ အဘွားနဲ့ ကြီးပြင်းခဲ့ရပါတယ်"

"ဩော် ... အခု အဲဒီအဘွားရော၊ အို ... အန်တီစပ်စု သလိုများ ဖြစ်သွားလား မြရွက်ညို"

"ရပါတယ် အန်တီ၊ အဘွားက ဆုံးသွားရှာပါပြီ"

"ဩော်"

"ဟုတ်ကဲ့ ... ကျွန်မက ကိုယ့်ဘာသာ ကိုယ့်စီးပွားရေးနဲ့ ကိုယ် တစ်ယောက်တည်းပဲ နေပါတယ်"

"ဘာစီးပွားရေးလဲ"... ဆိုသည်ထိ ဆက်မေးဖို့မသင့် တော့ပါ။ မိဘမရှိသည့် မြေးကို အဘွားက ဘယ်လိုစောင့် ရှောက်ခဲ့သလဲ။

မြရွက်ညိုဟာ အသက်ဘယ်အရွယ်ကစလို့ တစ် ယောက်တည်း နေခဲ့တာလဲ။

www.burmeseclassic.com

www.burmeseclassic.com



မေးစရာ မေးခွန်းတွေကတော့ သိပ်များနေပါပြီ။

"လှဲ့ဝင်းရေ"

ဒေါ်တင်မေသစ်က ထမင်းစားခန်းဘက်သို့ လှည့်ခေါ်၏။

"ဆယ့်နှစ်နာရီခွဲလောက် မြီးရှည့်ရနိုင်မလား သမီး"

"ရနိုင်ပါတယ် အန်တီ"

"အန်တီ ဘာကူရဦးမလဲ"

"ရပါတယ် အန်တီ။ မီးပါတယ်၊ သမီးနိုင်ပါတယ်"

"ကျေးဇူးပဲ သမီးရေ"

"ဟုတ်ကဲ့"

လှဲ့ဝင်း ... ဆိုသည့် မိန်းကလေး ထမင်းစားခန်းဘက်သို့ပြန်၏။ လှဲ့ဝင်းကို မြစွက်ညို မြင်ဖူးပေါင်းများပါပြီ။ ထူးသစ်ကို "ကိုထူး"ဟုခေါ်၏။ ထူးသစ်ထက် ငယ်နိုင်ပါသည်။ ဖျတ်လတ်သွက်လက်၏။ သူ့အလုပ်တွေသူ နိုင်နင်းနေပုံရ၏။ အလုပ်ကို ညည်းညူပုံမပေါ်။ ဒါလိုချင်သည်ဆိုလျှင် ချက်ချင်းရအောင် လုပ်ပေးနိုင်သည့် အိမ်ဖော်ကောင်းလေးတစ်ယောက်ဖြစ်ပုံရပါသည်။ ထူးသစ် အပေါ် လေးစားချစ်ခင်ပုံရသည်ဟုမှတ်ချက်ချထားခဲ့သည်။

အခု ... ဒေါ်တင်မေသစ်နှင့် လှဲ့ဝင်းတို့ အပြန်အလှန်ဆက်ဆံပုံကို မြင်ရပြန်တော့ မြစွက်ညို မချီးကျူးဘဲ မနေနိုင်တော့ပါ။ လှဲ့ဝင်း ... အိမ်ရှင်ကို လေးစားချစ်ခင်နေတာ ဘာဆန်းမှာ



အိမ်ရှင်၊ သူဌေးမကြီးလည်း ဖြစ်နေသေးသော ဒေါ်တင်မေ ... လှဲဝင်းကို ဆက်ဆံပုံမှာ ဦးစားပေး နေရာထားလှ၏။

"အန်တီ ဘာကူရဦးမလဲ"... ဆိုသည့် မေးခွန်းမျိုး ယ်အိမ်ရှင်ထံက ကြားရမလဲ။ မြစွက်ညိုတောင် ဒေါ်စိန်ကို ယ်နှခါ ပြောဖူးသလဲ။ ဒေါ်တင်မေသစ်ကို မလေးစား မချီးကျူး မနေနိုင်လောက်အောင် ကြည်ညိုသွားရသလို ... ထိုအမျိုးသမီး ၏ရှေ့မှာ မြစွက်ညိုက နေရင်း ထိုင်ရင်း သိမ်ငယ်သွားရ လိုလည်း ခံစားမိတော့သည်။

"မေမေ ... ကျွန်တော်တို့ ခြံထဲပြန်ဆင်းမယ်၊ မေမေ့ကို လာနှုတ်ဆက်တာ၊ မမနဲ့က မတွေ့ဖူးသေးလို့"

"အေး ... အေး၊ ဆယ့်နှစ်နာရီခွဲရင် တက်လာကြပေါ့"

"ဟုတ်ကဲ့ မေမေ"

လာ ... သွားစို့ဟု ထူးသစ်က ဦးဆောင်၏။ သီဟ ချုပ်စုအားလုံး ဒေါ်တင်မေသစ်ကို နှုတ်မဆက်ဘဲ ဒီအတိုင်း င်းသွားကြသည်။ သူတို့က သူတို့အိမ် သူတို့ရာနှယ်ပင်။ က်ညိုက နေရင်းထိုင်ရင်း နောက်ကျကျန်ရစ်၏။ လှုပ်ရှားမှု က နှေးကွေးနေသည်။

"ကျွန်မလည်း လိုက်သွားလိုက်ပါဦးမယ် အန်တီ"

မတ်တတ်ရပ်ပြီးမှ ကိုယ်ကလေးယို့၍ ခွင့်တောင်း ။ ဒေါ်တင်မေသစ်က ... အေး ... အေး ... ဟု ဆိုခါ ပြုံး၍ ခေါင်းညိတ်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြစွက်ညို ခြံထဲသို့ နောက်ဆုံးမှ ဆင်းဖြစ်၏၊ ဒေါ်တင်မေသစ်က ကိုယ့်ကျောပြင်ကိုများ စူးငေးနေမလားဟု ကျောမလုံခံစားမှု ဖြစ်ထွန်း၏။ ဘာကိုမှန်းမသိ ရင်ထဲ တဒိတ်ဒိတ်ခုန်၍ လန့်နေသည်။ ရိုးသားစွာ ဝန်ခံရပါလျှင် ...

ဒေါ်တင်မေသစ်ကို မြစွက်ညို ကြောက်ပါသည်၊ ဘာကြောင့်လဲ။



၅

"ကိုထူးသစ် ... မမြစွက် အရမ်းဖျားနေလို့" ... ဆိုသည့် တယ်လီဖုန်းက ဒေါ်စိန့်ထံမှ ရောက်လာခဲ့၏။

မမ အိမ်ကိုအလည်လိုက်လာပြီးတာ သုံးရက်ရှိသွားပြီ။ ဒီကြားထဲမှာ မမနှင့် မတွေ့ဖြစ်သေး။

စည်သူနှင့် နေထိုက်တို့၏ Restaurant အဆောက်အအုံက ခြောက်လကျော်ကျော်နှင့် ပြီးသွားတာ အလွန်မြန်ပါသည်။ လူနေအိမ်အဖြစ် ထုကြီးထည်ကြီးဆောက်တာ မဟုတ်လို့လည်း ဒီလောက်မြန်မြန်ပြီးတာဖြစ်၏။ စည်သူနှင့် နေတိုက်တို့က နေရာသာငှားတာဖြစ်ပြီး အဆောက်အအုံက ထူးသစ်အပိုင်မို့ ထူးသစ်မှာ ပြီးကာနီးလေ အလုပ်ရှုပ်လေ၊ စည်သူနှင့် နေထိုက်တို့ကလည်း သူတို့စိတ်ကြိုက်တွေ အကြံဉာဏ်ဝင်ပေး၊ သီဟနှင့်ဇမ္ဗူတို့ကလည်း ဝင်ပြော၊ သူငယ်ချင်း ငါးဦးက မိုးလင်းမှ မိုးချုပ်ဆိုသလို နေ့တိုင်းတွေ့၊ နေ့တိုင်းအလုပ်ရှုပ်ကြသည်မို့ မမ အိမ်သို့သွားစုဖို့ အချိန်မပေးနိုင်ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



မမကိုလည်း ... လာလည်ပါဦး ... ဟုပြောရန် လာလည်သွားတာမှ သုံးရက်သာ ရှိသေးသည်မို့ ထပ်ဖိတ်ဖို့မသ သေး။ ဤနည်းအားဖြင့် မမနှင့် မတွေ့ရတာ သုံးရက်ရှိပါပြ ထူးသစ် သတိတရရှိ၏။ ညတိုင်းတော့ ဖုန်းဆက်ဖြစ်သည် အကြောင်းထူးမရှိ၊ ဟိုပြော ဒီပြောနှင့်ပင် ပြီးသွားခဲ့သည်ချည်း

"မမနဲ့ တစ်နေ့စကားမပြောရရင် အဲဒီနေ့ ကျန်းမ ရေးနဲ့ မညီညွတ်ဘူး"... ဟု ပြောတော့ မမ ရယ်နေလိုက်ပုံများ

"ဒါဆို ... မမက ထူးသစ်အဖို့ ကျန်းမာရေးအတွ ဆေးတစ်ခွက်ပေါ့လေ"... တဲ့။

ထူးသစ်နှင့် အဲဒီလို သောင်စဉ်ရေမရ၊ စကားအထူ အထွေမရှိဘဲ ဟိုပြောဒီပြော ပြောနေရတာကို မမ ပျော်ပုံရ သည်။ ထူးသစ်လည်း ပျော်၏။

"မမမှာကိ သူငယ်ချင်းအပေါင်းအသင်း မရှိပါဘူ ထူးသစ်ရယ်"... တဲ့။

"မင်းတို့ မမဆီ ဖုန်းဆက်ဖြစ်သေးလား"

စင်စစ် ... အဲသည်မေးခွန်းက အစ်အောက်ခြင် ထူးသစ် မမအပေါ် သည်းသလောက်၊ ဟိုကောင်တွေ သည်း လား ထူးသစ် သိချင်သည်။ အားလုံးဆုံချိန်မှာတော့ သူတို့မသည် ကြပါ။ ထူးသစ်ကိုသာ ...

"သည်းတယ်နော် ... သည်းတယ်၊ သည်းတယ်"_ ဟု နောက်သလိုလို၊ သတိပေးသလိုလိုလား၊ ဘာလား မသိ အဓိပ္ပာယ်ဖော်မရသော ဝါကျကို ဆိုတတ်ကြသည်။ ပြီးတော မမ မကြားအောင် ပြောကြတာ။



မမက ထူးသစ်ကို အရေးပေး ဆက်ဆံတာ အသိ သာကြီးဟု ထူးသစ် ထင်၏။ ကိုယ့်ဘာသာ ထင်နေတာလည်း ဖြစ်နိုင်သည်မို့ ဟိုကောင်တွေနှင့် မမ၏ ဆက်ဆံရေးက ထူးသစ် ကြားမှာ ဘယ်လိုရှိကြလဲ ထူးသစ် သိချင်သည်။ သဝန်တိုတာ တော့ မဟုတ်ဘူး ထင်သည်။ သဝန်တိုတာလည်း ဖြစ်ချင်ဖြစ်နေ နိုင်သည်ပင်။

"ဟေ ... မင်းတို့ မမဆီ ဖုန်းဆက်ဖြစ်သေးလား"

တစ်ခွန်းမေးတာကို ဘယ်သူမှ ပြန်မဖြေကြ၍ နောက်ထပ်တစ်ခွန်း မေးရ၏။ ခေါင်းလေးလုံးက ပြိုင်တူလှည့် သာကာ မျက်မှောင်ကုတ်ကြ၏။

"ဘာလို့ဆက်ရမှာလဲ၊ အကြောင်းထူး ဘာရှိလို့လဲ" ဟု အဓိပ္ပာယ်ရသော ဝါကျလေးကြောင်းကို ပြိုင်တူဖြေကြသည်။ အဲသည်တုန်းက ရင်ထဲမှာ ဝုန်းခနဲ ကျသွားတာ ဘာအလုံးကြီး မှန်းတောင် မသိလိုက်ပါ။ နင်တင်တင်ကြီးတော့ ပျောက်သွား၏။ အခု ဒေါ်စိန်က ဖုန်းဆက်သည်။

"မမြစ္စက် ... အရမ်းဖျားနေလို့" ... တဲ့။

"ဟိုကောင်တွေကိုရော ပြောလိုက်သေးလား"... ဆိုသည့် မေးခွန်းက နှုတ်ဖျားမှ အလိုလို ထွက်လေသည်။

"ဟင့်အင်း ... မဆက်ဘူး၊ ခုလည်း မမြစ္စက်က ဆက်ခိုင်း တာ မဟုတ်ဘူး၊ ဒေါ်စိန့်ဘာသာ ဆက်တာ၊ ဘာလုပ်ရမှန်း မသိလို့"

"ဆေးခန်းမသွားဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း"

"ဆရာဝန် အိမ်မခေါ်ဘူးလား"

"ဟင့်အင်း"

"မမမှာ ရင်းနှီးတဲ့ဆရာဝန်မိတ်ဆွေ ရှိတယ်ဆို"

"မရှိပါဘူး"

"ဟိုတစ်ခါ ချော်လဲတုန်းကလေ၊ ဖုန်းဆက် ခေါ်မယ် ဆို"

"မခေါ်ပါဘူး"

"ဒါဆို ဘယ်လိုလုပ် ပြန်ကောင်းသွားလဲ၊ ဘာနဲ့ပြန်ပျောက် သွားလဲ"

"ဒီအတိုင်းပဲ"

"ကဲ … ကဲ … ကျွန်တော် လာခဲ့မယ်လို့ မမကို ပြော ထားနော်"

"ဟုတ်ကဲ့",

အရေးထဲ … ဒေါ်စိန်ကလည်း အူကြောင်ကြောင်ပြ ဒေါ်စိန့်ကို စိတ်တိုမိလိုက်သေး၏။ လက်ကိုင်ဖုန်းကိုသိမ်းပြီ တစ်ယောက်တစ်ပေါက် ငြင်းခုန်နေကြသည့် အုပ်စုကို လှမ်းကြည့် လိုက်သည်။

ပြောရကောင်းမလား။ သူတို့ပါ ခေါ်သွားရမလား

သူတို့မပါဘဲ မမအိမ်သို့ တစ်ခေါက်ပဲ ရောက်ခ သည်။ မမ ချော်လဲတာကို လိုက်ပို့သည့်နေ့က။ အဲသည်တုန်းက အဲဒီလေးကောင်က ကုက္ကိုင်းဘက်လျှောက်သည့်သူကလျှော



သားရိပ်သာဘက် လျှောက်သည့်သူတွေက ကျတော့လည်း သည့်သူကပြေး၊ ခုန်ပေါက်သည့်သူက ခုန်ပေါက်၊ မမချော် ကို ထူးသစ် တစ်ယောက်တည်းတွေ့ပြီး ထူးသစ် တစ် က်တည်း ကူညီဖြစ်တာ၊ မမအိမ်သို့ ထူးသစ် တစ်ယောက် ပါသွားတာဖြစ်၏။ မမအိမ်မှာ ခဏကြာနေတုန်း ဟိုကောင် ဆီကဖုန်းတွေ ဝင်လာခဲ့သည်။

"ထူးသစ် ဘယ်ပျောက်သွားတာလဲ၊ စွန်ချီသွားလား၊ သွားလား၊ မင်း ဘယ်မှာလဲ ဟေ့ကောင်၊ အိမ်ပြန်အိပ်တာ … နှင့် စုံသွားခဲ့၏။

"နောက်မှ ပြောပြပါမယ်" … ဆိုတာတောင် …

"ခုသိချင်တယ်" … လုပ်နေ၍ တယ်လီဖုန်းကို ပိတ်ပစ်လိုက်ရသေးသည်။ အိမ်ပြန်ရောက်မှ ပြောပြ၊ သူ ပါ သောင်းကျန်းကာ တွေ့ချင်တယ်တွေ ဘာတွေဖြစ်၊ မယ်" "သွားမယ်" တပူဆာဆာလုပ်၊ အဲဒါနှင့် သတင်း ဆိုသလို ဒီကောင်တွေကိုပါခေါ်ပြီး မမအိမ်သို့ သွားခဲ့ သူတို့နှင့်ပါ ရင်းနှီးပြီး၊ မမက ကိုယ်တို့အုပ်စုဝင်တစ် က် ဖြစ်သွားခဲ့ရတာ၊ တကယ်တော့လည်း ပျော်စရာ ကောင်း ည်။ ပျော်လည်း ပျော်ခဲ့ပါသည်။

အခု … မမဖျားလို့ သွားရမည့်ကိစ္စမှာကျမှ ကိုယ့် ကို မခေါ်ချင်၊ တစ်ယောက်တည်း သွားချင်စိတ် ဖြစ်၏။ ပြလိုက်လျှင် အကုန်လုံး ကားပေါ်ခုန်တက်ကြမှာ။

"ဟေ့ကောင် … ဘယ်ကဖုန်းလဲ၊ ဘာကြောင်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထူးသစ် ... တစ်ခဏမျှ ငိုင်သွားတာကို ဒီကော
တွေက မြင်ဖြစ်အောင် မြင်၏။

"ဘာမှမကြောင်ဘူး"

အရေးမကြီးသလို ရယ်၍ပြောလိုက်၏။

"ဘယ်ကဖုန်းလဲ"

"သံတော်ဦး တင်စရာလား"

"အောင်မယ် ..."

"စာမေးပွဲလား၊ အောင်ပြီးလို့ ဘွဲ့တောင်ရပြီးပြီ"

"နေပါဦး ... ဖုန်းလာတာ ဘာကိစ္စ ခပ်ဝေးဝေးသွားပြ
ရတာလဲ"

စင်စစ် ... ဖုန်းကိုကြည့်လိုက်တော့ မမအိမ်
နံပါတ်။ မမက နေ့ခင်းနေ့လယ် ဆက်လေ့မရှိ။ နေ့ခင်း နေ့လ
တင်မဟုတ်ပါ၊ မမက ဖုန်းစဆက်တာ မရှိသလောက်ရှားသည
ညတိုင်း စကားပြောဖြစ်သည် ဆိုတာလည်း ထူးသစ်ကချည်း
စဆက်တာဖြစ်၏။ တစ်ခါတစ်ရံကျတော့ ထူးသစ်က တော်တေ
နှင့် မဆက်ဘဲ နေကြည့်၏။ ကိုယ်ဘာသာ မနေနိုင် မထိုင်
ဖြစ်လာကာ ကောက်ဆက်လိုက်မှပဲ နေသာထိုင်သာ ဖြစ်သွာ
သည်။ စ,မဆက်ရကောင်းလား ... ဟု မမအပေါ် စိတ်ကော
ချင်တာ "နွဲ့ဆိုး"လားဟု ကိုယ့်ကိုယ်ကိုယ်မေးရင်း ပြုံးလည်းပြ
ရှက်စိတ်လည်းဖြစ်နှင့် ... လူမသိ သူမသိ မျက်နှာရဲခဲ့ရတာ
လည်း အကြိမ်ကြိမ်ပါ။

"မမ ... ဖုန်းမျှော်နေလား"... ဟု မေးလိုက်လျှ
မမက ရီးသားစွာ ...



"မျှော်နေတာပေါ့"... ဟု ဖြေတတ်၏။

"ဘယ်သူ့ဆီကဖုန်းကို မျှော်နေတာလဲ"

"ထူးသစ်ဆီက ဖုန်းကိုပါ"

"ဒါများ ... စ,ဆက်လိုက်တော့ ဘာဖြစ်သွားမှာလဲ"

"တစ်ဖက်မှာ ထူးသစ် မအားမှာစိုးလို့ပါ။ ထူးသစ်က
အလုပ်များတယ်၊ မမက တစ်ချိန်လုံး အားနေတာ"...တဲ့။

မမခမျာ ရိုးသားရှာပါသည်။

"ဟော့ကောင်"

သီဟက ပခုံးကို လက်သီးနှင့် လာထိုး၏။

"ငူငေါင်ငိုင် ... ငသုံးလုံးနဲ့ ဘာဖြစ်တာလဲ"

"မမ ဖျားနေတယ်"

ရင်ထဲမှ အပူကို မထိန်းနိုင်ဘဲ လွှတ်ခနဲ ထွက်သွား
ဖြစ်တော့သည်။

"စောစောကဖုန်းက အဲဒါလား"

"အင်း"

"ဒါများ"

"လိုက်သွားမလို့"

"ငါတို့ လိုလား"

"ဟော့ကောင် ... သီဟ ထောက်ရယ်၊ ဒီကောင် ဒီလောက်
ဝေါင်ပြနေတာတောင် မရိပ်မိဘူးလား။ ငါတို့လိုက်မှာစိုးလို့
ဟော့ ... ပြောတောင် မပြချင်တာ"

သိန်းထိုက်က ရယ်၍ပြော၏။

www.burmeseclassic.com

www.burmeseclassic.com

"မှန်မှန်ပြောစမ်း ... ငါတို့မပါဘဲ၊ မင်း မမအိမ်ကို ဝင်ထွက်နေလား"

ထူးသစ် ခေါင်းခါလိုက်သည်။

"တကယ်တော့ ... တစ်ပြုံကြီး သွားသွားနေတာလည်း သိပ်တော့ မကောင်းဘူးကွ"

ဇမ္ဗူက စဉ်းစဉ်းစားစား ပြော၏။

"တစ်ယောက်တည်း ဝင်ထွက်နေတော့ရော ကောင်းလို့လား"

သူငယ်ချင်းလေးယောက် (ထူးသစ်မပါ)က တစ်ယောက်တစ်ပေါက် ဆွေးနွေးကြ၏။

"မမက အုပ်ထိန်းသူလည်း မရှိဘူး"

"ဆယ့်ရှစ်နှစ်ပြည့်ပြီးတာ ဆယ်နှစ်ကျော်ခဲ့ပြီ၊ အုပ်ထိန်းသူလိုလို့လား"

"ဒါ မြန်မာပြည်။ မိန်းမသားဆိုတာ ပျိုရွယ်စဉ်ကာလမှာ မိဘမောင်ဖွား အုပ်ထိန်းခြင်းကို ခံထိုက်တယ်တဲ့။ အိမ်ထောင်ကျတဲ့အခါမှာ ခင်ပွန်းက အုပ်ထိန်းခြင်းကို ခံရမယ်တဲ့"

"ဘယ်သူပြောလဲ"

"ကြားဖူးတာ"

"ဒီခေတ်မိန်းမတွေ တစ်ယောက်မှ အဲဒီစကားကို လက်ခံမှာ မဟုတ်ဘူး"

"မင်းဆိုလိုချင်တာက ... ခုခေတ်ကောင်မလေးတွေ ထင်တိုင်းကြဲနေတယ်ပေါ့"



"မပြောရဲပါဘူး၊ ဇက်ပိုးယားတယ်"

"ပါးရိုက်မှာ မဟုတ်ဘူးလား"

"ဘယ်ကောင်လဲ မသိဘူး၊ ရည်းစားစကား လိုက်ပြောတာ ဟိုက ဇက်ပိုးအုပ်လွှတ်လိုက်လို့ ခံလာရတယ်ဆိုတာ"

"မင်းဘကြီး"

"မမမှာ မိဘမရှိဘူးလား"

"ရှိတယ် ... မင်းဘကြီးနဲ့ မင်းကြီးတော်"

"စကားကောင်း ပြောမလို့ကွ။ ငါတို့ငါးယောက် တအားခင်တယ်ကွာ။ တစ်ယောက်အကြောင်း တစ်ယောက် အားလုံးသိတယ်။ ငါတို့ရဲ့ ယောကျာ်းငါးယောက်အုပ်စုထဲကို မမက မိန်းမသားဖြစ်လျက်နဲ့ ဝင်လာတယ်"

"ဟိုကောင် ဆွဲသွင်းလာတာ"

"အေး ... မမအကြောင်းနဲ့ ပတ်သက်သမျှ မြစွက်ညို ဆိုတဲ့ နာမည်တစ်ခုကလွဲရင် ဘာမှမသိရဘူး။ မေးရမှာလည်း အားနာလို့၊ တကယ်ဆို ... မမက ပြောပြရဲ့"

"သွားမေးကြမလား"

"ဟော့ကောင်တွေ နေခဲ့"

နောက်ဆုံးဝါကျ ... ဟော့ကောင်တွေနေခဲ့ ... ဆိုသာ ထူးသစ်ထံမှ ထွက်လာခြင်းဖြစ်၏။

"သွားမလို့လား"

"ဟိုမှာ ဖျားနေတာ"

"မင်းက ဆရာဝန်လား"

www.burmeseclassic.com

www.burmeseclassic.com



“မင်းတို့လည်း ဆရာဝန် မဟုတ်ပါဘူး”

“ဆရာဝန်မဟုတ်တဲ့သူ မသွားရရင် မင်းလည်း သွားဖို့မလို ဘူးကွ၊ မင်းသွားရင် လိုက်မှာပဲ”

အဲဒီလို လိုက်မှာစိုးလို့ကို မပြောချင်တာဖြစ်၏၊ ဘာကြောင့်မှန်းမသိ။ ဒီနေ့ … မမဆီ တစ်ယောက်တည်းသွားချင် စိတ်အတွက် အဖြေမရှိပါ။

စည်သူက ထူးသစ်ဇက်ပိုးကို တစ်ချက်လှမ်းအုပ်၏၊

“ဘာလဲ”… ဆိုသည့် အဓိပ္ပာယ်နှင့် မေးဆတ်လိုက် ပြလိုက်သည်။။

“တစ်ယောက်တည်း သွားချင်ရင် သွားပါ။ ဒါပေမဲ့ … မင်းပုံစံက ပျက်ယွင်းနေပြီ။ ဟော့ကောင် … မမ ဘာလဲ ဆိုတာ ဖယ်ထား၊ အသက်ငါးနှစ်ကြီးနေတာနဲ့တင် မင်း အမေနဲ့ ကွိုင်တက်ပြီဆိုတာ မမေ့နဲ့”

ထူးသစ် … အဲဒါကြောင့်ပဲ ငေါင်သွားရတာဖြစ်ပါ သည်။ မမ ဖျားနေသည်ဆိုတော့ ပြေးသွားလိုက်ချင်၏။ ရင်ထဲ စိုးရိမ်စိတ်က လှိုက်ခနဲ ပူသွားမိသည်။ မမနားသို့ တစ်ယောက် တည်းပဲ ရောက်ချင်သည်။ မမနားမှာ ဟေးလားဝါးလား အော် ဟစ်နေမည့် ဟိုကောင်တွေကို ဖယ်ရှားထားချင်သည်။ မမနှင့် နှစ်ယောက်တည်းရှိချင်သည်။ အဲသည်အချိန်လေးဟာ တိတ်ဆိတ် ချမ်းမြေ့နေသော ကြည်နူးဖွယ်ကာလလေး ဖြစ်ချင်၏။ အဲသည် ခံစားမှုနှင့် တစ်ဆက်တည်း မေမေ့မျက်နှာကို ကွက်ခနဲ မြင်သည်။



“မြစွက်ညိုဟာ သားတို့လို့တော့ မဟုတ်ဘူး၊ သားတို့တစ်ဖွဲ့လုံးက ကလေးသာသာ ဖြူဖြူစင်စင်နဲ့ သောကကင်းကင်း နေခဲ့ကြသာ၊ မြစွက်ညိုရဲ့ မျက်ဝန်းက လောကကြီးကို စိန်ခေါ်နေသလိုပဲ၊ ဘာတွေ ဘယ်လိုနာကျင် နာကြည်းခဲ့ဖူးတယ် မသိဘူး …

“အဲဒီမျက်ဝန်းမျိုးနဲ့ မိန်းမသားကို မေမေသနားပါတယ်။ လိုအပ်လို့ တစ်ခုခု ကူညီပေးရလည်း ဝန်မလေးဘူး၊ ဒါပေမဲ့ … မေမေ့သားကိုတော့ သနားခွင့်နဲ့ ကူညီခွင့် ပိတ်ပင်တယ်၊ အဲဒါ … အမိန့်ပဲ”… တဲ့။

ပြတ်ပြတ်ကြီး ပြောချခဲ့ပါ၏။

မေမေဟာ ထူးသစ် ဆိုသည့် သားကို တော်တော် အလိုလိုက်ခဲ့ပါသည်။ ကျောင်းသားဘဝမှာကတည်းက မုန့် တစ်လကို ဘယ်လောက်ဆိုတာ မရှိ။ ထူးသစ် ဗီရိုထဲမှာ ဆံတစ်ထပ်ကို လာလာထည့်ထားတတ်သည်။

“မေမေရေ ပေးပါဦး”ဆိုတာ တစ်ခါမျှမရှ မဟော့ သော ထူးသစ်အတွက် မေမေထည့်ပေးထားသော ပိုက်ဆံတစ် ာ မကုန်နိုင်ခဲ့ပါ။ မေမေကလည်း နည်းနည်းပါးပါး ဟောက် နှင့် ထည့်ဖြည့်လိုက်သည်ချည်း။ သို့ပေမဲ့ … မေမေ လုံးဝ မခံနိုင်သည့် တားမြစ်ချက်များကို “အမိန့်”ဟု သုံးတတ်၏။

“သူငယ်ချင်းချင်း ပေါင်းတဲ့အခါမှာ ဆေးလိပ် ာက်တတ်တဲ့သူ၊ နေ့တိုင်း အရက်ဖြစ်ဖြစ် ဘီယာဖြစ်ဖြစ် ာက်တဲ့သူ၊ သူများသားပျိုသမီးပျိုကို … ရည်းစားထား

www.burmeseclassic.com

www.burmeseclassic.com



အပြစ်မတင်ဘူး၊ ပန်းကောင်းအညွန့်ကိုးလုပ်တဲ့သူ၊ အဲဒီလိုသူ
ချင်းမျိုးနဲ့ လုံးဝမပေါင်းရ။ ပေါင်းမိရင်တောင် ဖြတ်ပစ် ... အဲ
အမိန့်"... ဟု ပြောခဲ့ဖူးသည်။

မေမေက တစ်ခုခုကို ပြောလာလျှင် ထူးသစ်
"အဲဒါ အမိန့်လား မေမေ"... ဟု ရယ်၍မေးလျှင် မေမေက
လိုက်ရယ်ကာ ..."အမိန့်မဟုတ်ဘူး၊ မေမေ မကြိုက်တာကိုပြော
တာ၊ သားသဘော၊ အမိန့်မဟုတ်ဘူး၊ မေမေ နားလည်ပေး
တယ်"... ဆိုတာမျိုးလည်း ပြောတတ်ပါသည်။

မေမေ မကြိုက်ပေမယ့် လူငယ်သဘာဝကို မေ
နားလည်ပေးတတ်တာမျိုးရှိ၏။ စာမေးပွဲအောင်လို့ ဘီယာဝိုင်း
ချင်တာမျိုးကိုတောင် မေမေက အိမ်မှာလက်ခံ၍ ချက်ပြုတ်
ပေးတတ်သည်။ စင်စစ် ... မေမေက အရက်လည်း ဘီယာ
ဘီယာလည်း အရက် ... ဘီယာကို အရက်မဟုတ်ဘူး မပြော
သေရည်ထဲပါတာပဲဟု ဆိုကာ အနံ့တောင်ခံချင်ရှာသူ မဟုတ်
သားတို့အရွယ်၊ လူငယ်ယောကျ်ားလေးတွေ ပျော်လို့ တစ်ခါတ
သောက်တာမျိုးကို မကြိုက်ပေမယ့် နားလည်ပေးနိုင်သည့် မေ
ပါ။

သူငယ်ချင်းတွေထဲ ရည်းစားရလာလျှင် ...

"မထားခင်က သေချာစဉ်းစားရဲ့လား။ ထားပြီ
တော့ တော်ကြာ စိတ်ပျက်ပြီး ချန်မထားခဲ့ပါနဲ့ကွာ၊ လက်
မရလို့ ထားရစ်ပြီဆိုလည်း ပြဿနာ မကျန်ရစ်စေနဲ့၊ လက်မထ
ရသေးသမျှ၊ ကိုယ်ကျင့်တရား ထိန်းကြ"... ဟု ဝင်ဆုံးမပေးတ



ပါသည်။ သို့ပေမယ့် ... ဓမ္မုသိမ်း ရည်းစားနှစ်ယောက်ထိ ပြတ်
တာကို အပြစ်မတင်ပါ။

"နောက်တစ်ခါ သေချာစဉ်းစား"... ဟုပဲ ပြောပါ
သည်။ အခု ... မမအပေါ် သနားခွင့်မရှိတဲ့။ အမိန့်တဲ့။

ဖျားနာနေရှာသော မမကို ထူးသစ် ... တွေ့တောင်
မတွေ့ရသေးဘဲ သနားနေမိပြီ။ မိဘမရှိ၊ ညီအစ်ကိုမောင်နှမမရှိ၊
ဆွေမျိုးသားချင်းမရှိ၊ ကိုယ့်ဘာသာ လူကြီးလေးလုပ်ပြီး ကိုယ့်
အားကိုယ်ကိုးနေရရှာသည့် မမကို၊ မဖျားခင်ကတည်းက သနား
ချင်နေခဲ့တာ။

ထူးသစ် ကားပေါ်တက်၏။ မေမေက မမအိမ်သို့
တစ်ယောက်တည်း မသွားရလို့မှ အမိန့်ချမထားတာလေ။

"မလိုက်ရတော့ဘူးလား"

ဘယ်သူမှန်းမသိ လှမ်းမေးတာ ကြားလိုက်သည်။

"နေခဲ့"

"ကွိုင်မတက်စေနဲ့"

ထူးသစ် ပြန်မဖြေခဲ့ပါ။

"ကိုထူးသစ်တို့အိမ်က ပြန်လာပြီးကတည်းက ည,ညမအိပ်
တာ သုံးရက်ရှိပြီ။ ဖျားရောပေါ့။ အိပ်ရေးပျက်တော့
အအေးမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်စိန်ကလည်း"

မမကို ဒေါ်စိန် တွဲ၍ထွက်လာ၏။ ချည်အနွေးထည်လေးနှင့် ... မမ မျက်နှာမှာလည်း ဘာမှုလိမ်းခြယ်မထားပါ။ မျက်ခွံလေးတွေ မို့အစ်လျက်၊ မျက်ကြောစင်းကာ၊ မျက်နှာက နီချင်ချင်။ မမက ဆိုဖာပေါ်မှာ ငြေငြေလှဲလှဲလေး ထိုင်တော့ ဒေါ်စိန်က မမခြေတင်ဖို့ သားရေခုံပုလေး ဆွဲလာ၏။ မမထဘီကိုသိမ်း၍ မမ ခြေထောက်ကို သားရေခုံပုလေးပေါ် တင်ပေးသည်။

"တော်တော်ဖျားနေတာပဲ"

မြင်ရုံနှင့် သိသာသည်မို့ မမနဖူးပေါ်သို့ ထူးသစ်လက်ဖဝါးက ဖျတ်ခနဲ ရောက်လေ၏။

"ဆေးခန်းသွားမလား မမ"

"မသွားချင်ဘူး"

ဒေါ်စိန်က အိမ်ထဲသို့ ဝင်သွားပါပြီ။ ထူးသစ် ... မမနှင့် မျက်နှာချင်းဆိုင် ထိုင်နေရာမှ မတ်တတ်ထရပ်ကာ မမနဖူးကို စမ်းပြီးသည်နှင့် မမနှင့် ကပ်ရပ်ခုံမှာပဲ ထိုင်တော့သည်။ အဲသည်ဘက်သို့ မှီစောင်းမိလျက်သား ဖြစ်နေသည့် မမက တစ်ဖက်သို့ တိမ်းယိုင်သွားတာကို ထူးသစ် သတိထားမိ၏။ မမ ဆင်ခြင်ရှာပါသည်။

"ဒီလောက်ဖျားနေတာ သွားရမှာပေါ့"

"လူက နေမကောင်းလွန်းရင် ဘယ်မှမသွားချင်ဘူး။ ဒီလိုပဲ နေချင်တယ်"

"ဒါဖြင့် ဆရာဝန်ခေါ်မယ်"



"အဲဒါလည်း ... ဘယ်လိုလုပ်ရမှန်း၊ ဘယ်သူ့ခေါ်ရမှန်း မသိလို့"

"ဆရာဝန်အသိ ရှိတယ်ဆို၊ ရင်းနှီးတယ်ဆို၊ ...က်တာဘယ်သူဆိုလား၊ ဟိုတစ်ခါ ဒေါ်စိန့်ကို ဖုန်းဆက်ခေါ် ...းတာ" ... ဟု မေးချမိလုလု ဖြစ်ပြီးမှ နှုတ်ခမ်းကို တင်းတင်း ...လိုက်ရပါသည်။ ဒေါ်စိန်က "မခေါ်ပါဘူး" ဟု စောစောကပဲ ...ပြောထားသည်။ မမ ... ခင်မင်ရင်းနှီးသည့် ဆရာဝန်မရှိပါဘဲ ...သည်တုန်းက) ဘာဖြစ်လို့ ညာပြောခဲ့ပါလိမ့်။

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့အစ်ကို ဆရာဝန်ရှိတယ်၊ ခေါ်လိုက်မယ်"

"သဘောပဲ"

တတွဲတွဲပေါင်းသည့် သူငယ်ချင်းတော့ မဟုတ်ပါ။ ...ာင်းတုန်းက သူငယ်ချင်းပါပဲ။ သူ့အစ်ကိုက ဆရာဝန်။ ဟိုး ...င်တုန်းကတော့ နယ်သွားနေရသည်။ အခု ရန်ကုန်ပြန်ရောက် ... မကြာသေး ... ဟု သိထားသည်။ ထူးသစ် ... ဖုန်းဆက်၏။

"တော်သေးတယ်၊ ငါ့အစ်ကိုက နိုက်ဂျူတီက ထွက်လာပြီး ခဏပြန်လှဲနေတာ၊ အိမ်မပျော်ပါဘူးဆိုပြီး ရေထချိုးတာ ခုပဲပြီးတယ်၊ လာခဲ့မယ်တဲ့။ လိပ်စာပြော"

အဲသည်အစ်ကိုနှင့်ပါ ခင်သည်မို့ ကူညီရှာ၏။

ဆရာဝန်လာမည်ဆိုတော့ မမကို အခန်းထဲ ခုတင် ...သို့ ပြန်ရွှေ့ရသည်။ ဒေါ်စိန် လာတွဲ၏။

"ကြာတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့ခနဲ ကောက်ပွေ့မိလိုက်တာ၊ ကိုယ့်ကိုယ်ကိုယ် တောင် သေချာမသိလိုက်ပါ။ မျက်စိရှေ့မှာ ရွှေ့တော ရွှေ့တေ ယိုင်ယိုင်နဲ့နဲ့နှင့် အမြင်မှ မတော်ဘဲ။ မမကို သူ့အခန်းထဲ ပွေ့ ဝင်သွား၊ နတင်ပေါ် တင်ပေး၊ ဒေါ်စိန်က ချည်စောင်ပါးလေး လာခြုံပေးမှပဲ၊ ကိုယ် ဘာလုပ်လိုက်မိတာကို သတိထားမိတော့ သည်။

"အပုလေး"

ဒေါ်စိန်က လှမ်းခေါ်၏။

"သမီး မမ နတင်ပေါ်တက်၊ ခြေသလုံးလေးတွေ ဆုပ်ပေး နော်၊ မမ ညောင်းတယ်။ တအားကြီး မဖိနှိပ်နဲ့နော်၊ မမ နာမယ်"

ဒေါ်စိန့်အစီအစဉ်ကို ထူးသစ် ပြုံးလိုက်မိ၏။ ထူးသစ် ကကျတော့ ကုလားထိုင်တစ်လုံးပေါ်မှာ။ မမ အခန်းကို ပထမဆုံး ရောက်ဖူးလိုက်ခြင်းဖြစ်လျက် တော်တော်လေးလည်း အံ့သြသွား ရသည်။

မမအခန်းက တော်တော်ကျယ်၏။ နှစ်ယောက်အိပ် နတင်ကြီးက ကောင်းမှကောင်း၊ အိပ်ရာအဆင်အပြင်ကလည်း ကောင်းမှကောင်း၊ အဖိုးတန်ပစ္စည်းတွေချည်း။ အခန်းထဲမှာ စားပွဲ တစ်လုံးနှင့် ဆိုဖာကုလားထိုင်နှစ်လုံး ရှိသည်။ ပြီးတော့ စားပွဲမြင့် တစ်လုံးနှင့် အဲဒီပေါ်မှာ လက်ပတော့ Laptop တစ်ခု၊ ရေခဲ သေတ္တာ ခပ်သေးသေးတစ်လုံး၊ နောက်ထပ်စားပွဲမြင့်တစ်ခုပေါ်မှာ ကျတော့ နံနက်စာစားဖို့ စီစဉ်ဖွယ်ပစ္စည်းများ၊ တီဗီကလည်း



တော်တော်ကြီးသည်။ အဝတ်ဗီရို၊ မှန်တင်ခုံ၊ ပစ္စည်းအားလုံးမှာ အကောင်းစားချည်း၊ အဖိုးတန် ဈေးကြီးတွေချည်း၊ အဲယားကွန်းက မှာ ကပ်မထားဘဲ ကြမ်းပြင်မှာ ချထားသည့် ပုံစံမျိုး၊ တစ် ခန်းလုံး အပြည့်ခင်းထားသည့် ကော်ဇောက အပြာနုနုပေါ်မှာ အဆင်ခပ်နည်းနည်း၊ တော်တော်ရှားပါးမည့် အမျိုးအစား၊ အမွေး ရှည်ရှည်မို့ နင်းရတာ ထူထူအိအိ ရှိပါဘိ။

အဲသည်ပစ္စည်းတွေအားလုံးဟာ အခန်းထဲမှာ သူ့နေ နှင့်သူ ချောင်ချိနေပြန်သည်မို့ မမအခန်း၏ အကျယ်အဝန်းကို မှန်း၍သာ ကြည့်ပါတော့။ သာမန်အိမ်တစ်လုံးစာလောက်ကို ကျယ်ဝန်းနေသည်။ တံခါးပိတ်ထားသည့် ရေချိုးခန်းသည်လည်း ကျယ်ဝန်းခမ်းနားနေမှာပဲ ဖြစ်သည်။ ဝန်ခံရပါလျှင် ထူးသစ်၏ အိပ်ခန်းသည်ပင် အဲသည်လောက် မကျယ်ဝန်း၊ အခန်းတွင်း ပစ္စည်းများ အဲသည်လောက် မစုံလင်၊ မခမ်းနား၊ တန်ဖိုးမကြီး၊ ကြမ်းခင်းမှာ ကျွန်းပါကေးပဲဖြစ်လျက် ကော်ဇောခင်းမထားပါ။

ဖေဖေနှင့် မေမေတို့ အိပ်ခန်းကတော့ အခု မမ အခန်းလောက် ကျယ်နိုင်၏။ ဗီရိုဆိုနှစ်လုံး၊ နှစ်ယောက်စာအသုံး အဆောင်ထားရသလိုမို့ မမအခန်းလောက် နေရာပိုမကျန်၊ မျက်စိ ရှင်း၊ ကော်ဇောခင်းမထား၊ မမအခန်းမှာ သုံးသည့်ပစ္စည်းတွေ လောက် (ဥပမာ မှန်တင်ခုံ၊ ဗီရို စသည်) တန်ဖိုးမကြီး၊ မေမေ သုံးနိုင်လို့ မဟုတ်ပါ၊ သုံးနိုင်ပါသည်။ သို့ပေမဲ့ သုံးသင့်သည့် အတိုင်းအတာထဲမှာတော့ တော်တော်ကောင်းကောင်းတွေ သုံးထား သပါပဲ။ မမအခန်းကတော့ တမင်တကာ တကူးတက၊ မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းအောင် ပြင်ဆင်မွမ်းမံ၊ အကုန်ခံထားတာဖြစ်နေပါသည်။ ဇိမ်ခံပစ္စည်းများကို အထူးတလည် ငွေကုန်ခံ၍ သုံးစွဲထားတာမှန်း သိသာနေသည်။ ခုတင်ကိုတောင် နှစ်ယောက်အိပ်ခုတင်သုံးလျက် အဲသည်အပေါ်မှာ မမ ပွေ့ဖက်မည့် အရုပ်တွေကလည်း ခုတင်နှင့် ပြည့်လုနီးပါး ရောမအရုပ်ကြီးတွေ။

ပန်းအိုးတွေကချည်း သုံးအိုး။ တီဗီနားမှာတစ်လုံး စားပွဲမြင့်တစ်ခုပေါ်မှာတစ်လုံး၊ ဆိုဖာဆက်တီနှစ်လုံး၏ အလယ် စားပွဲနိမ့်ပေါ်မှာ တစ်လုံး။ ထိုးထားတာ နှင်းဆီပန်းတွေချည်း တစ်အိုးမှာက အရမ်းမွှေးသော Cream colour အပွင့်ကြီး နှင်းဆီ၊ တစ်အိုးက အဲသည်အမျိုးအစားပဲ ရှားပါးသော ပန်းရောင် ရိုးရိုးပန်းရောင် မဟုတ်ပါ။ နောက်တစ်အိုးမှာကျတော့ လိမ္မော် အဲဒီအရောင်ကလည်း တော်တော့်ကို ရှားပါသည်။ မေမေ ဘုရား ဝယ်တင်တာ တွေ့ဖူးပါသည်။ အပွင့်ကြီးသလောက် အရောင် တွေက ရှားပါးဆန်းသစ်ပြီး မွှေးလည်း တော်တော်မွှေးသည် နိုင်ငံခြားမျိုးတွေနှင့်စပ်သည့် နောက်ဆုံးပေါ် မျိုးသစ်တွေဖြစ် ဤမျိုးများ၊ တချို့ ... တရုတ်ပြည်မှ တိုက်ရိုက်သွင်းသည် မြန်မာပြည်မှာလည်း ရှမ်းပြည်နယ်ဘက်မှာ စမ်းသပ်စိုက်ပျိုး ထွန်းနေပြီဟု သိရသည်။

ဘယ်ရှုထောင့်ကပဲကြည့်ကြည့်၊ မမ အိပ်ခန်းသည် အထူးတလည် မွမ်းမံပြင်ဆင် (ငွေကုန်ခံ၍) ထားမှန်း သိသာ ဒါ ဧည့်သည်လာမည်မှန်းသိလို့ ပြင်ဆင်ထားတာ မဟုတ် နေ့စဉ် ပြင်ရိုးပြင်စဉ် လုပ်ထားတာပဲဖြစ်၏။



မမ ... ပိုက်ဆံ တော်တော်သုံးနိုင်သလောက်၊ သုံးလည်း တော်တော်သုံးသည့်သူ ဖြစ်၏။

မိဘ မရှိ။ တစ်ကိုယ်တည်း။ အသက်က ကြီးလှပြီဟု မဆိုနိုင်သေးသော (၂၈)နှစ်။ မမ ... ဝင်ငွေရသည့်အလုပ်က ဘာလဲ။ မမ ပညာဘယ်လောက် တတ်သလဲ။ မမ အလုပ်လုပ်ကိုင် စီးပွားရှာနေတာလည်း တစ်ခါမှ မတွေ့ရဖူးလား။

www.burmeseclassic.com

www.burmeseclassic.com

## ၆

ဆရာဝန်လာ ... အဖျားတိုင်း၊ စမ်းသပ်၊ ဆေးပေး၊ ညွှန်ကြား ...။

အပြန်မှာ သူငယ်ချင်း၏အစ်ကို ဆရာဝန်က ထူးသစ်ကို အဓိပ္ပာယ်ပါသော အပြုံးကြီးနှင့်ကြည့်လျက် ...

"ရှိးရှိးအအေးမိပြီးဖျားတာ၊ ညနေလောက်ဆိုရင် တောင် အဖျားကစကျတော့မှာ၊ ဒီလောက်ပူမနေနဲ့၊ မင်းမျက်နှာက ကြေးအိုးထဲ ထည့်ပြုတ်ထားတဲ့ ကြက်ခေါင်းလောက်ကို သွေးဆုတ်နေပြီ"... ဟု ပြောသွားသည်မို့ ထူးသစ် မျက်နှာရဲလျက် ကျန်ရစ်ရပါသည်။

"ထူးသစ်လည်း ပြန်တော့လေ။ ဆိုင်က ဖွင့်ကာနီးလေ အလုပ်ကရှုပ်လေ မဟုတ်လား။ သူငယ်ချင်းတွေ ခြံထဲမှာ ကျန်ခဲ့မှာပေါ့"

ထူးသစ် ခေါင်းညိတ်ပြ၏။

"ဘာဖြစ်နေတာလဲ၊ ထူးသစ် ကြည့်ရတာ တစ်မျိုးကြီး"



ဘာဖြစ်နေမှန်း ထူးသစ် ကိုယ်တိုင်လည်း မသိပါ။ ...ကလေးပူ၊ အဖျားကတစ်ရှာနှစ်၊ မျက်နှာနီနီနှင့် မမကို ...ယောက်တည်း ထားရစ်ခဲ့ရမှာ ကြဲဖန်သနားနေ၏။ ရင်ထဲမှ ...ချက် အမှန်အတိုင်း ဝန်ခံရပါလျှင်၊ ထူးသစ် ... မပြန်ချင် ...ပါ။ အဲသည်စကားကိုသာ ပြောချမိလျှင် မမ၏ဂုဏ်သိက္ခာ ...ထိပါးစော်ကားရာ ရောက်မည်။ ဆိုလိုတာက ... မမအပေါ် ...းခွင့်ကို အမိန့်ဖြင့် ပိတ်ပင်လိုက်သော မေမေရှိရာ ကိုယ့် ...ကို မပြန်ချင်။ မေမေနှင့် မျက်နှာချင်း မဆိုင်ဝံ့။ တစ်သက် ...က ... မေမေ့စိတ်ကြိုက်နှင့် ဘယ်တုန်းကမျှ သွေဖီဆန့်ကျင် ...ခဲ့တာ။ ကိုယ့်နှလုံးသားက မေမေ့ကို တော်လှန်စပြုပြီမို့ ...မေနှင့်တွေ့ရမှာ ကြောက်ပါသည်။ ကြောက်သည် ဆိုရာ၌ ...မေ စိတ်ဆင်းရဲမည့်အမှုကို ပြုမိမှာ စိုးကြောက်ခြင်း ဖြစ်ပါ၏။

"ထူးသစ် ပြန်တော့လေ"

"ဘာဖြစ်လို့ ဒီလောက်နှင်နေတာလဲ"

"အမှန်က ... မမဆန္ဒအတိုင်းဆိုရင် ဖုန်းတောင်မဆက် ဘူး၊ ဒေါ်စိန် ဆက်လိုက်တာ မမ မသိလို့"

"ည,ညတွေ ဘာလို့မအိပ်တာလဲ"

"မမ လမ်းလျှောက်နိုင်ပါတယ်၊ အပြင်ထွက်ကြရအောင်"

"ကျွန်တော် ပို့မယ်"

"ဒေါ်စိန်နဲ့ တွဲမယ်"

"ချီပြီးပို့လိုက်တော့ တစ်ခါတည်းနဲ့ ရောက်ရော မဟုတ် လား"

www.burmeseclassic.com

www.burmeseclassic.com

“သူများချီတာ ခံရအောင် ကလေးမှ မဟုတ်တာ”

“အပုလေး ဖယ်လိုက်လေ”

“ကျေးဇူးပြုပြီး ... မမရဲ့ဂုဏ်သိက္ခာကို သနားရင် ဒေါ်စိ ခေါ်ပေးပါ”

“ဂုဏ်သိက္ခာဆိုတာ သနားစရာလား။ လေးစားရတာပ ကျွန်တော် ... မမကို မလေးစားလို့မှ မဟုတ်ဘဲ၊ ပင်ပန် မှာစိုးတဲ့ စေတနာကို မမ အထင်လွဲရက်တယ်၊ သွားခေ ပါ အပုလေး ... ဒေါ်စိန့်ကို သွားခေါ်ပါ”

“အဲဒီ ဒေါ်စိန်ကလည်း မမ စားကောင်းအောင် အမျိုးမျိ ချက်နေတော့တာပဲ”

ဒေါ်စိန့်အကူအညီဖြင့် ဧည့်ခန်းသို့ ပြန်ရောက်တော မမ မောနေ၏။

“ကဲ ... ခုတော့ မောနေပြီ”

“ကိုထူးသစ်ရယ်၊ မောဆို ... သုံးရက်လုံးလုံး၊ ဘာမှဟုတ် တိပိတ်တိလဲ မစား၊ နေ့လည်းမအိပ်၊ ညလည်းမအိပ်”

“ဒေါ်စိန်ကလည်း လျှောက်မပြောပါနဲ့”

“မပြောနဲ့ဆို မပြောပါဘူး မမြွက်ရဲ့၊ ဒါပေမဲ့ ... ကိုထူ သစ်ရယ်၊ ကျွန်မ ငါးရံ့ဆန်ပြုတ်လေး လုပ်ထားတာ အဲဒါလေးသောက်ဖို့တော့ ရအောင်ပြောခဲ့ပါ”

“ဒေါ်စိန်ထည့်ခဲ့လေ၊ ကျွန်တော် တိုက်မယ်”

“ထူးသစ်က ပြန်ရတော့မှာ”

“နောက်ထပ် တစ်နာရီလောက် ဆက်နေခွင့် မရှိဘူးလား”



“အန်တီ စိတ်ပူမှာစိုးလို့ပါ”

“မေမေ ဆိုင်ထွက်တယ်”

မမနှင့် မေမေတို့တော့ ဟိုနေ့က ထိပ်တိုက်တွေ့ခဲ့ ထင်ပါသည်။ တွေ့သည်ဆိုလည်း ... စကားလုံးဝါကျနှင့် မဟုတ်၊ မျက်ဝန်းချင်းပဲ ဖြစ်မည်။ အဲသည်နေ့က မမနှင့် မေတို့ ဆုံချိန်မှာ၊ ထူးသစ် ဘေးမှာရှိနေတာပဲ။ ပြီးတော့ ... ပြန်မယ် နှုတ်ဆက်မှ ထူးသစ်က မမကို ကားဆီလိုက်ပို့ က်တာလေ။

“မမက မေမေ့ကို ဘယ်လိုမြင်နေလို့လဲ”

“လေးစားတာပါ။ ချီးကျူးတယ်။ အားလည်းကျတယ်။ မိန်းမသားတွေထဲမှာတော့ ရှားရှားပါးပါး ထက်ထက်မြက် မြက်၊ မမလည်း အဲဒီလို ဖြစ်ချင်လိုက်တာ၊ ဒါပေမဲ့ ... မရတော့ပါဘူး။ ဒီဘဝမှာတော့ မရတော့ပါဘူး”

“ဖြစ်ချင်ရင် ကြိုးစားလို့ ရပါတယ်။ မမလည်း မမ အလျှောက် အောင်မြင်နေတာပဲ မဟုတ်ဘူးလား၊ ကိုယ့် ဘဝအတွက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နေတာပဲ မဟုတ်လား”

မမ ... မချိပြုံးလေး ပြုံးရှာ၏။

“မမ အကြောင်းတွေ ပြောပြပါ” ... ဟု ပြောချင် ပါသည်။ ဒေါ်စိန်က ဆန်ပြုတ်ပန်းကန် ယူလာတော့ ထူးသစ် လှမ်းယူသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်လည်း အားမပြတ်သေးပါဘူး၊ သောက်ဆို သောက်ပါ့မယ်၊ ခွံ့မပေးနဲ့၊ သူများခွံ့တိုက်တာ မသောက် တတ်ဘူး၊ ဘယ်သူ ခွံ့ကျွေးတာကိုမှလဲ မခံခဲ့ရဖူးတော့ ... တကယ် ပြောတာပါ"

ထူးသစ်က စားပွဲပုလေးပေါ်တင်၍ မမရှေ့သို့ တိုး ပေးလိုက်၏။

"သူများကိုရော ခွံ့တတ်လား"

ရင်ထဲမှာ ချစ်စနိုးသွားမိတာကို မထိန်းနိုင်တော့ချေ။ ပြုံး၍မေးလိုက်ရတာကလည်း ဝုန်းဒိုင်းကြဲ ပေါက်ကွဲနေသည့် ရင်တွင်းမုန်တိုင်းကို နည်းနည်းလေး ဖွဲ့ချလိုက်ရတာနှင့် တူ၏။

"ခွံ့တတ်တာပေါ့။ ကိုယ်တိုင်သာ ပြုစုမခံဘူးတာ၊ တစ်ဖက် သားကို ပြုစုဖို့များဆို ... စပယ်ရှယ်နာ့စ်ရှုံးအောင် ကျွမ်း ကျင်ပါတယ်၊ ထူးသစ် ဖျားရင် မမကို ခေါ်ပါ။ ရတယ်"

"တစ်နေ့ ဘယ်လောက်လဲ"

"လေးထောင်လား ငါးထောင်လား မသိဘူး"

"ဈေးကြီးတယ်"

မမက ဆန်ပြုတ်ကို တစ်ဇွန်းချင်း ခပ်သောက်၏။

"ကိုထူးသစ် သောက်ခိုင်းလို့ သောက်တာ။ ကျွန်မဖြင့် ... မြွှက်စားဖို့ လုပ်လိုက်၊ သူ မစားလို့ ကျွန်မနဲ့ အပုလေး တို့ စားပစ်လိုက်ရနဲ့၊ ထမင်းကို မစားရဘူး၊ သုံးရက်လုံး လုံး၊ ဆန်ပြုတ်နဲ့ ခေါက်ဆွဲပြုတ်နဲ့ ကြွေကာအုတ်နဲ့ ပြီးနေ ရတာ၊ ဒီနေ့မှပဲ ထမင်းစားခွင့် ကြုံတော့မယ်"



ဒေါ်စိန်က ပြောပြီးရယ်၏။

"ဒေါ်စိန်က မမကို တော်တော် ဂရုစိုက်တာပဲ၊ ကျေးဇူး တင်ပါတယ်၊ မမကိုယ်စား ပြောတာ"

"ကျွန်မက မမြွှက်အပေါ် သနားချစ်က ပိုနေတာ"

"မမနဲ့နေတာ ကြာပြီလား"

"ဆယ်နှစ် ဆိုပါတော့"

"မမမိဘတွေ ရှိကတည်းကပေါ့"

"အဘွား ရှိကတည်းက"

"မမအဘွားကိုတောင် မီတယ်"

"မီတယ်"

"မမက စာကျက်ပျင်းလား"

"ထူးသစ် ... မမ ပညာဘယ်လောက်တတ်သလဲလို့ လှည့်ပတ်မေးတာဆိုရင် ဒေါ်စိန့်ဆီမှာ မအစ်ပါနဲ့။ မမကိုပဲ တိုက်ရိုက်မေးပါ"

မမက ဝင်ပြော၏။ ဒေါ်စိန်က မီးဖိုထဲ ပြန်ဝင်သွား သည်။

"အစ်တာ မဟုတ်ပါဘူး၊ ဒီလိုပဲ မေးလိုက်တာပါ"

"သိချင်လား"

"မမနဲ့ ပတ်သက်တာ အကုန်သိချင်တယ်"

"မမ ဆယ်တန်းအောင်ပါတယ်။ တက္ကသိုလ်ဆက်တက် ခွင့် မရဘူး၊ ပညာရေးနဲ့ ပတ်သက်လို့ မမ ပြောနိုင်တာ ဒါ အကုန်ပါပဲ"

"ဘာဖြစ်လို့ ဆက်မတက် ..."

www.burmeseclassic.com

www.burmeseclassic.com



"ပြောနိုင်တာ ကုန်ပြီ"

"ညမအိပ်တာကို ပြော"

"ထူးသစ်မေမေကို ကြည့်ပြီး လေးစား၊ အားကျ၊ တက
တမ်းပြောရရင် ကြောက်လည်း ကြောက်သွားတယ်။
တော်တွေရှေ့မှာ ခပ်ညံ့ညံ့လူသားတွေ နေစရာမရှိသ
ပေါ့၊ အဲဒါတွေ တွေးရင်းနဲ့ မျက်စိကြောင်တာ"

"သုံးညဆက်တိုက်ကြီးလား"

"ထူးသစ် မေမေလို ဂုဏ်သရေရှိ အမျိုးသမီးကြီးအကြော
ကိုတွေးရင် တစ်ထောင့်တစ်ညနဲ့လည်း မပြီးနိုင်ပါဘူ"

"မေမေ့ကို ပြန်ပြောပြပေးမယ်"

"ဆန်ပြုတ်တောင် တစ်ဝက်ကျိုးသွားပြီ၊ တော်လို့ရမလ
ဟင် ... မမ ရင်ထဲပြည့်လာလို့"

"တော်လိုက်လေ။ ပြန်အန်ထွက်လာဦးမယ်၊ မမ အန်ချ
လို့လား"

"ထူးသစ်အမိန့်နဲ့ မျိုချထားရတဲ့ ဆန်ပြုတ်တွေ၊ ပြန်အ
ထွက်ရင်တောင် ဒီနှုတ်ခမ်းရဲ့အပြင်ကို မရောက်ခင်
ပြန်မျိုချမယ်"

"မမကို သိပ်ချစ်တာပဲ"

လွှတ်ခနဲ ထွက်သွားမိတော့သည်။

စင်စစ် ... နှစ်ယောက်သား ရင်တွင်းပေါက်ကွဲ
ပြင်းထန်နေသည်ကို ဖွတ်ကြီးဖုံးဖိရင်းက တစ်စွယ်တစ်စ မဖုံးနိုင်
ဖဖိနိုင် ရုန်းကန်ထကြွခြင်းမှ ပေါက်ကွဲသွားခြင်း ဖြစ်တော့သည်။



ကတည်းက ဖျားထားသည်မို့ မမရဲ့ ခပ်ဖျော့ဖျော့ မျက်နှာ
သေး ဖွေးသွားရှာ၏။ သွေးဆုတ်သွားသလားတောင် ထင်ရမှယ်။
ဖျော့ကျသွားပုံက မကြည့်ရက်စရာ။ ထူးသစ် ... မမလက်များ
ကို ဆွဲဆုပ်လိုက်သည်။ ရေခဲတုံးထက် နှစ်ဆသာနေ၏။

"မမ ... နေကောင်းရဲ့လား၊ ဘာဖြစ်သွားလဲ"

"ချစ်တယ်" အပြောခံရသူ၏ မျက်နှာက တစ္ဆေ
ခြောက်ခံရသူနှယ်။

"မမ"

မမ ... သူ့လက်ဖျားကို ရုန်းရှာ၏။ ထူးသစ်
လွှတ်ပေးလိုက်ပါသည်။ မမ ... ဂုဏ်သိက္ခာအတွက် ဒီလက်များ
ကို သိမ်းဆည်းချင်ပါလျှင် ထူးသစ် နားလည်ပေးရပါမည်။

"မမ"

မမ မျက်နှာပြင်ကို ထူးသစ် မျက်ဝန်းတွေ ကွဲထွက်
တတ် ပြင်းထန်သော အဟုန်ဖြင့် ကြည့်မိ၏။ ထူးသစ် ... ရင်
ထဲမှာ ဒိန်းဒိုင်းခုန်သည်။ မမ လက်တစ်ဖက်လေး မြင့်တက်ကာ
သူ့ရင်ဘတ်လေး သူဖိတော့၊ ရင်ဘတ်လေးက နိမ့်ချည်မြင့်ချည်။
မာနေတာလား မမရယ်။ လန့်သွားတာလား။ ကြောက်သွားတာ
လား။ မထင်မှတ်ဘဲ ... ရင်ဘတ်ကို တည့်တည့်လာစိုက်သည့်
မြားတစ်စင်းက ဒီလောက်ပဲ တုန်လှုပ်ထိခိုက်စေသည်တဲ့လား။

ထူးသစ် မျက်လွှာကို ချလိုက်ပါသည်။ ပြောတော့
မည်။ ရက်ပေါင်းများစွာ ထိန်းချုပ်သိမ်းဆည်း မျိုချထားခဲ့ရပါ
သော စကားများ။

www.burmeseclassic.com

www.burmeseclassic.com



“ဒီလောက် မြန်မြန်မပြောသေးဘူးလို့ပါပဲ မမရယ်။ ကျ
တော်တို့ တွေ့ကြတာ လ,ပိုင်းပဲ ရှိသေးတယ်။ တင်
မပြည့်သေးဘူး။ ဒီလ,ပိုင်းလေးထဲမှာ မမကို ချစ်တယ်
ပြောရင် အခွင့်အရေးယူရာ ရောက်မှာစိုးတယ် ...

“မမ မယုံမှာစိုးတယ်၊ ကျွန်တော် ... ရင်ထဲ မ
ရှိုင်းပဲ ပါးစပ်က လွယ်လွယ်ထွက်ရာ ရောက်မှာစိုးတ
အဲဒါတွေကြောင့် မျိုသိပ်ခဲ့ရတာ၊ တကယ်တော့ ...
ကို စ,ချစ်ခဲ့တာ၊ ချော်လဲပြီး ပုံ့ပုံ့လေး လဲကျနေတဲ့
ကို မြင်လိုက်ရကတည်းကပဲ ...

“မြင်မြင်းခြင်းချစ်တဲ့ အချစ်ဆိုတာ၊ တကယ်
တယ်။ နှစ်ရှည်လများ ခင်မင်ရင်းနှီးပြီးမှ တစ်ဆင့်တ
ပြီး ချစ်ကြတဲ့ သူတွေလည်း ရှိချင်ရှိမှာပါ။ ကျွန်
အချစ်ကတော့ မြင်မြင်ချင်း ပေါက်ကွဲသွားရတဲ့ အချ

“ရုတ်တရက် ဆိုပေမယ့် ရင်ထဲမှာ နက်ရှိုင်းတ
မမ မျက်နှာ ငိုမဲ့မဲ့ ရှက်ဝဲဝဲလေးကိုလည်း မြင်လိုက်
ဘယ်တုန်းကမှ မရှိခဲ့ဘူးသေးတဲ့ ချစ်သူ၊ ကျွန်တော်
သက်လုံး လက်တွဲသွားရမယ့် ခရီးဖော်ကို တွေ့ပြီ
ချက်ချင်း သိလိုက်ပါတယ်”

ထူးသစ် ခေါင်းကိုင့်လွဲနှင့် မျက်လွှာချ ပြောနေ
မယ့်၊ ဒီအချိန်မှာ မမမျက်နှာ ဘယ်လိုဖြစ်နေမလဲ အရမ်းကြ
မြင်ချင်မိပါ၏။ သို့ပေမယ့် ... မမကို အားနာစိတ်နှင့် မကြ
ရက်တာပါသလို၊ ကိုယ့်ကိုယ်ကိုယ် ရှက်နေတာလည်း ပါပါသည်



ချစ်သူတွေ ဖြစ်ပြီးသားသာဆိုလျှင် ချစ်သည့်အကြောင်းတွေကို
ပြောလို့ ... ဘယ်လောက်ချိုမြိန်လိုက်မလဲ။ နားထောင်သည့်သူ
ကလည်း ရှက်ပြုံးဝဲဝဲနှင့် ကြည်နူးချိုမြနေမှာ။ ပြောရသည့်သူက
မြိန်သွက်ပီတိနှင့် ရင်ခုန်လှုပ်ရှားနေမိမှာ။ ရင်ခုန်သံချင်းတောင်
အပြိုင်ကျယ်လောင်ကြဦးမည် ထင်ပါသည်။ ခုတော့ ... ကိုယ်တစ်
ယောက်တည်းက ပြောနေရသည်။

“ကျွန်တော် ... ခရီးကြုံ လမ်းကြုံ နှုတ်ဆော့လိုက်တာ
မဟုတ်ဘူး ဆိုတာတော့ မမ ယုံပေးပါ။ ကျွန်တော့်တစ်
သက်မှာ ဘယ်မိန်းကလေး တစ်ယောက်ကိုမှ ချစ်တယ်လို့
မပြောဖူးသေးဘူး။ ဒါ ... ပထမဆုံးအကြိမ်ပါပဲ၊ ကျွန်တော်
တကယ်ချစ်တာပါ”

မမထံမှ ဘာသံမျှ ထွက်မလာ။ ထူးသစ် ခေါင်းငုံ့
လွဲမှ မော့ကြည့်ချင်စိတ်တွေ ပြင်းထန်လာရတော့သည်။ လွယ်
လွယ်နှင့် လှမ်းမကြည့်ဖြစ်တာက ကိုယ့်ဘာသာ ရှက်နေတာလည်း
ပါသည်။

မမ ရှက်နေမှာ စိုးတာလည်း ပါသည်။ ကိုယ့်ကိုချစ်
တယ် ... ဟု အပြောခံနေရသူ မိန်းမသားဟာ ပြုံးပြုံးလေးမော့
၍ နားထောင်နိုင်မည် မထင်ပါ။ စိတ်ဆိုးချင်ဆိုးမည်။ မမက
တော့ မဆိုးဘူး ... ဆိုးမှာ မဟုတ်ဘူးဟု ထင်၏။ ကိုယ့်ဘာသာ
ထင်နေတာလည်း ဖြစ်နိုင်သည်။

“ချစ်တယ်ဆိုတဲ့ စကားကို ယောကျ်ားတွေပဲ စပြောကြရ
မယ်လို့ ဘယ်သူထွင်ခဲ့တာလဲ မသိဘူးနော် မမ။ ကိုးယား

www.burmeseclassic.com

www.burmeseclassic.com



ကားတွေထဲမှာတော့ မိန်းမသားတွေကလည်း စပြောကြ တာပဲ၊ သူတို့ယဉ်ကျေးမှုနဲ့ သူတို့ပေါ့ …

"မြန်မာ့ယဉ်ကျေးမှုမှာတော့ မိန်းမသားတွေက အရှက်သည်းကြတယ်။ စမပြောကြဘူး။ ဘယ်ယဉ်ကျေးမှု နဲ့ပဲဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ ကျွန်တော်က စပြော ရတာကို ကြိုက်တယ်၊ ကျွန်တော် မမကို အရမ်းချစ်မိပါ တယ် …

"ကျွန်တော့်အကြောင်းဆိုလည်း … မမ အကုန် လောက်နီးပါး သိနေပါပြီ။ ကျွန်တော့်မိဘ၊ ကျွန်တော့် အလုပ်အကိုင်၊ ပညာရေး၊ စိတ်နေသဘောထား အားလုံး ကို မမ စဉ်းစားနိုင်ဖို့ လုံလောက်အောင် မမ သိထားပြီ ဖြစ်နေပါပြီ …

"ကျွန်တော့်ကို စဉ်းစားပေးပါ။ မမ … မသိသေးတာ တစ်ခုကို ပြောရရင်၊ ခုချိန်ထိ ကျွန်တော် … ချစ်သူရည်း စားရယ်လို့ တစ်ယောက်မှ မရှိသေးတာပါပဲ။ သေသေချာ ချာ မချစ်ဘဲနဲ့၊ မတော်တဆ သမီးရည်းစားဆိုတာမျိုးဖြစ် သွားမှာ စိုးလွန်းလို့ကို …

"မိန်းကလေးတွေနဲ့ စကားပြောရင် အိစိကလီ သဘောမျိုး မရောက်အောင် သတိထားပြီးတော့ကို ရှောင် တယ်၊ ဒါဟာ ကိုယ့်ကိုယ်ကိုယ် ထိန်းတာလည်းပါတယ်၊ တစ်ဖက်သား မိန်းကလေးကို ငဲ့ညှာတန်ဖိုးထားတာလည်း ပါပါတယ် …



"ယောက်ျား … ဆိုတဲ့ အခွင့်အရေးကို ဘယ်တုန်း ကမှ အလွဲသုံးစား မရယူခဲ့ဖူးပါဘူး။ မိန်းကလေး မြင်ရုံနဲ့ ထွက်ပြေးတတ်တဲ့ လူစားမျိုးလည်း မဟုတ်ပါဘူး။ အရမ်း ရင်းနှီးတဲ့ မိန်းကလေး သူငယ်ချင်းတွေ ရှိပါတယ် …

"ညီကိုမောင်နှမသဘောထက်တောင် ပိုရင်းနှီးပါ သေးတယ်။ ဒါပေမဲ့ … ရိုးရိုးသားသား ခင်မင်တာပါ။ ဒါ … မမ သိသင့်တဲ့ ကျွန်တော့်အကြောင်း အကုန်ပါပဲ၊ မမ … ကျွန်တော့်ကို ဖြေမလား … ဟင်"

မမထံမှ တိတ်ဆိတ်ငြိမ်သက်လွန်းသည်မို့ ထူးသစ် မော့ကြည့်လိုက်၏။

"မမ"

မမက ဆိုဖာဆက်တီမှာ မှိုမှိုလေး ဖြစ်နေ၏။ ခေါင်းလေးက ခပ်ငုံ့ငုံ့။ စုံပိတ်ထားသည့် မျက်ဝန်းအစုံတို့မှ မျက်ရည်စီးကြောင်းကြီးက ပါးပြင်ပေါ်မှာ စိုရွဲလျက်။

"မမ … ကျွန်တော့်ကို စိတ်ဆိုးတာလား"

ဒေါ်စိန် ဆန်ပြုတ်ပန်းကန် လာပို့စဉ်က ပါလာသော တစ်ရှူးပုံးလေးထဲမှ တစ်ရှူးတချို့ကို ထုတ်ယူပြီး မမ ပါးပြင်ပေါ် မှ မျက်ရည်စီးကြောင်းကို သုတ်သိမ်းပေးလိုက်ဖို့ … စိတ်လိုက် မာန်ပါ လက်ရောက်လုနီးပါးကျမှ ရုပ်တန့်လိုက်သည်။ တစ်ရှူး များကို မမ လက်ထဲသို့ ထည့်ပေးလိုက်ပါသည်။

မြရွက် လက်ထဲသို့ ရောက်လာသော တစ်ရှူးများ ဖြင့် ပါးပြင်ကို သုတ်သည်။ ခဏကြာမှ မျက်စိဖွင့်၏။

www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာလို့ ငိုတာလဲ"

မမ ပြုံးရှာ၏။ အပြုံးက မရှိသလိုပဲဟု ထင်၏
ကြည်လင်ပျော်ရွှင် ချိုမြနေသော အပြုံးမျိုး မဟုတ်ရှာပါ။ အပြ
ပွင့်ကလေးကိုက သနားစရာလို ဖြစ်နေသည်။

"ငိုတာဟာ ငိုချင်လို့ပေါ့ ထူးသစ်ရယ်။ ဘာဖြစ်လို့ မျ
ရည်ကျတာလဲလို့ ထပ်မေးဦးမလား။ ဒီမျက်လုံးအိမ်
မှာ မျက်ရည်တွေ ဖြစ်လာပြီး သိပ်များလာလို့ စီးကျလွှ
တယ် ... ပဲပေါ့။ လူတိုင်း ငိုဖူးကြတာပဲ။ ငိုတာဟာ ဆန်
မှုမဆန်းတာ"

"မမ ကျွန်တော့်ကို စိတ်ဆိုးလား"

"မဆိုးပါဘူး။ ချစ်တယ်လို့ ပြောတာပဲ၊ ဆဲတာမှမဟု
တာ။ စိတ်ဆိုးစရာလား။ ဒါပေမဲ့ ... ထူးသစ် စကား
မမ လက်မခံပါဘူး။ ထူးသစ် ချစ်တဲ့ အချစ်မျိုးနဲ့
မချစ်ဘူး။ သူငယ်ချင်းမိတ်ဆွေလို ... မောင်လေးတ
ယောက်လို ဆိုရင်တော့ ချစ်တယ်"

"စိတ်ရင်းလား မမ"

"စိတ်ရင်းအမှန်ပဲ"

"ဘာဖြစ်လို့လဲ"

"အဖြေမရှိဘူး ထူးသစ်ရဲ့။ ချစ်တာကို ဘာလို့ချစ်တာ
တိတိကျကျ ဖြေပါ ... ဆိုရင် တကယ်ကို တိကျတဲ့အဖြ
မရှိတာ။ အဲဒီလိုပဲ မချစ်တာကို ဘာကြောင့် မချစ်တာ
လို့ မေးရင်လည်း အဖြေမရှိဘူး ...



"ထူးသစ်ကို ထူးသစ် ချစ်တဲ့ အချစ်မျိုးနဲ့ ပြန်မ
ချစ်နိုင်ပေမယ့်၊ မုန်းနေတာလို့ မထင်နဲ့နော်။ ခင်တယ်။
အရမ်းခင်တယ်။ အရင်ကလည်း မမုန်းခဲ့ဘူး၊ ခုလည်းမမုန်း
ဘူး၊ နောင်ကိုလည်း ... ထူးသစ်က မမကို စိတ်ဆိုးစရာ
ပြုမူပြောဆိုမယ်ဆိုရင်တောင် မုန်းမိမှာ မဟုတ်ဘူး ...

"ထူးသစ်ဟာ မမရဲ့ တစ်သက်တာ မိတ်ဆွေပဲ။
သူငယ်ချင်းပဲ။ မောင်လေးပဲ"

"ပြတ်သားပါပေရဲ့"

မမ မျက်နှာကို စေ့စေ့ကြည့်လိုက်သည်၊ မမ မျက်
ဝန်းတွေက ဘာအဓိပ္ပာယ်ကို ဆောင်နေမှန်းမသိ။ မျက်ဝန်းကို
ကြည့်ရာတွင် ထူးသစ် ညံ့ပါသည်။ အဓိပ္ပာယ်တစ်ခုခု ရှိနေတာ
မှန်းတော့ သိ၏။ မမနှုတ်ခမ်းလေးတွေကို မမက ပြုံးသည့်ဘက်
သို့ ပို့ထားသည်။ ထူးသစ် အဲဒီလိုပဲ ပြောချင်ပါသည်။ အပြုံး
ဘက်သို့ နှယ်ချင်သော နှုတ်ခမ်းလေးများဟာ မမရဲ့ဖန်တီးချက်
များဟုပဲ ထင်သည်။ မမ ပြုံးနေချင်စိတ် မရှိမှန်း သိသာ၏။
ဒါကိုတော့ ထူးသစ် ခိုင်လုံသည်။ စောစောက ပါးပြင်ပေါ် မျက်
ရည်မြစ်ကြီး ဖောက်ချလိုက်သလို ကြေကွဲဝမ်းနည်းသွားခဲ့တာ
ဘယ်သူလဲ ... ဟု မေးရမလို ...။

ခုကျတော့ ... မမက အပြုံးဘက်သို့ ပို့ထားသော
နှုတ်ခမ်းတွေကြားမှ ဝါကျပေါင်းများစွာကို ထုတ်လုပ်နိုင်နေပြန်
ပါပြီ။ အဲသည်ဝါကျတွေ ထွက်လာဖို့ ဘယ်လိုခွန်အားမျိုးမှ
ဆိုက်ထုတ်လိုက်ရသလို ပေါ့ပါးဟန်ဆောင်ထားတာကျတော့ မပါ
ဟု စွပ်စွဲချင်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မမကို ... ကျွန်တော် နားမလည်နိုင်တော့ပါ ခင်ဗျာ"... ဟု အော်ဟစ်ပစ်လိုက်ချင်တော့သည်။

"ဈေးတောင် နည်းနည်းစို့လာပြီ။ ဆန်ပြုတ်သောက်လိုက်လို့ ထင်တယ်"

"ချစ်တယ်"အပြောခံထားရသူ ... သူမဟုတ်သကဲ့သို့ ... ခါတိုင်းလိုမှ တကယ့်ခါတိုင်းလို သရုပ်ဆောင်နေလိုက်ပုံများ အကယ်ဒမီ ပေးလောက်ပါပေရဲ့။

"စိတ်မဆိုးနဲ့နော် ... ထူးသစ်။ ပြန်တော့မလားဟင်"

"နှင်ပြန်ပြီ"

"မမ ... အင်္ကျီလဲချင်တယ်၊ ချွေးတွေထွက်လာပြီ၊ ချွေးနဲ့ပြန်အေးမှာစိုးလို့"

"အဲဒါ ကျွန်တော်ပြန်တာနဲ့ ဘာဆိုင်လဲ၊ သွားလဲပါလား"

"ကလေးကျနေတာပဲ။ အလိုက်ကန်းဆိုးလည်း မသိဘူး။ အင်္ကျီလဲဖို့က အခန်းထဲကို ဝင်ရမယ်၊ ထူးသစ် မပြန်သေးရင်၊ မမက အခန်းပြင်ကို ပြန်ထွက်လာရဦးမယ်။ သွားလိုက်ပြန်လိုက်နဲ့ ... မောတယ် ထူးသစ်ရဲ့။ ပြီးတော့ ... မမက လူနာလေ။ ကိုယ့်အိပ်ရာထဲမှာလှဲပြီး မျက်စိလေးမှိတ်ပြီး နားနေချင်တာပေါ့။ အိပ်ပျော်ချင်လည်း ပျော်သွားပစေပေါ့"

"ဆောရီး ... မမ ပြောတာ မှန်ပါတယ်၊ ကျွန်တော်က တုံး။ လူမှုရေး မကျေညက်ဘူး"



"မမပြောတာ အမှန်တွေချည်းပဲ ထူးသစ်ရဲ့။ ထူးသစ်ကို မှန်ကန်ချက် တစ်ခု ပြောလိုက်ဦးမယ် သိလား။ ထူးသစ် မမကို ချစ်တယ်ဆိုတာလေ"

"ဘာလဲ ... စိတ်ကစားတာလို့ ပြောမလို့လား။ ဒီအရွယ်က စိတ်ကစားတဲ့ အချိန်ကို လွန်ခဲ့ပြီ။ သူငယ်နှပ်စားလေး မဟုတ်တော့ဘူး"

"မပြောပါဘူး။ မမဆီက အချစ်ကို မရလို့ဆိုပြီး စိတ်ညစ်မသွားနဲ့လို့ ပြောမှာ"

"ဒါတော့ မမမှာ တားပိုင်ခွင့်မရှိဘူး"

"နောင်တစ်ချိန်မှာ ထူးသစ် ချစ်ရမယ့်သူ ထပ်တွေ့ဦးမှာလို့ ပြောမလို့"

"မမ လုံးဝမှားပြီ"

"မမှားဘူး။ အချစ်စစ်စစ်ဆိုတာ၊ တစ်သက်မှာ တစ်ခါသာ ပေါက်ဖွားတယ် ထင်နေလား။ တစ်ချစ်တည်းနဲ့ ရိုးမြေကျသွားတဲ့လူတွေလည်း ရှိတာပဲ။ တစ်သက်မှာ တကယ့်အချစ်ကို နှစ်ကြိမ်ပြန်ပြီး ကြုံကြိုက်ရတဲ့သူလည်း ရှိတာပဲ။ တိုက်ဆိုင်မှုပေါ်မှာ မူတည်ပါတယ် ..."

"အခု ... ထူးသစ် မမကို ချစ်တယ်၊ မမက ပြန်မချစ်ဘူး။ ဒီလိုပဲ မိတ်ဆွေတွေလို နေသွားခဲ့ရင်းနဲ့ပဲ ထူးသစ် ချစ်သူတစ်ယောက် ထပ်တွေ့လာနိုင်တာပဲ"

"တွေ့ကရာတွေ မပြောနဲ့ မမ၊ အဓိပ္ပာယ်ကို မရှိဘူး"

"မမက မသေသေးဘဲ စောင့်ကြည့်ချင်သေးတာ"

www.burmeseclassic.com

www.burmeseclassic.com

"မမက ဘယ်တော့လောက်သေမယ် စိတ်ကူးထားလို့လဲ"

ထူးသစ် စိတ်တိုတိုနှင့် ရွဲ့မေးရင်း မတ်တုတ်ထရပ်၏။ ပြန်သင့်တာတော့ မှန်သည်။

"ရှေ့နှစ်ခါလောက်"

"ပေါက်ကရ"

"ဒါမှမဟုတ်လည်း ... ဒီနှစ်ကုန်လောက်"

မမ ရယ်ပြန်၏။ ထူးသစ် ... မမကို စူးခနဲစိုက်ကြည့်ပစ်လိုက်သည်။ မျက်ဝန်းပြတင်းတွေမှတစ်ဆင့် အရယ်ဘက်သို့ တွန်းပို့ခြင်း ခံထားရသည့် နှုတ်ခမ်းတွေမှာတစ်ဆင့် ...။

မမ ရယ်နေပုံက ချုံးပွဲချ ငိုနေသလိုပဲ။

"ကျွန်တော် ... မမကို ချစ်ရေးဆိုခဲ့ပါပြီ မေမေ" ဟု ဖွင့်ပြောစရာ မလိုဘူး ထင်ပါသည်။ ဒီလောက် အခြေအနေကို ဒီအရွယ်ယောက်ျားသားတစ်ဦး (နှစ်ဆယ့်သုံးနှစ်ရှိပြီ)ဟာ မိခင်ထံ ခံစားချက်မှန်သမျှ အစီရင်ခံစာတင်ဖို့ မလိုပြီ ... ဟု ထင်၏။

အကယ်၍ ...

လက်ထပ်ချင်ပြီ၊ မမက ပြန်ချစ်ပြီး လက်ထပ်ခွင့်လည်း ပေးပြီဆိုလျှင်တော့၊ မေမေ့ကို အသိပေးခွင့် တောင်းရပေမည်။ အဲသည်အခါကျ ... လုံးဝလွယ်ကူလိမ့်မည် မဟုတ်မှန်း



ကြိုသိနေ၏။ မေမေ့ကို ဖုံးဖိထားတာ မဟုတ်ပေမယ့်၊ မလိုအပ်ဘူးထင်၍ မပြောဘဲ ထားတာကို မေမေက သိချင်လည်း သိနေနိုင်ပါသည်။ မေမေ ... ဆိုသော မိန်းမသားက၊ ဒီသားတစ်ယောက် ရဲ့ရင်ထဲကို အဲဒီသားကိုယ်တိုင် နှုတ်ဖွင့်ခွန်းဟဖို့ မလိုဘဲ၊ မျက်ဝန်းပြတင်းမှတစ်ဆင့်မှလည်း လုံးစေ့ပတ်စေ့ သိနိုင်သူတည်း။

ထူးသစ် ... မေမေ့ကို ရှောင်၏။

"သား ... မြရွက်ညိုကို ဘာပြောလိုက်ပြီလဲ"... ဆိုသည့် မေးခွန်းကို အမေးခံရမှာ ကြောက်၏။ မိခင်ဖြစ်သူကလည်း ရှောင်နေသည်ဟု ထူးသစ် ထင်သည်။

"ကျွန်တော်နဲ့ မမ ... ချစ်သူတွေ ဖြစ်သွားကြပါပြီ မေမေ"... ဆိုသည့် ဝါကျတစ်ကြောင်းကို ထိတ်လန့်ကြောက်ရွံ့စွာ (မကြားဝံ့ မနာသာဟု ထင်ထားပုံ ရပါသည်) ရှောင်ရှားနေပုံပါ။ မေမေနှင့် မမ ... ဘာဖြစ်ကြတာလဲ။ ဘာမှမဖြစ်ပါဘဲ ဘာဖြစ်ကြတာလဲ ... ဆိုတာ ထူးသစ် သိချင်၏။ အနေခက်၏။ မမကို ... မေမေ မနှစ်သက်တာ သေချာ၏။ မမကလည်း ... မေမေ့ကို လေးစားအထင်ကြီးစွာ အတုခိုးချင်နေရပါသည်ဆိုပြား... င်းရွံ့မှုတစ်ခုနှင့် ခပ်ကင်းကင်း နေချင်ရှာတာ အသိသာကြီး။

"မမ နေကောင်းသွားပြီလား"

"အင်း"

"ဆိုင်ဖွင့်ပွဲကို လာမှာလား"

"လာဖို့ ပြောထားတယ်"

"ပြောထားတာ သိတယ်၊ လာမှာလားလို့ မေးတာ"

www.burmeseclassic.com

www.burmeseclassic.com

ထူးသစ် ... သီဟကို မော့ကြည့်၏။

"ဘာမျက်နှာလဲ၊ စိတ်ဆိုးတာလား"

"မဟုတ်ပါဘူး ... ကွာ"

"မင်းဒီဇိုင်းက ဒီပါချမ်းမြ ဆိုတဲ့ နာမည်နဲ့ ဆန့်ကျင်ဘက် ဖြစ်နေတယ်"

"မမ ... ငါ့ကို ချစ်ရဲ့သားနဲ့ ငြင်းတာလို့ မထင်ဘူးလား"

သီဟ ပခုံးတွန့်၏။

ထင်ပါသည်။ သူငယ်ချင်း လေးယောက်လုံး အဲဒီလိုပဲထင်၏။ သို့ပေမယ့် ... အဲသည်လို ဆိုကတည်းက မမဘက်မှာ အနုတ်လက္ခဏာ ကြီးကြီးမားမား ရှိနေလို့ ဖြစ်ရမည်။ အဲသည်လို ရှိနေသည် ဆိုလျှင်ရော ... ကိုယ့်သူငယ်ချင်း (အပြစ်အနာအဆာ တော်တော်ကင်းသည့်ကောင်)နှင့် သဘောတူ ကြည်ဖြူပေးနိုင်ပါ့မလား။

"ခိုးပြေးကွာ ... ကားတင်"... ဟု မြှောက်ပေးနိုင်မည်တဲ့လား။

"သနားခွင့်မရှိ"... ဆိုထားသော အန်တီ့အမိန့်ကိုလည်း ကြောက်ရွံ့လေးစားရပါဦးမည်။

"မမ လာမှာပါ။ မမကို ငါ အရမ်းသနားတာပဲ။ မမဟာ ငါ့ကို ပြန်ချစ်ဖို့ကလွဲရင် ငါ့စကားအားလုံး နားထောင်တယ်၊ ငါ့ကို အရမ်းလည်း အလိုလိုက်ရှာတယ်ကွာ။ သေဆိုသေ ရှင်ဆိုရှင် ဆိုရမလောက်ပဲ"

"မောင်လေးတစ်ယောက်လို သိပ်ခင်နေတာလည်း ဖြစ်နိုင်တာပဲ"



ပြောမယ့်သာ ဝင်ပြောရ၊ နေထိုက် ကိုယ်တိုင်က ...ဘား ကိုယ်မယုံကြည်လှပါ။ မမက တစ်ခါတလေ ...ဘီစက ပွင့်ရိုက်ကလေး ဒူးဖုံးရုံနှင့် တီရှပ်ကလေးကို ...ရှင်း) ဝတ်ထားတတ်သည်။

"မမ အရမ်းလှတာပဲ"... ဟု ထူးသစ်ကပြောလျှင် ...လေးနှင့် မနေတတ် မထိုင်တတ် ဖြစ်ကာ အိမ်ထဲဝင်ပြေး ...ကို ထူးသစ်တို့ သူငယ်ချင်းတစ်သိုက်ထက် ငါးနှစ်ကြီး ...ာင် ပိုကြီးပါသည်ဟု ပြောလို့မယုံနိုင်ဖွယ်ပါ။ မမက ...င်း ... အင်္ကျီလဲ၍ ထွက်လာ၏။ ဘလောက်စ် လက်စက ... ထဘီလေးနှင့် ဆိုတော့လည်း မမက နုပျိုစွာ လှပနေတာ

"စောစောကပုံစံလေးက ဆယ့်ရှစ်နှစ်လောက်ပဲ ထင်ရတယ်၊ အဲဒီ ဒီဇိုင်းလေး ကြိုက်တယ်၊ မမ သွားပြန်လဲကွာ"

ထူးသစ်က သက်သက်မဲ့ ဂျီကျ၏။

"ဟာ ... ရှက်တယ်၊ ကလက်တက်တက်နဲ့"

"ဟင့်အင်း ... မမ၊ သွားပြန်လဲဆိုလည်းကွာ၊ အဲဒီ ဒီဇိုင်းလေး ကြိုက်တယ်၊ မလဲဘူးလား လဲမလား"

"မလဲရင် ..."

"မမနဲ့ မခေါ်ဘူး"

ထူးသစ် လုပ်ပုံက ကလေးလိုလို ခွေးလိုလို ဆို... ချွဲတီချွဲဖတ်လည်း ဖြစ်ပါရဲ့။ သူငယ်ချင်းတွေ မျက်စိ ...နောက်ပါရဲ့ ဆိုသလို။ ထူးသစ်က တကယ်ပဲ စိတ်ကောက်

www.burmeseclassic.com

www.burmeseclassic.com



ဟန်နှင့် စုပုပ်ကြီး လုပ်နေလျှင် မမချော တကယ်ပဲ အဝတ် ပြန်လဲရှာ၏။ ပြီးတော့ ... ရှက်ကိုးရှက်ကန်းလေး ဖြစ်နေ သည်။

"မမက အိမ်မှာနေရင်းမို့ ဝတ်တာပါ"... ဟု မလုံမလဲ ပြောရှာသေးသည်။ ထူးသစ်က အဲသည်လို မဆီ ကျိုကျတာမျိုးကို သည်းခံရှာ၏။ ပြီးတော့ ... မမက ဂျုံနှင့် သော မုန့်မှန်သမျှကို မကြိုက်တတ်ပါ။ ဂျုံကို မကြိုက်တာမို့ စားနိုင်သော၊ စားချင်သော မုန့်ပဲသရေစာ ဆိုတာက တော် ရှားသည်။ မမသည် ခေါက်ဆွဲကြော်ကိုတောင် တစ်လုတ် နှစ် ထက် ပိုစားနိုင်သူ မဟုတ်ပါ။ ခေါက်ဆွဲကြော်နှင့်စာလျှင် ထ ကြော်နှင့် ကြာဆံကြော်ကိုသာ ရွေး၏။

"အဲဒီခေါက်ဆွဲကြော် တစ်ပန်းကန် ကုန်အောင်စား"

ထူးသစ် ကြဲဖန်ဗိုလ်ကျ၏။ နည်းတော့ နည်းသ သာမန်ခေါက်ဆွဲကြော်တစ်ပွဲစာ မရှိပေမယ့် ခေါက်ဆွဲမကြိုက် အဖို့တော့ ဝန်လေးလောက်သည့် အတိုင်းအတာပင်။ မမ မညည်းမညူ စားရှာ၏။ ခေါက်ဆွဲကြော်လေးတစ်ခွန်း သွင်းလိုက် နည်းနည်းလေးဝါး၊ လျှာလေးနှင့် လိမ့်ပြီး အချိုရေလေးနှင့် ချကာ လျှာအရသာမခံဘဲ၊ မကုန်,ကုန်အောင် စားရှာ၏။

အဲသည်လို ဗိုလ်ကျလို့ရမှန်းသိလေ ထူးသ အနိုင်ကျင့်လေမို့ တစ်ခါတစ်ရံမှာ သီဟတို့အုပ်စုက ဝင်အ ကာ ထူးသစ်ကို ဇက်ပိုးအုပ်ပေးရသေးသည်။

"ဟင် ... မလုပ်ပါနဲ့၊ ထူးသစ် နာပါပြီ"



အလန့်တကြားတားကာ ခြေမကိုင်မိ လက်မကိုင်မိ င် မမ ဆတ်ဆတ်တုန်နေပုံက အမျိုးသားလေးကို ငုံထား တ် ချစ်ရှာပုံပါ။ အသိသာကြီး။

"ချစ်တယ်လို့ပြော"

ထူးသစ်က နိုင်ရမှန်းသိသည်မို့ ခပ်ထန်ထန်ကြီး လျှင်တော့ မျက်ရည်ပေါက်ခနဲ ကျရှာတော့သည်။

"ချစ်သူလိုကလွဲရင်လို့ ပြောပြီးပါပြီ ထူးသစ်ရယ်၊ မမကို မနှိပ်စက်ပါနဲ့၊ မမ ရင်နာအောင် မလုပ်ပါနဲ့"

အဲသည်အခါကျတော့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရသူက ထူးသစ်။

"မမ ငိုရပြီကွာ ... ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို ရိုက်မလားဟင်"

"မရိုက်ရက်ပါဘူး ထူးသစ်ရယ်"

ကြာတော့ ဘေးနားက သူငယ်ချင်းတွေ မျက်စိ က်၊ ရှက်အားနာကြောင့် ထူးသစ်က မမဆီသွားလျှင် လိုက် စိတ်တောင် မရှိကြတော့ချေ။

"မချစ်ကြဘူးလည်း ဆိုရဲ့၊ အနှစ်နှစ်ဆယ် ရည်း ပုံစံကြီးလည်း ပေါက်ရဲ့၊ မျက်စိရှက်တယ်၊ နားလည်းနောက် ယ်၊ ကိုယ့်ဘာသာသွား၊ ဒီမှာလုပ်စရာရှိတာတွေ လုပ်ထားမယ်" ပြီး သူငယ်ချင်းတွေ ကျန်နေရစ်ခဲ့လေ၊ ထူးသစ်က ကြိုက်လေ။ ဒေါ်တင်မေသစ်က မျက်စိမျက်နှာပျက်လေ။

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မမှာ အစ်ကိုတစ်ယောက် ရှိခဲ့ဘူးပါတယ် အ
တစ်ဝမ်းပဲ ကွဲပါတယ်။ ကျွန်မက တစ်ဦးတည်းသ
တော့ ဝမ်းကွဲတွေကိုပဲ အရင်းလုပ်ပြီး ခင်ခဲ့ရတာ၊
အစ်ကိုက မရှိတော့ပါဘူး၊ ထူးသစ်နဲ့သိပ်တူတော့ ကျ
အဖို့မှာ ထူးသစ်နဲ့ ခင်ခွင့်ရတာ ...

"မောင်လေးအရင်းတစ်ယောက် ကောက်ရသ
ပဲ၊ ကျွန်မစိတ်ထဲမှာ ထူးသစ်ဟာ သွေးရင်းသာ
မောင်နှပါ အန်တီ"

ဟု မရဲတရဲလေး ပြောရင်း ထူးသစ်အိမ်သို့
က်ရှာပါသည်။ ဒေါ်တင်မေသစ် စိတ်ချပါမည့်အကြောင်
ည့်ပတ်ပြောဆိုရှာပါသည်။

"မောင်ရင်း အစ်မရင်းတွေပေါ့ကွယ်၊ ဒီလို ခင်မင်ကြ
ဆိုတာဟာလည်း ရှေးဘဝတွေက တကယ်ပဲ မောင်
ရင်းခြာတွေ တော်စပ်ခဲ့လို့ပေါ့"

ဒေါ်တင်မေသစ်ကလည်း မောင်ရင်းနှမမှ တင်
မှုမလျှော့ချေ။ အိမ်ထောင်တစ်ခု တည်ဆောက်ရာမှာ မိန်းမ
က အသက်ကြီးနေတာမျိုးကို နည်းနည်းလေးမှ မကြိုက်၊ လ
ခံနိုင်ကြောင်းကိုလည်း စကားကြုံတိုင်း ပြောသေး၏။

"အန်တီနဲ့ သမီးရဲ့အန်ကယ်လ်က ခြောက်နှစ်တောင်
တာ။ အန်ကယ်လ်က ခြောက်နှစ်ကြီးပေမယ့် အန်တီ
မိန်းမသားဆိုတာက သားသမီးလည်းမွေးရ ဖွားရသေး
အရွယ်ကျတယ်လေ။ ခုဆို ... အန်တီနဲ့ အန်ကယ်လ်
ခြောက်နှစ်ကွာတယ် ဘယ်သူထင်မလဲ၊ သက်တူရွယ်တူ



စင်စစ် ... ဆယ်နှစ်လောက်များ ကွာသလား ...
မေးလျှင်တောင် လွန်အံ့မထင်ပါ။ ဦးမြင့်ထူးက အရွယ်ကျလှ
ည်မဟုတ်၊ အရွယ်တင်လှသည်လည်း မရှိ၊ သူ့အရွယ်နှင့် သူ့
ည်ပင်။ ဒေါ်တင်မေသစ်သာလျှင် ရှိရင်းအသက်ထက် လေး
ခြောက်နှစ်စာမက ပိုမိုနုပျိုနေသူဖြစ်၏။

"ဆရာနဲ့ ဆရာကတော်က အသက်ကွာတယ်နော်"
ဦးမြင့်ထူး ရုံးမှဝန်ထမ်းများက ပြောကြရ၏။

"ဆယ်နှစ်ကျော်ကျော်များ ကွာမလားပဲ"

"ခြောက်နှစ်တည်းပါဗျာ ... ခင်ဗျားတို့ ပြောပုံနဲ့ ဟိုက
စိတ်ကြီးဝင်ပြီး ဘဝင်မြင့်လို့ မနိုင်စိန်လည်း ဖြစ်သွားပါ
ဦးမယ်"

ဟု ဦးမြင့်ထူးက ရယ်မောပြောဆိုခဲ့ရဖူးတာတွေ
ပါသည်။

ဒေါ်တင်မေသစ် ခမျာ ကိုယ့်နုပျိုမှုကိုတောင် ကိုယ်
မယူနိုင်ရှာ။ အိုပါသည်၊ ကျပါသည် ဇွတ်လုပ်နေရရှာ၏။
ကို သားက မသိဘဲ နေမလား။ ကိုယ့်အမေ ဒီလောက်နုပျို
ရွယ်တင်ပါလျက် အဘွားကြီးအဖြစ် ဇွတ်ကြီးခံယူနေရှာတာကို
သနားရပါသေးသည်။ မေမေနှင့် မမတို့ မျက်နှာချင်းဆိုင်
ကားပြောကြပြီဆိုတိုင်း "ပညာသား"တွေချည်းပင်။ မမကို ...
နားခွင့်မရှိ ... ဟု တစ်ကြိမ်ဆိုပြီးကတည်းက မေမေက
ကာထပ် ... အဲသည်အကြောင်းနှင့် ပတ်သက်၍ မပြောတော့
၊ ဒါကလည်း မေမေ့ဝသီပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဆုံးဖြတ်ချက် တစ်ခုကို တစ်ကြိမ်ပဲ ပြောမယ် တစ်ချီတည်း နားထောင်၊ ထပ်တလဲလဲ မပြောဘူး"... တဲ့လေ

"ဟော့ကောင် ... ငါတော့ မင်းမမ လာမယ်မထင်ဘူးကွ"

စည်သူက ထူးသစ် ပခုံးကို လှမ်းပုတ်လိုက်တော့ ထူးသစ် ... အတွေးတွေထဲမှ ခုန်ထွက်နိုင်သည်။

"မင်းလည်း ခုတလော င,လေးလုံးဆရာကြီး ဖြစ်နေပြီ ငူ၊ ငေါင်၊ ငိုင်၊ ငေး ... သိပ်ကြည့်လို့ မရဘူး"

"အေးလေ ... ဇမ္ဗူတို့လို ရည်းစားထားလိုက် ပြတ်လိုက် အသည်းရှစ်ကြိမ် ကွဲဖူးပါတယ်ဆိုတဲ့ ဟိုမင်းသားလို"

"ဘာ ... အသည်းရှစ်ကြိမ် ကွဲဖူးတယ်၊ ပြန်ဆက်ပါတော့ မလား။ မိန်းမတွေ ဗိုက်ခွဲပြီး ကလေးမွေးရင်တောင် သုံး ကြိမ်ပဲ ခွဲရတယ် ကြားဖူးတယ်၊ ဆရာဝန်တွေတောင် ရှစ် ကြိမ်ပြန်မချုပ်နိုင်ဘူး"

သူတို့ဘာသာ ပြောချင်ရာ ပြောကြပါစေတော့ အဲသည်လို သောင်စဉ်ရေမရ စကားဝိုင်းထဲမှာ အရင်တုန်းက ဆို ရင်တော့ ထူးသစ်တို့ ခေါင်းဆောင်ပင်။ ခုတော့ ... နောက်ဆုံးက ပင် မလိုက်ချင်တော့။ ငူနေတာ မမကြောင့်၊ ငေါင်နေတာ မမ အတွက်၊ ငိုင်နေတာ မမအကြောင်းကို တွေးနေလို့၊ ငေးနေတာ အတွေးထဲမှာ မမကို မြင်နေရလို့၊ ဘာစကားမျှ မပြောချင်ပေမယ့် မမဆီကိုတော့ ဖုန်းဆက်ချင်နေပါသေးသည်။



"မမ ..."

"ဟယ် ... ထူးသစ်"

"မျှော်လင့်မထားဘူးပေါ့"

"ညညမှ ဆက်နေကျမို့ပါ"

"နေ့ခင်းဘက် ဆက်တာ ရာဇဝတ်မှုလား"

"ဘာတွေ စိတ်ဆိုးနေလဲ ငါ့မောင်လေး"

"ကျွတ် ... စိတ်ပျက်တဲ့ထဲမှာ အဲဒါတွေ ရှေ့ဆုံးက"

"ဘာပြောမလို့လဲ၊ ပြောလေ"

"ဆိုင်ဖွင့်ပွဲကို လာမှာလား"

"မလာတော့ဘူးလားလို့"

"ရှိုးလား"

"ထူးသစ်ပဲ ... မမကို ညဘက် ကားမောင်းပြီး လျှောက် လျှောက် မသွားရဘူးဆို၊ အမိန့်ဆို"

"စကားကို အကျအန မကောက်ပါနဲ့"

"ထူးသစ်က လာခဲ့ဆိုရင် လာမှာပါ"

"လေသံလေး ပျော့သွားတာလား မမရယ်၊ စောစောတုန်း က ခပ်စွာစွာ အသံလေးပဲ ကြားချင်ပါတယ်"

"ခပ်စွာစွာလေး ဆိုတာက ပျော်သွားလို့ပါ။ ထူးသစ် အသံ ကြားရတိုင်း မမ ပျော်ပါတယ်၊ လေသံ ပျော့သွား

www.burmeseclassic.com

www.burmeseclassic.com

ဘယ်ဆိုတာက ထူးသစ်ရဲ့စကားကို နားထောင်တဲ့သဘော ပါ”

“မမ ... ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလောက် အလိုလိုက် အလျှော့ပေးတာလဲ၊ မမ ကျွန်တော့်ကို သိပ်သည်းညည်း ခံတာပဲ၊ ကျွန်တော် ဆိုးကြည့်တယ်၊ စကားကို ခွတိုက် ပြီးပြောတယ်၊ မမကို ကျွန်တော် ရိတယ်၊ ဘယ်လို ပြောပြော၊ မမ စိတ်မဆိုးဘူး၊ အဲဒါ ဘာကြောင့်လဲ”

“ပြောခဲ့ပြီကော ထူးသစ်ရယ်၊ မမ အစ်ကိုနဲ့တူလို့၊ အစ်ကို မဟုတ်တဲ့ သူစိမ်းကောင်လေးကို အရမ်းခင်သွားတော့ ကိုယ့်မောင်လေး အရင်းလို သဘောထားလိုက်လို့ပေါ့”

“အစ်ကို”ဆိုသည့် သူ၏ဓာတ်ပုံကို မေမေ့ကိုတောင် ပြမြီးရှာပါပြီ။

ဒါဟာ ... ထူးသစ် အပေါ် ရိုးသားပါကြောင်း သက်သေဟု ထူးသစ် ယုံ၏။ ထူးသစ်နှင့် တကယ်ပဲ ဆင်ပါ သည်။ ပြီးတော့ ... အဲသည်ဓာတ်ပုံက အဲသည်အစ်ကို နှစ်ဆယ် သုံးနှစ်ရွယ်ကပုံတဲ့။ မမထက် ခုနစ်နှစ်ကြီးသည်တဲ့။ အခုရှိလျှင် သုံးဆယ့်ငါးတဲ့။ ထူးသစ်ကလည်း အခု နှစ်ဆယ့်သုံးဆိုတော့ အဲသည်ဓာတ်ပုံထဲက အရွယ်ပင်။

“အဲဒီအစ်ကိုက အခုရှိရင် သုံးဆယ့်ငါးဆိုတော့ ... ခု ဘယ်ရောက်သွားလို့လဲ”... ဟု ထူးသစ် မေးဖူးပါသည်။

“မရှိတော့ဘူးလို့ပဲ သိပါတယ်၊ ဘယ်ရောက်သွား မှန်း မသိပါဘူး”... တဲ့လေ။



ကိုယ့်ဆွေမျိုးသားချင်း တစ်ယောက်ကို ဘယ်ရောက် သွားမှန်း မသိဘူး ဆိုခြင်းဟာ ဖြစ်နိုင်မည်တဲ့လား။

“မမ ရည်းစားဟောင်းလား”

ထူးသစ် တဲ့တိုးကြီး မေးဖူး၏။

“မမတစ်သက်တာမှာ သူချစ် ကိုယ်ချစ် ရည်းစားရယ်လို့ တစ်ယောက်မှ တစ်ခါမှ မရှိခဲ့ဖူးဘူး ဆိုတာ သစ္စာဆိုဝံ့ပါ တယ်လို့ ပြောရင် ထူးသစ် မေးခွန်းဟာ အဓိပ္ပာယ်မဲ့သွား ပြီ”... တဲ့။

တစ်ခါ ... တစ်ခါ ... မမစကားတွေက ဝေ့လည် ကြောင်ပတ်နှင့်၊ အဓိပ္ပာယ်ကောက်ရ ခက်တာတွေပါ၏။ မမဟာ သူ့ဘဝလေးသူ ... လျှို့ဝှက်စွာ သိမ်းဆည်းထားတာတော့ အမှန် ပင်။

“မောင်လေး အရင်းဆိုတဲ့ စကားမပါရင် မပြောတတ်တော့ ဘူးလား”

“ပြောတတ်ပါတယ် ထူးသစ်ကို မမ ခင်တာပဲ။ ပြောစရာ ဝါကျတွေ အများကြီးရှိပါတယ်”

“မမ အခု ဘာလုပ်နေလဲ”

“ရော် ... ထူးသစ်နဲ့ ဖုန်းပြောနေတယ်လေ”

“ကျွန်တော် ဖုန်းမခေါ်ခင်က”

“ကွန်ပျူတာနဲ့ ဂိမ်းကစားနေတယ်”

“မမ ... တစ်နေ့ တစ်နေ့ ဘာတွေလုပ်နေလဲ”

www.burmeseclassic.com

www.burmeseclassic.com

"စာဖတ်တယ်၊ ရှော့ပင်ထွက်တယ်၊ ဂိမ်းကစားတယ်၊ တစ်ခါတလေ ထူးသစ်တို့ဆီ လာလည်တယ်၊ ထူးသစ်တို့ လာလည်ရင် ညှော်ခံတယ်"

"မမမှာ ကျွန်တော်တို့အဖွဲ့ကလွဲပြီး သူငယ်ချင်း မရှိဘူးလား"

"ဟင့်အင်း"

"မိန်းကလေးသူငယ်ချင်းရော"

"ဟင့်အင်း"

"ထူးဆန်းလှချည်လား"

"မမဘဝက ထူးဆန်းပါတယ်"

"ပြောပြမှာလား"

"အခု ... ဖုန်းထဲကလား၊ ဘက်ထရီကုန်ကာနီးနေပြီ"

"ကျွန်တော် လာခဲ့မယ်"

"မနေ့ကပဲ လာပြီးတယ်"

"ဒါ ... မလာနဲ့လို့ ပြောတာပေါ့"

"အင်း"

"ပြီးရော"

ထူးသစ် ... ဖုန်းကို ပိတ်ချပစ်လိုက်တော့သည်။ ဘာကိုမှန်းမသိ စိတ်တိုနေ၏။ သူငယ်ချင်းတွေ ပြောတာလည်း မမှားပါ။ ထူးသစ် ငှဝေါင်ငိုင်ငေးနှင့် တစ်မျိုးကြီး ဖြစ်နေသည်။ ဆိုင်ဖွင့်ဖို့ကိစ္စထဲ စိတ်ဝင်စားချိန် ခဏမှလွဲလိုက်သည်နှင့် ငှဝေါင်ငိုင်ငေး ကမ္ဘာလေးထဲ ရောက်သွားမိသည်ချည်း။ ပြီးတော့ ...



တစ်ယောက်တည်း စိတ်တို၊ ကိုယ်စောင့်နတ်နှင့် ရန်ဖြစ်၊ ကိုယ့်ဘဝကိုယ် အလိုမကျ။

"မမမြစွက်ညို ဆိုတဲ့ မိန်းမကိုမှ ဘာဖြစ်လို့ ချစ်မိရတာလဲကွာ"

ကိုယ့်ကိုယ်ကိုယ်ထဲမှ တစ်ကိုယ်ခွဲထွက်ချင်၏။

"ချစ်ဦးကွာ ... ချစ်ဦးကွာ" ... ဟု ဆိုကာ ကိုယ့်ကိုယ်ကိုယ် ထုထောင်းရိုက်နှက် ဆုံးမချင်၏။ အဲသည်လို လုပ်ပစ်လိုက်ချင်စိတ် ဖြစ်မိတာကိုပင် အပြစ်ရှိသလို ပြန်ခံစားရ၏။ မေမေ သနားခွင့် ပိတ်ပင်ထားသော မမကို အသနားကြီး သနားရပြန်၏။

မမကွာ ... ပြန်ချစ်လိုက်ရင် ပြီးရော။

အဲသည်အခါကျ မေမေ ... ဘာပြောမည်နည်း။ မေမေ ဘာလုပ်မည်နည်း။ မေမေနှင့် ဘယ်လိုရင်ဆိုင်ရမည်နည်း။ မေမေနှင့် ဘယ်တုန်းက ဆန့်ကျင်ဖူးလို့လဲ၊ မေမေ့စကား ပယ်ရှားဖူးလို့လား၊ မပယ်ရှား ဆိုတာမှာ ... မေမေ့ကိုချစ်လို့ လေးစားလို့ ဆိုတာအပြင် ... မေမေ့စကားတွေဟာ အမှန်တွေချည်းမို့လို့၊ လိုက်နာအပ်သည်ချည်းမို့လို့။ မေမေ တားမှာ သေချာနေပါသော၊ မေမေ့ဆန္ဒနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်မည့် မိန်းမသားကိုမှ ဘာကြောင့် ချစ်မိရတာတဲ့လဲ။

မမကိုချစ်မိတာ မှားလား။ မှားသည်ဆိုလျှင် ဘာကြောင့်လဲ။ အကြောင်းပြက ဘာလဲ။

ထူးသစ် လက်ကိုင်ဖုန်းကို စားပွဲပေါ်ပစ်တင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်ပွဲကိစ္စအားလုံး ငါ သဘောတူတယ်"

ပြောပြီး ... ထွက်လာခဲ့သည်။

လုပ်ချင်တာ လုပ်ကြတော့။ ဒီကောင်တွေက မကောင်းတာလုပ်မှာမှ မဟုတ်တာ။ သို့ပေမယ့် ... ခါတိုင်းဆိုလျှင်တော့ ထူးသစ်က အတွန့်ကလေးတက်လိုက်ရမှ၊ အကြံဉာဏ်လေး တစ်ခုလောက် ဝင်ပေးပြီး ခေါင်းဆောင်နေရာယူလိုက်ရမှ။ သူငယ်ချင်းတွေက ဝိုင်းထောက်ခံလျှင် လက်တစ်ဖက်ပိုက်၊ လက်တစ်ဖက်က မေးစေ့ပွတ်ပြီး ခပ်ပြုံးပြုံးလုပ်၍ ဆရာကြီးပုံစံ ပေးပစ်လိုက်သည်။ သဘောမတူဘူး ဝိုင်းကန့်ကွက်တော့လည်း ...

"အေးပါကွာ ... အေးပါကွာ"... နှင့် ခေါင်းညိတ်ထောက်ခံပစ်လိုက်သည်။

ခုတော့ ... ထူးသစ်မှာ ဆန္ဒဆိုတာ လုံးဝဆိတ်သုဉ်းနေ၏။ ဦးနှောက်ကို ကွက်လပ်လုပ်ထားချင်သည်။ အဲသည်ကွက်လပ်ဖြစ်နေသော ဦးနှောက်ထဲမှာ မမက ဝင်ရောက်နေရာယူနေသည်လေ။

✿ ➤ ✿



# ၇

ဆိုင်ဖွင့်ပွဲက ခမ်းနား၏။

တာနယ်ဇင်းဆရာသမားများကို ဖိတ်၏။ ဧည့်ခံကျွေး ...၏။ မိဒယ်တွေ လျှောက်ကြသည်။ အကအဖွဲ့တွေ ကကြ ...ည်။ တီးဝိုင်းမှ အဆိုတော်တွေနှင့် ဖျော်ဖြေ၏။ အဲဒါတွေက ...ခဲ့ပြီးတစ်ခုဆိုတော့ ရောက်လာကြသူများ ပြန်လိုစိတ်မရှိတော့။ ...ဖြေရေးအနုပညာရှင်များ ...းလုံးကို ဒီပါချမ်းမြ၏ အထူးအစီ...ဉ် မုန့်များနှင့် တည်ခင်းဧည့်ခံသည်။ လာရောက်အားပေးသုံး...င်ကြသူများ ... ဒီနေ့အဖို့ရာမှာ ငါးဆယ်ရာခိုင်နှုန်း ဒစ်စ...င့် (Discount)။

ဖျော်ဖြေရေးအစီအစဉ်များကြောင့် အားပေးသုံး...င်သူများ မပြန်နိုင်။ ဆိုင်ထဲမှာ လူတွေလျှံနေ၏ သူငယ်...တွေအားလုံး တပြုံးပြုံး။ ဆိုင်အားလုံးကို တစ်နေ့တည်း တစ်...တည်း ဖွင့်သည်မို့ သီဟ အသားကင်ဆိုင်ကလည်း လက်မ

www.burmeseclassic.com

www.burmeseclassic.com

လည်အောင် ကင်နေရသည်။ စည်သူနှင့် နေထိုက်တို့ဆိုင်မှာ တော့ အကအဖွဲ့တွေချည်း၊ တစ်ဖွဲ့ပြီးတစ်ဖွဲ့၊ ဆိုလိုက်ကြ ကလိုက်ကြ။ အားပေးသုံးဆောင်သူတွေပါ စိတ်ဓာတ်တွေ တ ကြွလျက် ထကကြသည်မို့ စားပွဲဝိုင်းတွေ ဆားကပ်ပေးရသည် လုံခြုံရေးဝန်ထမ်းတွေ မျက်စိဒေါက်ထောက်လျက် ဟိုပြေးဒီလွှာ လုပ်နေရသည်။ အားလုံး ပျော်နေကြသည်။ မပျော်သည့်သူ တ ယောက်မှမရှိ။ အားလုံးထဲမှာ မြရွက်ညို အပျော်ဆုံးများလာ တောင် ထင်ရ၏။

"အောင်မြင်လိုက်တာ၊ ပျော်လိုက်တာ မောင်ရယ်"

"ဘာ ... မမ"

"အရမ်းပျော်ဖို့ ကောင်းတာပဲလို့ ပြောတာ"

"မမ ... ကျွန်တော့်ကို ဘယ်လိုခေါ်လိုက်တယ်"

"သြော် ... မမတို့ အရပ်ဒေသမှာ ကိုယ့်ထက်အငယ် မောင်လေးတွေကို မောင်လေးလို့ ခေါ်လေ့မရှိဘူး။ မောင် မောင် ... ဒါမှမဟုတ် မောင် ... လို့ တစ်လုံးတည်း ခေါ် တယ်။ ထူးသစ်က မမထက် ငါးနှစ်ငယ်တဲ့ မောင်လေး လေ"

"တော်ပါပြီ"

ထူးသစ် အပျော်လေး ထွက်ပြေးသွားရ၏။ အပျော်လွန်ပြီး ရင်တွင်းခံစားချက်ကို မထိန်းနိုင်စွာ၊ လွတ် "မောင်"ဟူ၍ စိတ်ရှိတိုင်း ခေါ်လိုက်မိတာဟု ယုံ၏။



"အဲဒီလောက် ချစ်နေရင်လည်း၊ ဒီကောင့်အချစ်ကို က်ခံလိုက်ပါတော့လား၊ ခင်ဗျား ... ဘာကို ကြောက်နေတာ "... ဟု မေးချင်၏။

"မောင့်မေမေကိုပါ"... ဟူသည့် အဖြေကို ပြန်ရမှာ တော့ စိုးရိမ်၏။

"ခင်ဗျား ... ဘာကြောင့် ညာနေတာလဲ"... ဟု ခါတစ်ခါတော့ မမပခုံးကို ဒေါသနှင့် ဆွဲခါ၍ မေးချင်၏။ ကိုယ့်ကို ဒီလောက် ဖုံးဖိမရ ချစ်နေတာ၊ လူတိုင်းသိသည်။ ကသာ တွင်တွင်ငြင်းနေ၏။ သူ့စေတနာနှင့် အမူအရာလေး ကိုကျတော့ မထိန်းသိမ်းနိုင်ရှာ။ မမက "ချစ်တယ်"... ဟု ပြောပါပြီတဲ့။ ရှေ့သို့ ... ဘယ်လိုခရီးဆက်ကြမည်နည်း။ မေမေ ဘယ်လိုရင်ဆိုင်ရမည်နည်း။ သနားခွင့်ကိုပင် ပိတ်ပင်ခဲ့သော မေက ချစ်ခွင့်ကို ပေးပါမည်တဲ့လား။ လက်ထပ်ခွင့်ကိုရော...။

"စိတ်ညစ်သည်"... ဆိုသော ဝါကျလေးက တို့၏။ မေ့ ... နှလုံးသားကို ဆုပ်ညှစ်ညှဉ်းပန်းရာတွင် ကာလရှည် လွန်းလှသည်။

"ထူးသစ်ရယ် ... အရမ်းပျော်ရမယ့်နေ့မှာ စိတ်မတိုနဲ့လေ။ စိတ်တိုမယ်ကြံရင် ဒေါသကလည်း အရင်ထွက်သေးတယ်"

"ဟာဗျာ ... စိတ်တိုတာ ဒေါသထွက်လို့၊ ဒေါသထွက် တာ စိတ်တိုလို့ပဲဟာ"

"တကယ်တော့ ... အဲဒီနှစ်ခုဟာ တူသလိုလိုနဲ့ မတူဘူး ထူးသစ်ရဲ့။ ကဲပါ ... မမကို ဘာကျွေးမှာလဲ။ စည်သူတို့ ဆိုင်က ခေါက်ဆွဲကြော်လား"

www.burmeseclassic.com

www.burmeseclassic.com


"စားမလို့လား"

"ထူးသစ် ကျွေးရင် မစားတာ ရှိလို့လား"

"ချစ်လား"

"မောင်လေးအရင်း"

"လည်တယ်နော်၊ စကားမစပ်ဘဲ ကောက်မေးလိုက်လည်း အဖြေက ဘယ်တော့မှ မမှားဘူး"

"မမှားဘူးဆိုတာ အမှန်အကန်မို့လို့ပေါ့"

"ဘာစားမလဲပြော"

"ထူးသစ် ဆိုင်ကပဲ ... ပီဇာစားမယ်၊ ဆီးဖုဒ် Sea foo နဲ့။ ပြီးတော့ မိုခါးကက်ပူရှီးနိုး သောက်မယ်၊ ထူးသ ရော"

"ခုချိန်မှာ ... မမက တီကောင်စွပ်ပြုတ်သောက်ရင် ကျွ တော်ပါ လိုက်သောက်မှာ"

"အမယ် ... တီကောင်စွပ်ပြုတ် တကယ်ရှိတယ်နော် မီးနေသယ်တွေ သောက်ရတယ်တဲ့။ ပြောသံကြားဖူးတယ် တော်ကြာ ... ထူးသစ်ဆီက ထွက်လာဦးမယ်"

"ဘာတွေလဲ"

"မွေးကာစ ကလေးတွေ စို့တဲ့အရည်"

မမက ပြောပြီး တခစ်ခစ် ရယ်သည်မို့ ထူးသ ဒေါသတွေ ထွက်ပြေးရပြန်၏။

"ဟုတ်လို့လား"

"အဲဒီအကောင်တွေကို ကြိုးလေးနဲ့တော့ ချည်ထားရတာပေါ့တဲ့။ အဲဒါနဲ့ ဟင်းချိုချက်၊ ပြီးရင် ... ကြိုးအစည်းလိုက် သွင့်ပစ်။ ခတ်ချင်တဲ့ အရွက်တစ်ခုခုခတ်၊ ငရုတ်ကောင်းလေးခတ်၊ မီးနေသည်ကို တိုက်ရတယ်တဲ့"

"သူ့ဗဟုသုတကလည်း ဆန်းလိုက်တာ"

"ကြားဖူးတာ ပြောတာ"

"သွားယူလိုက်မယ်နော်"

"ကျွန်တော်မျိုးကြီး သွားမှာပေးပါ့မယ် ခင်ဗျာ ... စိတ်အေး လက်သာ ထိုင်နေတော်မူပါ"

ဘယ်တုန်းက အနားမှာရှိနေမှန်း မသိသော ဇမ္ဗူ့အသံထွက်လာ၏။

ဇမ္ဗူ တကယ်ပဲ သွားမှာတော့သည်။

"ဒီကောင် ... ဘယ်တုန်းက ဒီနားရောက်နေတယ် မသိဘူး"

"ပတ်ဝန်းကျင် လေ့လာမှု သိပ်ညံ့တာပဲ။ ဇမ္ဗူက အမြဲလိုလို မမတို့ မနီးမဝေးမှာ ရှိတယ်။ တစ်ယောက်ယောက်ရဲ့ ဂျူတီချထားခြင်းကို ခံနေရပုံပဲ"

"မေမေ ထင်လို့လား"

"ဟုတ်ချင်မှ ဟုတ်မှာပါ"

ထူးသစ် ... ထင်လိုက်ပါသည်။ ထူးသစ်နှင့် မမ အကြောင်းကို လုံးဝမမေးသော မေမေ့အတွက် လေ့လာရေးတွေ အများအပြား ရှိနေပါမည်။ ဇမ္ဗူဟာ မေမေ့လူ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ဆိုလျှင်တောင် သူငယ်ချင်းချင်း သစ္စာဖောက်ချ
မဟုတ်ဘဲ၊ သူကိုယ်တိုင်က မဖြစ်သင့်တာ မဖြစ်စေချင်၍ အ
အနေ အမှန်ကို သိချင်၍ စူးစမ်းနေခြင်းပဲ ဖြစ်မည်။ တ
လျှင် အချိန်မီ တားနိုင်ဖို့ ဖြစ်ပါလိမ့်မည်။

"မင်းတို့က ငါ့ကို မမနဲ့ သဘောမတူဘူးလာ
ဟု ထူးသစ် ဘွင်းဘွင်းကြီး ချမေးဖူးပါသည်။

"ဟုတ်လည်း ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်

ပဟေဠိနန်းတော်မှ ပြောပုံမျိုးနှင့် ဖြေကြ

"မတူဘူးလည်း မဟုတ်ဘူး၊ တူတယ်လည်း မဟုတ်
မမဘက်မှာ အနုတ်လက္ခဏာ ကြီးကြီးမားမား တစ်
လို့ မမ ငြင်းနေတာလို့ ထင်တာ"

"အဲဒီလို အနုတ်လက္ခဏာ ကြီးကြီးမားမားကြီး ရှိ
ဘယ်လိုလုပ် သဘောတူနိုင်မလဲ"

"အဲဒီအနုတ်လက္ခဏာ ဆိုတာကြီးကလည်း၊ မမ
ထင်နေတာဖြစ်ပြီး၊ ငါတို့ဘက်က ခွင့်လွှတ်ပေးနိုင်
လည်း ဖြစ်နေနိုင်သေးတယ် မဟုတ်လား"

"အဲဒါကြောင့် မင်းမေးခွန်းကို ဖြေရရင် ... ဟုတ်
ဟုတ်တယ်၊ မဟုတ်လည်း မဟုတ်ဘူး"

တစ်ယောက်တစ်ပေါက် ပြောခဲ့ကြတာကို ပြ
မိရင်း ထူးသစ် ပြုံးမိ၏။ ပီဇာတွေက ဒီနေ့အဖို့တော့ မှာမှ
တာမျိုးမဟုတ်ဘဲ သုံးလေးငါးခုဆိုသလို လုပ်လိုက်၊ က
လျှင် ထပ်လုပ်လိုက်မို့ ချက်ချင်းရပါသည်။



"အတော်ပဲ။ ကြက်သားနဲ့တစ်ခု၊ ဆိီးဖုဒ်နဲ့တစ်ခု၊ နှစ်ခုပဲ
ကျန်တာ၊ နှစ်ခုလုံး ယူခဲ့တယ်"

"ဟင် ... ဘယ်ကုန်မလဲ ဓမ္မူရဲ့၊ ဆီးဖုဒ်ကို နှစ်ယောက်စား
ရင်တောင် ဒီ ... ခြောက်လက်မပီဇာကြီး ဘယ်ကုန်မှာလဲ"

မမက ပြုံး၍ပြော၏။

"ဒါဖြင့် ... ကြက်သား ပြန်ယူသွားမယ်၊ သီဟကလည်း
မျက်နှာလုပ်ချင်တဲ့သူ ရှိနေလို့"

"ဘယ်မှာလဲ"

"ဟိုဘက်ဆိုင်မှာ၊ ငါ သွားပို့ရမှာ"

"ငါ့ကိုလည်း သံတော်ဦး မတင်သေးပါလား၊ ဘယ်ကလဲ"

"မသိဘူး၊ ခုမှတွေ့တာ။ မြင်မြင်ချင်းပဲ ဆောက်နဲ့ထွင်း
တော့မယ်"

"ဟာကွာ ... မင်းစကားပုံက မဆီလျော်ပါဘူး"

"သိဘူး ... ဒါပဲ ကြားဖူးတယ်။ မြန်မာစာ ညံ့ပါတယ်
လို့ ပြောထားပြီးသားပဲ ... ငါးပြေမတစ်ကောင်နဲ့ တစ်
လှေလုံးပုပ်မယ့်ကောင်ရဲ့"

ဓမ္မူက ရယ်လျက် ကြက်သားပီဇာကိုယူ၍ ထွက်
သွားသည်။

"တစ်လှေလုံးပုပ်တာ ငါးခုံးမ မဟုတ်ဘူးလားဟင်"

"ကျွန်တော်ပါ မမရယ် ... တစ်ခါအပြောမှားမိတာပါ။
ငါးပြေမတစ်ကောင်နဲ့ တစ်လှေလုံးမပုပ်စေနဲ့ဆိုလို့၊ အဲဒါ
ကို နှိမ်လို့မဆုံးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ပါလား ထူးသစ်ရဲ့။ ငါးခုံးမလည်းငါး၊ ငါ
မလည်း ငါးပဲ။ ဘာငါးနဲ့ပုပ်ပုပ်၊ ပုပ်လို့ရတယ်လို့"

မမတို့များ ထူးသစ်ဘက်က မခံချင်ဖြစ်နေပုံလေ
က ချစ်စရာ ... ဟု ထူးသစ် ထင်၏။ ထူးသစ်ကိုများ မြူ
တစ်မှုန်လာစင်လျှင်တောင် အဲသည်မြူမှုန်ကို မမက တင်း
နှင့် ထုချင်သည့်ပုံ။ ဤကမ္ဘာမှာ ထူးသစ်အပေါ် အချစ်နိုင်
လူသားဆိုလို့ မေမေပြီးလျှင် မမပဲဟု ဆိုချင်၏။ ဖေဖေလေ
မှိပါ့မလားဟု ဆိုပါလျှင် မိဘကျေးဇူးကန်းရာ ရောက်တော့
မမက ထူးသစ်အပေါ် အဲသည်လောက် သည်းသည်းလှုပ် (ဘ
သာသာ)ချစ်ရှာပါလျက် ...။

မမ ပြန်တော့ ... ထူးသစ် လိုက်မပို့နိုင်ပါ။ မေ
သူ့ကား သူမောင်း၍ ပြန်သည်။

"သိတယ် ... ထူးသစ် အလုပ်ရှုပ်နေမှာ၊ ကိုယ့်ဘာသာ
လာခဲ့မယ်၊ လာမကြိုနဲ့၊ ကားယူလာမယ်၊ အပြန်
ကိုယ့်ဘာသာ မောင်းပြန်မယ်"

ဟု အစောကြီးကတည်းက ပြောပြီးသည့်အ
မမ ကားမောင်း၍ ပြန်ပါသည်။ မမ ... ကားမောင်းရင်
ဝေါင်၊ ဝိုင်၊ ဝေး ကမ္ဘာလေးထဲများ ရောက်သွားလေသလာ

ဒေါ်စိန့်ထံမှ ဖုန်းဝင်လာပါ၏။

"မမြစ္စက် ... ကားအက်စီးဒင့် (Accident)ဖြစ်လို့ ကိုထူး
ရေ"



တွေးနေ ပြောနေတာက ကြာပါ၏။ လှုပ်ရှားမှုက
မြန်သည်။ ထူးသစ် ရင်ထဲ ... ဘယ်တုန်းကတည်းက ရောက်ရှိ
နေမှန်း မသိသော ဓာတ်ဆီပုံးကြီးထဲ မီးတောက်တစ်စ ပစ်ချလိုက်
သလို၊ ဝုန်းခနဲ ထပေါက်ကွဲ၏။ ထူးသစ် ခုန်ထသည်။ စင်စစ် ...
လှုပ်မိလှုပ်ရာ။

ကားဆီသို့မသွား။ ဆိုင်ပေါ်မှ ပြေးဆင်း၊ ခြံထဲမှ
ပြေးထွက်။

မမ မရှိတော့ပြီမို့ အနားမှာ ခပ်ချောင်းချောင်းလုပ်
နေသည့် ဇမ္ဗူ့က မရှိ။ ဘယ်က ဘယ်လို မြင်လိုက်မှန်းမသိသော
နေထိုက်က သူငယ်ချင်းအကြောင်းကို နောကျေနေ၏။ ချက်ဆို
ားခွက်က မီးတောက်သည်။ တယ်လီဖုန်းစားပွဲပေါ် ပစ်ချပြီး
အပြေးခြင်းက တော်ရုံပြဿနာ မဖြစ်နိုင်။ တယ်လီဖုန်းကိုကောက်
ယူ၊ ခြံထဲပြေးထွက်သွားသည့် သူငယ်ချင်းကိုကြည့်၊ ကားပြေးယူ၊
မောင်းထွက်၊ လိုက်၊ အရူးတစ်ပိုင်းက လမ်းမပေါ် ပြေးနေသည်။
နေထိုက် ... ထူးသစ်ကိုကျော်၍ ကားကိုရပ် ...။

"ဟေ့ကောင် ... တက်"

ထူးသစ် ခုန်တက်သည်။

"ဘယ်လဲ ... အရူးတစ်ပိုင်း"

ထူးသစ် အဲသည်လောက်ထိ မှုန်ထူ၏။ မမအိမ်သို့
သွားဖို့ ပြေးထွက်လာခဲ့သည်။ တကယ်ဆို ... မမ အိမ်မှာရှိနိုင်ပါ့
မလား။ ဆေးရုံတစ်ခုခုမှာ ရောက်နေရမှာပေါ့။ ဘယ်ဆေးရုံဆို
တာ ဒေါ်စိန်ကတော့ ဆက်ပြောပြမှာပဲ။ ထူးသစ်ကသာ ဝါကျကို
ဆုံးအောင်နားမထောင်ခဲ့ခြင်း ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



"မမ ... ကားဆက်ဆီးဒင့်ဖြစ်လို့"

"မင်းက ကားထက်မြန်အောင် ပြေးနိုင်မယ် ထင်နေလား"

နေထိုက် သဘောပေါက်၏။ မမအိမ်၊ ဒေါ်စိန့်ဆီ ဖုန်းဆက်၍ ဘယ်ဆေးရုံမှာလဲ မေးရသည်။

"ဒီလောက်မွန်ရသလားကွာ"

နေထိုက် စိတ်ပျက်လက်ပျက် ညည်းညူမိတော့သည်။ ထူးသစ် ဆိုသည့်ကောင် ... မမစိတ်နှင့်ရှူးပြီ။ တစ်ပိုင်းတောင်မက၊ တစ်ကိုယ်လုံး ရှူးပြီဟု ပြောချင်၏။ လုပ်ပုံကိုင်ပုံ ပွက အရူးနှင့်မခြား။

ဒီလောက် မွှန်နေမှတော့ အဲသည်အရူးကို ဘယ်ဆေးနှင့် ကုကြရတော့မည်နည်း။

✿ ✿ ✿

မမ အခြေအနေက မဆိုးလှပါ။

သတိရနေသည်။ ပွန်းပဲ့ဒဏ်ရာတချို့ရှိသည်။ ခေါင်းမှာ ပတ်တီးရှိသည်။ ခြေထောက်တစ်ဖက် ကျောက်ပတ်တီးတောင် စီးပြီးနေပြီ။ ဒဏ်ရာအားလုံး ... မကြာမီ (အလွန်ဆုံး တစ်လ) ကောင်းသွားမှာမို့ စိုးရိမ်စရာ မရှိပါ။ ဒေါ်စိန်က ဆေးရုံပေါ်ရောက် အခြေအနေအေးပြီးမှ ဆက်တာဖြစ်၏။ ဒေါ်စိန်ကတော့ ချက်ချင်းဆက်ချင်သား။ မမက တားထားသည်။ အားလုံးပြီး ခုတင်ပေါ်ရောက်လာတော့မှ မျက်ရည်တွေ ဝေါခနဲ စီးကျ၏။



"မမြရွက် ... သိပ်နာလို့လား"

"မဟုတ်ပါဘူး ဒေါ်စိန်ရယ် ... အားငယ်လို့ပါ။ အနားမှာ ဒေါ်စိန်ကလွဲရင် ဘယ်သူမှ မရှိဘူး၊ ကိုယ့်ဘဝကိုယ် အရမ်းဝမ်းနည်းတာပဲ"

ဒီလောက်ဆို ဒေါ်စိန် သဘောပေါက်ပါသည်။ ...စောတုန်းကတော့ သူပဲ ... ထူးသစ် စိတ်ပူရှာမည်။ ဆိုင်ဖွင့် ...က သိမ်းလက်စကြီး တန်းလန်းနှင့် အလုပ်ရှုပ်နေသည်။ ...ဘက်ကြီးလည်း ဖြစ်နေပြီမို့ ထူးသစ်ဆီ ဖုန်းမဆက်နှင့်ဟု ...ား၏။ ခုတော့ ... သူပဲ တွေ့ချင်ပြီ။ မိန်းမသားလေ။ ကိုယ် ...တွတစ်ခုခု ရောက်ချိန်မှာ အားကိုးရာ ရင်ခွင်တစ်ခုထဲဝင်၍ ...ချင်၏။ မိန်းမသားဗီဇနှင့် မှီတွယ်ခိုနားချင်ရှာမည်။ မြရွက် ... ...ူးသစ်ကို သိပ်ချစ်နေတာ ဒေါ်စိန် မသိဘဲ နေပါ့မလား။

"ကိုထူးသစ်ဆီ ဖုန်းဆက်လိုက်ရမလား"... ထပ်မ ...းတော့ပါ။ မေးလျှင် "မဆက်နဲ့"... ဟု တားချင်တားဦးမည်။ ...တော့ ... သူပဲ ငိုဦးမည်။ ဒေါ်စိန် ... ကိုယ့်သဘောနှင့်ကိုယ် ...ဘက်ဆက်တော့လည်း မတားရှာ။ မျက်ရည်စလေး သိမ်း၏။ ...ူးသစ် ရောက်လာတော့ ဝင်းလက်သွားလိုက်ပုံများ၊ မြရွက် ...က်နှာဟာ တန်ဆောင်မုန်းလပြည့်နေ့ လမင်းကြီးနှယ် ... ဟု ...ာ ဒေါ်စိန် တင်စားလိုက်ချင်ပါတော့သည်။

"မမ"

ထူးသစ် မထိန်းနိုင်တော့၊ ဦးခေါင်းပိုင်းကို ကျုံး...

www.burmeseclassic.com

www.burmeseclassic.com



"မမကို လက်ထပ်မယ်။ ကျွန်တော် အလုပ်နဲ့ အကိုင်လည်း ဖြစ်ပြီ။ ကျွန်တော် ... မိန်းမတစ်ယောက်ကို ကျွေးနိုင်ပါပြီ"

ဒဏ်ရာနှင့်မို့ မြစွက် ဦးခေါင်းက နာပါသည်သို့ပေမဲ့ ... မပြောရက်သည်မို့ ကြိတ်ခံလိုက်ရ၏။

"ကိုထူးသစ်၊ မမြစွက်ခေါင်းက ဒဏ်ရာကြီးနဲ့၊ နာမှာပေါ့ ဟိုမှာ ရှုံ့မဲ့နေပြီ"

"ဟာ ... ဆောရီး မမရယ်"

နေထိုက်က မချိမဲ့နှင့် ပြုံး၏။

"မမ ခုလို နေထိုင်မကောင်း ဖြစ်ချိန်မှာ ကျွန်တော် ပိုင်ပိုင်နိုင်နိုင် ပြုစုချင်တယ်။ အိမ်မှာ အပုလေးတစ်ယောက်တည်းမုလား၊ ဒေါ်စိန် ပြန်မှဖြစ်မယ်၊ ဆေးရုံမှာ မမတစ်ယောက်တည်း ...

"နာ့စ်ရှိတယ်လို့ မပြောနဲ့။ နာ့စ်က ပြုစုတတ်တယ် ဆိုပေမယ့် ဆွေမျိုးတော်တာ မဟုတ်ဘူး၊ ကိုယ်ခန္ဓာကိုသာ ပြုစုနိုင်မှာ၊ စိတ်ပိုင်းဆိုင်ရာ နွေးထွေးမှုနဲ့ အားရှိအောင် သူ လုပ်မပေးနိုင်ဘူး ...

"ကျွန်တော် ... ညစောင့်အိပ်မယ်နော် မမ။ မနှင်ပါနဲ့။ မသင့်တော်ဘူးထင်ရင်၊ မမနဲ့ ကျွန်တော်နဲ့ အခုလက်ထပ်မယ်။ ကျွန်တော့်ကို ပြုစုခွင့် ပေးပါ"

မမ ... ငိုလေသတည်း။



ပြီးတော့ ... ပြုံး၏။ ငိုစဉ်က ရှိုက်ကြီးတငင်။ ပြုံးတော့မှ အပြုံးမှာ အားမရှိ။ အငိုနှင့် အပြုံးတို့ ယှဉ်ပြိုင်လျှင် အငိုက နိုင်ပါသည်။

"ထူးသစ် အဲဒါမျိုး ပြောလိုက်တိုင်း မမမှာ ဝေဒနာတစ်ခုခု ကျရောက်ကပ်ငြိနေတဲ့ အချိန်ချည်းပဲ။ ချစ်တယ်ပြောတုန်းက မမ ဖျားနေတယ်"

ထူးသစ် ခေါင်းညိတ်၏။ အဲဒီလို အချိန်မျိုးတွေမှာ တစ်ယောက်တည်း ဖြစ်နေရှာသည့် ဆွေမဲ့မျိုးမဲ့ အားကိုးရာမဲ့ မမကို အသနားလွန်ပြီး ပေါက်ကွဲသွားတာချည်း။

"ခု ... ကားအက်ဆီးဒင့် ဖြစ်တော့၊ လက်ထပ်မယ် ဖြစ်ပြန်ပါလေရော။ ထူးသစ်က မမကို သနားတာပါ။ ကရုဏာဖြစ်တာပါ။ မမဒုက္ခရောက်ပြီး ခိုကိုးရာမဲ့နေတာကို မကြည့်ရက်တာပါ ...

"ဒါကို ကယ်တင်ရှင်သူရဲကောင်း လုပ်ချင်စိတ်ဟာ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့မှာ ရှိတတ်ကြပါတယ်။ အဲဒါကို အချစ်လို့ မထင်ပါနဲ့။ ရောထွေးပြီး မှားတတ်တယ်။ မမကလည်း ထူးသစ်ကို ဆွေလိုမျိုးလို တအားခင်နေတာပဲ ရှိတယ် ...

"မမမှာက ဆွေမရှိ မျိုးမရှိ သူငယ်ချင်း မိတ်ဆွေတောင် ရှိတာမဟုတ်တော့ ထူးသစ်တို့ သူငယ်ချင်းအစုသိုက်ကိုပဲ အရမ်းခင်၊ အရမ်းအားကိုးနေမိတာ။ မမ ... ထူးသစ်ကို ချစ်နေတယ်လို့ မထင်ပါနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"မမရဲ့ အနေအထိုင် အပြောအဆိုတွေက ထူးသစ် အထင်အမြင်မှားစရာ ဖြစ်နေမယ်ဆိုရင် မမ တောင်းပန်ပါတယ်။ မမ အမှားပဲ ဖြစ်မယ်၊ မမ အနေအထိုင်မတတ်တာ ဖြစ်မယ်။ ထူးသစ် အထင်လွဲပြီး သူ့ရဲကောင်းဝင်လုပ်ဖို့ စိတ်ကူးကို ဖျက်ပစ်ပေးပါ ထူးသစ်ရယ်"

"မမ ... ဗျာ"

ထူးသစ် ခေါင်းခါ၏။

တံခါးခေါက်သံ ထွက်လာသည်။ ရရှိထားပြီဖြစ်သော ညဆရာမနှင့် ဒေါ်စိန်တို့က တံခါးသွားဖွင့်သည်။ ဒေါ်စိန်က ပြန်တော့ဖို့ပါ၊ သို့ပေမဲ့ ... ဒေါ်စိန် ... ဆရာမနှင့်အတူ ပြန်ဝင်လာ၏။ မျက်နှာပျက်နေသည်ဟု ထင်ချင်ဖွယ်။ သူတို့နောက်မှာ သုံးဆယ်ကျော်ခန့် အမျိုးသားတစ်ဦး၊ အသက်ငါးဆယ်ခန့်၊ နည်းနည်းကြီးသော အမျိုးသားတစ်ဦး ... နှစ်ဦးပါလာသည်။ မမနားသို့ ရောက်၏။

မမ ... မျက်နှာ၊ ဖွေးခနဲ သွေးဆုတ်လေသတည်း။

✿ ➤ ✿

လူနာခန်းက ကျယ်ဝန်းသည်မို့ ညှော်သည်ထိုင်ဖို့ ဆိုဖာဆက်တီ လေး,ငါးယောက်စာရှိ၏။ ထိုင်နေပြီးသား နေထိုက် ထပေးရန် မလိုပါ။ မမ ခုတင်နားမှာ ကပ်ရပ်နေသည့် ထူးသစ်က လှမ်းကြည့်သည်။ ဆရာမက ညှော်သည်တွေ များလာသည်မို့



အပြင်ထွက်ပေး၏။ ဒေါ်စိန်က ခပ်လှမ်းလှမ်းမှာရပ်လျက်။ ထူးသစ်က အမျိုးသားနှစ်ဦးကို လှမ်းကြည့်သည်။

သုံးဆယ်ကျော်ခန့်ဟု ထင်ရသော ပုဂ္ဂိုလ်ကို သေချာကြည့်ရင်း ... ငါနှင့် တူသလား ... ဟု တွေးမိရလေ၏။ အဲသည်ပုဂ္ဂိုလ်သည် ထူးသစ်နှင့် ညီအစ်ကိုပါဟု ပြောလျှင် ယုံနိုင်ဖွယ်ရှိသည်။ အဲသည်လို တွေးမိရတာကလည်း မမက သူ့အစ်ကိုနှင့်ဘူလို့ပါ ... ဟု ကိုပြောထားတာကြောင့် ဖြစ်၏။ မမသာ ကိုပြောမထားလျှင်တော့ တွေးမိစရာ မရှိပါ။ မတူဘူးဆိုလည်းရသည်။ တူတယ် ... ဆိုလည်း ရသည်။

ငါးဆယ်ခန့် အမျိုးသားက မြင်လိုက်ရုံနှင့် "သူဌေးတစ်ဦး" ဟူ၍ ချက်ချင်းသိသာသည်။ အရောင်အဝါတို့ လျှံထွက်နေသလား ထင်ရသည်။ စင်စစ် ... ထူးသစ်သည် ယောက်ျားတစ်ဦးအနေနှင့် လူချောစာရင်းဝင်ဖြစ်၏။ သုံးနိုင် စွဲနိုင်သည်။ မိဘက သူဌေးမို့ ထူးသစ်သည် သူဌေးသား။ ခုတော့ ... စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်ပြီ။

အဲသည်ပုဂ္ဂိုလ်က သူဌေးသား ... ဆိုသည့် အဆင့်လောက်ကို မက,ပါ။ ကိုယ်တိုင် သူဌေး၊ လှမ်းဝင်လာပုံ၊ မျက်နှာထားနှင့် မေးခပ်ပင့်ပင့်ပုံစံ၊ ဝတ်ထားသည့် အဝတ်အစားတွေက ထူးသစ်တို့ကဲ့သို့ပင် ဈေးကြီးအဖိုးတန်ချင်း တူပေမယ့် ထူးသစ်တို့ကျတော့ လှုငယ်ဆန်နေ၏။ သူကကျတော့ ဝင့်ထည်ခန့်ညားနေ၏။ လူကြီးလူကောင်းပုံစံ ထွက်နေ၏။ အသက်၏ရင့်ကျက်မှုကလည်း ကျက်သရေတစ်မျိုးကို ဆောင်နေသလိုဖြစ်၏။ မိဘာက

www.burmeseclassic.com

ကြီးကို ခါးစောင်းတင်လျက် အရာရာမှာ အောင်မြင်ထွန်းပေါက်နေသည့်ပုံ ပေါ်၏။ ပြီးတော့ ... နိုင်ငံတကာ ဝင်ဆန့်ပုံရနေတာလည်း သိသာသည်။ မြန်မာပြည်နှင့် နိုင်ငံခြားတို့ကို အိမ်ဦးနှင့်ကြမ်းပြင် ကူးသန်းနေပုံလည်းရ၏။

ဒီလိုလူမျိုးတွေကို တွေ့ဖူး မြင်ဖူးနေသည်။ မမေမေနှင့် ဆက်ဆံနေတာတွေလည်း ရှိသည်။ အဲဒါကြောင့် လူတစ်ယောက်ကိုမြင်လျှင်၊ သူဌေးကုန်သည် စီးပွားရေးသမားလား၊ ရာထူးကြီး ဝန်ထမ်းလား ဆိုတာလည်း ခွဲခြားနိုင်သည်။ အသက်ငါးဆယ်ခန့် ပုဂ္ဂိုလ်သည် တော်ရုံလူတွေထက် တစ်ဆင့်သာလျက် သူက လူပေါ်လူဇော်လို ဖြစ်နေ၏။ စိတ်ဓာတ်ရေးရာအနေနှင့် ကျတော့ ကောင်းချင်လည်း ကောင်းမည်၊ ဆိုးချင်လည်း ဆိုးမည်။ အဆင့်နိမ့် အောက်တန်းကျစွာ ကောက်ကျစ်လုမည့်ပုံ မပေါ်သလို သူ့အတွက်ဆိုလျှင်တော့ တစ်ကိုယ်ကောင်းဆန်ဖို့ ဝန်မလေးသည့်ပုံလည်း ပေါ်၏။

ဘာပဲဖြစ်ဖြစ် ... မမကို တစ်ချက်လှမ်းကြည့်။ ခပ်လျော့လျော့ တစ်ချက်ပြုံးပြတာ၊ မမခုတင်နား မကပ်ဘဲ ဆိုဖာဆက်တီတွေအပေါ်မှာ သွားထိုင်လိုက်သည့် အဲသည်ပုဂ္ဂိုလ်ကို ထူးသစ် "ရှိန်"သွားမိတာတော့ အမှန်ပင်။ နည်းနည်းငယ်သည့် သုံးဆယ်ကျော်ကလည်း သွားထိုင်သည်။ ထူးသစ် ... ခွေးဆုတ်နေသည့် မမနှင့် ခုတင်နား(ဘာကြောင့်မှန်းမသိ)ဆက်ရပ်နေဖို့ ဝန်လေးလာကာ၊ သူပါ ဆိုဖာဆက်တီတွေဆီ လျှောက်လာမိတော့သည်။



ကိုယ်နှင့် ခပ်ဆင်ဆင် တူချင်သလိုလို ပုဂ္ဂိုလ်ဘေး ဝင်ထိုင်၏။ တစ်ချက် ပြုံးပြလိုက်သည်။

"ကျွန်တော် ... ထူးသစ်ပါ။ မမရဲ့အစ်ကို ထင်ပါတယ်"

ထိုသူ ပြန်ပြုံးပြ၏။

"ရပ်ဆွေရပ်မျိုးတွေ ဆိုပါတော့။ တစ်ရပ်ကွက်ထဲ နေခဲ့ဖူးတယ်"

သြော် ...။ မမရဲ့အစ်ကို မဟုတ်ပါလား။ မမ ပြ ဖူးသည့် ဓာတ်ပုံထဲမှ လူမှန်းတော့ သေချာသလောက်ပါပင်။

"ကျွန်တော့်နာမည် မြတ်ခန့်ပါ"

"ဟုတ်ကဲ့ ... အစ်ကိုမြတ်ခန့်၊ ကျွန်တော်တို့အဖွဲ့က မမရဲ့ မိတ်ဆွေတွေပါ။ ကျွန်တော့်သူငယ်ချင်း ... နေထိုက်ပါ"

နေထိုက်က လှမ်းပြုံး၍ "ဟုတ်ကဲ့"... ဟု ဆို၏။

က်တွေ ဘာတွေ ထွက်လာ၊ ဆွဲနှုတ်ဆက် ... ဆိုတာတွေ ပ်ဖြစ်ချေ။ ကိုမြတ်ခန့်က သူ့ဘေးမှပုဂ္ဂိုလ်နှင့် ထူးသစ်ကို ဆက်မပေးချေ။ ထူးသစ်က စောစောတုန်းကလို ... ကျွန်တော် သစ်ပါ ... လုပ်ရကောင်းလား တွေးဆဲ ... ထိုပုဂ္ဂိုလ်၏ ကြည့်က မမဆီသို့ ရောက်လေ၏။

"ဘာလိုလဲ"

"မလိုပါဘူး"

မမ ဖြေပုံက ကျိုးနွံလွန်းနေ၏။

"လူနာသတင်းမေး လာတာ၊ ကိုမြတ်ခန့်က ဒေါ်စိန်ကို လှမ်းတွေ့လိုက်တယ်ဆိုလို့ ရီဆက်ရှင် (Recepition)မှာ မေးပြီး လာကြည့်လိုက်တာ၊ လိုတာရှိရင် ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com

"မလိုပါဘူး၊ ပြည့်စုံပါတယ်"

"ကားမောင်းက ... ခုထိ မကျွမ်းသေးဘူးလား"

မေးပုံထောက်တော့ ... မမ အရင်ကလည်း ဒီလို ဟိုဝင်တိုက် ဒီဝင်တိုက် ဖြစ်ဖူးပုံရလေ၏။ မမက ပြန်မဖြေ

"မနေ့ကမှ ရောက်တာ၊ သန်ဘက်ခါ ပြန်မယ်"

"ဟုတ်ကဲ့"

"ဒေါ်စိန်က ဂရုစိုက်တယ် မဟုတ်လား"

"ကျွန်မ ... ဂရုစိုက်ပါတယ် ဆရာ"

ဒေါ်စိန် ဝင်ဖြေပုံက ပိုကျိုးနွံကာ ခေါင်းကလေး ကိုယ်ကိုပါ တစ်ချက်ကိုင်းလိုက်သေး၏။

"သွားမယ်"

ခုပဲရောက်၊ ခုပဲပြန်။ ထိုလူ မတ်တတ်ထရပ်သ နှင့် ကိုမြတ်ခန့်ကလည်း လိုက်ရပ်သည်။ သူကပါ ... သွားမယ် တစ်ခွန်းဆို၏။ နှစ်ယောက်သား ထွက်သွားလိုက်ကြတာ၊ နော ကြောင်းပြန်မကြည့်၊ သံယောဇဉ်ကင်းလှသလို၊ ထူးသစ်တို့ လည်း နှုတ်ဆက်မသွားကြပါ။

"အဲဒါ ဘယ်သူတွေလဲ မမ"

ထူးသစ် ... မြရွက်ခုတင်နားသို့ ဝုန်းခနဲ ပြန်ရော သည်။ မေးခွန်းဝါကျက တောက်ဆတ်၏။ မမ ... မျက်ရည်ပေ နှ ကျသည်။

"မမ ... ကျွန်တော် မေးနေတယ်လေ၊ အဲဒါ ဘယ်သူ လဲလို့။ မမ အစ်ကိုဆိုတဲ့သူ မဟုတ်လား။ သူကကျ



မဟုတ်ဘူး ဆိုပါလား။ မမကကျတော့ တစ်ဝမ်းတည်း ကွဲသေးတယ်တဲ့"

"ကိုထူးသစ်"

ဒေါ်စိန်က ထူးသစ်နားသို့ ရောက်လာသည်။

"မမြရွက်က သူ့အကြောင်းတွေ ပြောပြဖို့ ဒေါ်စိန့်ကို ပြောထားပါတယ်၊ ဒေါ်စိန့်ကိုပဲ မေးပါ"

"ဒါဆိုလည်း ... ဒေါ်စိန်ပဲ ပြောပေါ့၊ ဘယ်သူတွေလဲ"

"ကိုမြတ်ခန့်ကတော့ ရုပ်ဆွေရုပ်မျိုးပါ။ ဆရာ့ဆီမှာ မန်နေဂျာသဘော လုပ်ပါတယ်။ ဆရာ ... ဆရာ ... ဦးသီဟန်တိုးက ..."

"ဟိုအသက်ကြီးကြီးလူလား"

"ဟုတ်ပါတယ် ... အဲဒါ ဆရာဦးသီဟန်တိုးပါ။ ဟို ... မ ... မြ ... မြရွက်ရဲ့ ခင် ... ခင်ပွန်းပါ"

ကမ္ဘာကြီး ပျက်လေသတည်း။

www.burmeseclassic.com



"မြရွက်"ဆိုသည့်နာမည်ကို "မြရွက်ညို"တို့ဆွေ
စုက တော်တော်မြတ်နိုးကြသည်ထင်ပါရဲ့။

ဘွားဘွားရဲ့အမေက ဒေါ်မြရွက်။ မြရွက် ဆိုသေ
နာမည် ... အဲသည် ဘွားဘွားကြီးမှ စတင်ခဲ့သည်။ ဘွားဘွားကြ
ဒေါ်မြရွက်က မွေးသော ဘွားဘွားနာမည်က "ဒေါ်မြရွက်တင်"
ဘွားဘွားကြီးက သမီးချည်း နှစ်ယောက်ဆက်တိုက်မွေး၊
ယောက်လုံး အဖတ်မတင်၊ နာမည်တောင် သေချာမပေးလိုက်ရသေ
မီအချိန်တွေမှာဆုံးကြ။ ဘွားဘွားကို မွေးလာတော့ အဖတ်
အောင်လို့ဟုဆိုကာ၊ မွေးမွေးချင်း "မြရွက်တင်"... ဟု အမည်
လိုက်သည်။

တိုက်ဆိုင်မှုက အဲသည် "မြရွက်တင်"ကလေ
အဖတ်တင်၏။ အသက်ရှည်၏။ ရှည်ဆို ... အိမ်ထောင်သားရ
ကာ မြေးရသည်အထိ၊ မြေးမကို အိမ်ထောင်ချပေးလိုက်နိုင်သ



အသိ အသက်ရှည်၏။ ဒေါ်မြရွက်တင်က သားမွေးတော့ "မြရွက်"
သည့်နာမည်ကို မပေးရပါ။ သားချည်းနှစ်ယောက်တိတိမွေး၏။
သားကြီးက သဘော်လိုက်သွားသည့်နေ့မှစ၍ စာမလာ သတင်း
ကြား၊ အဆက်အသွယ်လုံးဝပြတ်၊ သေသလား ရှင်သလားမသိ။
နှစ်ကြာတော့ "သေပြီ" ... ဟု သတ်မှတ်ကာ ဆွမ်းသွပ်ပေး
လိုက်သည်။ နောက်ထပ်နှစ်တွေသာကြာလာခဲ့၊ အဆက်ကတော့
ပြတ်သည်ထက်သာ ပြတ်တော့၏။

"သဘော်ပေါ်မှာ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်ရင်
သဘော်ကုမ္ပဏီက တာဝန်ယူပြီး အကြောင်းကြားပေးတာပဲ၊
မင်းသားက သဘော်ကမ်းကပ်တုန်း၊ သဘော်ပေါ်က ခုန်
ဆင်းနေခဲ့တာဖြစ်မယ်၊ အဲဒီမှာပဲ ... သေလေသလား၊ ရှင်
လေသလား၊ သေပြီပဲ ထင်ပါတယ်"

ဘိုးဘိုးရှိတုန်းက အဲသည်လို မှတ်ချက်ချဖူးသည်
ဘိုးဘိုးလည်း အသက်ရှည်လှသည်မဟုတ်၊ နေမည်ဆိုလျှင်
နေနိုင်သေးသည့်အရွယ်မှာပင် ကွယ်လွန်ခဲ့သည်။ သားအငယ်
နှင့်၏။ အဲသည်သားအငယ်က အိမ်ထောင်ကျ၊ ဒေါ်မြရွက်တင်က
သဘောမတူ၊ သို့ပေမဲ့ လူခွဲကမရှိတော့၊ သားနှင့် ချွေးမနှင့်ပဲ
တည့်အတူနေ။ သားငယ်မှမွေးသော သမီးသည် "မြရွက်ညို"။

မြရွက်ညို ရှစ်နှစ်သမီးမှာ အမေကွယ်လွန်၏။
အမေနှင့် အဘိုးတို့ အသက်တိုကြသည်။ သွေးရိုးသားရိုးနေထိုင်
ကောင်းဖြစ်ကြကာ၊ ဆေးရုံတင်၊ ကုမရသည့် နောက်ဆုံးမှာ
ကွယ်လွန်သွားကြတာဖြစ်လျက်၊ ဘာရောဂါတွေမှန်း မြရွက်ညို

www.burmeseclassic.com

www.burmeseclassic.com



သော်ပါ။ ငယ်လွန်း၏။ ကလေးရှေ့မှာ လူကြီးတွေက ရော အကြောင်း ဆွေးနွေးလျှင်လည်း ကလေးက နားလည်မည်မဟု ပါ။ မြရွက်ညိုတို့အိမ်မှာ မတည့်သောသမီးယောက္ခမနှစ်ယော နှင့် မြရွက်ညို ... မိန်းမသားသုံးယောက် တစ်အိမ်တည်းနေ အဘွားနှင့် အမေက တကျက်ကျက်ရန်ဖြစ်၊ အိမ်တွင်းရေး ပူလောင်။ စီးပွားကို ကြိုးစားပမ်းစားရှာဖွေမည့်သူမရှိ။ တဖြည်းဖြ ဆင်းရဲကျပ်တည်းလာလိုက်တာ မြရွက်ညိုကလေးကို ကျောင်းထာ ဖို့တောင် အနိုင်နိုင်ဖြစ်လာ၏။ အဲသည်အချိန်မှာ ... အမေ နော အိမ်ထောင်ပြုပါသည်။

"ငါ့မြေးကို ခေါ်မသွားနဲ့"

အမေက ခေါ်ရှာပါသေးသည်။ အဘွားကမထည

"ညည်းက နောက်လင်နဲ့။ သမီးမိန်းကလေး အရွယ်ရော လာရင်၊ ပထွေးနဲ့ ဖြစ်မလား"

"အမေနဲ့နေခဲ့ရင် ... ကျွန်မသမီး ငတ်သေလိမ့်မယ်"

"ငတ်မှာစိုးရင် အဝေးကထောက်ပေါ့"

"သူ့ပါ ဝိုင်းစားချင်လို့" ... ဟု အမေက ကွယ် မှာပြောသည်။

"လိုက်မလား" ... ဟု အမေက ကျိတ်မေးပါသေ သည်။ မြရွက် ခေါင်းခါမိသည် ထင်ပါရဲ့။ အဲဒါ ... ပထွေး တာကြီးကို ကြောက်လို့ပါ။ လမ်းထဲမှာ ... ပထွေးကမူ မယားပါသားကို ကျွဲရိုက်နွားရိုက် ... ရိုက်နေတာမြင်ဖူးသည ပထွေးနှင့်နေရလျှင် အရိုက်ခံရမှာကြောက်သည်။ အဘွားနှင့်



တော့လည်း အငတ်ငတ်အပြတ်ပြတ်၊ ဝတ်ရသည်က အစုပ်စုပ် ပြီပြီ။

"ညည်းအမေက ဝတ်ကျေတန်းကျေ ခေါ်တာပါ၊ တကယ် ဆို ... ဖွတ်ခေါ်ပါလား၊ သူက အမေ၊ ငါက အဘွားပဲ၊ သူက ပိုပိုင်တာ၊ သူတောင် လင့်မျက်နှာအတော်မော့ဖူး နေရမှာ ... ဟိုမှာက သားကြီးသမီးကြီးတွေနဲ့"

နားလည်လှသည်တော့မဟုတ်ပါ။ အဘွားက ဘက်တို့မယ်ရ ကျရာကြုံရာလုပ်ကိုင်၍ ကျွေးမွေးရာမှာ မြရွက်ညို ကျောင်းတစ်ဖက်၊ ပျက်တစ်ဝက်နှင့် ချက်ရပြတ်ရ၏။ မေးပွဲကအောင်သည့်နှစ်အောင်၊ မဖြေဖြစ်လိုက်သည့်နှစ်လည်း သူများတွေပြောကြတာတော့ အမေက သူများ"မယားငယ်" ဲ့။ အစပိုင်းမှာ အမေက ပိုက်ဆံလေးဘာလေး နည်းနည်းပါးပါး ထောက်သည်။ တစ်ခါတစ်ရံ လာတွေ့သည်။ တစ်နှစ်ကျော်လောက် ကြာတော့ လူရောငွေပါ ပေါ်မလာတော့ချေ။ အမေ့ယောကျ်ားက ကန့်သွား၍ ကျောက်တူးသည်ဆိုလား၊ အမေပါ ိုက်သွား သည်ဆိုလား၊ စာမလာသတင်းမကြားနှင့် ... လုံးဝ အဆက်အသွယ် ပြတ်သွားလိုက်သည်မှာ၊ အမေ သက်ရှိထင်ရှားမှ ရှိနေသေးရဲ့လား မသိပါ။ အမေ့ကိုကျတော့ အဘွားက ဆွမ်းသွပ်မပေးပါ။

"သေပြီထင်ပါရဲ့" ... ဟု မပြော။

"နောက်လင်နဲ့ နောက်သားသမီးတွေနဲ့ ပျော်နေရော ပေါ့။ ညည်းကို ... ငါ့ လက်ကလွတ် ... ဖွတ် ... ဆိုပြီး ဖိနပ် ခုပ်တစ်ဖက်လို လွှင့်ပစ်ခဲ့တာ"... တဲ့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှာ စာစီစာကုံးခေါင်းစဉ် "မိဘကျေးဇူး"
ဆိုတာကိုရေးရတော့ မြရွက်ညိုအဖို့မှာ တော်တော်ကြီးပင် ခက်
ရတော့သည်။ မိဘစုံညီရှိစဉ်က မိဘကျေးဇူး ဘယ်လောက်ကြီး
မှန်း (တော်တော်ငယ်သေးသည့် ကလေးမို့) မသိခဲ့ပါ။ သိအောင်
ပြောပြရှင်းပြမည့်သူလည်း မရှိခဲ့ချေ။ အဘိုးရှိတုန်းက အဘိုးက
ဆယ်တန်းအောင်သည့်ဆိုလား။ အဘွားက ဆယ်တန်းကျ။ သဘော်
တက်သွားသည့် ဘကြီး ဘယ်နှတန်းထိ ကျောင်းနေဖူးလဲမသိ
အဖေက ဆယ်တန်းနှစ်ခါကျ။ အမေက ရှစ်တန်းထိပဲ ကျောင်း
နေပြီး အဖေနှင့် လိုက်ပြေးခဲ့တာတဲ့။

မိဘအိုးဘွားလက်ထက်မှစ၍ ပညာမတတ်၊ အသ
ဉာဏ်မကြွယ်၊ သားသမီးကို ဘယ်လိုပြုစုပျိုးထောင်ရကောင်းမှန်း
မသိ၊ မဆုံးမတတ်၊ မျက်စိနောက်လာလျှင် ကောက်ရိုက်ပစ်လိုက်
သည့်ပုံစံမှာ မျက်နှာငယ်ငယ်နှင့် ကြီးပြင်းခဲ့သည့် မြရွက်ညိုလေး
က တော်တော်အေးသည့်ကလေး … ဟု အဆိုရှိပါသည်။ အေး
အေးတာလား၊ ခပ်ဖျင်းဖျင်း ခပ်ထုံထုံဖြစ်နေတာလားတော့မသိ
စကားနည်းသည်၊ အချိန်မတန်မီကတည်းက ချက်ရပြုတ်ရ လျှော်
ရဖွပ်ရသည်။ ဆင်းရဲချို့တဲ့သူမိုလားတော့မသိ မြရွက်ညိုက
တစ်မျိုးဖြစ်နေလို့လားမသိ၊ ကျောင်းမှာ သူငယ်ချင်းလည်းမရှိ
စကားနည်းကာ မုန့်လည်းဝယ်မစားနိုင်သော ကျောင်းသူတစ်
ယောက်မှာ ရင်းရင်းနှီးနှီးသူငယ်ချင်း မရှိချေ။

အိမ်မှာကျတော့လည်း အဘွားနှင့်မြေး နှစ်ယောက်
တည်းမှာ ပြောစရာစကားက မရှိလှချေ။ အိမ်ပြန်ရောက်လျှင်



အလုပ်လုပ်။ ပြီးလျှင် … အိပ်လျှင်အိပ်၊ မအိပ်လျှင် စာကျက်။
အိပ်များလျှင် အဘွားကဆူ၏။ စာကျက်များလျှင်မဆူ။ မြရွက်
စာကျက်နေလျှင် အဘွားက လှမ်းကြည့်ပြီး လုပ်စရာရှိတာ
များတောင် မခိုင်းဘဲ သူ့ဘာသာလုပ်သွားတတ်တာမို့ မြရွက်
က စာချည်းကျက်နေလိုက်တော့သည်။ အဆူလည်း မခံရ၊
လုပ်တာဝန်လည်း လျော့သေး။ ဤနည်းအားဖြင့် ဖြေသမျှ
မေးပွဲတို့အောင်ပေမယ့်၊ တချို့နှစ်တွေ မဖြေဖြစ်ပါ။ ငှားနေ
သာအိမ်က လခမပေးနိုင်တော့၍နှင်ချ။ အဘွားက ပိုက်ဆံပေး
ဆင်းမည်ဆို၍ အိမ်ရှင်က ပေးလိုက်၊ ယင်းငွေဖြင့် နောက်
တစ်ရပ်ကွက်ပြောင်းပြီး အိမ်စပေါ်တင်။

ကျောင်းချိန် ကိုးလိုးကန့်လန့်ဖြစ်တော့ အဲသည်နှစ်
ကျောင်းပျက်ရ။ နောက်တစ်နှစ်မှ ပြန်တက်။ ကျောင်းမတက်ရသည့်
တစ်ဝက်တစ်ပျက်ကြီးတွေမှာဆိုလျှင် မြရွက်ညို ပင်ပန်းပြီသာ
တော့ပေတော့။

အိမ်အလုပ်တွေအားလုံး လုပ်ရသည်။ အပ်ချုပ်ဆိုင်
အကျီလေးတွေကို လက်ချုပ်လိုက်ပေးဖို့ သွားယူရသည်။ အိမ်
လက်ချုပ်ကလေးတွေ လက်ခစားလိုက်၊ အားရသည်ဟူ၍မရှိ။
ကျက်စရာလည်းမရှိ။

အဲသည်ဘဝထဲကို ပထမဆုံး ဝင်ရောက်လာသော
သူစိမ်း"က အစ်ကိုမြတ်ခန့်။

"ကလေးကို ကျောင်းထားပါ ကြီးကြီးတင်၊ ကျောင်းစရိတ်
ကျွန်တော် ပေးပါမယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုမြတ်ခန့်က ရပ်ကွက်တည်းမှာ လူချစ်လူ
ပေါသော၊ ဝင်ငွေလေးမဆိုးသော၊ သဘောကောင်းသောသူဖြစ်
"ရော့ ... နင့်ဖို့ မုန့်ဖိုး" ... ဟုဆိုကာ မြရွက်လက်
ပိုက်ဆံလေးနည်းနည်းလာထည့်။
"မြရွက်ညို ကျောင်းစရိတ်" ... ဟုဆိုကာ အဘ
လက်ထဲ ပိုက်ဆံနည်းနည်းလာထည့်။
"အားတော့နာပါရဲ့ မောင်မြတ်ခန့်ရယ်၊ ကြီးကြီးတင်မ
ဒီမြေးအဘွားနှစ်ယောက်စားဖို့တောင် အနိုင်နိုင်ရှာနေရတာ
"မနာနဲ့ ကြီးကြီးတင်ရေ၊ ကျွန်တော် ဒီလိုဒါနမျိုးက
ယူချင်တာ။ ဗျောကြီးစည်ကြီးတီးပြီး၊ လှူတာကနည်းနည်
ပကာသနကများများဆိုတဲ့ ဒါနမျိုးကို အထင်လည်းမကြ
ဘူး၊ တတ်လည်းမတတ်နိုင်ပါဘူး၊ ကိုယ့်တနိုင်တပိုင်လေ
ထဲက စေတနာသန့်သန့်နဲ့ လှူရတာကို ပီတိဖြစ်တယ်
ရပ်ကွက်ထဲမှာ ဆေးဖိုးဝါးခမရှိ၍ ဆေးမကုနိုင်
များဆိုလည်း အစ်ကိုမြတ်ခန့်က ဆေးဖိုးလှူတတ်သည်။ သူ
မိသားစုက ချောင်ချောင်လည်လည်၊ မိဘနှင့်တကွ တစ်မိသား
လုံး သဘောကောင်းကာ၊ ရပ်ကွက်ထဲမှ မရှိဆင်းရဲသားတွေ
ကူညီထောက်ပံ့နေသည်မို့ တစ်ရပ်ကွက်လုံးက "သိကြားမင်းမိသား
စု"လောက်ကို လေးစားကြည်ညိုခြင်းကို ခံကြရလေ၏။ အားလုံ
ထဲမှာ လူပျိုကြီးကိုမြတ်ခန့်က သဘောအကောင်းဆုံး။ သူရှာ
ရသည့်ဝင်ငွေ ... မိဘကို ပြန်မပေးရ (မိဘက စားနိုင်ကျွေးနိုင်
သည်)သည်မို့ သူက ပိုက်ဆံလည်းပေါ၏။



"မြရွက် ... စာကျက်ရဲ့လား"
"ဟုတ်ကဲ့ပါ အစ်ကို၊ ကျက်ပါတယ်၊ အစ်ကို ခိုင်းစရာရှိ
ရင် ကျွန်မကိုခိုင်းပါ အစ်ကို၊ ကျွန်မက ဝေယျာဝစ္စနဲ့ပဲ
ကျေးဇူးဆပ်နိုင်ပါတယ်"
ကိုမြတ်ခန့်တို့အိမ်ပေါ်သို့ မြရွက် အဝင်အထွက်
ပါလေ၏။ ကိုမြတ်ခန့်မိခင်ကြီးအတွက်၊ ဆိုင်းချက်၊ ဝိုင်းလျှော်
ပေး၊ ညောင်းရင်ညာရင် နင်းနှိပ်ပေးသည်အထိ။ မြရွက်တစ်ယောက်
ကျောင်းချိန်မှလွဲလျှင် ကိုမြတ်ခန့်တို့အိမ်ပေါ်မှာချည်းလိုလို။ အဲသည်
အိမ်က ကျယ်လည်းကျယ်တော့ စာအုပ်တွေပါယူသွားပြီး၊ အလုပ်
ကလေးဘာလေးဝိုင်းလုပ်ပြီးလျှင် အဲဒီအိမ်မှာပဲစာကျက်၊ မသိတာ
ရှင်းတာရှိလျှင်လည်း ကိုမြတ်ခန့်ကိုပဲ လှမ်းမေးလိုက်လို့ရသေး
သည်။ အိပ်ချိန်နီးပါးမှ အိမ်ပြန်။ မြရွက်တစ်ယောက် ကိုမြတ်ခန့်
တို့အိမ်ပေါ်မှ မဆင်းရသလောက်။
မြရွက် အသက်ကလေးငယ်ပါသေးသည်။ လေတိုက်
သို့သစ်ရွက်လှုပ်လျှင်တောင် ရယ်ချင်သည့် မတည်မငြိမ်၊ စိတ်
ကစားရမည့်အရွယ်မှာ၊ လေးစားကြည်ညိုအားကိုးစရာ သူစိမ်း
ယောကျ်ားပုဂ္ဂိုလ်ကြီးက အနီးအနားမှာ အဆင်သင့်ရှိနေသည်။
မြရွက် ... ကိုမြတ်ခန့်ကို လေးစားသည်။ ကြည်ညိုသည်။ ကိုမြတ်
ခန့် စိတ်ကွက်သွားမှာကြောက်သည်။ ကိုမြတ်ခန့်နားမှာပဲ နေချင်
လာသည်။ ကိုမြတ်ခန့်မျက်နှာသည် မြရွက်အဖို့ ကမ္ဘာမြေပေါ်မှ
သမင်းကြီး၊ ကိုမြတ်ခန့်က သေဆိုလျှင် ဘိုင်းဘိုင်းလဲ၍ သေလိုက်မ
ည်။ ရှင်ဆိုတော့လည်း ခုန်ပေါက်မြူးတူးရွှင်လန်းနေလိုက်မည်။

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုမြတ်ခန့်သည်သာ … မိုခိုရာ၊ အားထားရာ ကြည်သိုလေးစားဖွယ်ရာ ကျေးဇူးရှင်ကြီး၊ ဤကမ္ဘာပေါ်တွင် မြရွက်ညို၏, တစ်ဦးတည်းသော "ပုဂ္ဂိုလ်"မှာ အစ်ကိုမြတ်ခန့်ပင်။

မြရွက် … ကိုမြတ်ခန့်ကို တွယ်တာမိလေသတည်း။

❁ ❥ ❁

ရိုးသော၊ အေးသော၊ ထုံထုံဖျင်းဖျင်းလို စကားနည်းလှသော၊ တည်ငြိမ်သော … မြရွက်၊ ပုံစံလုံးဝပြောင်းလဲသွားသည်။ ကိုမြတ်ခန့်အတွက်ဆိုလျှင် ပျာယာခတ်၏။ ဂနာမငြိမ်၊ ဣန္ဒြေမရှိ၊ စကားတွေအများကြီးပြော၊ ဟေးလားဝါးလားရယ်၊ သွက်လက်ဖျတ်လတ်၊ လှုပ်ရှား …။ တဖြည်းဖြည်းနှင့် မှုတတ် နွဲ့တတ်ချွဲတတ်လာ၊ မျက်စောင်းတွေထိုး၊ လက်သီးဆုပ်ကလေးနှင့် ထုရိုက်၊ ဘာမဟုတ်တာလေးနှင့် မျက်ရည်ကျ။ ကိုမြတ်ခန့်အဝတ်အစားတွေလျှော်ပေး၊ မီးပူတိုက်၊ ကိုမြတ်ခန့် အလုပ်မှပြန်လာလျှင် ထမင်းခူးကျွေး။ ညနက်သန်းခေါင်နီးပါးမှ ကိုယ့်အိမ်ကိုယ်ပြန်အိပ်။

ပထမဆုံး စတင်မျက်စိနောက်သူက ကိုမြတ်ခန့် မေမေ။

"ကောင်မလေးကြည့်ရတာ အလုပ်မဟုတ်တော့ဘူး သား မေမေ မျက်စိနောက်လာပြီ"

"ဟုတ်ပါရဲ့၊ ခုတလောကို ပျာလောင်ပျာလောင်နဲ့ ကျွန်တော်လည်း သတိထားမိပါတယ်"



"သား … သူ့ကို ဂရုစိုက်ကူညီတာ လျှော့တော့၊ မိုက်ဆဲလေးဘာလေးထောက်ပံ့ချင်ရင်တောင် သူ့အဘွားလက်ထဲ သွားထည့်တော့၊ ပြီးတော့ … သားကိုယ်တိုင်က ခပ်ကင်းကင်းနေလိုက်မှဖြစ်မယ်"

"ဟုတ်ကဲ့"

ကိုမြတ်ခန့်မှာ လက်ထပ်ဖို့ရည်မှန်းထားသော ချစ်သူ … သည်။ ကိုမြတ်ခန့်၏စိတ်က မြရွက်အပေါ် လုံးဝ ညီမလေး … ယောက်လို။ မပြည့်မစုံရှာသူလေးမို့ ပညာဒါနယူလိုခြင်းသက် … သာ။ ပြောင်းလဲလာသည့်ကောင်မလေးအပေါ်မှာ "အခွင့် … ရေး"ပဲ … ဟူ၍ အမြတ်ထုတ်လိုစိတ်မရှိ။ စောင့်ကြည့်အကဲ … တော့ … မြရွက်ညို၏ အတွင်းသဘောကို ရိပ်မိလေ၏။ … ယ်ကျော်သက်လေး … စိတ်ကစားပြီ။ ပြီးတော့ … တကယ် … ယ်တာသွားတာလည်းဖြစ်နိုင်၏။ အဲဒီလိုမျိုး၊ ကိုမြတ်ခန့် … ခံမခံနိုင်ပါ။

"မြရွက် … ဣန္ဒြေရနေစမ်း၊ ပျာလောင်ကိုခတ်နေတာပဲ"

"ငါ့နှာ ဒီလောက်ကပ်မထိုင်နဲ့၊ မိန်းကလေးဆိုတာ သူစိမ်းယောကျ်ားနဲ့ ပူးကပ်နေရတာမဟုတ်ဘူး"

"နင် … မေမေ့ကိုကူချင်ကူ၊ ငါ့အခန်းဝင်မရှင်းနဲ့၊ ငါ့အဝတ်အစားတွေ ရွေးမလျှော်နဲ့"

"ငါ့အိမ်က ငါ့ထမင်း ငါစားတာ နင်က ဘာကိစ္စ ဟင်းခပ်ထည့်ပေးရတာတုံး၊ ငါ ကလေးမဟုတ်ဘူး၊ ယူစားတတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com

"မြရွက် ... စာကျက်တာ အိမ်ပြန်ကျက်။ ပြန်တော့"

အစ်ကို့စကားတွေက မြရွက်နှလုံးသားကို ဆူးခ
နှင့်ဆွသလောက် နာကျင်စေ၏။ မြရွက်ကတော့ ချစ်လိုက်ရတာ
အစ်ကို့မျက်နှာကို မော်ဖူးနေရလျှင် ထမင်းတောင်မစားဘဲနေနိုင်
သည်။ အစ်ကို့ကို သေလုအောင်ချစ်၏။ အစ်ကိုမှတစ်ပါး
အခြားမရှိ။

မိဘမရှိ၊ ညီအစ်ကိုမောင်နှမမရှိ၊ သူငယ်ချင်းဆို
သေသေချာချာမရှိသော မြရွက်ဘဝမှာ အစ်ကိုမှ အစ်ကို။ မြတ်စွာ
ဘုရားပြီးလျှင် အစ်ကို့ကိုသာ ကိုးကွယ်ပါ၏။

သို့ပေမဲ့ ...

အစ်ကိုက ရက်စက်သည်။ အစ်ကို ဘာကြောင့်
ရက်စက်ပါလိမ့်၊ အရင်က ဒီလိုမဟုတ်ပါဘူး၊ ရုတ်တရက်ကြီး
စိမ်းကားသွားလိုက်တာ၊ အမြဲတမ်းပြုံးချိုနေခဲ့သည့် အစ်ကို့မျက်
နှာဟာ ခုတော့လည်း စူမာန်တင်းထန်နေလိုက်တာ။ ဟိုတုန်းက
လို စကားကောင်းတစ်ခွန်းမျှမပြောတော့။ ပြောလိုက်လျှင် အငေါ်
နှင့်အမာန်ချည်း။ ပြီးတော့ ... ရှောင်လိုက်သမှ ... ရှား၊ ဆိုသလို
သို့။ အစ်ကို ဘာဖြစ်လို့ မြရွက်ကို မုန်းသွားတာလဲ၊ မြရွက်
ဘယ်လိုအမှားမျိုးကို ကျူးလွန်လိုက်မိလို့လဲ၊ မြရွက်ကို ဘာ
ဆိုးတာလဲ အစ်ကိုရယ် ... မြရွက် အစ်ကို့ကို ချစ်လွန်းလို့
သိပ်ချစ်လို့ပါ။ မြရွက်ကို မစိမ်းကားလိုက်ပါနဲ့၊ အစ်ကိုသတ်ရင်
တောင် သေရဲတဲ့ မြရွက်ပါရှင် ...။



ဖွင့်ပြောရဲသည်တော့မဟုတ်ပါ။ ရင်ထဲမှာသာ မြည်
တမ်းညူးရင်း၊ မျက်ရည်တွေက အကြိမ်ကြိမ်ကျရသည်။ အစ်ကို
ဘာစိတ်ဆိုးသွားမှန်းမသိလို့ ပိုဂရုစိုက်လေ၊ အစ်ကို ပိုရက်စက်
လေ၊ ပိုရက်စက်လေ ... မြရွက် ဆတ်ဆတ်လူးအောင် ဂရုစိုက်၊
ဂရုစိုက်ပြုစုလေ၊ ပိုဆိုးလေ၊ သံသရာလည်ကာ၊ ပြဿနာက တစ်
ရပ်ကွက်လုံးပြန့်တော့သည်။

"အဘွားဒေါ်မြရွက်တင်ကလည်း လွှတ်ထားတာပဲ၊ မြတ်ခန့်
လိုလူမျိုးရဲ့ မြေးသမက်တော်ရနည်းလား"

"ကောင်မလေးကလည်း တော်မလိုလိုနဲ့ ခများတော့ ရှပိုး
ထိုးလိုက်တာ တကယ့်ပျာကလပ်စိန်ပဲ"

"မြတ်ခန့်တစ်ယောက်လည်း ဈာန်လျှော့ရချည်သေး"

"မြတ်ခန့်အမေက ဘာလုပ်နေတာလဲ ... သူက သဘော
တူနိုင်လို့ ဘာမှ မပြောတာလား"

"ပြောရရင်တော့ မြတ်ခန့်တို့ဘက်က နာတယ်"

မြတ်ခန့်နှင့် မြရွက်ညိုကို သဘောမတူပါဘူးဆိုသူ
တွေအားလုံးဟာ မြတ်ခန့်ဘက်ကနာကြသူချည်း။ မည်သူမျှ မြရွက်ညို
ဘက်ကမပါ။ မျက်နှာမွဲတာကတစ်ကြောင်း၊ မျက်နှာနာစရာ
ကျေးဇူးခံကျေးဇူးစားမရှိတာကတစ်ကြောင်း၊ လူချွေပျက် သိက္ခာ
ပျက် ဆတ်ဆတ်ခါနေသူက မြရွက်ညိုသာလျှင် ဖြစ်နေတာက
တစ်ကြောင်း၊ အကြောင်းကြောင်းတွေက မြရွက်ညိုထံသို့ချည်း
လက်ညှိုးတွေထိုးကြ၏။ သတင်းဆိုးတွေက မြတ်ခန့်ချစ်သူနားသို့
အကြီးချဲ့၍ရောက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုဖြတ်မလဲ"

ရာဇသံက ပြင်းထန်၏။ မြရွက်ညိုဆိုသည့် ကောင်မလေးကို အိမ်သို့မလာစေရ၊ စကားမပြောရ၊ ပမ်းမှာတွေ့လျှင် တောင် နှုတ်မဆက်ရ၊ ကူညီထောက်ပံ့မှုတစ်ခုမျှ မပြုရ၊ လုံး ယတိပြတ်မှ မဖြစ်နိုင်လျှင်၊ သူ့ကို ဖြတ်ပါ။

အမိပွာယ်ရှိတာမရှိတာ အပထား။ မြတ်ခန့် မြရွက်ညိုကို ဖြတ်ရပါသည်။

"ရက်စက်လိုက်တာ အစ်ကိုရယ်"

မြရွက် ... အိပ်ရာထဲ ဘုန်းဘုန်းလဲ၏။ ထမင်းမစား ညမအိပ်နှင့် သုံးလေးငါးရက် ဆက်တိုက်ဖြစ်တော့ ခန္ဓာကိုယ်က မခံနိုင်၊ စိတ်ထောင်းတော့ကိုယ်ကြေ ည်။ အဘွားလုပ်သူက ရုက်လှချည်ရဲ့ ... ဟုဆို၏။ မြရွက် ... ကျေးဇူးရှင်မိသားစု စိတ်မကွက်ပါ။ အစ်ကိုနှင့် မခွဲနိုင်တာပဲ ရင်ထဲ ... ပြင်းထန်သည်။ အဖျားကျ၍ လမ်းထွက်နိုင်သည့် တစ်နေ့မှာ အစ်ကိုမြတ်ခန့် အလုပ်လုပ်နေသည့် ကုမ္ပဏီသို့ လိုက်ချသွားတော့သည်။

"ဟာ ... ဘာလာလုပ်တာလဲ မြရွက်ညိုရာ"

"အစ်ကို့ကိုလွမ်းလို့ပါ အစ်ကို၊ အစ်ကိုက အိမ်ရှေ့က တောင် ဖြတ်မလျှောက်လို့"

"ငါလက်ထပ်တော့မယ်၊ ငါ့ရည်းစားက နင်နဲ့ တရင်းတန်း နေတာမကြိုက်ဘူး၊ အဲဒါကြောင့်ရှောင်တယ်"

"သိပါတယ် အစ်ကို"

"ဒါဆို ... နင်ကလည်း အေးအေးနေလိုက်ပါတော့လား"



"ကျွန်မက အစ်ကို့ကို ကျေးဇူးရှင်မို့ အရမ်းအားကိုးပြီး အစ်ကိုတစ်ယောက်လို တအားချစ်နေတာပါ အစ်ကိုရယ်၊ အစ်ကိုနဲ့တွေ့ချင်တယ်၊ အစ်ကိုနဲ့ စကားတွေပြောချင်တယ်"

"ပြန်တော့ မြရွက်ညို"

"ပြန်မှာပါ အစ်ကိုရယ် ... ကျွန်မ ... အစ်ကို့ကိုလွမ်းရင် ဒီလိုပဲ ကုမ္ပဏီမှာ လာလာကြည့်မယ်နော်"

"ဘယ်တော့မှမလာနဲ့၊ နင်လာကြည့်စရာလည်းမလိုဘူး၊ လွမ်းစရာလည်းမလိုဘူး၊ နင်ရောက်လာတာ ငါ့အတွက် ပြဿနာဖြစ်ဖို့ ဒုက္ခရောက်ဖို့ချည်းပဲ"

"ပြောရက်လိုက်တာ အစ်ကိုရယ်"

"နင့်ကို ငါ တတ်နိုင်သလောက်ကူညီခဲ့ပြီးပြီ၊ ရှေ့ရောက် မကူညီနိုင်တော့ဘူး၊ နင်လည်း ဒီနှစ် ဆယ်တန်းဖြေမှာ၊ အသက်လည်း ဆယ့်ရှစ်နှစ်ပြည့်နေပြီ၊ နင့်လမ်းနင်လျှောက်၊ နင့်ဘဝနင်ကြောင်း၊ ငါနဲ့ ဘာမှလာမပတ်နဲ့တော့၊ ငါလည်း ရှေ့လျှောက်မကူညီနိုင်တော့ဘူး၊ နင့်ကို ဆယ်တန်းရောက် တဲ့အထိ ကူညီခဲ့တဲ့ကျေးဇူးကိုသိတတ်ရင် ငါနဲ့ ကင်းကင်း နေတဲ့နည်းနဲ့ ကျေးဇူးဆပ်၊ ငါပြောချင်တာဒါပဲ၊ နင် ပြန် တော့"

စင်စစ် ... ချစ်သူ[illegible]နှုတ်ကွက်မှုတစ်ခုတည်းကြောင့် ခဲ့တာပါ။ ရုပ်ကွက်ထဲမှာ သတင်း[illegible]ဘားချဲ့ကားလျက် မြတ်ခန့် ကပဲ၊ အတည်မယူဘဲ အပိုင်ကြံနေသလိုလိုထိ၊ မလိုသူတွေက ပြောကြပြီ၊ ပြောစရာဖြစ်လော[illegible]ခါလည်း မြရွက်ညိုဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



အနေအထိုင်က မဆင်မခြင်ရှိလွန်းသည်။ မြတ်ခန့် ... ဒီအချိန်မှ နောက်မဆုတ်လျှင် ကိုယ့်နာမည်ထဲမှာ အမည်းစက်စွန်းတော့မည်။ ပတ်ဝန်းကျင်ဆိုတာကလည်း အခက်သား။ ကိုယ်ကောင်းလျှင် ခေါင်းမရွေ့ဘူး ... ဆိုသော စကားက အခါခပ်သိမ်းမမှန်ပါ။

ကိုယ်ကကောင်းပေမယ့် ခေါင်းကရွေ့ချင်ရွေ့တတ်သည်။ တကယ်မရွေ့ဘူးပဲထား ...။ ပတ်ဝန်းကျင်က ရွေ့နေပါပြီ ဟု ဝိုင်းဝန်းစွပ်စွဲလျှင်၊ ပတ်ဝန်းကျင်ထဲမှာ လူလုပ်နေရသည့် လူသားတစ်ဦးဟာ ဤပတ်ဝန်းကျင်ထဲမှ ရုန်းထွက်နိုင်ဖို့ခက်သား မဟုတ်လား။

မြရွက်သိုက လူးနေအောင်ငို၏။ ခုချိန်မှာ ... မြတ်ခန့်ကိုယ်တိုင် မြရွက်ညိုကို စိတ်ပျက်စိတ်ကုန် စိတ်ဆိုးမိပါပြီ။ ကိုယ်က ကင်းကင်းနေပါလျက် ခွာချမရအောင် လိုက်ကပ်ချင်နေသည့် မိန်းမသားကို အထင်လည်းသေးစပြု၏။

"ခွေးလေးအရောဝင် ပါးရက်နားရက်နဲ့ဘာဒါပဲ" ဟု တွေးမိ၏။ ခုတော့ ... ကိုယ့်ပါးမှာ ကိုယ့်နားမှာ ခွေးသွားရေတွေ ပေစွန်းကုန်ရသလို၊ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်စိတ်ပျက်မိတော့၏။

အဲသည်အချိန်မှာပင် ... တိုက်တိုက်ဆိုင်ဆိုင်၊ မြရွက်ညို၏ဘဝကို ကိုးဆယ်ဒီဂရီဆစ်ချိုးကွေ့မည့်အကြောင်းတရားက ဖန်လာ၏။

မြတ်ခန့်တို့ကုမ္ပဏီသည်၊ မြန်မာပြည်မှာ စတင်တည်ထောင်ခဲ့ပေမယ့်၊ သွင်းကုန်ပို့ကုန်လုပ်ငန်းကို နိုင်ငံခြားများ



...ပါ ဆက်ဆံနိုင်ဖို့ စင်ကာပူနိုင်ငံမှာ သွားရောက်၍ အခြေစိုက်...၏။ နိုင်ငံခြားများနှင့် ဆက်ဆံရာတွင် မြန်မာပြည်ရုံးချုပ်နှင့် ...က်ဆံရန်မလို၊ စင်ကာပူကုမ္ပဏီနှင့်ပင် (သူ့ကို ရုံးခွဲဟုပင်သဘော ...သား၊ ပင်မကုမ္ပဏီအဖြစ်ပဲ လုပ်ငန်းလည်ပတ်၏။) တိုက်ရိုက် ...က်ဆံလို့ရ၏။ ကုမ္ပဏီပိုင်ရှင်၊ မြန်မာနိုင်ငံသားက မြန်မာပြည် ...ချုပ်မှာတောင် သိပ်မနေတော့ဘဲ စင်ကာပူရုံးမှာပင် အနေများ ...တော့၏။ စင်ကာပူရုံးသည်သာလျှင် ပင်မဖြစ်ပြီး၊ မြန်မာပြည်ရုံးချုပ် ... ဝန်ထမ်းအဆင့်ဆင့်ထားလျက်၊ ကိစ္စရှိမှသာ ပိုင်ရှင်က ခဏ ...ဖြတ်လာတော့၏။

အဲသည်သူဌေးနာမည်က ... ဦးသီဟန်တိုး။

ဦးသီဟန်တိုး ... ရုံးခန်းထဲသို့ဝင်လာသည်။ မျက် ...ည်အလူးလူးနှင့် မြရွက်ညိုကို မြင်သည်။ မြတ်ခန့်မျက်နှာက ...မရအောင်ပျက်နေသည်။ ဘယ်လိုပြဿနာအရှုပ်အရှင်းတွေ ...စ်နေသလဲ ...။ ပြဿနာက မရှုပ်လှဘူးဆိုလျှင် ... မြတ်ခန့် ...မှ ကောင်မလေးကို မျက်စိကျသည်။ အရပ်ကလေးက သွယ် ...ားမြင့်မားသည်။ ပိန်ပါးပေမယ့် အရိုးငေါငေါနှင့်မဟုတ်၊ အသား ...င်လေးများ ... ရှိသင့်သည့်နေရာမှာ ရှိနေသည်။ မျက်နှာလေး ... ဖူးနေအောင်လှ၏။ ဦးသီဟန်တိုး ... စိတ်ဝင်စားသည်။ ...စ်ခုပဲစိုးရိမ်၏။ မြတ်ခန့်ညီမ ... မဖြစ်ပါစေနှင့်။

ကိုယ်အားကိုးရသော ဝန်ထမ်း၏ညီမဆိုလျှင်၊ ကိုယ် ... တရားမဝင်သွားပတ်သက်လို့မကောင်း၊ ကိုယ်ကလည်း ... ...ဒိုးနားဟိုတယ်လိုနေရာမျိုးမှာ ဒီကောင်မလေးမျိုးကို မင်္ဂလာပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကြီး ခြိမ့်ခြိမ့်သဲသဲဆောင်နှင်းချင်တာမဟုတ်။ လှသောပန်းလေးတ
တစ်ပွင့်ကို အပိုင်ဝယ်၍၊ တန်ရာတန်ကြေးပေး၍ ကိုယ့်အိမ်
ပန်းအိုးကလေးထဲ ထိုးစိုက် ပိုင်ဆိုင်ထားလိုခြင်းသာဖြစ်သည်
ပန်းကလေးညှိုးတော့လည်း စွန့်လိုက်ရုံပေါ့။

ဖြစ်ရပ်များက လွယ်ကူချောမွေ့သွားပါသည်။

"သူ့မှာ တရားဝင်ဇနီးတော့ လောလောဆယ်မှာ တ
ယောက်မှမရှိဘူး၊ လူပျိုကြီးလို့တော့ ပြောလို့ရတ
ကျွန်တော် ... ဒီလောက်ပဲပြောချင်တယ်၊ ကျန်တာ
ကြီးကြီးတင်သဘောပဲ"

ကြီးကြီးတင်ကို အဲဒီလောက်တော့ပြောပြလိုက်သည်

"ရုံးမှာ လက်မှတ်ထိုးပြီး ရပ်ကွက်ထဲမှာ ဆွမ်းကလေး
ပေးရင်ရပါပြီကွယ်"

ဦးသီဟန်တိုးထံမှ ကြွေသက်ကျဆင်းလာသော လ
ဆောင်ပဏ္ဏာများကို ဒေါ်မြစွက်တင် မငြင်းနိုင်ရှာပါ။ မြေးအဘွ
နှစ်ယောက် မငတ်ရုံတမယ် ရှာဖွေစားသောက်နေရသည့်အ
ကျောင်းစရိတ်ကလေးမှ မတတ်နိုင်၊ သူများအကူအညီယူ
လည်း အပြောခံရ၊ ပတ်ဝန်းကျင်ဆိုတာကလည်း မြေနိမ့်ရာ
စိုက်၊ မသေခင်ဘဝလက်ကျန်လေးမှာ ကောင်းကောင်းဝတ်၊ ကော
ကောင်းစား၊ ကောင်းကောင်းလေးနေသွားရတာမျိုးနှင့် ကြုံ
ချင်ပါသေးသည်။

မြစွက်ညို ... စာမေးပွဲပြီးသည်ထိ ဦးသီဟန်တိုး
စောင့်ပေးပါသည်။



မြစွက်ညို နေ့တိုင်းငိုသည်။ တစ်နေ့မှာ လေးငါး
ခါလည်းငိုသည်။ အငိုမျက်နှာ ဖူးဖူးရောင်ကြီးကြောင့်၊ ကျောင်း
တက်ဖြစ်တော့ပါ။ ကျောင်းမှာ ဆေးခွင့်တင်သည်။ အိမ်မှာပဲ
က်ညိုအတွက် ဘာသာစုံ အနီးကပ်သင်ကြားပေးဖို့ ဆရာ၊
မ၊ စာကျက်လမ်းညွှန်ဆရာဆရာမများ ... ဦးသီဟန်တိုး၏
ကျက်များလှစွာသော ကားတွေထဲမှ တစ်စီးနှင့် ကြိုပို့လျက်
က်ညိုထံ အိမ်တိုင်ရာရောက် သင်ကြားပို့ချပေးကြသည်။
သည်အခါကျတော့ ... ရပ်ကွက်ထဲမှထွက်လာသော ဝါကျက
မျိုးပြောင်းသွားသည်။

"မြစွက်ညိုတို့များ အိမ်ရှေ့မှာ ပအေသာပင်လာပေါက်
သားထင်ရတယ်၊ ကံကောင်းလိုက်ပုံက" ... တဲ့။

မြစွက်ညို စာမေးပွဲဖြေအပြီးမှာ ရပ်ကွက်ထဲရှိ လူကြီး
တချို့ကိုဖိတ်၍ မြစွက်ညိုတို့အိမ်လေးမှာပင်၊ လူနည်းနည်းနှင့်
ကြွဲဝိုင်း၊ ဒံပေါက်ကျွေး၊ ဘုန်းကြီးငါးပါးဆွမ်းကပ်၊ နောက်
နေ့မှာ မြစွက်ညိုတို့မြေးအဘွား ငှားနေသည့်အိမ်လေးကို
အပ်။ ဦးသီဟန်တိုး၏ မြောက်များလှစွာသော တိုက်ခန်းများ
သီဟန်တိုး၏ လုပ်ငန်းတွေထဲမှာ ဆောက်လုပ်ရေးလုပ်ငန်း ခပ်
ကျဉ်းကျဉ်းတစ်ခုလည်းပါပါသည်) ထဲမှ တစ်ခုသောကွန်ဒိုမိနီယမ်
က်ခန်းပေါ်တက်၊ ဦးသီဟန်တိုး၏ လက်စွဲတော်၊ ဒေါ်စိန်လည်း
ောက်လာ၊ မြစွက်ညိုတို့မြေးအဘွားမှာ ... တစ်ခါကတောင့်တခဲ့
သလို ...

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းနေ၊ ကောင်းကောင်းသုံး။ ဘယ်တုန်းကမျှ မနေခဲ့ဖူးသော စီးဖို့ကားတစ်စီး၊ ယဉ်မောင်း၊ အိမ်ပေါ်မှာ လေအေးပေးစက်နှင့် ရေခဲသေတ္တာနှင့်၊ ဇရာမတီဗီကြီးနှင့်၊ အောက်စက်နှင့်၊ သူဌေးတို့၏ အဆောင်အယောင်အပြည့်နှင့် နေလိုက်ရပါတော့သည်။

❁ ➤ ❁

တော်တော်များသောသူတို့က "မြရွက်" ဟုခေါ်မယ်၊ သူက "ညို" ... ဟု ခေါ်၏။

"ပြောပြမယ် ... ညို့ကို ဘာဖြစ်လို့ ညိုလို့ခေါ်တာလဲဆိုတာ ..." ဟု အစချီ၏။

"ကိုယ့်မှာ သိပ်ချစ်ရတဲ့သူတစ်ယောက် ရှိဖူးတယ်။ ကိုယ်ဆယ့်ရှစ်နှစ်သားတုန်းက သူလည်း ဆယ့်ရှစ်နှစ်၊ ကိုယ်တို့နှစ်ယောက် ချစ်လိုက်ကြတာ မိုးမမြင်လေမမြင်၊ အဲဒီအချိန်က ကိုယ်တို့က တက္ကသိုလ်မှာ ဒုတိယနှစ် ...

"သူက ... အစုညိုနဲ့ တော်တော်လေးတူတယ်။ သူ့နာမည်က ညို။ နာမည်အပြည့်အစုံက မေညိုညက်တဲ့။ အသားညိုတယ်။ ဒါပေမဲ့ ... မွတ်ညက်ပြီး ... ဝင်းနေတယ်။ မင်းအသားဖြူပြီးဝင်းတော့၊ တကယ်တမ်းယှဉ်ရရင် မင်းပိုလှတယ်"



"ဒါပေမဲ့ ... သူ့ကို ပိုချစ်တယ်မဟုတ်လား" ... မြရွက် မမေးတော့။ ဒီစကားအတွက် ဒီမေးခွန်းရှိတယ်ဆိုတာမျိုး၊ ရင်ထဲမှာ အသိစိတ်ဝင်ရုံသာရှိပါသည်။ ဘယ်သူ့ကိုချစ်သလဲ ... ဆိုတာ သိမှမသိချင်ဘဲ။

"ကိုယ်တို့ ဖူးစာမဆုံကြဘူး၊ သူ့မိဘတွေက နိုင်ငံခြားထွက်တော့ သူလည်းပါသွားတယ်။ ကိုယ်က လက်ထပ်ပြီးနေခဲ့ဖို့ ပြောတယ်။ မရဘူး။ ဆယ့်ရှစ်နှစ်နဲ့ လက်ထပ်ကြဖို့ဆိုတာ၊ တကယ်တော့လည်း ငယ်လွန်းတာမှန်တယ်၊ ပညာလည်း မပြည့်စုံကြသေးဘူး ...

"ပြီးတော့ ... ကိုယ်က သူဌေးသားသာလျှင်ဖြစ်တုန်း။ ကိုယ်တိုင်သူဌေးမှမဟုတ်တာ။ သူဌေးသားဆိုတာ သူဌေးကပေးတဲ့မုန့်ဖိုးပဲရှိတာ၊ မိန်းမယူပြီး အိမ်ထောင်တစ်ခုကို ထူထောင်ဖို့ ကိုယ့်မှာ ခိုင်လုံတဲ့ အသက်မွေးဝမ်းကြောင်းလည်း မရှိသေးဘူး ...

"အစပိုင်းမှာတော့ စာရေးကြ၊ ဖုန်းဆက်ကြပေါ့။ နောက်တော့လည်း သွေးအေးသွားကြတာ နှစ်ယောက်လုံးပါပဲ။ သူ့ကို အပြစ်မတင်ပါဘူး။ ကိုယ်ကလည်း ဒီမှာ ရည်းစားအသစ်ရတာပါပဲ၊ သူက နိုင်ငံခြားမှာပဲ လက်ထပ်သွားတယ် ...

"ကိုယ် အသည်းမကွဲပါဘူး။ ဘာဖြစ်လို့လဲမသိဘူး။ နည်းနည်းပါးပါးခံစားရသလိုတော့ရှိတယ်။ ကိုယ်က ... လောကကြီးမှာ ကိုယ့်ကိုယ်ကိုယ် အချစ်ဆုံး။ ကိုယ့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လောက် ဘယ်သူ့ကိုမှ မချစ်ဘူး၊ ကိုယ့်ကိုချစ် သူမှ ကိုယ်က ပြန်ချစ်ချင်တာ၊ ကိုယ့်ကို မချစ်လို့ ...

"တခြားတစ်ယောက်နဲ့ လက်ထပ်သွားတဲ့သူ့ကို တမ်းတနေရင်၊ ကိုယ် လူမိုက်ပေါ့။ ကိုယ်ရခဲ့တဲ့ ရည်းစားတွေ တော်တော်များတယ်၊ မမြဲဘူးကွ၊ ကွဲကွဲသွားတယ်၊ ကွဲသွား လည်းမလွမ်းလှပါဘူး၊ ကိုယ်က မိန်းမတစ်ယောက်အတွက် နဲ့ ထိုင်ငိုတတ်တဲ့ယောက်ျားအမျိုးအစားထဲမှာ မပါဘူး

"မင်းကျတော့ ... ပထမဆုံးရည်းစား ... ညို့နီးပါ ကိုချစ်တယ်။ ဒါ ... ကိုယ် တော်တော်ချစ်တာ၊ ကြားထဲက ရည်းစားတွေကို သိပ်မချစ်ခဲ့ဘူး။ ကိုယ် တစ်ခါမှ တရားဝင် လက်မထပ်ဖူးဘူး၊ ဒါပေမဲ့ ... တွဲခဲ့ဖူးတဲ့သူတွေတော့ရှိတယ် မင်းကျမှ ...

"ကိုယ် ... မင်းတို့ရပ်ကွက်မှာ လူသိနတ်ကြား ဘုန်းကြီးဆွမ်းကျွေးပေးခဲ့တာ၊ မင်းက ငယ်လည်းအရမ်း ငယ်တယ်၊ ကိုယ့်ကိုယူလိုက်ရတဲ့အတွက် မင်းကို သနား တယ်၊ အဲဒါကြောင့် ... မင်းကို အခုနေတဲ့ ကွန်ဒိုခန်း မင်းအတွက်ကားကို မင်းကို အပိုင်ပေးမယ် ...

"ကိုယ် ... ဘယ်သူ့ကိုမှ ဘာမှ အပိုင်မပေးခဲ့ဖူး ဘူး၊ ကိုယ်နဲ့တူတူရှိနေတုန်းမှာ၊ သုံးဖို့စွဲဖို့ ကိုယ် ပိုပိုလျှံလျှံ ပေးတယ်။ ဒီလောက်ပဲ။ သူတို့က မင်းလိုလည်း မဖြူစင် ကြဘူး။ မင်းကကျတော့ ... ငယ်ငယ်ရွယ်ရွယ် ဖြူဖြူစင် စင်လေး ..."



အဲသည်အချိန်မှာ ... မြရွက်ကဆယ့်ရှစ်နှစ်၊ ဦးသီဟန်က အသက်လေးဆယ်။ နှစ်ဆယ့်နှစ်နှစ်ကွာသည်မို့ ဦးသီဟန်က တော်တော်လေး ချစ်ရှာပါသည်။ မြရွက် ထင်တာလည်း ကောင်းဖြစ်မည်ပေါ့လေ။ မြရွက်အတွက် ဘာတစ်ခုမျှ လိုလေသေးမရှိစေရ။ "ညို" "ညို"နှင့် နှုတ်ဖျားမှမချ။ အိမ်မှာ အတူရှိချိန်တိုင်းတွင်၊ မြရွက်နှင့်သာ တတွဲတွဲ။

"ဘာမှ မလုပ်နဲ့ ညို၊ ကိုယ့်နားမှာပဲနေ" ... တဲ့။

မြရွက် ... အဲသည်တိုက်ခန်းမှာ နှစ်လလောက်ပဲနေပါသည်။

"ကိုယ် ... မင်းနဲ့ မခွဲနိုင်လို့ ရန်ကုန်မှာ ဒီလောက်ကြာသွားတာ၊ ကိုယ့်အလုပ်က စင်ကာပူမှာအဓိက၊ ဟိုက အလုပ်တွေပစ်ထားရတာကြာပြီ၊ ကိုယ် စင်ကာပူပြန်ရမယ်၊ ညိုနဲ့လည်း မခွဲနိုင်ဘူး၊ ညိုပါလိုက်ခဲ့တော့"

"ကျွန်မ ... စာမေးပွဲအောင်ရင် တက္ကသိုလ်ဆက်တက်ချင်ပါတယ်"

"မတက်ရပါဘူး"

"ရှင် ..."

"ဘာလုပ်မလဲ၊ မင်းကို ရန်ကုန်မှာလည်းထားခဲ့ရဦးမယ်၊ မခွဲနိုင်ဘူးလို့ပြောထားတယ်လေ၊ ညိုက တက္ကသိုလ်ကျောင်းသူဖြစ်ပြီး သူငယ်ချင်းတွေဘာတွေရ၊ ရည်းစားတွေဘာတွေလည်းရသွားနိုင်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မမှာ အဲဒီလို ဖောက်ပြန်တတ်တဲ့စိတ်မျိုး မရှိပါဘူ

“ဘာပဲဖြစ်ဖြစ် မခွဲနိုင်ဘူး၊ ကိုယ်သွားရာနောက် လိုက်

မယ်၊ ကိုယ်ရှိတဲ့နေရာမှာ မင်း ရှိနေရမယ်”

“အဘွားတော့ရော”

“ဒီတိုက်ခန်းမှာ ဒေါ်စိန်နဲ့ တူတူနေခဲ့ပစေပေါ့။ ကိုယ်

ပိုက်ဆံလုံလုံလောက်လောက်ပေးမှာပေါ့”

“ကျွန်မက စင်ကာပူမှာ ဘာလုပ်ရမှာလဲ”

“ဘာမှမလုပ်ရဘူး၊ ကိုယ် အဲဒီမှာလည်း အိမ်ပိုင်ရှိတ

အိမ်ထဲမှာနေ၊ ချက်တော့ချက်ရမယ်၊ အဲဒီမှာ အိမ်ဖော်

ဘာတွေ ငှားရတာမလွယ်ဘူး၊ ကိုယ်အလုပ်သွားရင်ကျန်

ကိုယ်ပြန်လာတော့ ကိုယ်နဲ့ တူတူပေါ့”

“အရမ်းပျင်းမှာပဲ”

“ကိုယ်မပျင်းဘူး”

ဦးသိဟန်တိုးအတွက် ... မြရွက်ညို ပျင်းခြင်းမပျ ခြင်းက အဓိကမဟုတ်ပါ။ သူ မပျင်းဖို့ပဲအရေးကြီးသည်။ ပြောပြီကော ...။ ကမ္ဘာပေါ်မှာ သူ့ကိုယ်သူ အချစ်ဆုံးတဲ့ မြရွက်ညို ... စင်ကာပူဆိုသော နိုင်ငံရပ်ခြားတိုင်းတစ်ပါးဆီ ပါသွားလိုက်တာမှ ရန်ကုန်မြို့ကို တစ်ခေါက်မှပြန်မရောက်တော့ မရောက်ဆို ... အဘွားဆုံးတာတောင် မပြန်ရ။ သိတောင်မသိလိုက် တော်တော်ကြီးကြာမှသိရတော့ ... ဒေါ်စိန်က ကောင်းမွန်စ ကြိုဟ်၊ ဆွမ်းသွပ်ပြီးစီးတာ လပိုင်းကြီးများတောင်ကြာခဲ့ပြီဆို



သို့ပေမဲ့ ... အဘွားအသုဘမှာ လိုက်ပါပို့ဆောင်မည့် သူဟာ ဒေါ်စိန်တစ်ယောက်တည်းသာ ... ဖြစ်နေလိမ့်မည်ဆိုတာ ကိုတော့ မြရွက်ညို တွေးလိုက်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ၉

"လောကမှာ ... ယောကျ်ားတွေက မိန်းမယူတယ်၊ မိန်းမ သားဘက်ကကျတော့ ယောကျ်ားယူတယ်လို့ ခေါ်တယ် ဒါဟာ ဖြစ်ရိုးဖြစ်စဉ်သဘာဝတစ်ခုပဲ"

"အဲဒါ အိမ်ထောင်ပြုကြတယ်လို့ ခေါ်တာမဟုတ်ဘူးလား ဟင်"

"သူများတွေ ဘယ်လိုခေါ်လဲတော့မသိဘူး၊ ကိုယ်ကတော့ အိမ်ထောင်ရယ်လို့ မသတ်မှတ်ဘူး"

"ရှင် ..."

"လူဆိုတာ အဖွဲ့အစည်းနဲ့နေတတ်တဲ့သတ္တဝါမျိုးလို့ – ဟို ... သမိုင်းဦးဘုံမြေခေတ်ကတည်းက သတ်မှတ်ခဲ့ကြ တယ်၊ နားလည်ခဲ့ကြတယ်၊ လူဆိုတာ တစ်ယောက်တည်း မနေဘူး၊ အသိုင်းအဝိုင်း၊ အစုအဖွဲ့နဲ့နေတယ် ...



"အဲဒီထဲမှာ ကိုယ့်အတွက် အနီးကပ်အဖော်ဆိုတာက ပိုပြီးလိုအပ်တယ်၊ အသိုင်းအဝိုင်းအများစုဆိုတာက အများနဲ့ ဆိုင်တယ်၊ ဘယ်သူနဲ့မှမဆိုင်ဘဲ၊ ကိုယ့်တစ်ယောက်တည်းနဲ့ ဆိုင်တဲ့အဖော်ဆိုတာရှိတယ်၊ လိုအပ်တယ်"

"အဲဒါ ဇနီးမောင်နှံမဟုတ်ဘူးလားဟင်"

"ဇနီးမောင်နှံတွေ၊ အိမ်ထောင်တွေဆိုတာက လူတွေရဲ့ သတ်မှတ်ချက်ပါ။ လူတွေပေးထားတဲ့ နာမည်ပါ။ လူဆို တာ ကိုယ့်ဘဝကိုယ် ... ကိုယ်ကြိုက်တဲ့ နည်းလမ်းနဲ့ လျှောက်ကြတာပဲ။ ကိုယ့်ပုံစံကိုယ် ရွေးကြတာပဲ။ ကိုယ် ကြိုက်တဲ့ပုံစံက၊ ကိုယ့်အတွက် ...

"ကိုယ်တစ်ယောက်တည်းနဲ့သက်ဆိုင်တဲ့ ကိုယ့်ရဲ့ အနီးကပ်လက်တွဲဖော်။ အဲဒါ တစ်ယောက်ဖြစ်ရင်လည်း ဖြစ်မယ်၊ တစ်ယောက်ထက်ပိုရင်လည်းပိုမယ်"

"ရှင် ..."

မြရွက် ... ဦးသီဟန်တိုး စကားတွေကို၊ အစပိုင်း ...နှင်းက ဉာဏ်မမီခဲ့ပါ။ နားမလည်ခဲ့ပါ။ မြရွက် ... ထုံတာ အ, ...ာလည်းဖြစ်နိုင်ပါသည်။ အကြားအမြင် ဗဟုသုတနည်းသော၊ ...ည့်ညံ့မိန်းမသားတစ်ယောက်၏ ဦးနှောက်ကလေးက ကျဉ်းနေ ...ာလည်းဖြစ်နိုင်ပါသည်။ နောက်တော့မှ ... နားလည်လာရသည် ... ဦးသီဟန်တိုးဆိုသည့် သူဌေးမင်းက ဘယ်မိန်းမတစ်ယောက် ...ှ ဇနီးမောင်နှံအမည်ခံပြီး ရုံးတက်လက်မှတ်ထိုးခြင်း၊ မင်္ဂလာ ...ောင်ခြင်းများ မပြုလုပ်ခဲ့ဖူးဆိုတာပါပဲ။ သူ ... တွဲသည်ဆိုသော

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားများမှာ တရားမဝင်ဇနီးတွေဟု ခေါ်ရမလား၊ ဦးသီဟ တိုးက အဲသည်လောက်တောင် အဆင့်မြင့်မထားခဲ့ဘူးထင်ပါသည် ဦးသီဟန်တိုး၏ ခံယူချက်က ... ယာယီလက်တွဲဖော်ဆိုပဲ။

"ကိုယ်က အလုပ်လုပ်ရတာ ပင်ပန်းတယ်ကွာ အဲဒီအခါမှာ ကိုယ့်ကို အပန်းပြေစေနိုင်တဲ့ လက်တွဲဖော်လေး ကိုယ့်ဘေးမှာ ရှိစေချင်တာပေါ့၊ ကိုယ်ကြိုက်တဲ့အရုပ်ကလေးတစ် ကို ဝယ်လိုက်ချင်တာပေါ့ ညိုရဲ့ ..."တဲ့။

တစ်ခါတစ်ရံမှာ သူ မူးပြီဆိုလျှင် ရင်တွင်းခံယူ တွေကို တစ်ဖက်သားအပေါ်အားမနာ ပါးမနာ ဖွင့်ဟပြောဆို ရှိသည်။

"ကိုယ့်မျက်စိထဲမှာ ပသာဒဖြစ်တဲ့အရုပ်ကလေးမျိုး ရင် ကိုယ်အပိုင်ရချင်တာပဲ။ ညိုရော ... ကလေးတုန်း အဲဒါမျိုးမဖြစ်ဖူးဘူးလား"

သိပ်ဖြစ်ခဲ့ဖူးတာပေါ့ ဦးသီဟန်တိုးရယ် ... ဖြေချင်မိလုလုပါ။

ကလေးဘဝတုန်းကဆိုလျှင် ... လိုချင်သောအရု လေး၊ ကစားစရာလေးများ၊ စားချင်သောမုန့်များ၊ ရချင်၊ ပိုင်ချ စားချင်၊ ဝယ်ချင်လိုက်တာမှ ရင်ထဲမှာ မက်မက်မောမော တ တမ်းတတပါ။ မတတ်နိုင်၍ မရခဲ့၊ မပိုင်ခဲ့၊ မစားခဲ့ရ၊ မဝယ်နိ တာတွေမှ အများကြီး။ အပျိုလေးအရွယ်လေးရောက်လာ ဝတ်ချင်သည့် အင်္ကျီလေးတွေ၊ ရချင်သည့်မိတ်ကပ်ဘူးလေး နှုတ်ခမ်းနီလေးတွေ၊ ပိုက်ဆံမှမရှိဘဲ။ သနပ်ခါးတောင် တစ်တုံး



တစ်တုံးချက်ချင်းဝယ်လိမ်းနိုင်ခဲ့တာမဟုတ်ချေ။ ဦးသီဟန်တိုး ကတော့ ပိုက်ဆံအလျှံပေါ။ ဘယ်အရုပ်ဝယ်ရမလဲ၊ ဘယ်ကစား ဝယ်ရမလဲ၊ ဘယ်အင်္ကျီ ဘယ်လုံချည်ဝယ်ရမလဲ။

"ကျွန်မဟာ ... ဦးသီဟန်တိုးအတွက်တော့ စီးချင် န်းလို့ ဈေးကြီးပေးဝယ်လိုက်တဲ့ ဖိနပ်တစ်ရံလောက်တော့အဆင့် ကောင်းပါရဲ့နော်" ...ဟု မပြောဖြစ်တော့ပါ။

"ရန်ကုန်ပြန်ပြီး ကျောင်းဆက်တက်ချင်တယ်"

"မတက်ရဘူး၊ တက်ခွင့်မပေးဘူးလို့ ပြောပြီးပြီလေ"

"ကျွန်မတို့ ရုံးမှာလက်မှတ်မထိုးဖြစ်သေးဘူးနော်"

"ဘာလဲ ... ကိုယ် နောက်တစ်ယောက်တွဲရင် ... ကျွန်မ သာလျှင် တရားဝင်မယားကြီးပါလို့ သတင်းစာထဲမှာ ကြော်ငြာချင်လို့လား၊ တရားဝင်စာချုပ်ရှိရုံနဲ့ နောက်ထပ် တွဲခွင့်မရှိတော့ဘူးတဲ့လား၊ ယောကျ်ားတစ်ယောက်ဟာ သူ ကျွေးနိုင်ရင် မိန်းမ ဘယ်နှယောက်ယူယူ ...

"ဘယ်သူကတော့ မယားကြီး၊ ဘယ်သူကတော့ မယားငယ်ဆိုတာ မရှိဘူး၊ အားလုံးဟာ ဥပဒေကြောင်းအရ မယားပြိုင်ချည်းပဲ၊ မိန်းမတစ်ယောက်က နောက်မိန်းမတစ် ယောက်ကို လင်ခိုးမလို့ ရုံးတက်တရားစွဲလို့မရဘူး၊ သိရဲ့ လား"

ဘယ်လိုကြီးပါလိမ့်။ မြွက် နားမလည်ပါ။ ရပ်ကွက် ထဲမှာနေတုန်းက ခပ်ရှုပ်ရှုပ်မိန်းမတစ်ယောက် ... သူ့မှာ ယောကျ်ား သည်းရှိပါလျက်၊ နောက်တစ်ယောက်နှင့် လိုက်ပြေးတာတွေ့ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမယောကျ်ားကြီးက နောက်ယောကျ်ားကို "မယားခိုး" ... တဲ့ တရားစွဲ၏။ နောက်ယောကျ်ား ထောင်ကျသည်။ မိန်းမသားတွေမှာ ကျတော့ အဲသည်အခွင့်အရေး မရှိဘူးတဲ့လား။ နောက်မိန်းမက ထောင်ကျအောင် တရားစွဲလို့မရဘူးတဲ့လား။

ရန်ကုန်မှာ၊ မြစွက်တို့နေခဲ့ဖူးသည့် တိုက်ခန်းက သော့ခတ်ပိတ်ထားပြီး၊ နောက်ထပ်တိုက်ခန်းတစ်ခန်းမှာ ဦးသီဟ တိုး၏ လက်တွဲဖော်(ရန်ကုန်) နောက်တစ်ယောက်ကို ဒေါ်စိန်နှင့် ထားသည်ဆိုပဲ။ ဒါလည်း ... မြစွက်ကို ဘယ်သူကလာပြောမှာ လို့လဲ။ ဦးသီဟတိုးပဲပြောပြခဲ့တာလေ။ မူးပြီးပြောတာဖြစ်နိုင် သလို၊ မူးတုန်းမှာ မြစွက် သိစေချင်တာကို တရားဝင်ကြေညာ တာလည်း ဖြစ်နိုင်တာပဲမဟုတ်လား။

"ကိုယ်က အစတုန်းက သိပ်မချမ်းသာပါဘူး၊ ကိုယ့်မိဘ တွေ လူချမ်းသာစာရင်းတော့ ဝင်တယ်ပေါ့လေ၊ ကိုယ့်ဘ ကို မီးရှူးတန်ဆောင်လို ထွန်းလင်းစေခဲ့တဲ့ အစ်မကြီးတစ် ယောက်ရှိတယ်၊ သူက ချမ်းသာတယ်၊ ဉာဏ်ပြေးတယ် ဦးနှောက်ကောင်းတယ် ...

"သူက ကိုယ့်ဘဝအတွက် လက်တွဲဖော်တွေထဲမှာ တော့ ကိုယ့်အတွက် လမ်းပြကြယ်ပဲ။ သူ့ကြောင့် ကိုယ် ဒီလောက်တိုးတက်ကြီးပွားလာခဲ့တာ။ သူ့အရင်းအနှီး သူ့ဦးနှောက်ရဲ့အကူအညီကို အများကြီးယူခဲ့ရတယ်"

"သူ ... အဲဒီအစ်မကြီးက အခု ဘယ်မှာလဲဟင်"

"ရန်ကုန်မှာပဲ"



"ဒေါ်စိန်နဲ့ တူတူနေတယ်ဆိုတာလား"

"မနေပါဘူး၊ သူ့မှာ တပည့်တပန်း အခြွေအရံတွေမှ အများကြီး၊ သူက သူဌေးမကြီး၊ သူ့မှာ သူပိုင်လုပ်ငန်းတွေ အများကြီး"

"အဲဒါ ဦးသီဟတိုးရဲ့ လက်တွဲဖော်ပဲလား"

"သူနဲ့ ကိုယ်နဲ့ အပြန်အလှန်ဖေးမကူညီခဲ့ကြတယ်၊ သူ့ကျေး ဇူးအများကြီးရှိတယ်"

"ဘာဖြစ်လို့ လက်မထပ်ခဲ့ကြတာလဲ"

"ကိုယ်လည်း လက်မထပ်ချင်ဘူး၊ သူလည်း လက်မထပ် ချင်ဘူး"

"ဘာဖြစ်လို့လဲဟင်"

"ကိုယ်တို့နှစ်ယောက် တရားဝင်လက်ထပ်လိုက်ရင် တစ်နေ့ မှာ တရားဝင်ကွဲကွာကြရမယ်ဆိုတာ နှစ်ယောက်လုံး သိ နေလို့ပဲ"

"ကျွန်မ ... လိုက်မမီး ထင်တယ်"

"သူ့ကို ... ကိုယ် လေးစားတယ်၊ သူ့အတွက် ကိုယ် တတ်နိုင်သလောက် ဉာဏ်တာဖေးမချင်တယ်၊ ဒါပေမဲ့ ... သူ့ကိုမှ မချစ်တာ"

"သူကရော"

"ချစ်ပုံရပါတယ်။ ဒါပေမဲ့ သူ သိတယ်၊ ကိုယ့်ကို အပိုင် သိမ်းပြီးချစ်ခွင့်မရနိုင်ဘူးဆိုတာ"

"ဘာဖြစ်လို့ မချစ်တာလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com

"မသိဘူး၊ ဒါပေမဲ့ ... ခင်တယ်။ တကယ်ခင်တာ။ သူက လှတော့မလှဘူးကွ၊ ညိုကကျတော့ လှတယ်လေ"

"ဒါပေမဲ့ ... ဦးသီဟန်တိုး ကျွန်မကိုလည်း မချစ်ပါဘူး"

"တစ်ယောက်နဲ့တစ်ယောက် ညှာတာကြင်နာမယ်၊ ကူညီ ဖေးမမယ်၊ မင်းကို စည်းစိမ်ဘုံပေါ်တင်ထားတာပဲ၊ ဘာလို လေသေးရှိလဲ"

"မရှိပါဘူး"

"ပြီးရောပေါ့"

ရပ်ကွက်ထဲမှာ "သိကြားမင်းမိသားစု"လောက် လေးစားအထင်ကြီးခံရသည့် အစ်ကိုမြတ်ခန့်ကို သတိရလိုက်ပါသည်။ အစ်ကိုမြတ်ခန့်ကို၊ မြရွက် ချစ်ခဲ့မိပါသည်။ အချစ်မှာ လေးစား အားကိုး၊ အထင်ကြီးတာတွေပါသည်။ မြတ်နိုးတွယ်တာသည်။ ဦးသီဟန်တိုးပြောသည့် "ဘဝ"ဆိုတာကြီးကို အစ်ကိုမြတ်ခန့် လက်ကိုတွဲ၍ မှီခို၍ လျှောက်ချင်ခဲ့ပါသည်။

"အစ်ကိုမြတ်ခန့် တော်တော်စက်ရက်တာပဲ"

ဆိုတာ ခတော့ တွေးမိပါပြီ။ စိတ်နာ၏။ ဒီလိုလူ (ဦးသီဟန်တိုး ရဲ့လက်ထဲကို သူ့ကို မျက်စိမှိတ်ပြီး ထည့်ခဲ့နိုင်တာ၊ သူ့ချစ် နှင့်သူ ... လွဲမှာတစ်ခုတည်းနှင့်ပင်။ လေးစားကြည်ညိုဖွယ် စိ ဓာတ်ကောင်းနှင့်လူဟာ မြရွက်လိုမိန်းမသားကို၊ ဦးသီဟန် လက်ထဲ ထည့်ခဲ့သင့်သလား။ သူ့ဘဝထဲမှာ လက်မခံနိုင်လို့ ရှောင်လွှဲသွားရုံနှင့် မလုံလောက်ဘူးလား။

"ကိုမြတ်ခန့်တောင် စင်ကာပူလာဦးမယ်"



ဦးသီဟန်တိုးပြော၍ သိရ၏။

"ထမင်းတစ်နပ်လောက်ကျွေးချင်တယ်"

"အိမ်ကိုခေါ်ခဲ့ရမလား၊ တွေ့ချင်တယ်ပေါ့၊ Old Flame (အချစ်ဟောင်း)ကြီးကို။ ကျွေးလေ။ ကျွေးပါ။ ကိုယ်က ဒါမျိုးတွေ လိုက်သဝန်တိုနေတတ်တဲ့အထဲမှာ မပါဘူး"

သူ ... တကယ်ပင် ခေါ်လာခဲ့ပါသည်။

"စကားပြောကြ ... ကိုယ် ချေ့သည်တစ်ယောက်နဲ့ ထားတာရှိလို့ သွားရဦးမယ်၊ ကိုမြတ်ခန့်ကို ခင်ဗျားညီမက င်းကျွေးချင်လို့တဲ့ဗျာ" ...ဆိုပြီး ထားပစ်ခဲ့တာကို၊ မြရွက် ဩမနေတော့ပါ။ ဦးသီဟန်တိုးဆိုသည့်ပုဂ္ဂိုလ်မှာ ဒီထက်အံ့ဩ ကောင်းသည့် စိတ်ဓာတ်တွေ အများကြီးမှ အများကြီးရှိနေ သည်လေ။

"ဦးသီဟန်တိုးနဲ့ ပေးစားခဲ့တာ အစ်ကိုမြတ်ခန့် တော်တော် ရက်စက်တယ်"

မြရွက် မျက်ရည်မကျတော့ပါ။ အံ့ကိုတော့ ကြိတ်ဖြစ်

"ဟ ... ငါပေးစားတာမဟုတ်ပါဘူး၊ နင့်အဘွားပေးစား တာ။ နင်ကလည်း ယူတာကိုး၊ နင်မယူချင် ထွက်ပြေးပေါ့"

"ဘယ်ကိုပြေးရမှာလဲ၊ ဘယ်သူ့ဆီလဲ"

"ဒါဆိုလည်း ... ရအောင်ငြင်းပေါ့"

"ကျွန်မလို မိန်းမသားမှာ အဲဒီလိုငြင်းနိုင်တဲ့ခွန်အား မရှိ ဘူးဆိုတာ သိဖို့ကောင်းပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို နှိပ်နှိပ်စက်စက်လုပ်လို့လား"

"မလုပ်ပါဘူး"

"လိုလေသေးမရှိမထားဘူးလား"

"လိုတာထက်တောင် ပိုပါသေးတယ်"

"ဒါဆို ... နင်က ဘာကိုထပ်လိုချင်နေသေးတာ

"တစ်လင်တစ်မယားစနစ်"

"အင်း"

ကိုမြတ်ခန့်ထံမှ သက်ပြင်းချသံ ကြားရတော

"အိမ်ထောင်ရေးမှာ အချစ်မလိုဘူးပဲထားပါဦး၊ အပြ
လေးစားခြင်းဆိုတာတော့ လိုအပ်တယ်။ တရားမဝ
တွေ တစ်ရွာတကျီဆောက်သလောက် မများပေမယ့်
မှာတင် ဘယ်နှယောက်လဲ"

"ငါ ... တိတိကျကျတော့မသိဘူး၊ သူ့အစ်မလို
တဲ့အမျိုးသမီးကြီးတစ်ယောက်နဲ့ နောက်တစ်
လောက်ပဲရှိမယ်ထင်ပါတယ်၊ ငါလည်း သူ့အ
အစကသေချာမသိပါဘူး၊ တဖြည်းဖြည်းမှသိလာ

"မိန်းမပြဿနာကလွဲရင်တော့ အားလုံး
လူကောင်းတစ်ယောက်ပါပဲ။ တော်လည်းတော်တ
ကွက်ထဲမှာ ဘုန်းကြီးတွေဘာတွေ ဆွမ်းကျွေး
တော့ ငါလည်း ... ဟုတ်ပြီထင်ခဲ့တယ်၊ ဟိုတ
ဘာတွေမှာ မင်္ဂလာမဆောင်တာကတော့ ...



"သူ့မိဘ၊ သူ့ဘက်ကသဘောမတူလို့လို့ ထင်တာပေါ့။ ပြောရရင် ... အဲဒီလိုရပ်ကွက်ထဲ ဆွမ်းကျွေးပေးတာတောင် နင်တစ်ယောက်တည်းရှိတယ်၊ ဒီလိုပဲ ... သူရုံးတွေဘာတွေမှာလည်း လက်မထပ်ဘူး"

"ခုထိ ... သူ့ဘွေး ဦးသီဟန်တိုးဆိုတာ လူမျိုးကြီးလို့ အားလုံးက သတ်မှတ်တုန်းဆို"

"ဟုတ်တယ်"

"သူ့မိဘတွေက ဘယ်သူဘယ်ဝါမှန်းမသိဘူး၊ ညီကိုမောင်နှမ ဘယ်နှယောက်ရှိမှန်းမသိဘူး"

"သူ့မိဘက ရန်ကုန်မှာပဲ၊ သူ့လိုပဲ ကုမ္ပဏီပိုင်တွေ ဘာတွေနဲ့ သူဌေးတွေပဲ၊ သူ့ညီမတစ်ယောက်က ဆရာဝန်၊ အမေရိကားမှာ၊ သူ့အစ်ကိုက သူ့လိုပဲ စင်ကာပူနဲ့ရန်ကုန်နဲ့ ကူးနေတာပဲ"

"အဲဒါတွေ ဘာမှမသိဘူး၊ တစ်ခါမှလည်း မတွေ့ဖူးဘူး၊ ကျွန်မက သူ့ဇနီးလား၊ ငွေဝယ်ကျွန်လား"

"ငါ တကယ်ပြောတာပါ၊ နင့်ကိုတော့ ... သူ့မိဘသဘောမတူလို့ ကြီးကြီးကျယ်ကျယ် မင်္ဂလာမဆောင်ပေမယ့် တရားဝင်ဇနီး သတ်မှတ်တယ်လို့ထင်ခဲ့တာ။ တခြားမိန်းမတွေထပ်ယူလည်း နင်ကတော့ ပွဲတက်ဇနီးပေါ့၊ ငါ ... အဲဒီလိုထင်ခဲ့လို့လည်း ကြီးကြီးတင်ကိုပြောပေးခဲ့တာ ...

"သူ့အစ်မကြီးဆိုတဲ့ အမျိုးသမီးကိုတော့ သိတယ်၊ တရားဝင်မှ လက်ထပ်မထားတာ၊ ဟိုကလည်း သူ့ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီး လုပ်နေတာ၊ ဒါပေမဲ့ ... သူတို့နှစ်ယော
သံယောဇဉ်ကတော့ကြီးတယ်၊ ဟိုက ချစ်တယ်ထင်
သူကတော့ ကျေးဇူးရှင်လို့သတ်မှတ်ထားပုံရတယ်

"သူ့မိဘ သူ့အစ်ကိုရော သူရော၊ စီးပွားရေးလု
ထဲရောက်အောင်၊ အဲဒီအမျိုးသမီး ကူညီပေးခဲ့တာ။
အမျိုးသမီးလည်း စင်ကာပူကို ခဏခဏရောက်
လူ့ဘဝဆိုတာ နင်ထင်ထားသလောက်တော့ ရှင်းလ
စင်မနေဘူး ...

"ဒီလိုပဲ လမ်းကြွေ့တွေ၊ ခလုတ်ကန်သင်းတွေရှိ
ပါတယ်၊ နင့်ကို ကောင်းစားစေချင်တဲ့ စေတနာရှိ
အမှန်ပါ။ ခုလည်း နင်က သူ့ဇနီးပဲဟာ"

"ဘယ်ပွဲဘယ်လမ်းမှ မသွားဖူးခဲ့ရပါဘူး။ သူ့ဆီရောက်
တဲ့ ဖိတ်စာတိုင်းမှာ ဦးသီဟန်တိုးနဲ့ ဇနီးရယ်လို့
တစ်ခါမှမတွေ့ဖူးဘူး၊ ဦးသီဟန်တိုးတစ်ယောက်တည်း
စင်ကာပူရောက်ကာစကဆို ...

"ကျွန်မကလည်း ဘယ်မှမသွားတတ်၊ အ
စကားလည်းမပြောတတ်၊ သူကလည်း ဘယ်မှလိုက်
ဈေးတွေဘာတွေတောင် သူ့ကုမ္ပဏီက သူ့တပည့်
ယောက် လာဝယ်ပေးလို့ချက်ရတယ်"

"ခုရော ..."

"ကျွန်မ သွားတတ်လာတတ်ပြီ။ ဒါပေမဲ့ ... တစ်ယော
တည်းပဲ၊ တစ်ခါမှ သူနဲ့ ဘယ်မှ တွဲပြီးတူတူမသွားဖူး



ကျွန်မ ပျင်းရင် တစ်ယောက်တည်းထွက်သွားလိုက်တာပဲ၊ အဲဒီလိုသွားတော့လည်း မဆူဘူး"

"ငွေရေးကြေးရေးကျတော့ရော"

"သူပေးတာက ကျွန်မ သုံးချင်တာထက်ပိုပါသေးတယ်၊ ဘယ်တုန်းကမှ များများမသုံးခဲ့ဖူးတော့ သိပ်လည်း မသုံးချင်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ... နင်က မြန်မာမိန်းကလေး။ သူက နင့်ကို ဘယ်လိုပဲသဘောထားထား၊ နင်ကတော့ သူဟာ နင့်ခင်ပွန်း၊ နင့်အိမ်ဦးနတ်ဆိုတာ မမေ့နဲ့၊ ကိုယ်ကျင့်တရားကို ထိန်းပါ၊ နင်ပြောတဲ့ တစ်လင်တစ်မယားစနစ်ဆိုတာကို နင့်ဘက်က မကျိုးပေါက်ပါစေနဲ့"

"တော်လိုက်တာ။ ဆုံးမတတ်လိုက်တာ။ လေးစားကြည်ညိုလိုက်ပါတယ်"

"ငါက အကောင်းပြောတာ။ နင့်ရဲ့အစ်ကို၊ ဦးလေး၊ ဖခင်နေရာကနေ ပြောတာ၊ နင့်အဘွားရှိရင်လည်း ဒီလိုပဲပြောမှာပဲ၊ နင့်အဘွား မမာတုန်းကဆို ... သူ တော်တော်ပိုက်ဆံကုန်ခံပြီး ကုပေးတာ"

"အသုဘချတော့ ဘယ်သူမှ မသိလိုက်ဘူးမဟုတ်လား"

"ကြီးကြီးတင်မှာ ငါတို့ရပ်ကွက်ကလူတွေကလွဲရင် မိတ်ဆွေမှမရှိဘဲ၊ ငါတို့ရပ်ကွက်မှာလည်းမနေတော့ဘူးဆိုတော့ ငါနဲ့ ဒေါ်စိန်နဲ့ပဲ"

"သြော် ..."

www.burmeseclassic.com

www.burmeseclassic.com



"နင်က ... ကြီးကြီးတင်မမာတာ ဘာလို့ လာပြန်မပြ
တာလဲ"

"ဩ"

မြစွက် နှုတ်ခမ်းကို ကိုက်ပစ်လိုက်၏။

"ဘာလဲ ... နင် မသိဘူးလား"

"သိရင် ... ရန်ကုန်ကို ကုန်းကြောင်းပြေးတယ်။ ပင်လယ်
ကြီးဖြတ်ပြီး လက်ပစ်ကူးတယ်၊ သိလား။ အဲဒီလို သွား
စိုးလို့၊ သူ့ကို ချက်ပြုတ်ကျွေးမယ့်သူ၊ သူ့ကို အရက်
ပေးမယ့်သူ မရှိမှာစိုးလို့ ...

"ငွေဝယ်ကျွန်တစ်ယောက်ကို ရက်ပိုင်းလေးတော
ခွင့်မပေးနိုင်လို့၊ သူအပိုင်ဝယ်ထားတဲ့ အရုပ်တစ်ရုပ်
သူများဆီ ခဏလေးတောင် မငှားလိုက်နိုင်လို့"

"ဒီလောက်စိတ်မနာပါနဲ့ဟာ ... တရားသဘောနဲ့တွေး
နင်သွားလည်း သေမယ့်သူက သေမှာပါပဲ"

"ဩော် ... တကယ့်သူတော်ကောင်းတရားရှင်ကြီးနဲ့ လာ
တွေ့နေရပါလား"

"ပြော ... ပြော၊ နင့်ယောက်ျားကို နင်မပြောရဲသမျှ ငါ့
ပြော၊ နင် ရင်ဖွင့်ပေါ့၊ ဒါမှ နင့်ခံစားမှုတွေ သက်သာမှာ"

"တရားသဘောနဲ့ပဲ တွေးပါပြီ၊ မတွေးလို့မှလည်းမရတာ
ဘာပဲပြောပြော၊ ကိုယ်က ဗုဒ္ဓဘာသာမြန်မာမိန်းကလေး
ဘဝမှာ ဘယ်လိုပဲကြုံရကြုံရ၊ ဝဋ်ကျွေးလို့ပဲ သဘောထား
လိုက်ပါတယ်"



ကိုမြတ်ခန့်ကို စိတ်ရှိလက်ရှိ ဆက်ပြီးရန်တွေ့ဖြစ်
သည်။ ရန်ပွဲ၏နိဂုံးမှာ စိတ်တွေ တော်တော်လျော့ကျပြီး၊
အကြောင်း ... ရယ်လို့ ဖြေတတ်သွားခဲ့ခြင်းကတော့
ပင်ကိုဗီဇ သန္ဓေကောင်းလေးဟုပဲ ပြောရပါတော့မည်။

ဦးသိဟန်တိုးက ထမင်းရှင်၊ ကျေးဇူးရှင်၊ အစ်ကို
သည်လည်း ကျေးဇူးရှင်စာရင်းဝင်၊ ကိုယ့်ဘဝအကျိုးပေးက
ကိုယ့်ကုသိုလ်နှင့်ကိုယ်ပဲလေ ...။

❁ ➤ ❁

"ကိုမြတ်ခန့် ... တော်တော်မှရန်တွေ့ခံရရဲ့လား"

ဦးသိဟန်တိုးက ပြုံးပြုံးရယ်ရယ် ပြန်ရောက်လာခဲ့ပါ
သည်။

"ဆရာ ... ဒီအတွက် တမင်အခွင့်အရေးပေးတာထင်တယ်"

"ဒါပေါ့ဗျာ ... ခင်ဗျားညီမလည်း လူပဲ၊ ခံစားတတ်တဲ့
ကိုယ်ပိုင်အခွင့်အရေးနဲ့လေ။ ခံစားရှာပါစေ။ ကျွန်တော်
နားလည်ခွင့်လွှတ်တတ်ပါတယ်။ အဲဒါကြောင့် သူ့ကို
မငြိမငြင်ထားတာ၊ ကျွန်တော်လည်း ကျွန်တော့်ကိုယ်ပိုင်
အခွင့်အရေးနဲ့ ကျွန်တော်နေတတ်တဲ့သူပဲ"

အဲသည်နေ့က သုံးယောက်တူတူ ထမင်းစားဖြစ်ခဲ့
ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဦးသီဟန်တိုးက လူတစ်မျိုးကွ။ ဆိုးလှတယ်ပြောရ
ကောင်းတော့လည်းမကောင်းလှဘူး၊ ငါ ... အိမ်ထောင်
ပတ်သက်တဲ့ သူ့ယူဆချက်ကိုပြောတာ၊ ကျန်တာတွေ
ကောင်းပါတယ်"

"သူက အိမ်ထောင်ရေးလို့ကို မသတ်မှတ်တာ၊ အိမ်ထေ
ဆိုတဲ့စကားလုံးမှာ ထောင်ဆိုတာပါနေမှတော့ အချုပ်အ
ကြီးနဲ့ ဘယ်ကောင်းပါတော့မလဲတဲ့။ အဲဒါကြောင့်
သူနဲ့နေရတာ စိတ်အရမ်းပျက်လာတဲ့အချိန်ကြရင် ပြော
တဲ့၊ သူ တတ်နိုင်သလောက် လျှော့ပေးပါ့မယ်တဲ့၊ က
ကုန်ရော"

"ဒီလူ့ဆီမှာ အချစ်ဆိုတာကို မရှိလို့ပါ"

"အဲဒါ အမှန်ဆုံးပါပဲ"

အဲဒီလိုဝေဖန်ပြီးသည့်နောက်ပိုင်းမှာ ဦးသီဟန်
ကို ပို၍ နားလည်ပေးခဲ့ပါသည်။

"စိန်လော့ကက်လေးလှတာနဲ့ ... မင်းနဲ့ လိုက်လို့ ဝယ်
တယ်ကွ ... မိန်းမ"

အဲသည်လို လိုက်လျောတတ်တာလေးတွေ ရှိ
သည်။ တစ်ခါတစ်ရံမှာ သူ့အပြုအမူ အပြောအဆိုတွေက
စနိုးလိုလို ရှိတတ်ပါ၏။ တစ်ခါတစ်ရံကျတော့လည်း သူငယ်ချ
မိတ်ဆွေလို။ ဘယ်တော့မှမဆက်ဆံတတ်တာကတော့ "ရန်သူ"
လိုပါပဲ။ အဲဒါသည်ပင် ဦးသီဟန်တိုး၏ "ကောင်းကွက်"
ချီးကျူးစရာဖြစ်တော့သည်။



သူ ... မိန်းမ ... ဟု တရင်းတနှီးခေါ်ဝေါ်သုံးစွဲလိုက်
ခြင်းကတော့ ချစ်မြတ်နိုးခြင်းသင်္ကေတဟု၊ မြရွက် မထင်လိုပါ။
မြရွက်ညိုဆိုသည့် လူသားက ဣတ္ထိလိင်မို့ "မိန်းမ"ဟုခေါ်လိုက်
ခြင်းပဲခံစားကာ၊ မြရွက်၏နှလုံးသားလေး အေးစက်မာကျော၍သာ
နေရပါတော့သည်။

"ရန်ကုန်မှာတုန်းကလေ ... ကိုယ့်က အလုပ်သမားကို၊
ဒေါ်စိန်ခေါ်ထားပေးလို့သာပဲ၊ ဆယ့်လေးငါးနှစ်ကောင်မ
လေးတွေသာခေါ်ထားပေးရင် ... မင်းက အဲဒီကောင်မလေး
တွေနဲ့ ဖန်ခုန်ချင်သေးတာမဟုတ်လား"

မြရွက်ဆံပင်လေးများကို လက်တစ်ဖက်က သပ်ပေး
ရင်း၊ လက်တစ်ဖက်မှာတော့ သူ မက်မက်မောမော သောက်သုံး
တတ်သည့် ဝီစကီဖန်ခွက်ကိုင်လျက်။

"ကျွန်မ ... ကလေးဘဝတုန်းကလည်း ကလေးမပီပြင်ခဲ့
ရဘူး"

"သိတယ် ... မင်းကို အဲဒါလေးတွေ သနားတာ"

"ကျွန်မရဲ့အပျိုဘဝဟာ ဘယ်လိုကုန်ဆုံးသွားမှန်းတောင်
မသိခဲ့ရဘူး၊ အပျိုလေးရယ်လို့လည်း မပျော်ရွှင်ခဲ့ရဘူး"

"ဒါတော့ ... မင်းအဘွားက ချုပ်ချယ်ခဲ့လို့ပါ။ ဒါလည်း
အပြစ်မတင်ပါနဲ့၊ မင်းအဘွားက ရှေးလူကြီးဆန်တဲ့ မြန်မာ
အမျိုးသမီးကြီးမို့ပါ၊ မင်းမှာ သူငယ်ချင်းလည်း သေသေ
ချာချာမရှိခဲ့ဘူးထင်တယ်၊ သနားစရာလေး"

www.burmeseclassic.com

www.burmeseclassic.com

သူ တစ်ခါတစ်ရံတော့ တကယ်သနားသွားပုံနှင့် ချစ်စနိုးတတ်ပါသည်။

"ယောကျ်ားရတော့လည်း ဒီယောကျ်ားက အရွယ်မတူ"

ဟား ... ဟား ... ဟု သူ အော်ရယ်၏။

"ကိုယ်က မင်းကို အိမ်မှာပဲမြင်နေချင်တာ၊ တကယ်တော့ ကိုယ်လည်း တခြားပျော်ပွဲရွှင်ပွဲတွေ သိပ်မသွားတတ်ပါဘူး၊ ရုပ်ရှင်ဆိုလည်း အိမ်တင်ပဲကြည့်တာ၊ မင်းနဲ့အတူတူလေ။ အလုပ်ကိစ္စအတွက် တက်ရတဲ့ဒင်နာပွဲတွေတောင် တာဝန် အရပဲ ...

"ကိုယ်က မင်းကို ဘေးနားမှာထား၊ မင်းပြောတဲ့ စကားတွေနားထောင်၊ မင်းချက်ကျွေးတာလေးတွေ မြည်း ပြီး မင်းကို လက်တစ်ဖက်နဲ့ဖက်ထား၊ နောက်တစ်ဖက်က ကိုယ်ကြိုက်တဲ့ဝီစကီကိုသောက် ...

"လောကနိဗ္ဗာန်ပဲ၊ ကိုယ် သိပ်ကြည်နူးတယ်၊ ကိုယ် က စိတ်မညစ်ချင်ဘူး၊ စိတ်ညစ်ရတာ မကြိုက်ဘူး"

"စိတ်ညစ်ရတာ ဘယ်သူကြိုက်မှာလဲ ဦးသီဟန်တိုးရယ်"

"ကိုယ့်ကို ဦးသီဟန်တိုး ... လို့ ခေါ်တာလေးလည်း နား ထဲမှာဆန်းတယ်၊ ကိုယ်ကြိုက်တယ်"

"ဘယ်သူတွေက ဘယ်လိုခေါ်ကြလို့လဲ"

"ဟော့ ... ဒီကောင်မလေး သဝန်တိုတာလား။ သဝန်မတို ကြေးလေ၊ သဝန်တိုတာ စိတ်ပင်ပန်းတယ် ကောင်မလေးရဲ့၊ မင်းက သဘောကျစရာလေး"



"ချစ်စရာလေးလို့များ ပြောလိုက်ပါတော့ ဦးသီဟန် ...ရယ်" ... လို့ မပြောဖြစ်တော့ပါ။ ရင်ထဲမှာတော့ တွေးလိုက် ...ါသည်။

"ဟို ... အစ်မကြီးဆိုတဲ့ အမျိုးသမီးက ဘယ်လိုခေါ်လဲ ဟင် ... စပ်စုပြီးမေးတာပါ၊ ကျွန်မ သဝန်မတိုပါဘူး၊ သိချင်ရုံပါပဲ"

"တစ်ခါတစ်လေတော့ မောင် ... တဲ့။ မောင်လေးလို့ လည်းခေါ်တယ်။ အလုပ်ကိစ္စနဲ့တွေ့ကြတဲ့အခါကျတော့ ကိုယ့်ကို အိမ်ကခေါ်သလို ကိုတိုးလို့ခေါ်တယ်"

"သူ့ကို ချစ်လားဟင်"

"မိတ်ဆွေသဘောချစ်ပါတယ်၊ အရမ်းလည်းခင်တယ်။ သံယောဇဉ်လည်းရှိတယ်၊ သူ့အတွက် အကောင်းလေးတွေ ကူညီပေးချင်တယ်"

"ရှင်တို့ဆက်ဆံရေးက မိတ်ဆွေသဘောကရဲ့လား" ဟု မမေးဖြစ်တော့ပါ။ မေးမိလျှင် ... "ကိုယ်က ငြိမ်းချမ်းတာကို သိပ်ကြိုက်တာ၊ ဘယ်တော့မှ မညာတတ်သလို၊ သူများက အမှန်တွေ လာပြောနေလည်း အေးဆေးပဲ၊ တချို့အမှန်တွေက နားဝင်မချိုတော့လေ" ... ဟု ပြောထားဖူးသည့်သူမို့ ...

"ဒါတော့ ... ဘယ်က,မလဲ" ... ဟုဖြေချလိုက်မှာကို ကြိုသိနေပါသည်။ သူ့ဝသီအတိုင်း၊ သူပြောသလို နားဝင်မချိုသည့် အမှန်စကားတွေကို၊ သူ ... ငြိမ်းချမ်းစွာပြောဦးမှာပါ။

"ညိုက သဝန်တိုလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မတိုပါဘူး"

"တစ်ခုသိချင်တယ်"

ဦးသီဟန်တိုးက လက်ညှိုးတစ်ချောင်းထောင်၍ နဖူး ချင်းလာတိုက်၏။

"ဖြေမလား"

"နားဝင်မချိုတဲ့ အမှန်စကားကို ငြိမ်းချမ်းစွာဖြေမယ်"

မြရွက် ... ပြုံးပြုံးလေးဖြေတော့ သူက မြရွက်ခေါင်း ကို လက်ဝါးနှင့် နှစ်ချက်သုံးချက် ပုတ်လေ၏။

"ရည်းစားထားဖူးလားလို့ မေးမလို့"

"မထားလိုက်ရဘူး"

"ကိုမြတ်ခန့်က မကြိုက်လို့မဟုတ်လား"

မြရွက်ခေါင်းညိတ်တော့ သူရယ်၏။

"အဲဒီလူ ... လူကောင်းကွ၊ သိလား၊ ခုရော ... ချစ်နေ တုန်းပဲလား"

"ပြန်စဉ်းစားကြည့်တော့ ... ဟိုတုန်းကတည်းက ချစ်ခဲ့တာ မဟုတ်ဘူးလားလို့။ လေးစားတာ အထင်ကြီးတာပဲဖြစ်မှာ ပါ၊ အားကိုးမိတာလည်း ဖြစ်နိုင်ပါတယ်။ အချစ်မဟုတ်ခဲ့ ဘူးလို့ ခုမှတွေးမိတယ်"

"ချစ်ခဲ့တာဆိုလည်း ရတယ်၊ အခုက ... ညိုဆိုတဲ့ အရုပ် ကလေးကို ကိုယ်က အပိုင်ဝယ်ထားတာပဲ"

သူ ... ပြုံး၍ ပြောပုံက လိပ်ပြာသန့်လွန်းသလိုမို့ "ဘယ်လိုလူလဲ" ... ဟု တွေးစရာမရှိသလိုတောင် ဖြစ်ရလေ၏။



ငင်စစ် ... သူ့စိတ်ဓာတ်နှင့် သူ့စကားတွေက တစ်ဖက်သားအပေါ် ဘင်စီးရာရောက်၏။ ဒါကို ... သူ တွေးမိပုံလည်းမပေါ်ချေ။ သူ့ကိုယ်သူ အပြစ်ကင်းစင်စွာခံစားလျက် သိပ်ပြာသန့်နေတော့ သည်။

"တစ်ခါတစ်ခါတော့ ညို့ကို သနားတယ်၊ ညိုက ဘဝ ဆိုတာကို တစ်ခါမှ စိတ်တိုင်းကျရင်မဆိုင်ခဲ့ရဖူးမဟုတ်လား၊ ကိုယ်နဲ့နေရတာလည်း ပျော်ပုံမရဘူး၊ ဟုတ်ရဲ့လား ကိုယ် ပြောတာ"

"ကျွန်မရဲ့ ကလေးဘဝဟာလည်း မပီပြင်ခဲ့ဘူး၊ ကျောင်းသူ ဘဝမှာလည်း သူငယ်ချင်း သသေချာချာမရှိခဲ့ဘူး၊ အပျို လေးအရွယ်လေးရယ်လို့လည်း ပျော်ပျော်ရွှင်ရွှင် မဖြတ်သန်း ခဲ့ရဘူး"

"စောစောစီးစီး ... ကိုယ့်ဘဝထဲ ဝင်လိုက်ရတာလည်း တစ်ကြောင်းပါဦးမယ်"

"ဒါပေမဲ့ ... ကျေးဇူးတ ပါတယ်၊ မဝတ်ဖူး၊ မစားဖူး၊ မခံစားဖူးတဲ့ စည်းစိမ်ပေါ်ကို ရောက်ခဲ့ရတာပါ"

"ဖြေတတ်အောင်သာ ဖြေပေတော့ကောင်မလေးရေ၊ အဲဒီလို ဖြေပြီး နေတတ်မှလည်း လူ့ဘဝဆိုတာ နေပျော်တာ၊ မဟုတ်ရင် အဓိပ္ပာယ်မရှိဘူး၊ ဘာပဲဖြစ်ဖြစ် မင်း ... စိတ် ဆင်းရဲကိုယ်ဆင်းရဲတော့ ဖြစ်မနေဘူးမဟုတ်လား"

"ကိုယ်ချမ်းသာပါတယ် ဦးသီဟန်တိုးရယ်"

"စိတ်ရော"

www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲနေတာလည်းမဟုတ်၊ ချမ်းသာတယ်လည်းမဟုတ် ဒီလိုပါပဲ"

"လိမ္မာတဲ့ ကောင်မလေးပဲ"

ကြည့် ...။ သူ ချစ်စနိုးသွားပုံရပါသည်။ ချစ်စနိုးသွားပုံရသည်ဟု တွေးလိုက်ခြင်းက ကိုယ့်ကိုယ်ကိုယ် မြင့်ပြီးတော့များ တွေးလိုက်မိသလား မပြောတတ်ပါ။ ထားပါတော့။ ချစ်စနိုးသွားတယ်ရယ်လို့ပဲ။ သို့ပေမဲ့ ... သူချစ်စနိုးပုံက ကုပ်ပိုးပေါ်မှာ စုစည်းထားသည့် မြရွက်ဆံပင်စုလေးကို နှစ်ချက်သုံးချက်ဆောင့်လိုက်ခြင်းမို့ မြရွက် ... နည်းနည်းပါးပါးတော့ နာကျင်သွားရသည်ပင်။ သို့ပေမဲ့ ... တစ်ဖက်သားနာကျင်သွားမလားရယ်လို့ သူတွေးမိပုံမပေါ်ပါ။ သူ့စိတ် သူ့သဘော၊ သူ့ဆန္ဒ၊ သူလုပ်ချင်သည်ကို လုပ်လိုက်ခြင်းအတွက် သူ့မှာ အပြစ်ရှိသလား၊ တစ်ကိုယ်ကောင်းဆန်သွားမလား၊ တစ်ဖက်သားမှာ ဘယ်လိုနေမလဲ... တစ်ချက်ကလေးမျှတွေးမပေး။ အဲသည်လို တွေးမပေးသည့်အပေါ်မှာလည်း သူ့ဘာသာ လိပ်ပြာသန့်လို့နေချေသေး၏။

တော်တော်ရှားပါးသည့် စိတ်ဓာတ်နှင့် ပုဂ္ဂိုလ်မျိုးပါပဲ။ အဲသည်လိုလူနှင့်မှ ... ဘဝလမ်းကွေ့၏ တစ်ဆစ်ချိုး မလွဲသာမရှောင်သာ ခလုတ်တိုက်မိရလေခြင်း။ ကံဆိုးလှချည့်ဟု ဆိုရအောင်က ... မဝတ်ဖူး မစားဖူး၊ မခံစားဖူးသော စည်းစိမ်ပေါ် ရောက်ရသည်မို့ အဲသည်အဆိုအမိန့်မမှန်ပါ။ ကံကောင်းသလားဆိုတော့လည်း ကံမှမကောင်းဘဲ။ မြရွက်ဘဝကံမကောင်းတာ မြရွက်သာလျှင် အသိဆုံးမဟုတ်လား။



နောက်တစ်နည်းဆိုရသော် ... ဤကမ္ဘာတွင်၊ မြရွက်လောက် ကံဆိုးသူမိန်းမသား မရှိတော့ပါ။ မြရွက် စိတ် မြရွက်ဆန္ဒဆိုတာ ဘာမျှမရှိ၊ သူထားရာနေ၊ သူစေရာသွား၊ သူခိုင်းတာလုပ်ပေး၊ သူ့စိတ်နှင့် မြရွက်ကိုယ်၊ အဘွားတစ်ယောက်လုံး မမာတာ ပြုစုဖို့ဝေးလို့၊ ကွယ်လွန်တာတောင် သင်္ဂြိုလ်ခွင့်မရ။

ဤကမ္ဘာတွင် ... မြရွက်လောက် ကံကောင်းသော မိန်းမသားဟူ၍ မရှိတော့။ စီးပွားရှာစရာမလို၊ စိန်ရွှေရတနာမှစလို့ အပြည့်အစုံ၊ ကြိုက်သလိုသုံး၊ ဆူဆူပူပူမရှိ၊ ဘာအတွက်ကိုမျှ ငြိုငြင်ခြင်းမခံရ၊ နိုင်ငံခြားမှာလည်းနေရသေး၊ အဲသည်နိုင်ငံရပ်ခြားတိုင်းတစ်ပါးမှာကိုပဲ ခြိုးခြံချွေတာနေရသည်ဟူ၍ မရှိ။ သူနှင့်ကိုယ်နှင့် နှစ်ယောက်စာလေးချက်ရသည်မှာ ... ဘယ်လောက်မျှ မပင်ပန်း၊ ငယ်ငယ်တုန်းကလို ထင်းနှင့်မီးမွှေးဖို့မလို။ မီးခိုးမမွှန်။ လျှပ်စစ်မီးဖိုနှင့် မိုက်ခရိုဝေ့ဖ်မီးဖိုနှင့်၊ ခလုတ်နှိပ်ရုံနှင့် အဆင်သင့်။ ဘာတစ်ခုလိုလေသေးရှိလို့ပဲ။

မြရွက်ညိုဆိုသော မိန်းမသားသည် ... ဤကမ္ဘာတွင် ကံအဆိုးဆုံးမိန်းမသားဖြစ်သလို ကံအကောင်းဆုံးသော မိန်းမသားလည်းဖြစ်နေပါတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

တစ်ကိုယ်လုံးမှာ ... အသွေး၊ အသား၊ အရိုး၊ အကြော၊ အဆစ် ဘာတစ်ခုမျှ မရှိတော့သလို။ ဆက်စပ်ခြင်းမရှိ၊ အားလုံး ပြုတ်ထွက်ကုန်သလို။ လူ၏ခန္ဓာကိုယ်သည် လူနှင့်မတူ။ ဘာတွေ စုပေါင်းဖွဲ့ပုံထားသော ... ဘာပုံကြီးမှန်းမသိသည့် အပုံကြီးတစ်ခုကဲ့သို့ ...။

ရွေ့လျားရှမရ၊ လှည့်ပြောင်း၍မရ။ အသက်မှ ရှိသေးရဲ့လားမသိ။

အဖြစ်တကာ့အဖြစ်မျိုးစုံထဲမှာ ကိုယ့်အဖြစ်သည်သာ အဆိုးဆုံး။ ဒီလောက်ဆိုးဝါးသည့် အဖြစ်မျိုး ဘယ်သူဖြစ်ဖူးသလဲ၊ ဒီလောက်ရက်စက်သည့် ကံကြမ္မာနှင့် ဘယ်သူကြုံတွေ့ရဖူးသလဲ၊ ကြည့်စမ်းပါတော့ ...။ ဖြစ်မှဖြစ်ရလေခြင်း။ ကိုယ် ... ရင်နှင့်အမျှ သက်ခင်ပြတ်လှ၊ တမ်းတမ်းမွတ်မွတ်၊ မြတ်မြတ်နိုးနိုး၊ ချစ်မက်စွဲလမ်းရသည့် "မမ"မှာ ကာမပိုင်ခင်ပွန်းကြီးနှင့်ပါတဲ့။



"သေချင်သည်" ... ဟု ပြောလျှင် စကားက ခံစားချက် ပေါ့တိမ်နေပါသေးသည်။ တကယ့်ကို သေပစ်လိုက်ချင်တာပါ။ ဒီကိုယ်ခန္ဓာကြီး၊ ရုတ်တရက် ပျက်စီးပျောက်ကွယ် လွင့်စင်သွားစေချင်တာအမှန်ပင်။ "ထူးသစ်"ဆိုသော ပုဂ္ဂိုလ်ကို ဘယ်နေရာမှာမှ ရှာဖွေလို့မတွေ့ရှိနိုင်ပါစေနှင့်တော့။ ဘယ်သူနှင့်မျှ ဆုံချင်၊ သူငယ်ချင်းဆိုတာတွေလည်း မရှိပါစေနှင့်တော့။ မမေ့ကို တွေ့ရ၊ ရင်ဆိုင်ရမှာ အကြောက်ဆုံးပါပဲ။ မမေ သိလောက်ပြီဆင်ပါသည်။

မမေဟာ ... ဒီသားတစ်ယောက်ကို၊ ကိုးလဆယ်လ ဗိုက်ကြီးနှင့် လွယ်ခဲ့ရတာကို၊ ရောင့်ရဲခြင်းမရှိ၊ ခုချိန်ထိ ... ဖြစ်နိုင်လျှင် ...

"ဒီဗိုက်ကြီးကို ခွဲချ၊ သားကို ထည့်ထားပြီးမှ ပြန်ချုပ်၊ သားလည်း ... မမေ သွားလေရာပါရော" ... တဲ့။

အဲဒီလောက်ထိချစ်ရှာသော မမေ။ ချစ်တတ်လွန်းသည့်မမေ။

"သကြားလုံးလေးလောက် သေးအောင်လုပ်လို့သာရရင် မမေ ငုံထားပါရဲ့သားရယ်" ... ဟု ပြောခဲ့ဖူးသည့် မမေ။

"ဒီကမ္ဘာမှာ ... မေ့သားကို အချစ်ဆုံး။ မမေ့ကို အချစ်နိုင်ဆုံးလူသားဟာ မမေ့ရဲ့မိခင်ဆိုတာ မမေသိပေမယ့် မမေ့ရဲ့အချစ်ဆုံးလူသားနေရာမှာ မွေးမိခင်ကို ပြန်မထားနိုင်ခဲ့ဘူးသားရယ်။ အဲဒီနေရာမှာ မမေ့သားလေး ပြိုင်ဘက် မရှိ တစ်ယောက်တည်း" ... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သားနှင့်ပတ်သက်သမျှ၊ အကျိုးအကြောင်း…
အဆိုးအကောင်းတွေ ဖြစ်ရပ်တွေ၊ ဆက်စပ်သမျှသက်ရှိသ…
တွေကို၊ မေမေ့ထံ လုံးစေ့ပတ်စေ့ ပြန်လည်တင်ပြပြောဆို…
မလိုဘဲ အလိုလိုသိနှင့်နေတတ်သော မေမေ။

"ကျွန်တော်ကဖြင့် ... ခုမှ ပြောမလို့ရှိသေးတယ်၊ မေ…
က ဘယ်လိုကြိုသိနေတာလဲ"

တစ်ခါတစ်ရံမှာတော့ အံ့သြလွန်း၍မေးဖူး၏၊

"သားကို မွေးထုတ်ခဲ့တဲ့ မေမေလေ။ သားရယ်၊ မွေး…
လေးပါးစပ်ဟလိုက်ရုံနဲ့ အူဘယ်နှခွေဆိုတာ သိပြီးနေ…
မေ့သားလေး မျက်ဝန်းထဲစိုက်ကြည့်လိုက်ရုံနဲ့ အသည်း…
အဆုတ်တွေ ဘာဖြစ်နေလဲဆိုတာ သိပြီးနေပြီ။ အဲ…
အမေပဲ"

"ဘယ်နည်းနဲ့ သိတာလဲ မေမေ။ နည်းလမ်းရှိရင် သင်…
ပါ"

"အဲဒီပညာဟာ သင်စရာမလိုဘဲ၊ မိဘအဖြစ်ကို ရောက်…
နဲ့ အလိုလိုတတ်ကျွမ်းလာတဲ့ပညာပဲ။ တစ်ခုတော့ရှိတာ…
ကိုယ့်သားသမီး ကိုယ်သိပ်ဂရုမစိုက်တတ်တဲ့မိဘတွေ …
ချစ်တော့ချစ်တာပေါ့လေ ...

"လောကမှာ ... သားသမီးကိုမချစ်တဲ့မိဘ ဘယ်…
မလဲ၊ တချို့က ချစ်သာချစ်တာ၊ ချစ်တတ်ဖို့မကျွမ်းကျင်…
မိဘတွေရှိတယ်၊ အဲဒါမျိုးကကျတော့ စောစောက ပညာ…
တတ်လာဖို့ သိပ်မလွယ်ဘူးပေါ့ ...



"နောက်ပြီး ... အဖေနဲ့အမေတောင် မတူဘူး၊ အမေတွေက ပိုကျွမ်းကျင်တယ်လို့ပြောချင်တယ်၊ ဗိုက်ကြီးနဲ့ လွယ်ခဲ့ရတယ်၊ နို့တိုက်ခဲ့ရတယ်၊ ဖက်အိပ်ခဲ့ရတယ်၊ တစ်နေ့ကို အခါပေါင်းများစွာနမ်းခဲ့ရတယ်၊ သားသမီး မျက်နှာကို စာတန်းလုပ်ပြီး ဖတ်နေခဲ့ဖူးတယ် ...

"အပြုံးကိုတွေ့လည်း အဓိပ္ပာယ်ဖော်တတ်တယ်၊ အမဲ့ကိုတွေ့လည်း အဓိပ္ပာယ်ဖော်တတ်တယ်၊ သိတယ် သားရယ် ... မေ့သားလေးရဲ့ခြေလှမ်းတစ်လှမ်း၊ မလှမ်းခင်ကတောင် ဘယ်ကိုလှမ်းတော့မလဲ၊ အရှေ့လား၊ အနောက်လား ...

"တောင်လား မြောက်လား၊ ကြိုပြီးသိနှင့်တယ်။ မယုံမရှိနဲ့ သားရဲ့၊ တကယ်ပြောတာ။ တခြားမိဘတွေ မေမေ့လိုပဲသိတဲ့သူရှိမယ်၊ မသိတဲ့သူရှိမယ်၊ မေမေကတော့ သိတယ်၊ အဲဒါ သားကို သိပ်ချစ်လို့၊ အရမ်းတအားချစ်လို့" ... တဲ့။

မေမေ သိနေလောက်ပါပြီ။

မေမေ ရက်နေမလား၊ စိတ်ဆိုးနေမလား။ ယူကျုံးမရဖြစ်နေရှာမလား။ ကိုယ့်ခံစားမှုထဲမှာ ကိုယ့်အတွက်လည်းပါ၊ မေမေ့အတွက်လည်းပါ၊ ပြီးတော့ ... မမအတွက်လည်းပါပါတယ် မမရယ် ... လို့ ပြောချင်စမ်းပါဘိ။

မမရဲ့ခင်ပွန်းဆိုသူရဲ့ ဆက်ဆံရေး၊ မျက်နှာထား၊ ပြောသွားသည့်စကားဝါကျနှင့် လေယူလေသိမ်း။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေဟာ မမအပေါ်မှာ စိမ်းသက်နေပါတယ် မမရယ်။ မမအပေါ် "ချစ်ခြင်း"ဆိုတာထက် "တာဝန်"လား လူလူချင်းစာနာထောက်ထားတဲ့ "ကူညီချင်စိတ်"လား။ အဲဒါ ကိုပဲ တွေ့ရပါတယ် မမရယ်။

မမတို့အိမ်ထောင်ရေးပုံစံကို သဘောပေါက်မိပါ ပြီးတော့ ... ခုမှသာ ဘယ်ထောင့်တစ်နေရာက ပေါ်လာမှန်းမ ခရီးကြုံလမ်းကြုံ သူတင်းဝင်မေးသွားတာ၊ မမကို တစ်ယော တည်း ... လပေါင်းများစွာ တွေ့နေခဲ့ရတာ မမရယ်။

မမရဲ့အထီးကျန်ဘဝ ခြောက်ခြောက်သွေ့သွေ့ နှ နွမ်းဖတ်ဖတ်လေးကို နားလည်မိပါတယ်။ အဲဒီဘဝညှိုးညှိုးဘေ လန်းဆန်းစေချင်မိပါရဲ့၊ အဲဒီအတွက် အကူအညီလိုတယ်ဆို လည်း ကျွန်တော်ဟာ ကူညီသူတစ်ယောက် ဖြစ်ချင်မိပါတ

ဒါပေမဲ့ ... ဒါပေမဲ့ ... မမရယ်။

ကျွန်တော် ... လူယုတ်မာအောက်တန်းစားဘဝ ခုန်မဆင်းချင်ပါဘူး။ အိမ်ထောင်ရှင်မိန်းမသားတစ်ယောက် ဘဝထဲကို ဝင်ပြီး ဖေးမကူညီခွင့်မယူသင့်ပါဘူး။ မမကို ချစ်မိ အချစ် ... ချစ်ခွင့်အကြိမ်ကြိမ်တောင်းမိတဲ့အဖြစ် ... ဒီအဖြစ် ရှက်လည်းရှက်ပါရဲ့။ အရှက်သည်းလိုက်တာမှ ကိုယ့်မျက်နှာ ကိုယ် မှန်ထဲပြန်မကြည့်ချင်ပါဘူး။

ဒီ ... အရှက်မဲ့မျက်နှာကို လှီးဖြတ်ပြီး ဘယ်အရ ပုံးထဲသွားသွန်ပစ်ရမလဲလို့ အကြိမ်ကြိမ် စဉ်းစားမိပါတယ် မမ ရင်ထဲမှာ နင့်နေအောင်ခံစားရတာတွေမှာ၊ အရှက်တရား၊ ကြေ



နည်းခြင်း၊ ယူကျုံးမရခြင်းတွေ အားလုံး ပေါင်းစုပြီး ဖြေလို့ နေလို့မရ၊ သေပစ်ချင်တာတောင် သေလို့မရ။

ထူးသစ်ဆိုတဲ့ကောင် ... နှလုံးသွေးတွေ ရပ်တန့်သွား ပြီဗျာ။

ဖြစ်မှဖြစ်ရလေ ...။

အစကတည်းက ... ဒီမိန်းကလေးရဲ့မျက်ဝန်းတွေ ရင့်ကျက်နေကြောင်း၊ နာကျင်ခါးသီးမှုတွေ၊ နာကြည်းခြင်း တွေ၊ ဘဝရဲ့ရိုက်ပုတ်ထုထောင်း နှိပ်စက်ခြင်းခံထားရတဲ့ ဒဏ်တွေ တွေ့ခဲ့မိပါတယ်သားရယ်။

ကိုယ့်သွေးကိုယ့်သား၊ ဆွေမျိုးသားချင်းလေးဆိုရင် မကူညီခြင်းများစွာနဲ့၊ သူ့ဘဝရဲ့ ရှင်သန်မှုလေးကို ပြုစုပေးချင် ပါတယ်။ မေမေဟာ အကြင်နာတရားကင်းမဲ့တဲ့၊ မိန်းမကြမ်း မဟုတ်ရပါ။ ကြင်နာတတ်၊ မေတ္တာထားတတ်၊ ကရုဏာဆိုတာ သဘောပေါက်တတ်တဲ့သူ၊ ကိုယ်ချင်းစာတတ်သူ၊ လူသား င်းအပေါ်မှာ ကူညီတတ်တဲ့သူ။ မေမေနဲ့ ပတ်သက်လာတိုင်း မေဟာ စိတ်သဘောထားကြီးကြီးထားနိုင်သူအဖြစ်နဲ့ လူချစ် ခင်ပေါတဲ့သူပါ သားရယ်။

"ဒီတစ်ယောက်ကို လှည့်မကြည့်စမ်းနဲ့၊ သူ့ဘာသာ ဖြစ်ဖြစ်" ... ဆိုတဲ့စကား၊ မေမေ့ဆီက ကြားဖူးသလား သားရဲ့။

www.burmeseclassic.com

www.burmeseclassic.com



မြရွက်ညို ... ဆိုတဲ့မိန်းကလေးတစ်ယောက်အတွက် ကျကာမှ ...

"သနားခွင့်မရှိဘူးနော် ... သား"

မေမေဟာ အကြင်နာမဲ့တတ်တဲ့ မိန်းမကြမ်းကြီး မဟုတ်ရပါကြောင်း၊ သားလည်းအသိ။ ဒါပေမဲ့ ... ဒီမိန်းကလေးနဲ့ ပတ်သက်မိတာနဲ့ သားမှာ ... ဒုက္ခဆိုတဲ့ အဝန်းအဝိုင်းကြီး ကျ ရောက်လွှမ်းခြုံတော့မယ်ဆိုတာ၊ မိခင်တစ်ယောက်ရဲ့အနတ္တမေတ္တာ ကြိုသိနေနှင့်သလိုပါပဲ။

ကလေးမရဲ့ နာကျင်မျက်ဝန်းတွေထဲက သောကရိပ် တွေဟာ မေမေ့သားအပေါ် အဆိပ်ခိုးမွှန်သလို မှုးမေ့စေတော့မယ် လို့ မေမေ ကြိုပြီးထင်မှတ်ခဲ့တယ်။ လောကကို နာကြည်းခြင်းများ နဲ့သာ ရင်ဆိုင်ထားရတဲ့ သူ့မျက်နှာလှလှလေးဟာ၊ အလှတရား ကတစ်ဝက်၊ ဒုက္ခဆိုတဲ့ ဆင်းရဲခြင်းကတစ်ဖက်၊ ဘယ်မှာ ဖူးဖူး စင်ကြယ်ခဲ့လို့လဲ သားရယ်။ အလှလေးတစ်ခုတည်းကိုသာ ရွေး ကြည့်ခဲ့တဲ့ သား ... ဆင်းရဲတွင်းထဲကျတော့မယ်ဆိုရင် မေမေ ဆွဲမတင်ဘဲ နေနိုင်မတဲ့လား။

ရက်စက်တဲ့စကားကိုပဲ ဆိုတော့မယ်။

လောကမှာ မိန်းမရှားသမို့လား။ သူ့တစ်ယောက်ပဲ ချစ်စရာရှိသလား။ သားကဆွတ်ရင် ညွှတ်ကျမယ့်ပန်းပွင့်လေးတွေ သားရဲ့လက်တစ်ကမ်းမှာ ရှိနေကြတာများ၊ မျက်စိတွေမှုန်သီနေခဲ့ ...လား သားရယ်။



မေမေ့သား ... ချောက်ထဲကျတော့မယ်ဆိုရင်၊ သား ...ဘင်းတင်းလှမ်းဆွဲလိုက်တဲ့အခါမှာ၊ မေမေ့သား နာကျင်သွား ...သားရယ်လို့ ... ချောက်ကိုသာ ရွှေ့ပေးချင်တဲ့ မေမေ။ **အဲဒီ** ...ချောက်ကို၊ မေမေ ... မြေဖို့ခဲ့ရင်၊ ခွင့်လွှတ်တော့ သားရေ ...။

"လောကမှာ ... အိမ်ထောင်ပြုတယ်ဆိုတာ ဖြစ်ရိုးဖြစ်စဉ် တစ်ခုပဲ ညို။ ကိုယ်က အဲဒီဖြစ်ရိုးဖြစ်စဉ် လမ်းကြောင်းကို တောင် စိတ်အပင်ပန်းခံပြီး ရွေးချယ်ချင်တဲ့သူ မဟုတ်ဘူး"

"လူဆိုတာ ... ကိုယ့်ဘဝခရီးလမ်းအတွက်၊ ကိုယ်ကြိုက်တဲ့ လမ်းကို စိတ်ကြိုက်ရွေးချယ် လျှောက်လှမ်းကြတာပဲမဟုတ် လား"

"သူ့နည်းနဲ့ ကိုယ့်နည်းနဲ့ တခြားတစ်ယောက်ရဲ့နည်းနဲ့ ခရီးလမ်းရွေးချယ်နည်းဆိုတာ ဘယ်မှာဆင်တူကြီးတော့ဖြစ် နိုင်မှာတဲ့လဲ"

"တူညီနိုင်တာတစ်ခုကတော့ ပုထုဇဉ်လူသားတိုင်းဟာ အတ္တ ကိုတော့ ရှေ့တန်းတင်ကြတယ်ဆိုတာပဲ"

"ကိုယ်က ကိုယ့်မျက်စိထဲမှာ စိတ်ကြိုက်တွေ့တဲ့အရုပ်က လေးတစ်ရုပ်ကို ဘယ်လောက်ပဲဈေးကြီးပစေ၊ ကိုယ်ပိုင် ဝယ်ချင်တယ်၊ ပြီးရင် ဖန်ကလပ်ပေါ်တင်ထားမယ်၊ အဲဒီ အရုပ်ကလေးကို၊ ကိုယ် မြတ်နိုးနေသရွေ့ မကျိုးမပဲ့စေဖို့ ကိုယ် ဂရုစိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကြိုက်တဲ့ ပန်းလေးတစ်ပွင့်ဆိုရင်လည်း ဖန်ပေါင်းချောင်ထဲထည့်ပြီး အလှကြည့်နေချင်တယ်၊ အဲဒီပန်းကလေး မညှိုးနွမ်းသရွေ့အချိန်ထိပေါ့"

"လိုက်လျောမှုဆိုတာတွေ၊ ကိုယ့်ဘက်က ကိုယ်တတ်နိုင်သလောက်ပေးမယ်"

ဦးသီဟန်တိုးရဲ့စကားများက အဝေးဆီမှ လွင့်ပျံ့လာခဲ့ကြလေ၏။ မြရွက်နားထဲသို့ တိုးဝင်သည်။

"ညို ... ဘာလိုသေးလဲ"

"ဘာမှ မလိုပါဘူး၊ ကျေးဇူးတင်ပါတယ်"

"တကယ်လား"

"တကယ်ပေါ့ ဦးသီဟန်တိုးရယ်"

"ကိုယ့်ကို ဘယ်သူမှ မခေါ်ဝေါ်ဘူးတဲ့ အသုံးအနှုန်းလေးမို့ နားထဲမှာ ဆန်းသစ်နေတယ်၊ ကိုယ်ကြိုက်တယ်"

ဩော် ... ဟိုအစ်မကြီးရယ်၊ တခြားတခြားသော ကျွန်မရေ့က အမျိုးသမီးတွေရယ်က၊ ဦးသီဟန်တိုးကို ဘယ်လိုခေါ်ဝေါ်သုံးနှုန်းခဲ့ကြပါလိမ့်။ ဟိုအစ်မကြီးကတော့ ... မောင် ... တဲ့၊ ကိုတိုး ... တဲ့လေ။

ကိုကို ... အစ်ကိုကြီး ... စသည် စသည်တွေရှိကြမယ်ထင်ပါရဲ့။ ကျွန်မက "ဦးသီဟန်တိုး"လို့ နာမည်အပြည့်အစုံခေါ်ဖြစ်သွားခဲ့တာဟာ၊ ဘယ်လိုခေါ်ရမှန်းမသိလို့၊ ဘယ်လိုခေါ်ရင် ဦးသီဟန်တိုး ကြိုက်မယ်မှန်းမသိလို့၊ ယောင်ရမ်းထွက်သွားခဲ့တဲ့ အသုံးအနှုန်းပါလို့ ... ဆိုခဲ့ရင်၊ ဦးသီဟန်တိုး စိတ်မဆိုးတန်ကောင်းပါဘူးထင်ပါရဲ့။



ကျေးဇူးတင်မိတာကတော့ ... ကျွန်မရဲ့ဘဝတစ်သက်တာမှာ၊ မနေဘူး၊ မဝတ်ဘူး၊ မစားဖူး၊ မသုံးဖူးသော အဆင့်မြင့် အလှာတစ်ခုမှာ လိုလေသေးမရှိ ထားပေးခြင်းပါပဲ။ ပြီးတော့ ... ဆူပူမာန်မဲခြင်း လုံးဝမရှိခဲ့ဖူးတာပါပဲ။

"ဦးသီဟန်တိုးက ကျွန်မကို တစ်ခါမှမဆူဘူးနော်၊ ကျေးဇူးတင်ပါတယ်"

"မဆူတာက နှစ်ချက်ရှိတယ် ညိုရဲ့။ ကိုယ်က လောကကြီးမှာ ပျော်နေရတာကိုပဲကြိုက်တယ်၊ စိတ်ညစ်နေရတာ၊ ဒေါသထွက်နေရတာ၊ စိတ်ပူနေရတာ၊ အဲဒါမျိုး လုံးလုံးမကြိုက်ဘူး၊ သူများကို ဆူပြီဆိုကတည်းက ကိုယ် ... ဒေါသအရင်ထွက်ပြီးပြီ ...

"ကိုယ်မကြိုက်ဘူး၊ ညိုက ကိုယ်ဒေါသထွက် စိတ်ဆိုးစရာ ဘာမှမလုပ်ဘဲ အလိုက်တသိနေပေးတာက ဒုတိယအချက်။ တကယ်လို့ ညိုက ... ကိုယ်စိတ်ဆိုးစရာလုပ်လာပြီ၊ ကိုယ့်အပေါ်မှာ သစ္စာမဲ့မယ့်အရိပ်အယောင်ပြလာပြီ၊ ကိုယ် စိတ်ပူလာရပြီဆိုရင်လည်း ...

"ကိုယ်က လမ်းခွဲလိုက်မှာပဲ။ အပင်ပန်းခံပြီးတော့ စိတ်ပူ၊ စိတ်ညစ်၊ စိတ်ဆိုးမနေတော့ဘူး၊ အပြန်အလှန်စိတ်ချမ်းသာမှုပေးနိုင်မှ လက်တွဲဖော်ဖြစ်တာပေါ့၊ ကိုယ်ကလည်း တစ်ဖက်သားကို စိတ်မဆင်းရဲစေရအောင်ထားမယ် ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုလည်း စိတ်ဆင်းရဲအောင် လာမလုပ်နဲ့။ တစ်ယောက်နဲ့တစ်ယောက် ပြေလည်နေဖို့လိုတယ်။ ပြေလည်တယ်ဆိုတာကလည်း ပြေလည်ချင်စိတ်ရှိနေတဲ့အချိန်အတိုင်းအတာတစ်ခုအထိပေါ့"

သြော် ... တစ်နေ့နေ့မှာ ဦးသီဟန်တိုးဟာ ကျွန်မအပေါ် ပြေလည်ချင်စိတ် ကုန်ခန်းလာနိုင်တဲ့ သဘောပေါ့နော်ဆိုတာကို ဖွင့်မပြောဖြစ်ပေမယ့်၊ နားလည်ခံစားလိုက်ရပါသည်။

ပြောပြချင်သည့်စကားတွေကတော့ ရင်ထဲမှာအပြည့်။ လျှို့လို့သာ ကျမလာခဲ့တာပါ ဦးသီဟန်တိုးရယ်။

ညှော်ခန်းထဲမှာ အလှချထားခြင်းခံရတဲ့ အရုပ်တစ်ခုဟာ သက်မဲ့ပါ။ သူ့မှာခံစားမှုမရှိဘူး။ သူ မအိပ်ချင်ဘူး။ ထမင်းမဆာဘူး၊ ရုပ်ရှင်မကြည့်ချင်ဘူး၊ စာမဖတ်ချင်ဘူး၊ အရွယ်တူဆိုက်တူ အရုပ်တွေနဲ့ ဖန်ခုန်တမ်း၊ တုပ်ဆီးတိုးတမ်း မကစားချင်ဘူး၊ ဆယ်တန်းမှာ ခြောက်ဘာသာဂုဏ်ထူးထွက်လိုစိတ် မရှိဘူး။ ပြီးတော့ ... သူဟာ ဆွဲကြိုးမဆွဲချင်ဘူး၊ စိန်လက်စွပ် မဝတ်ချင်ဘူး၊ မိုးရေထဲမှာ လမ်းလျှောက်ရတဲ့ ပျော်ရွှင်မှုကို အရသာခံရကောင်းမှန်းမသိဘူး။

သူ ... ပျော်လည်းမနေဘူး၊ စိတ်လည်းညစ်မနေဘူး၊ ဘာလိုအင်ဆန္ဒမှလဲ မရှိဘူး၊ ဦးသီဟန်တိုး ချထားတဲ့နေရာမှာ မလှုပ်မယှက်တည်ရှိနေရလို့လည်း ဝမ်းနည်းရကောင်းမှန်းမသိဘူး။ ဦးသီဟန်တိုးရယ် ... အဲဒီအရုပ်ရဲ့ရင်ကို ခွဲချကြည့်လိုက်စမ်းပါ။ ဘာတွေတွေ့ရမလဲ။ ငွမ်းစတွေလား၊ မှို့တွေလား၊ စီလီကွန်လို့



ခါတဲ့ အမျှင်လေးတွေလား။ အဲဒီအစအန အမျှင်ကလေးတွေမှာ သူတို့ခိုအောင်းတွယ်တာနေရတဲ့ အရုပ်ရဲ့ရှင်သန်မှုအတွက် ဘာဘာဝန်မှ မရှိသလို၊ ဘယ်လိုလှုပ်ရှားခြင်းကိုမှ ပြုလုပ်မနေကြပါဘူး။

ကျွန်မရဲ့ရင်ကို ဓားထက်ထက်နဲ့ ခွဲချလိုက်စမ်းပါ။

ဗွမ်းခနဲပွင့်သွားခြင်းနဲ့ တစ်ဆက်တည်း သွေးစိမ်းရှင်ရှင်တွေ ပန်းထွက်လာမှာ။ သွေးသံတရဲရဲရဲ့နောက်မှာ အသည်းလုံး၊ အဆုတ်၊ အူသိမ်၊ အူမ၊ ကလီစာတစ်ခွေလုံးဟာ သူတို့ဘာဝန်ကို သူတို့ထမ်းဆောင်ရင်း ကျွန်မရဲ့ ရှင်သန်မှုအတွက် လှုပ်ရှားပေးနေကြလိမ့်မယ်။ သူတို့ လှုပ်ရှားရုန်းကန်တာဝန်ကြေပေးနေကြမှ ကျွန်မဆိုတဲ့လူသားဟာ အသက်ရှင်နေနိုင်မှာလေ။ သူတို့ဟာ ကျွန်မအတွက် ကြီးမားတဲ့တာဝန်တွေကို ထမ်းဆောင်ပေးနေကြလေရဲ့။ သူတို့တွေ သက်ငြိမ်ရပ်တန့်သွားတဲ့နေ့ဟာ ကျွန်မသေဆုံးတဲ့နေ့ပဲဖြစ်ပါလိမ့်မည်။

အဲဒါကြောင့် ... ကျွန်မဆိုတဲ့ လူသားဟာ အရုပ်တစ်ရုပ်နဲ့ လုံးဝဆန့်ကျင်ကြောင်း နားလည်ပေးနိုင်မလား ဦးသီဟန်တိုးရယ်။

ကျွန်မဟာ ... ဦးသီဟန်တိုး ... နေရာချထားပေးတဲ့နေရာတစ်ခုမှာ မလှုပ်မယှက် သက်မဲ့စွာ နေနိုင်တဲ့ အရုပ်တစ်ခုမဟုတ်ရပါ။ ကျွန်မဟာ လူသား။ ရှင်သန်နေတယ်။ ခံစားတတ်တယ်။ ကိုယ်ပိုင်ဆန္ဒဆိုတာတွေ ရှိနေတယ်။ ကိုယ့်ဘဝအတွက် ဆုံးဖြတ်ချက်တွေ ကိုယ်ပိုင်ချနိုင်တဲ့ အခွင့်အရေး ရချင်တယ်။

www.burmeseclassic.com



ဘဝခရီးဆိုတာကြီးကို လျှောက်ဖို့ ကိုယ်နှစ်သက်ရာလမ်းကို ရွေးချယ်ခွင့်ဆိုတာ ... ဦးသီဟန်တိုး တစ်ယောက်တည်းမှာပဲ ရှိနေခဲ့ပါသလား။ အဲဒီအခွင့်အရေးကို (ကျွန်မလည်း လူသားတစ်ယောက်) ကျွန်မရော မရရှိနိုင်ဘူးလား။

ဦးသီဟန်တိုးရယ် ...။

အရုပ်ကလေးတစ်ရုပ် ဆိုရင်တောင် သက်တမ်းရလာတာနဲ့အမျှ၊ သူ့မှာ ဟောင်းနွမ်းခြင်းနဲ့ ပျက်စီးယိုယွင်းခြင်းဆိုတာ ဖြစ်လာရဦးမှာပါ။

ဖန်ပေါင်းချောင်ထဲမှာ ထည့်ထားခြင်းခံရတဲ့ နှင်းဆီပွင့်လေးဟာ တစ်နေ့မှာတော့ နွမ်းခြောက်၊ သွေ့ညှိုး၊ ရန့်ပျယ်၊ အလှပျက်ပြီး မကြည့်ချင် မသတီစရာ ဖြစ်သွားရမှာပါ။

လှလွန်းလို့ဆိုပြီး ... ကြာပန်းတစ်ပွင့်ကို ခေါင်းအုံးပေါ်မှာ အဆင့်မြင့်စွာ အမြတ်တနိုး တင်ထားရင်လည်း အဲဒီပန်းလေးဟာ နွမ်းလျော်ညှိုးခြောက်ခြင်း၊ ပုံရိဆွေးမြည့်ခြင်းနဲ့ နီဂုံးချုပ်ရမှာပါ။

ပန်းကလေးတိုင်းဟာ အပင်ပေါ်မှာပဲ လှပမွှေးကြိုင်စွာ ပွင့်လန်းနေချင်ပါတယ်။ လေသိမ်းတိုင်း ယိမ်းနွဲ့ချင်ပါတယ် ဦးသီဟန်တိုးရယ်၊ ကြာပန်းလေးဟာ ရေမှာ အေးချမ်းစွာ ရှင်သန်ချင်ပါတယ်။ ကျွန်မဆိုတဲ့ လူသားတစ်ယောက်ဟာ လောကကြီးကို ကိုယ်ပိုင်ဆန္ဒ၊ ကိုယ်ပိုင်အခွင့်အရေးနဲ့ လျှောက်လှမ်းချင်ပါတယ်။

"ခင်ပွန်း"လို့ ယူဆနိုင်ဖွယ်ရှိတဲ့ သူဌေးတစ်ယောက်ရဲ့ ထားရာနေ စေရာသွား၊ ထဆိုထ၊ ထိုင်ဆိုထိုင်၊ ရှင်ဆိုရှင်



သဆိုသေး။ အဲဒီ စေတစ်လုံးပိုင်ရှင် စားဖို့ သောက်ဖို့ ချက်ပြုတ်ကျွေး၊ သူ့ အဝတ်တွေ လျှော်ဖွပ်ပေး၊ သူ့အနားမှာနေ၊ သူက ချွဲနွဲ့စမ်းပါဆိုရင် ပြုံးပြရ၊ ရင်ထဲမှာ ရွာနေတဲ့ မျက်ရည်မိုးတွေကို တားဆီးဟန့်တား၊ အချစ်ဆိုတာ ဘယ်မှာလဲ။ မတရားသိမ်းပိုက်မှု ခံခဲ့ရလေခြင်းရယ်လို့ မဆိုနိုင်ဘူးလား၊ ဆိုရမှာလား မသေချာတဲ့ ကိုယ့်ရဲ့အိမ်ထောင်ကျခြင်းကိုလည်း ကျွန်မ နားမလည်နိုင်ပါဘူး ဦးသီဟန်တိုးရယ်။

ဒါပေမဲ့ ... ကျေးဇူးရှင်တစ်ယောက်လို့ သတ်မှတ်ပေးခဲ့ပါတယ်။

သစ္စာတရားဆိုတာကို ဆုပ်ကိုင်ခဲ့ပါတယ်။

"သွားလေ ... ရှေ့ပင်တွေ ဘာတွေ ထွက်ချင်ထွက်၊ ဝယ်ချင်တာဝယ်၊ ပိုက်ဆံယူထား၊ ကိုယ် ရန်ကုန်ကို တစ်ပတ်လောက် သွားရမယ်၊ ပျော်ပျော်နေခဲ့၊ ဟုတ်ပြီလား။ တစ်ခုပဲ ... ကိုယ်တားမြစ်တယ်။ ကိုယ်ကလွဲသော သူစိမ်းယောကျ်ားတစ်ယောက်အပေါ်မှာတော့ စိတ်နဲ့တောင် မသာယာမိပါစေနဲ့"

ဦးသီဟန်တိုး ရန်ကုန်သွားချိန်တွေဟာ၊ စင်ကာပူမှာ လမင်းကြီး သာသလို ပျော်ရွှင်ပြီး ကျန်ရစ်ခဲ့လိမ့်မည် မထင်ပါနဲ့။ ဝတ်၊ စား၊ သုံး၊ ဖြုန်းနိုင်ခြင်းများအတွက် ကျေးဇူးတင်ပေမယ့် ဒါတွေဟာ လူသားတစ်ယောက်ရဲ့ဘဝကို ပျော်ရွှင်စွာ ရှင်သန်ခွင့်မှာ အဓိက မကျလှပါဘူး၊ အစိတ်အပိုင်းတစ်ခု အနေနဲ့သာ ပါကောင်းပါပါမယ်။

www.burmeseclassic.com

www.burmeseclassic.com



နေရတာက စင်ကာပူနိုင်ငံ၊ ဆွေမျိုးသားချင်းမရှိ သူငယ်ချင်းမရှိ။ သွားရင်း လာရင်း နေရင်း ထိုင်ရင်း မျက်မှန်း ကန်းသွားရတဲ့ အသိမိတ်ဆွေ၊ ဦးသီဟန်တို့ရဲ့ကုမ္ပဏီရုံးခန်း အရေးအတွက် အလွန်နည်းပါးသော မိန်းမသားဝန်ထမ်းတစ် အဲဒါတွေကလွဲရင် ကိုယ့်မြေ ကိုယ့်ရေ ကိုယ့်တိုင်းပြည် ကို လူမျိုးလည်း မဟုတ်၊ မြင်ရသမျှ မျက်နှာတွေက သူစိမ်းပြင်ပြ တွေ၊ ဆယ်တန်းကို ဖြစ်ဖြစ်မည် အောင်ခဲ့ရတဲ့ မြစွက်ညိုဟ အင်္ဂလိပ်စကား သွက်သွက်မပြောနိုင်လို့၊ ဈေးဝယ်ရာမှာတော စကားက ကောင်းကောင်းမပေါက်။ ဟိုကြည့်လည်း သူစိမ်း၊ ကြည့်လည်း သူစိမ်း။

ဦးသီဟန်တို့ရဲ့ မျက်နှာသည်သာ တစ်နိုင်ငံ ထင်ထားရတဲ့ဘဝ။

စင်ကာပူမှာ သူစိမ်းယောကျ်ားတစ်ယောက်အ စိတ်နဲ့တောင် မသာယာမိအောင် ကြိုးစားထိန်းချုပ် ကျန်ရ တဲ့ ကျွန်မ မြစွက်ညို ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ခင်ပွန်း ပွန်းပဲ ဆိုပါတော့၊ ခင်ပွန်းတော့ ခင်ပွန်းပါပဲ)ဆိုသူက ကို တိုင်းပြည် ကိုယ်ပြန် (အလုပ်ကိစ္စလို့တော့ ပြောတာပါပဲ) ကို မြေ ကိုယ့်ရေ၊ ကိုယ့်လူမျိုးတွေ၊ ကိုယ့်ဆွေမျိုးသားချင်းတွေလ ရှိရဲ့၊ အဲဒီ ဒေသမှာ ဟိုအစ်မကြီးရဲ့ ရင်ခွင်ထဲမှာ သာယာ လိမ့်မယ်ဆိုတာတော့ ယုံကြည်မိလိုက်ပါရဲ့။

တခြား သူစိမ်းမိန်းကလေးတွေ (ကာရာအိုကေ လို နေရာမျိုးတွေလည်း ဦးသီဟန်တို့ သွားနိုင်တာပဲ မဟုတ်



နဲ့ တွေ့ချင်တွေ့၊ ဆုံချင်ဆုံ၊ စိတ်နဲ့၊ နှုတ်နဲ့၊ ကာယကံနဲ့ ဦးသီဟန်တို့ ပစ်မှားချင်တိုင်း ပစ်မှားနေမှာကျတော့ ဒါဟာ အိမ်ဦးနတ်ဆိုတဲ့ လူသားတစ်ယောက်ရဲ့ အခွင့်အရေးလား။

ဖြစ်မှုမဖြစ်ထွန်းဘူးတဲ့လား။

ကျွန်မမှာတော့ မျက်စိသူငယ်။ အိမ်ထောင်ဆိုတဲ့ ပိုက်ကွန်ကြီးနဲ့အုပ်ပြီး အကျဉ်းချခံထားခဲ့ရတာ၊ သူ့မြားနိုင်ငံမှာ ဆယ်နှစ်လုံးလုံး။

ဆယ့်ရှစ်နှစ်သမီးဘဝက နှမ်းခြောက်ညှိုးလျော်ခဲ့ရ တဲ့ ကျွန်မရဲ့ဘဝ၊ ကျွန်မရဲ့စိတ်၊ ကျွန်မရဲ့ကိုယ်ခန္ဓာ၊ ကျွန်မရဲ့ နှလုံးသား၊ ကျွန်မရဲ့အသွေးအသားများဟာ၊ ဆိုးသွမ်းထောင်သား များ တိုက်ပိတ်ခံရသလို၊ နေမသာ၊ လမသာ၊ မှောင်နဲ့မည်းမည်း၊ လှကျဉ်းထဲ၊ စိတ်ကျဉ်းထဲ၊ မသေနိုင်ပါပဲ (မသေရုံတမယ်လို့ မဆိုချင်ပါဘူး၊ မသေရုံတမယ်ထက် ပိုလွန်တဲ့ စိတ်ဆင်းရဲခြင်း မျိုးနဲ့ မသေနိုင်ပါဘဲ) ရှင်သန်ရပ်တည်လာခဲ့ရတာ ဆယ်စုနှစ် ဘစ်ခုတိတိပါ ဦးသီဟန် ရယ်။

မြစွက်ညို ဆိုတဲ့ မိန်းမသားဟာ လူမှဟုတ်သေးရဲ့ လား။

✿ ➤ ✿

"တဖြည်းဖြည်း ပိန်လာသလိုပဲ၊ နေကောင်းရဲ့လား၊ လူပုံ ရှားပုံကလည်း အသက်မပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ကျွန်မ ပြုစုယုယမှု တာဝန်ပိုင်းတွေ လင်
ဟင်းလေသလားရှင်။

ဝဝကျွေး၊ လှလှဆင်၊ ကောင်းကောင်းထား၊ ယေါယ
သုံးခွင့်တွေ (မရစဖူး၊ ကိုယ့်ဘာသာဆိုလည်း တစ်သက်လုံးဘယ်
တော့မှ ရမှာမဟုတ်ပါဘူး)ရထားတဲ့ ကျွန်မဟာ ဆေးလည်းကောင်
ကောင်းကုခွင့် ရခဲ့တာ ဦးသီဟန်တိုးရဲ့ ကျေးဇူး။

"နေကောင်းအောင်နေကွာ။ နှာကလေးစေးလည်း ဆရာဝ
ပြ၊ ချောင်းကလေးဆိုးလည်း ဆရာဝန်ပြ၊ ဆေးခန်းသွား
နည်းနည်းလေးမှ ဝန်မလေးနဲ့၊ ကိုယ်က ကိုယ့်ဘေး
ကျန်းမာဖျတ်လတ်နေတဲ့ သူတွေချည်း တွေ့ချင်တာ ...

"လှုပ်တုတ် လှုပ်တုတ်၊ နဲ့တဲ့နဲ့တဲ့နဲ့ ရွေ့လျားနေ
တဲ့ရွှေလိုပုံစံမျိုးနဲ့ လူတစ်ယောက် ဘေးနားမှာရှိရင် စိ
ညစ်တယ်။ လောကမှာ လူရယ်လို့ ဖြစ်လာမှ ... ဘာ
အတွက်မှ စိတ်မညစ်ချင်ဘူး ညိုရဲ့။ ရည်းစားဦးနဲ့ လဲ
တာတောင် အကြာကြီး မဆွေးခဲ့ဘူး"

ဦးသီဟန်ထိုးရယ် ... လောကမှာ လူမမာဘဝ
ပျော်ရွှင်တဲ့သူ ... ရှိမလားရှင်။

"ရှင်"

အလုပ်ပြအရုပ်ကလေး ဆွဲဆုပ်ပစ်ပေါက်ခံရခြင်း



နှင်းဆီပန်းတစ်ပွင့်၊ ပွင့်ချပ်တွေ တစ်ချပ်စီ ဖဲ့ခြွေ
ခြင်း။

အဲဒီဖြစ်ရပ်တွေထက် ပိုသာဆိုးဝါးတဲ့ ခံစားမှုဆိုတဲ့
နာဟာ၊ ကျွန်မမှာ "ရောဂါ"ရှိနေပြီလို့ သိလိုက်ရခြင်းပါပဲ။
နတ္ထိ ဆေးမရှိတဲ့ရောဂါတော့ မဟုတ်ပါ။ မိန်းမသားမို့
တို့နှင့် သက်ဆိုင်သော ရောဂါတစ်ခု၊ ကျွန်မရဲ့မိန်းမသား
အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ သားအိမ်မှာ ကျိရောက်ကပ်ငြိခြင်း
သတဲ့။ အဲဒီရောဂါအတွက် ...

"ညို ... သားအိမ်မှာ အနာဖြစ်တာ၊ ကင်ဆာတော့
မဟုတ်ဘူး၊ မင်း မသေနိုင်ဘူးဆိုတာ ယုံလိုက်၊ ကုတော့
ကုရမယ်၊ တစ်နေ့နေ့တော့ ပျောက်မှာပါ။ ဒါပေမဲ့ ... ညို
ဟာ အိမ်ထောင်သည်တစ်ယောက်အဖြစ် ဘဝမှာတော့
နေလို့မရတော့ဘူး၊ ကိုယ်ပြောတာ နားလည်လား"

ကျွန်မ ... ညံ့ပါသည်။ ဖျင်းပါသည်။ ထုံပါသည်။
ပညာ ဗဟုသုတလည်း မရှိပါ။ မသေနိုင်ဘူးဆိုသည့်အတွက်
ည်း မပျော်ရွှင်။ အိမ်ထောင်သည်ဘဝမှာ နေလို့မရတော့ဘူး
လို့လည်း စိတ်မညစ်၊ နှလုံးသားဆိုသော ခံစားတတ်သည့်
အစိတ်အပိုင်းက ထုံနေသလားလည်း မပြောတတ်။ လူဖြစ်
သက်ရှင်နေရပုံက လူသားနဲ့မတူ၊ "အိမ်ထောင်သည်"... ဆိုတဲ့
ားနဲ့ရော၊ တူတူတန်တန်၊ ကျွန်မဟာ အိမ်ထောင်ရှင် မိန်းမ
ကို ပိုင်ဆိုင်ခဲ့ရလို့လား။ ကျွန်မဟာ ဦးသီဟန်တိုးရဲ့ ဇနီး
သားပါလို့ အသိအမှတ်ပြု လေးစားသမှုရှိသူ ဘယ်နှယောက်
ိလို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



ဦးသီဟန်တိုး ခိုင်းလို့ ကျွန်မအိမ်ကို တစ်ခေါ တစ်ကျင်း ဆိုသလို ဝင်ထွက်ဖူးတဲ့ မိန်းမသားဝန်ထမ်းတွေ ကျွန်မကို ဘယ်လိုမျက်စိနဲ့ ကြည့်သွားကြသလဲ၊ ဘယ်လိုအပြ ပြုံးပြသွားကြသလဲ၊ ကျွန်မမှ မရှုးသေးတာ၊ မသိရစကောင်းလာ ကျွန်မဟာ ဦးသီဟန်တိုးရဲ့ "ဇနီး" လို့ ဘယ်လူသား တစ်ယော က အသိအမှတ်ပြုပါသလဲ။

ရှိတော့ ရှိပါသည်။ မြန်မာပြည်မှာတုန်းက မေ ဖူးသော ရပ်ကွက်မှ လူသားတချို့။ ဦးသီဟန်တိုးက ဘုန်းကြ ဆွမ်းကျွေးပေးခဲ့တာကိုပဲ သူတို့က မင်္ဂလာဆွမ်းအဖြစ် သတ်မှ တာမို့၊ အဲဒီအုပ်စုတစ်စုတော့ ရှိပါမည်။ ဘုန်းကြီးငါးပါးဆွ ကပ်၊ ရပ်ကွက်လူကြီးအချို့ ဖိတ်ကျွေး ... ဆိုသော ကုန်ကျစရိ ဟာ ဦးသီဟန်တိုးအတွက်မှာ၊ သူ့စီးပွားရေးလုပ်ငန်းရှင်အချ ချင်း (လူဆယ်ယောက်ခန့်ပဲ ထားပါတော့) ကျွေးရ မွေးရ တိုက် သည့် ဒင်နာတစ်ပွဲစာတောင် ရှိမည်မထင်ပါ။ သူက ရပ်ကွက် မှာကျွေးသော ခပ်ညံ့ညံ့ လန့်ချ် Lunch (နေ့လယ်စာ)တစ် လောက် သတ်မှတ်ပါလိမ့်မည်။

"သူ့ဌေးက အရမ်းချမ်းသာတော့ သူ့ဘက်က ဘယ်သဘော တူမလဲ၊ ဘာပဲဖြစ်ဖြစ်၊ မယားမှတ်မှတ် သားမှတ်မှ ပေါင်းတာပဲ ကျေးဇူးတင်ရလှပြီ"

ရပ်ကွက်ကတော့ အဲဒီလိုပဲ ယုံကြည်ကြပါသည်

"လက်ထပ်ပြီး နိုင်ငံခြား ခေါ်သွားတာတော့။ ကောင် လေးနှယ် ကောင်းလိုက်တဲ့ ကုသိုလ်ကံ"



ကိုမြတ်ခန့်ကို သတင်းပိုင်းမေးလား မေးကြရဲ့။

"စင်ကာပူမှာကမှ ရုံးချုပ်၊ အဲဒီမှာ အိမ်ရှိတယ်၊ အဲဒီမှာပဲ နေတာ၊ ရန်ကုန်က ခဏတဖြုတ်လာတာ၊ စင်ကာပူ ခေါ် သွားတာပေါ့"

"ကံကောင်းချက်တော်"

သို့သော်မဲ့ ... မြရွက်ထံသို့ စင်ကာပူမှာ ... ဦးသီဟန်တိုး ဇနီး ဆိုသော ဖိတ်စာတစ်စောင်မှ မရောက်ဖူးပါ။

အဲဒါသည်ပင် ... မြရွက်ညို ဆိုသော မိန်းမသား၏ ဘဝတည်း။

✿ ➤ ✿

ဒိတ်ဒိတ်ကြဲဆေးရုံမှာ ဆရာဝန် ဆရာမ မပြတ်စေ အကောင်းဆုံး ဆေးဝါးများနှင့်လည်း ကုသခြင်းခံရ၊ သို့သော်မဲ့ ...

ဆေးရုံတက်နေသည့် ငါးပတ်အတွင်း၊ တစ်ပတ်လျှင် တစ်ကြိမ်၊ အလွန်လှပသော ပန်းစည်းကြီးတစ်စည်း၊ စုစုပေါင်း ငါးစည်းရဖူးရုံမှလွဲ၍ ...

ထူးဆန်းသည်က ဒေါ်စိန်ဆိုသော လက်စွဲတော်ကြီး စင်ကာပူသို့ ရောက်လာခြင်း။

"မမြရွက် မရှိကတည်းက ဆရာလည်း ရန်ကုန်မှာ တစ် ယောက်ပြီးတစ်ယောက် ပြောင်းတာပဲ"

"သြော်"

www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်ကို တစ်ခါတလေမှ လာတာပေမယ့်၊ လာတဲ့အခိုက်မှာ တွဲဖို့ကိုပဲ အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ထားတာ၊ ဆရာက အပြုအစု အယုအယ အရမ်းကြိုက်တတ်တော့ သူ့အတွက် ပြုစုမယ့်သူ မရှိလို့မဖြစ်ဘူး"

"သြော်"

"ဆရာပြောင်းသမျှလူတိုင်း ကျွန်မချည်း လူယုံလေ၊ ကျွန်မမှာ ဆယ်နှစ်အတွင်းမှာ ဆရာကတော် ရှစ်ယောက်တောင်ရတာ"

"ဟိုအစ်မကြီးကတော့ရော၊ ဒေါ်စိန့်ကို မခေါ်ဘူးလား"

"မခေါ်ဘူး၊ ကျွန်မက ဆရာ့လူစစ်စစ်၊ သူ ဘာမေးမေး မသိဘူးချည်းဖြေလို့ မုန်းနေတာ"

"သြော် ... ရန်ကုန်လာခိုက်မှာ အစ်မကြီးအိမ်မှာ မတည်းဘူးပေါ့"

"တည်းတဲ့အခါလည်းတည်း၊ ကျွန်မရဲ့ဆရာကတော်အိမ်မှာ တည်းတဲ့အခါလည်းတည်း၊ တစ်ခါတလေဆို ... ဆရာ ရန်ကုန်လာသွားလိုက်မှန်းတောင် မသိရဘူး၊ ဆိဒ်နားမှာ တစ်ယောက်တည်း ... တည်းပြီးပြန်သွားတာ"

"အခု ... ဒေါ်စိန့်ကို လှမ်းခေါ်တာလား"

"ဟုတ်တယ်။ နောက်ဆုံး ဆရာကတော်ပေါက်စလေးလည်း ဖြတ်ပြီးပြီ၊ ဆရာက ... အစ်မကြီးနဲ့ တရားဝင်လက်ထပ်တော့မယ်၊ အစ်မကြီးက သူနဲ့ တရားဝင်လက်ထပ်တဲ့အခါမှာ ကျန်တဲ့အတွဲတွေ အကုန်လုံး ဖြတ်ရမယ်တဲ့ ...



"ရယ်ဖို့တောင် ကောင်းနေပြီ၊ သတို့သားက ငါးဆယ်၊ အစ်မကြီးက ငါးဆယ့်လေး"

"ဟုတ်လား"

"ဒီအရွယ်ကြီးတွေကျမှ လက်ထပ်နေကြသေးတယ်"

"ချစ်လို့ထင်ပါရဲ့ ဒေါ်စိန်ရယ်"

"အစ်မကြီးကတော့ ချစ်ရှာတယ်။ သိုပ်သိသာတာ၊ ဆရာကတော့ သံယောဇဉ်ရှိရုံပါ။ ကျွန်မက ဆရာ့မိဘတွေ အမေရိကားမသွားခင်ကတည်းက ဆရာ့အမေရဲ့လက်စွဲ။ ဆရာ့အမေက ဆရာ့ကို စောင့်ရှောက်ဖို့ ကျွန်မကို မှာခဲ့တာ။ ကျွန်မက ဆရာ့ကို ချစ်လည်းချစ်၊ ကြောက်လည်းကြောက် ...

"ဆရာကကျတော့ ကျွန်မကို လူယုံသဘောထားပြီး၊ ဆိုးတိုင်ပင် ကောင်းတိုင်ပင် ရှိပါတယ်။ ပြောရရင် ဆယ်နှစ်တိတိ ... ဆရာလက်တွဲတာဆိုလို့ မမြရွက် တစ်ယောက်ပဲ ရှိတယ် ...

"ရန်ကုန်မှာရော နိုင်ငံခြားမှာရော၊ ဆရာက တချို့ဆို ခြောက်လတစ်နှစ်ပဲ ...

"နားပူတာ မခံနိုင်ဘူး ဆိုလားပဲ၊ အခုပူညံပူညံလုပ်ရင် အခုကွဲပစ်တာ"

"သြော်"

"ဆရာက သူ့အမေစကားတော့ သိပ်နားထောင်တာ၊ သူ့အမေက အစ်မကြီးကို တရားဝင်လက်ထပ်ပြီး အတည်

www.burmeseclassic.com

www.burmeseclassic.com



တကျနေတော့၊ အသက်လည်း ငါးဆယ်ရှိပြီ၊ ခုထိမှမြေ
မငြိမ်သေးရင် အဲဒီခြေထောက် ... ငါကိုယ်တိုင် လာရိုက်
ချိုးမယ်လို့ ရာဇသံလှမ်းပစ်လို့တဲ့"

"သူ ... ဦးသီဟန်တိုး ပျော်ပါ့မလား"

"ဘာဖြစ်လို့လဲ"

"အစ်မကြီးက ငါးဆယ့်လေးနှစ်ဆိုလို့"

"အမယ်လေး ... မမြရွက်နဲ့မှ မတိမ်းမယိမ်းလား မှတ်ေ
တယ်၊ လေးဆယ်မှန်းရင်တောင် မှန်းတဲ့သူ အလွန်။ သိ
လား။ လှမှလ၊ နုမှနု မမြရွက်ရဲ့"

"သြော်"

ဦးသီဟန်တိုးရယ် ... အဲဒီအစ်မကြီးနဲ့ပဲ လွန်ခဲ့တဲ့
ဆယ်နှစ်က တရားဝင် လက်ထပ်လိုက်ပါတော့။

"ခေတ်လည်းဆန်တယ်။ ပေါပေါလော်လော်တော့ မရှိဘူး
ဝတ်တာစားတာ လုံခြုံပေမယ့် သိပ်ခေတ်မီတာ။ ဘောင်းဘီ
ရှည်ပဲဝတ်တာ၊ ထဘီတွေ စကတ်တွေ မဝတ်ဘူး၊ အိမ်မှာ
ဆို ဂါဝန်နဲ့၊ ဆံပင်က ပခုံးထိရှည်ပြီး ကွေ့ရုံလိမ်ရုံ
ကောက်ပြီး ချထားသေးတာ ...

"ပင်ကိုယ်အလှက မမြရွက်ကို မမီလို့သာ၊ အလှ
ချင်းများညီရင်၊ ဟိုက စမတ်ကျတာ သာတယ်၊ ပိုက်ဆံက
လည်း အရမ်းချမ်းသာတော့၊ စိန်နားကပ်ကြီးဆိုလည်း
တစ်လုံးတည်း ... ပဲကြီးလှော်လောက်ရှိတယ်"

"ကျွန်မက ဒီစင်ကာပူအိမ်ကိုပဲ ပြန်ရမှာလား"



မြရွက် အဖြစ်က ဆေးရုံမှဆင်းလျှင်တောင် ဘယ်
အိမ်သို့ ဆင်းရမည်မသိပါ။

"ဟင့်အင်း ... ရန်ကုန်ကို ပြန်ရမယ်၊ အစ်မကြီးက
စင်ကာပူကို ပြောင်းမှာ၊ သူတို့နေဖို့အိမ်ကြီး အကြီးကြီး
ဝယ်ပြီးပြီ။ အစ်မကြီးကလည်း ကျွန်မကို ဘယ်ရေစက်
မှန်းမသိ၊ မခင်ဘူး၊ မလိုချင်ဘူးတဲ့ ..."

"ကျွန်မလည်း မနေချင်ဘူး၊ ရန်ကုန်မှာပဲ နေချင်တာ၊
အခု မမြရွက်ကို ကျွန်မ လာကြိုတာ၊ ရန်ကုန်ခေါ်သွားဖို့"

"ရှင်"

"ရန်ကုန်မှာ မမြရွက်ကိုပေးဖို့ သံလွင်လမ်းထဲမှာ၊ မြေ
ကွက်က သိပ်တော့မကျယ်ဘူး၊ ငါးဆယ် ရှစ်ဆယ်တဲ့၊
သိပ်တော့လည်း မကျဉ်းပါဘူး၊ တစ်ထပ်ခွဲ ... နှစ်ထပ်ပဲ
ဆိုပါတော့ ...

"ချစ်စရာလေး၊ တိုက်လေးတစ်လုံး ဝယ်ထားတယ်။
ကျွန်မက မမြရွက် ခေါ်ရင် မမြရွက်နဲ့ နေပါရစေလို့ ခွင့်
တောင်းတာ။ ညိုနဲ့နေရင် ကျွန်တော့်ဆီ ဘယ်တော့မှ ပြန်
မလာရတော့ဘူးတဲ့၊ ကျွန်တော်က အစ်မကြီးနဲ့နေမှာ
တဲ့"

"အစ်မကြီး ... အစ်မကြီးနဲ့ သူ့နာမည်က ဘာလဲ"

"မမကြီးပဲ"

"သြော်"

www.burmeseclassic.com

www.burmeseclassic.com



"ကားတစ်စီး ပေးမယ်တဲ့။ လက်ဝတ်လက်စားလည်း နည်းနည်းပေးမယ်တဲ့။ အဲဒါတွေက မမြရွက် အပိုင် ပြီးတော့ မမြရွက် အိမ်ထောင်မပြုမချင်း၊ အင်းယားလ ထဲမှာ ခြံက ဧကါးမှူးဆိုလား ရှိတယ်၊ နှစ်ထပ်ခွဲတို ကြီး ...

"အဲဒါကြီးကို နိုင်ငံခြားသား ငှားထားတယ်၊ အ ကရတဲ့လခ သုံးစေတဲ့။ အပိုင်တော့ မပေးဘူးတဲ့။ မမြ အိမ်ထောင်ပြုရင်တော့ အဲဒီလခ မရတော့ဘူးပေါ့"

"ကျွန်မနဲ့က ကွဲတာလား"

ဖြစ်မှဖြစ်ရလေ၊ ကိုယ့်ကို သူက စွန့်ပစ်ပြီလား မစွန့်ပစ်သေးဘူးလား ဆိုတာတောင် မသေချာသည်မို့ သူ့လု ကို မေးရ၏။

"ကွဲသလိုပေါ့။ ကွဲပြီ ဆိုပါတော့။ ရှေ့လျှောက် ဆက် စရာ မရှိတော့ဘူးတဲ့"

"သြော်"

အဘွားနှင့် နေရစဉ်က ... ရပ်ကွက်ထဲမှာ အိမ်တ လိုက်၍ အဝတ်လျှော်သော အမျိုးသမီးကြီးတစ်ဦး ရှိပါသည် သူက အဝတ်လျှော်ပြီဆို၊ သီချင်းလေး တအေးအေးနှင့် ဆ တတ်၏။ တစ်ခါတစ်ရံမှာ သူများအိမ်တွေသွားလျှော်ပြီး၊ တစ် တစ်ရံကျ (ဘာကြောင့်မှန်းမသိ)အဝတ်တွေ ယူလာကာ သူ့အ မှာလျှော်ပြီးမှ သွားပို့ရတာမျိုးလည်းရှိ၏။ အဲသည်အခါမှာ သူ ဆိုတတ်သည့် သီချင်းလေးတစ်ပုဒ် ရှိပါသည်။



"နုပျိုစိုလန်းလို့ရယ် ... သင်းရနံ့ကမွှေးတယ်၊ နေရောင်
ခြည်မထိုးခင် ... မညှိုးလို့စင်ကြယ်၊ မညှိုးလို့စင်ကြယ် ...
ခင်တွယ်စရာ အလွန်ကောင်းတယ် ...
ပျားကောင်ပိတုန်းရယ်၊ မသုံးဆောင်ခင်မျှားမယ်၊
ဆင်းရနံ့ကလေးရယ် ဝတ်မှုန်ဝတ်ရည် ထုံသင်းတယ် ...
ခုတော့ဖြင့် မစိုပြည် ... နဂိုရေပျက်မှုကွယ်၊ ပန်
ဆင်တဲ့သူရယ် ... အစာဝတော့ ဌာနပြန်ချင်တယ် ...
မွှေးတုံးတော့ဖြင့် ပန်ချင်သူရယ် ... နံရင့်ပစ်မယ်...
ချစ်လက်စ မဆုံးခင် ရောင်သွေမှုန်းရက်တယ် ..."

စာသားတွေ မှန်သလား မမှန်ဘူးလား မသိပါ။ သီချင်းတစ်ပုဒ်တည်းမှ ဟုတ်ရဲ့လားရောလည်း မသိပါ။ လွန်ခဲ့သော ဆယ်နှစ်ကျော်က ကြားဖူးခဲ့တာပေမယ့်၊ ထိုသီချင်းသည် နှစ်ပေါင်းငါးဆယ်က သီချင်းလည်း ဖြစ်နေနိုင်ပါသည်။ တေးရေးတေးဆိုအမည် မသိ၊ အဆိုတော်နာမည် မသိ၊ သီချင်းနာမည်ပင် မသိဘဲ(ဘာကြောင့်မှန်း မသိ)အဲသည်အမျိုးသမီးကြီး၊ အဲဒီသီချင်းဆို၍ အဝတ်လျှော်တိုင်း၊ နားထောင်ရတိုင်း၊ ရင်ထဲမှာ မဆီမဆိုင် နင့်ဆွေးခဲ့ဖူးခြင်းဟာ ပုဗ္ဗနိမိတ်တစ်မျိုးပေပဲလား။

မြရွက်ညို ... နင်လည်း တစ်နေ့ အဲဒီသီချင်းထဲက အဖြစ်မျိုးနဲ့ ကြုံရမယ် ... လို့ ကြိုတင် နိမိတ်ပြခြင်းပေလား။

ကိုယ်နှင့်မဆိုင်မီကပင် ရင်ထဲနင့်ဆွေးခဲ့ဖူးပါသည်။ ခုတော့ ... ဒီသီချင်း၏ အဓိပ္ပာယ်စာသားများက ကိုယ်နှင့်သက်ဆိုင်လာခဲ့ပြီ။ ပန်ဆင်တဲ့သူက အစာဝပြီမို့ ဌာနပြန်ချင်တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ၊ ကိုယ့်ကိုသာ ဦးနပြန်စေတော့ ... ဟု အမိန့်ပြန်ခဲ့တာဟုပဲ ဆိုချင်ပါသည်။

"အမိန့်စာပြန်ပြီပေါ့"

"ဖွ ... မပြောကောင်း၊ ပြောကောင်း၊ အမိန့်စာပြန်တယ်ဆိုတာ အသုဘတွေမှာ သက်ဆိုင်ရာ အသင်းအဖွဲ့တို့၊ ရုံးဦးနတို့က သွားလိုရာသွားဖို့ ဖတ်တဲ့စာ"

"သိပါတယ် ဒေါ်စိန်ရယ်၊ ကျွန်မကိုလည်း ဦးနပြန်ချေတော့ သွားလိုရာ သွားနိုင်ပြီလို့ အမိန့်စာပြန်တာနဲ့ တူတူပါပဲ"

မွေးတုန်းက ပန်ဆင်ခဲ့ပါသည်။ ခုတော့ ... ကျန်းမာရေးကချို့တဲ့၊ မိန်းမတို့မှာသာ ဖြစ်သည့်ရောဂါတဲ့။ တကယ်လား လျှော့ပေါ့ပြောတာလားတော့ မသိ၊ ကင်ဆာလို မသေနိုင်ပေမယ့် အိမ်ထောင်တစ်ခုကို သာယာစိုပြည်အောင် မဖန်တီးနိုင်တော့ပြီဆိုပဲ။ ခုတော့ဖြင့် ... မစိုပြည်၊ နကိုရေပျက် ... ဆိုသည့် အဖြစ်မှာ ပန်ဆင်တဲ့သူက အစာဝလို့ ဦးနပြန်သည့် ဓာတ်လမ်းပါပဲ။ သို့ပေမဲ့ ... ချစ်လက်စ မဆုံးခင်၊ ရှောင်သွေမှုန်းရက်တယ်လို့တော့ မဆိုချင်ပါ။

ဘာကြောင့်ဆို ...

ဘယ်တုန်းက ဘယ်သူက ဘယ်သူ့ကို ချစ်ခဲ့လို့ ချစ်လက်စဆိုတာ ရှိရမှာတဲ့လဲ။ ရှောင်သွေမုန်းတယ်လို့လည်း အပြစ်တင်စရာ မရှိပါ။ သူပေးခဲ့ ကျွေးခဲ့ ထားခဲ့တဲ့ အမြင့်တစ်နေရာမှာ၊ ပျော်လှသည် မဟုတ်တောင် ကိုယ်က တင့်တောင်းတင့်တယ် စံမြန်းခဲ့သူပဲ။



"ဆရာက ဘယ်သူ့ကိုမှ မမြရွက်လောက် မပေးခဲ့ဘူး၊ မမြရွက်ကိုတော့ တော်တော်သနားတယ် ထင်ပါရဲ့"

သနားသည်ဆိုပဲ ...။

ဝမ်းသာရမှာလား၊ ပျော်ရမှာလား၊ လူတစ်ယောက်က လူတစ်ယောက်ရဲ့ သနားခြင်းကို ခံယူရာမှာ အသနားခံရသူရဲ့ အဆင့်အတန်းက ဘယ်မှာလဲ။ ဘာပဲဖြစ်ဖြစ် သနားခြင်းဟာ သနားခြင်းထက်တော့ သာသေးတာပဲလေ။

"ကျွန်မက မမြရွက် အသည်းအသန် ငိုလိမ့်မယ်ထင်ထားတာ"

ဪ ... ဒေါ်စိန်။ ကျွန်မကို အထင်ကြီးတာလား၊ အထင်သေးတာလားတောင် မသိနိုင်တော့ပါပြီ။ ကျွန်မ ငိုသင့်သလား။ ဒါဟာ ငိုစရာအဖြစ်ဆိုးလား။ ဘာဖြစ်လို့ ငိုရမှာပါလိမ့်။ သူနှင့် ကိုယ်နှင့် လမ်းခွဲကြရာမှာ "လင့်ပစ္စည်း မယားတစ်ဝက်ဆိုင်"ဆိုတာမျိုးနှင့် ပစ္စည်းခန်းမှာ တစ်ဝက်တိတိ မရလို့ ငိုရမှာလား။

မှားနေပြီ ထင်ပါတယ် ဒေါ်စိန်။ ကျွန်မနဲ့ ဦးသိဟန်တိုးတို့ နှစ်ယောက်ဟာ လင်နှင့်မယား ခေါ်ဆိုထိုက်တဲ့ ဇနီးမောင်နှံစုံတွဲကြီးတဲ့လား ဒေါ်စိန်ရယ်။ ကျွန်မ မရထိုက်ပါဘူး။ သူ့သနားစာ၊ ဟုတ်သည်လေ ... သနားလို့ပေးသော ပေးစာကမ်းစာဟာ သူ့သနားစာပဲပေါ့ ... သူ့သနားစာဆိုတဲ့ အတိုင်းအတာပမာဏဟာ ကျွန်မချည်းသက်သက်နဲ့ဖြင့် တစ်သက်လုံး ကျူးရန်ရှာရင်တောင် မရနိုင်တဲ့ အတိုင်းအဆမို့ ကျေးဇူးတင်လိုက်သင့်ရသင့်လို့ ရထိုက်တယ်လို့လည်း ထင်မိပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဦးသီဟန်တိုးက ဒေါ်စိန့်ကို လွှတ်ပြောခိုင်းတာပေါ့ ဟုတ်လား"

"ဆရာကိုယ်တိုင်လည်း လာပြောဦးမှာပါ၊ အလုပ်မအား သေးလို့၊ ပြီးတော့ ... မမြရွက် ဖြစ်ချင်တာရှိရင်လည်း ပြောနိုင်ပါသေးတယ်တဲ့"

မြရွက် ခေါင်းခါမိပါသည်။

ဘာမှမရှိပါဘူး ဦးသီဟန်တိုးရယ်။ ဒီထက်လည်း ဘာမှပိုပြီး မလိုချင်ပါဘူး၊ ရသင့်ရထိုက်တဲ့ တန်ရာတန်ကြေးကို ပဲ ကျေးဇူးတင်စွာ လက်ခံပါတယ်ဆိုတဲ့ အကြောင်း ...။

ဦးသီဟန်တိုးက ဆေးရုံမှ မဆင်းမီ တစ်ရက်မှာ တော့ မြရွက်ဆီ ရောက်လာခဲ့ပါသည်။

"ညို နေကောင်းသွားပြီတဲ့။ ဆေးရုံက ဆင်းနိုင်ပြီတဲ့။ အိမ်ပြန်ပြီး ခဏတော့ နားဦးပေါ့၊ ဒေါ်စိန်လည်း ရှိတာပဲ။ ပြီးမှ ဒေါ်စိန်နဲ့တူတူ ပြန်ရအောင်၊ ညို အဖော်ရအောင် ဒေါ်စိန့်ကို လှမ်းခေါ်လိုက်တာ၊ ဒေါ်စိန်က ညိုနဲ့တူတူ နေ ချင်တယ်တဲ့၊ ညိုကရော ခေါ်ချင်ရဲ့လား"

"ကျွန်မ ခေါ်ချင်ပါတယ်။ နေပေးမယ့် အတွက်တောင် ကျေးဇူးတင်နေတာပါ။ ကျွန်မမှာ ... ဘယ်သူမှမှ မရှိတော့ တာ"

အဘွားဆုံးတာတောင် မသဂြိုဟ်လိုက်ရသည့် မြေး သဂြိုဟ်ဖို့ဝေးလို့ သိခွင့်တောင် မရ။ အဲဒါတစ်ခုကိုတော့ ဝမ်း နည်းကြေကွဲခြင်းနှင့်အတူ သည်းသည်းခိုက်ခိုက် နာကြည်းမိပါ သည်။



ဦးသီဟန်တိုးကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူးသလို၊ ဘယ်တုန်းကမှလဲ မမုန်းခဲ့ဖူးပါ။ သူဟာ ပစ္စည်းတစ်ခုကို ဈေးမ ဆစ်ဘဲ ထိုက်ထိုက်တန်တန် ဝယ်ယူတတ်သူမို့ မုန်းစရာမရှိ၊ ရောင်းသူက ကြိုက်ဈေးရခဲ့သည်ဟုပဲ သဘောထားခဲ့ပါသည်။ ကိုယ့်ဘဝကိုယ်သာ နာကြည်း၊ မုန်းမျက်၊ ဤကမ္ဘာမှာ မြရွက်ညို အမုန်းဆုံးလူဟာ မြရွက်ညို၊ မြရွက်ညို ရွံရှာစက်ဆုပ်သော ဘဝ ဟာ မြရွက်ညိုရဲ့ဘဝ၊ အဲသည်ထဲမှာ သူခိုးသေဖော်ညိုသလို၊ သီဟန်တိုးကိုပါ ထည့်မုန်းပေးရမည်ဆိုလျှင် အဘွားကွယ်လွန် သည့်ကိစ္စ တစ်ခုကိုသာ နာကြည်းမုန်းမျက်စရာအဖြစ် မြင်မိပါ သည်။

"ရန်ကုန်မှာတုန်းက နှစ်လလောက်ပဲ တူတူနေလိုက်ရတာ၊ ဒေါ်စိန်က ညို့ကို တော်တော်ခင်သွားတယ်"

"မမြရွက်က ဖြူစင်ပြီး သဘောကလည်းကောင်း၊ ကလေး သာသာလေးဘဝမှာ ရင်းနှီးလိုက်ရတော့၊ ကိုယ့်ဆရာ ကတော်ပေမယ့် သမီးလို တူမလို သံယောဇဉ် ဖြစ်ခဲ့ရတာ ပါ ဆရာ"

"ခင်ဗျား့ရဲ့ဆရာကတော် မဟုတ်တော့လည်း သံယောဇဉ် ဆက်ဖြစ်နေဦးမှာပဲလား"

"ဆရာ့ကို ခင်မင်လေးစားတာကသပ်သပ်၊ မမြရွက်ကို သံယောဇဉ်ဖြစ်တာကသပ်သပ်၊ တစ်ပိုင်းစီပါပဲ၊ အစ်မကြီး ကလည်း ကျွန်မကို မလိုလားဘူးဆိုတော့ ကျွန်မမှာလည်း တခြားနေစရာ ဘယ်သူမှမရှိ ..."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာလည်း ဘယ်သူမှ မရှိပါဘူး ဒေါ်စိန်ရယ်"

"ဘယ်သူမှမရှိတဲ့ တစ်ယောက်တည်းသမားနှစ်ဦးပေါ့။ ကဗျာဆန်ဆန် ပြောရရင် စွယ်တော်ရွက်များလို နှစ်လွှာပေါင်းမှ တစ်ရွက်ဖြစ်တဲ့ တူဝရီး ဆိုပါတော့"

ဦးသီဟန်တိုးက ပြောပြီး ... ရယ်တောင် ရယ်နေသေး၏။ သူ့အရယ်မှာ ဘယ်သူမှ လိုက်မပြုံးဖြစ်ကြချေ။

"ညို ... အိမ်ကကြိုက်တာ အကုန်ယူသွား ... ဟုတ်လား"

"ဘာမှယူစရာ မရှိပါဘူး၊ လေယာဉ်ပျံနဲ့ သွားရမှာမဟုတ်လား၊ ဘာမှလဲ သယ်လို့ရမယ် မထင်ပါဘူး"

"ရန်ကုန်အိမ်မှာ ညို့နာမည်၊ ညို့အမည်ပေါက်ဂရံ စာချုပ်တွေ ဘာတွေ အားလုံး လုပ်ပေးပြီးသား၊ ညို့အတွက် အိပ်ခန်း၊ မီးခံသေတ္တာ အဆင်သင့်၊ အဲဒီထဲမှာ စာရွက်စာတမ်း၊ ညို ... အိမ်လခမရခင် သုံးဖို့ပိုက်ဆံ၊ မြန်မာကျပ်အပြင် ...

"အက်ဖ်အီးစီ(FEC)တောင် နည်းနည်းပါသေးတယ်။ မြန်မာကျပ် သိပ်မရှိတော့လို့ FEC တစ်ထောင် ထည့်ပေးထားတယ်။ ကျပ်ကတော့ သိန်းသုံးဆယ်၊ ညို သုံးလောက်ကောင်းပါရဲ့"

"များနေပါပြီ"

"ညို့ကို သနားတာ အဲဒါတွေပဲ ဒေါ်စိန်ရဲ့၊ သူက ဘာမှ ပူပူဆာဆာ မရှိဘူး၊ တခြားမိန်းကလေးတွေနဲ့ ကွာတယ်။ လောဘကို နည်းတာ။ တချို့ဆို ပေးလို့မလောက်နိုင်တာ



နဲ့ စောစောစီးစီး ခွာရတယ်။ ကြာကြာနေရင် မွဲရချည့်။ အစ်မကြီးကလည်း တဆူဆူ ...

"ညို့ကျတော့ အစ်မကြီးကလည်း သနားရှာတယ်။ ကောင်မလေး ... ခုမှ နှစ်ဆယ့်ရှစ်နှော်တဲ့။ ညို ... ကိုယ်တို့ ရန်ကုန်မှာ လက်ထပ်ရင် ဖိတ်ရမလား၊ ညိုလာချင်လား"

"ဒီလောက်တော့ မရက်စက်သင့်ဘူး ထင်တယ် ဦးသီဟန်တိုးရယ်"... ဟု မြရွက် ပြောလိုစိတ် မရှိပါ။ ပြောဖို့မလိုဘူးထင်သည်။ ဤဝါကျကို မြရွက်က "ရက်စက်ခြင်း"ဟု မသတ်မှတ်ပါ။ သတ်မှတ်နိုင်လောက်အောင် မြရွက် ရင်ကိုမှ လာမမှန်ဘဲ။

"ကျွန်မ မလာချင်ဘူး၊ ဘာဖြစ်လို့မှတော့ မဟုတ်ပါဘူး၊ ကျွန်မ ... သိပ်နေကောင်းမယ် မထင်တာလည်း ပါတယ်၊ ပြီးတော့ ... ကျွန်မ လာတဲ့အတွက် ဦးသီဟန်တိုးတို့မှာ ကျက်သရေတိုးဖို့လည်း မရှိဘူး ...

"ဟို ... ကျွန်မ ရိုးရိုးသားသား ပြောတာပါ။ တစ်ယောက်ယောက်က အတင်းအဖျင်း သဘောမျိုး ပြောစရာရသွားရင်လည်း ဒေါ်မမကြီး ဂုဏ်သိက္ခာကို ထိခိုက်မှာ စိုးပါတယ်"

"ကြားလား ဒေါ်စိန် ... ဒီကောင်မလေးက သဘောကို ကောင်းတာ"

"အဲဒါကြောင့် ကျွန်မက တူတူနေချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



"နေကြဗျာ ... တော်ရုံနဲ့တော့ ဆုံဖြစ်ကြမှာ မဟုတ်ဘူး။ အကျပ်အတည်း၊ ပြဿနာအခက်အခဲ သိပ်ကြီးကျယ်တာမျိုးနဲ့ ကြုံလာရင်တော့ ကျွန်တော့်ကို အကူအညီတောင်းနိုင်ပါတယ် ...

"ဒါ ... ကျွန်တော် ခင်မင်မှုနဲ့ ပြောတာပါ။ တော်ရုံနဲ့တော့ ပတ်သက်ဖို့ မရှိဘူး၊ ကျွန်တော်တို့ကလည်း ဒီမှာ အနေများမှာ၊ ရန်ကုန်ကို ခဏတဖြုတ် ရောက်လည်း ဆုံဖြစ်ဖို့ မရှိဘူး"

"ကျွန်မ နားလည်ပါတယ် ဆရာ"

"ကျွန်မလည်း နားလည်ပါတယ်"

"ကဲ ... ကဲ ... သွားမယ်။ ညနေ ရန်ကုန်ကိုသွားမှာ၊ ညီဆေးရုံကဆင်းလည်း ကိုယ် ... အိမ်ကို မရောက်တော့ဘူး။ အိမ်သော့ကို ကိုယ့်ရုံးကတစ်ယောက် လာယူလိမ့်မယ်။ စီစဉ်ခဲ့မယ် ... သွားမယ်"

မြရွက်ညို ခေါင်းညိတ်ပြလိုက်မိစဉ်မှာ ရင်ထဲက ကျင်ခနဲနာ၍ ဖြာသွားရသည့် အကြောင်းရင်းကို ဘာကြောင့်မှန်း မသိချင်တော့ပါ။ ဖြစ်တော့ ဖြစ်သွားခဲ့သည်။ ခံစားမှုတစ်ခု ဖြစ်ထွန်းလို့ပေါ့။ သို့ပေမဲ့ ... အဲသည်ခံစားမှုကို နားမလည်ချင်တော့ပါ။

"ဦးသီဟန်တိုး"

ဦးသီဟန်တိုးက အခန်းဝရောက်မှ လှည့်ကြည့်၏။

"ဘာလိုသေးလဲ"



"ဟင့်အင်း ... ဘာမှမလိုပါဘူး၊ ဆယ်နှစ်ဆိုတဲ့ ကာလကို ငြိမ်းချမ်းစွာ ဖြတ်သန်းခွင့်ရခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောမလို့ပါ"

"ကိုယ်ကလည်း ကျေးဇူးတင်တယ်၊ မင်း ... မျက်ရည်မကျတဲ့အတွက်။ ကိုယ်က မျက်ရည်ကိုမြင်ရင် ခေါင်းထဲမှာ ရှုပ်ထွေးသွားတတ်တယ်။ သွားမယ် ... နှုတ်ဆက်ခဲ့ပြီ"

"ဟုတ်ကဲ့ပါ"

ဘဝခရီးကို ဆယ်နှစ်တိုင်တိုင် လက်တွဲလျှောက်ခဲ့သည့် ချစ်သူလည်း မဟုတ်၊ လက်တွဲဖော်လည်း မမည်ပါသော သူသားနှစ်ဦး၏ လမ်းခွဲခန်းက ဆွတ်ကြင်လွမ်းမော၍ မနေပါ။ မြရွက်ညို၏ နှလုံးသားနေရာက ကျင်ခနဲဖြာ၍ အေးခဲသွားသလို ခံစားမှုတစ်ခုတော့ ဖြစ်ထွန်း၏။ ဒါဟာ ခံစားမှုဆိုသည့် ဝေဒနာလား။ ရောဂါတစ်ခုခုလား။ မြရွက်ညို မသိပါ။ ရောဂါဆိုလည်း ဆေးကုရုံပေါ့။

ကိုယ့်ဘဝဆိုသည့် ဌာနတစ်ခုမှာ ဆယ်နှစ်တိုင်တိုင် ဘာရောက်လည်းပတ်သွားသည့် ဧည့်သည်က သူ့ခရီးသူ ပြန်သွားခြင်းအပေါ် ဝေဒနာဆိုသည့် ခံစားမှု ဖြစ်ထွန်းစရာမှ မဟုတ်ဘဲ။

မြရွက်ညိုဆိုတာ အဲဒီလို မိန်းမသား။

မြရွက်ညိုဘဝက အဲဒီလိုဘဝ။

မြရွက်ညိုဟာ ကံကောင်းသူလား ကံဆိုးသူလား။

မြရွက်ညို ဆိုသည့် မိန်းမသားမှာ ချီးကျူးစရာရှိသေးသလား။ ကဲ့ရဲ့ရှုတ်ချရမှာလား။

www.burmeseclassic.com

www.burmeseclassic.com


ဘာပဲဖြစ်ဖြစ် ... မြွက်ညိုဟာ "အိမ်"ဆိုသော "အကျဉ်းထောင်"တစ်ခုထဲမှာ အကျယ်ချုပ်လည်းမဟုတ်၊ အကျဉ်းချုပ်လည်း မမည်၊ ပင့်ကူအိမ်မှာ ကျရောက်ကပ်ငြိသည့် ပိုးကောင်လေး တစ်ကောင်လို ...။

# ၁၁

ထူးသစ် ... အခန်းထဲမှ ပြတင်းပေါက်ကို ဖွင့်လိုက် သလပြည်က အေးခနဲ ပြေးဝင်လာသည်။ တံခါးတွေ ပြတင်း က်တွေ အကုန်ပိတ်၍ လေအေးပေးစက်ဖွင့်ပြီး အေးအေးစိမ့် နေရသည့် အရသာက တစ်မျိုး။ ခုလို ... သဘာဝလေအေး၊ င်လာသည့်မို့ လန်းဆန်းလတ်ဆတ်သွားရသည့် အရသာက မျိုး။

အေးစိမ့်ငြိမ်းချမ်းခြင်း နှစ်မျိုးလုံးက ထူးသစ်ရင်မှ မ်းကို ရင်မဆိုင်နိုင်ကြပါ။ ခြံထဲမှ စိန်တစ်လုံးသရက်ပင်ကြီး လေသိမ်းတိုင်း ယိမ်းနေ၏။ ဒီနှစ်မိုးတွင်း လေတိုက်နှုန်း သည်။ လေတိုက်ပြီဆိုတိုင်း အပင်ကြီးများ ယိမ်းနွဲ့ကြသည်။ နွဲ့လှုပ်ရှားနေကြတာကို တွေ့မြင်ရပါသည်။

သူတို့ ပင်ပန်းကြီးစွာ ခေါင်းခါငြင်းဆန်နေကြတာ ဖြစ်နိုင်သည်။ မြူးတူးပျော်ရွှင်စွာ ကခုန်နေကြတာလည်း င်သည်။ လှုပ်ရှားယိမ်းထိုးနေသည့် သစ်ရွက်စိမ်းကြားမှာ မျက်နှာ"။

www.burmeseclassic.com

www.burmeseclassic.com

မမဘဝတစ်ခုလုံးဟာ လေပြင်းတိုက်ခံရသည့် အ... ကြီးလို ယိမ်းထိုးလှုပ်ရှားခဲ့ရမှာ အမှန်ပင်။ အဲသည်ခံစားမှု... မမ ပျော်ရွှင်စွာ ကခုန်ခဲ့သလား၊ ပင်ပန်းကြီးစွာ ခေါင်းခါ... ဆန်ခဲ့လေမလား။

"မမ ... ကျွန်တော်ကို ပြောပြပါ" ... ဟု မေးချင်...

"မမဟာ ဘယ်တုန်းကမှ ... အပျော်ဆိုတာကို ... ခဲ့ဖူးပါဘူး၊ ရင်တွင်းခါးသီးမှုနဲ့ ပင်ပန်းတကြီး ခေါင်းခါငြင်း... ရင်း သစ်ကိုင်းကျိုးသလို၊ မမရဲ့ဘဝ ပွဲရွဲ့နာကျင်ခဲ့ရတာ... ထူးသစ်ရယ်" ... လို့ မမ ပြောလာခဲ့ရင် ...။

အဲဒီ ကိုင်းကျိုးအစအနေလေးတွေကို ကျွန်တော်... ကောက်ယူထွေးပွေ့ မြတ်နိုးပါရစေ မမရယ်။ ခွင့်ပြုမယ်ဆိုရင်... ပိုင်ရှင်မဲ့မယ် ဆိုရင်ပေါ့။ သစ်ပင်ကြီးက ... "အဲဒါတွေ၊ ... အကိုင်းအခက်တွေမို့ မင်း ကောက်ယူခွင့် မရှိ" ... ဆိုရင်... ကျွန်တော် ... ထိတ်လန့်တုန်လှုပ်စွာ ပြန်ချထားပစ်ခဲ့ရမှာပါ ... ရယ်။

လူ့ဘဝမှာ လူသားတွေ ကြားထဲမှာ၊ ပတ်ဝန်းကျ... မှာ လူယုတ်မာ မဖြစ်ချင်တာကလွဲရင်၊ ကဲ့ရဲ့ကြမှာကိုလည်း... ကျွန်တော် မကြောက်ဘူး၊ ဆင်းရဲတွင်းဆိုလည်း ခုန်ချရဲတ... နေပူထဲလည်း နေရဲတယ်၊ ဆူးခင်းလမ်းလည်း လျှောက်ရဲတ... ခရောင်းတောလည်း ဖြတ်ရဲတယ်၊ အဲဒီ နေပူ ... ဆူးလ... ခရောင်းတောတွေရဲ့ အလွန်တစ်နေရာမှာ မမ (ပိုင်ရှင်မဲ့စွာ)ရှိ... မယ်ဆိုရင် ကျွန်တော် အရောက်လာရဲတယ် မမရယ်။



ခြံထောင့်တစ်နေရာမှာ မေမေ ဖန်တီးတည်ဆောက် ...သည့် ရေတံခွန်အတုလေးတစ်ခု ရှိပါသည်။ မေမေက သစ် ...န်းပင်နှင့် စီးဆင်းရေတို့ကို မြတ်နိုးတတ်သည်။ ရေတံခွန် ...တုဆိုပေမယ့် ဆယ်ပေအမြင့်ခန့်မှ စီးကျလာသလို လုပ်ထား ...မို့ လှပ၏။ ပြီးတော့ ရေမြောင်းခပ်ကြီးကြီးလေးက သစ်ခွ ...နှင့် ပိန်းတန်းတို့ကို ဖြတ်စီးသွားစေထားသေးသည်။ အဲဒီရေ ...မြောင်းထဲမှ ရေတွေက အိုင်လေးတစ်ခုထဲရောက်၊ အဲဒီရေအိုင်ထဲ ...မှ အဲဒီရေတွေကို မော်တာနှင့် ရေတံခွန်ကျောက်ဆောင်တွေ ...ပေါ်ကို ပြန်တင်ထားတာမို့ ရေက အဆက်မပြတ် ငြိမ့်ငြိမ့်လေး ...လှုပ်ရှားနေသည်။

မေမေ တော်တော်သဘောကျ နှစ်ခြိုက်စွာ ဖန်တီး ...ထားသော နေရာလေးတစ်ခုဖြစ်၏။ ရေမြောင်းလေးထဲမှာ ငါး ...ရောင်စုံလေးတွေ လွှတ်ထားသေးသည်။ အဲ့သည်နေရာလေးသို့ ... တစ်ခါရောက်ဖူး၏။

"ငါးလေးတွေကို ဖန်ချိုင့်ထဲ ထည့်ထားတာနဲ့စာရင် ခုလို မြောင်းလေးထဲ ကူးခတ်ခွင့် ပြုထားတာ တော်သေးတာပေါ့ နော် ... ဒါပေမဲ့ ... သူတို့ လှုပ်ရှားရမယ့် အရှည်အလျား က သိပ်မများဘူး ...

"ငါးလေးတွေသာ စကားပြောတတ်ရင် မေးကြည့် ချင်တယ်၊ မင်းတို့ကို အင်းယားကန်ထဲ သွားလွှတ်ပေးရင် ဘယ့်နှယ်လဲလို့၊ ထူးသစ်ရော ဘယ်လိုထင်လဲဟင်" ... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကူးခတ်စရာနေရာ တအားကျယ်သွားလို့ ကြိုက်ရင် ကြိုက်မယ်၊ ကြိုက်ချင်မှလည်း ကြိုက်မယ်၊ ကူးရင်း ရင်း လမ်းစပျောက်သွားနိုင်တယ်လေ၊ အုပ်စုလည်း သွားမှာပေါ့"

"မမ ဆိုရင်တော့ အင်းယားကန်ထဲပဲ သွားမယ်"

ဩော် ... မမ။ လွတ်လပ်မှုကို တော်တော်တ က်မောခဲ့ရှာတာပဲ ... ဟု တွေးမိ၏။

"ငှက်ကလေးတွေကို ကြည့်တိုင်း မမ သိပ်အားကျ မိုးကောင်းကင်ကြီးမှာ ပျံချင်တိုင်း ပျံနေခွင့်ရတယ်၊ အတွက် လမ်းကြောင်းလည်း မလိုဘူး၊ မီးနီ မီးဝါ မီး လည်း မလိုဘူး"

"မမက မော်တော်ကားနဲ့ ယှဉ်ပြောနေတာလား"

"မီးရထားနဲ့ယှဉ်လည်း၊ ရထားမှာ သွားဖို့လမ်းကြော လုပ်ပေးထားရတာပဲ၊ လေယာဉ်ပျံတောင် ကိုယ်ဆင်း တိုင်း ဆင်းလို့ရတာမှတ်လို့။ မမ ... ဒီဘဝကသေ ငှက်ဖြစ်မယ်"

"ဖွ ... မပြောကောင်း ပြောကောင်း၊ ငှက်ဆိုတာ တိရ လေ"

"တိရစ္ဆာန်ပေမယ့် မမထက်တော့ ပျော်မယ်ထင်တ"

"မမမှာ စိတ်ညစ်စရာ ဘာရှိလို့လဲ"

"စိတ်ဆိုတာကလည်း ကိုယ်ညစ်ချင်လို့ ညစ်တာပါ မညစ်ဘူးဆိုလည်း ... ပြီးတာပဲ"



"မမစကားတွေကို ကျွန်တော် နားမလည်ဘူး"

"နားလည်လာတဲ့ တစ်နေ့မှာ ... ထူးသစ် မမကို မုန်းလိမ့်မယ်"

"ဘယ်တော့မှ မမုန်းဘူး၊ မမကသာ ခုထိ ချစ်ခွင့်မပေးသေးတာ"

"အန်တီ ရင်ကွဲမှာ ထူးသစ်ရဲ့"

"အဲဒါ ကျွန်တော့်အပိုင်းပါ။ ကျွန်တော် ကြိုးစားနိုင်ပါတယ်၊ မေမေ့မှာ ... ကျွန်တော့်ကို ဘယ်သူ ဘယ်ဝါနဲ့ သဘောတူထားတယ် ဆိုတာမျိုးလည်း ရှိမနေပါဘူး"

ဩော် ... မမ။ အဲသည်တုန်းက စကားတွေဟာ ခုမှပဲ အဓိပ္ပာယ်ဖော်လို့ ရတော့တာဖြစ်သည်။ မေမေ ရင်ကွဲမှာ အသေအချာပေါ့ မမရယ် ... ဟု အတွေးထဲမှာ ပြောဖြစ်သည်။ မေမေတင် ရင်ကွဲမှာတဲ့လား။ ကျွန်တော့် ရင်ဘတ်ကြီး တစ်ခုလုံး ဖြန်းခနဲ ကွဲသွားရပါပြီ မမရယ် ... ဟု ပြောချင်၏။

"နောက်ဘဝမှာ ငှက်မဖြစ်ရရင် တိမ်စိုင်တွေ ဖြစ်မယ်၊ သူတို့မှာ သူတို့ဆန္ဒနဲ့သူတို့ ရွေ့လျောခွင့် ရှိတယ်"

"မမဆီက ကြားလိုက်ရရင် အဆန်းချည်းပဲ။ တိမ်စိုင်တွေ ရွေ့လျားနေတာ သူတို့ဆန္ဒနဲ့ သူတို့ ဟုတ်ချင်မှ ဟုတ်မှာပေါ့ မမရဲ့။ လေတိုက်လို့ လေလမ်းကြောင်းအတိုင်း ရွေ့နေရတာတော့ မဖြစ်နိုင်ဘူးလား"

"အဲဒီလို သူများစိတ်နဲ့ ကိုယ့်ကိုယ်ဆိုရင်တော့ တိမ်တွေ မဖြစ်ချင်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မမ ပြောခဲ့ဖူးသည့် စကားတွေ၏ အဓိပ္ပာယ်ကို ...ပဲ နားလည်ခွင့် ရတော့သည်။

မမရေ ... အရမ်းသနားတယ်။

မမဘဝ အရမ်းဆိုးတယ်နော်။ ဆယ့်ရှစ်နှစ်ဆိုတဲ့ အရွယ်ကလေးမှာ ကိုယ့်ဘဝလေး ... သူများဘဝထဲ ထိုးထည့် ပေးဆပ်ခဲ့ရတာ။ ကိုယ့်စိတ် ကိုယ့်သဘော ကိုယ့်ဆန္ဒဆိုတာ ဘာမှန်းမသိခင်က တစ်ပါးသူရဲ့စိတ်နဲ့ လူဖြစ်ခဲ့ရတာ။ သခင်ကြီး ...ပါးထံမှာ ခစားပြီး ပေးဆပ် ပေးဆက်သူဘဝနဲ့ ဆယ်နှစ်လုံး ... နှစ်မြှုပ်ခဲ့ရတာ၊ အခုကျတော့ရော ... မမရဲ့ဘဝဟာ လွတ်လပ်သူလား၊ သခင်တစ်ပါး ထားရာမှာနေ၊ စေရာကိုသွား၊ နှင်ရင်ပြန်၊ ခေါ်ရင်သွား၊ မမကိုယ်နဲ့ မမစိတ်ကို မမပိုင်ရဲ့လား။ အဲဒီလိုဘဝမျိုးမှာ ... ထူးသစ် ဆိုတဲ့ ကျွန်တော့်ရဲ့ကဏ္ဍက ဘယ်မှာလဲ၊ ကျွန်တော့်နေရာ ဘယ်မှာလဲ။

ပွဲလန့်နေသလား မမ။ ကျွန်တော် ... ဖျာဝင်ခင်းတတ်တဲ့ လူယုတ်မာတစ်ကောင် ဖြစ်နေပြီလား မမရေ ...။

"မမ သူ့အိမ်မှာ မရှိတော့ဘူး"

အဲဒီသတင်းကို ပထမဆုံး သယ်ဆောင်လာသူက ဇမ္ဗူ ဖြစ်၏။

"သူ ဆေးရုံမှာပဲ ရှိသေးတယ် မဟုတ်ဘူးလား"



"ဆင်းသွားပြီ"

"မင်း ရောက်လို့လား"

"အင်း"

"ဘာသွားလုပ်တာလဲ"

"အဲ့ဒီတုန်းက လိုက်ပို့ခိုင်းလို့။ အန်တီက ရိုးရိုးသားသား သတင်းမေးသွားချင်တယ်တဲ့။ သူ့တစ်ယောက်တည်းသွားရင် မမကို ဘာတွေသွားပြောလဲ ဘာညာ ... မင်းစွပ်စွဲမှာ စိုးလို့ သတင်းမေးရုံသက်သက်ပဲဆိုတာ သိအောင် ငါ့ကို ခေါ်သွားတာ"

"မတွေ့ခဲ့ဘူးပေါ့"

"ဆေးရုံက ဆင်းသွားပြီ၊ အဲဒါနဲ့ အိမ်ကိုလိုက်သွားတယ်၊ အိမ်မှလည်း မရှိတော့ဘူး၊ ခြံရော တိုက်ရော သော့ခတ်ထားတယ်၊ လူစောင့်တောင် မရှိဘူး"

"လွင့်ပြီပေါ့"

မမ ... ရော်ရွက်ဝါလေးလို လွင့်ရှာပြီပေါ့။ ဘယ်...တွေမှာ ဘယ်လိုဒုက္ခတွေများ ရောက်နေရှာမလဲ။ ကူညီခွင့်ရချင်...တယ် မမရယ်။ ကူညီခွင့်ရော ရှိပါ့မလား။

"မမကို ငါ သိပ်သနားတာပဲ"

"ငါတို့အားလုံးက မင်းကို ပိုသနားနေတာ"

ဒေါ်စိန်နှင့် အပုလေးတို့ လူလဲဖို့ ဒေါ်စိန် အိမ် ...ပြန်မှာ ထူးသစ်နှင့်အဖွဲ့က လိုက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မ ... မြ ... မြစွက်ရဲ့ ခင်ပွန်းပါ"... ဆိုသ ဝါကျတစ်ကြောင်း၏ အကျယ်တဝင့်ကိုသိဖို့ နေထိုက် တစ်ယော တည်း လိုက်သွားမည် ပြောပေမယ့် ကမ္ဘာပျက်ထဲမှာ ဆောက်တ ရာမှ လွင့်မျောနေသည့် ထူးသစ်က သက်မဲ့အရုပ်တစ်ခု ပါသွားခဲ့သည်။ ဒေါ်စိန် ပြောပြသည့် မမအကြောင်းတွေ သွေးပျက်ဖွယ်။

ဤ ... ဆယ်နှစ်ဆိုသော သက်တမ်းကို မမ ဘ လိုဒုက္ခဆင်းရဲတွေနှင့် လူးလိမ့်ဖြတ်သန်းခဲ့သလဲ ဆိုတာတော တွေးမကြည့်ရက်ချေ။

ခုတော့ ... မမ ... လွင့်ရှာပြီ။

"ငါ ... ဒေါ်စိန်နဲ့ တွေ့ပြီးကတည်းက မမဆီ မသွားတော တာ၊ ဖုန်းလည်းမဆက်ဖြစ်ဘူး၊ သုံးရက်တိတိပဲ"

"အဲဒါ မှန်တာပေါ့"

"ငါ စိတ်နာသွားပြီလို့ မမ ထင်သွားပြီ ထင်တယ် တကယ်က မမကို ငါ နည်းနည်းလေးမှ စိတ်မနာဘူ စိတ်နာတာ မဟုတ်ဘူး၊ သနားတာ၊ ပြီးတော့ ... မမ အခြေအနေက ဘယ်လိုမှန်းလဲ မသေချာဘူး ...

"ဒေါ်စိန်က ... ခင်ပွန်းဆိုတော့လေ။ ပွဲလန့်နေခို ဆိုရင်လည်း ငါက ဖျာဝင်ခင်းတဲ့ လူယုတ်မာ မဖြစ်ချင်ဘူ

"မမက စောစောတည်းက ပြောပြဖို့ ကောင်းတယ်။ မ ချစ်တယ် ပြောကတည်းက၊ သူ့မှာ ယောကျ်ားရှိရင်လည ရှိတယ်ပေါ့"



"မမကို အပြစ်မတင်ပါနဲ့ကွာ ... ဒေါ်စိန့် စကားအတိုင်း ဆိုရင်၊ သူက စွန့်ပစ်ခြင်း ခံထားရတာ"

"တကယ် အပြီးစွန့်တာ ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ ယောကျ်ား က မစွန့်ပစ်ရင်၊ မိန်းမက ကွာချင်လို့မရဘူး မဟုတ်လား"

"သူတို့ တရားဝင် လက်မှတ်ထိုးမထားဘူး"

"နယ်ဘက်တွေက လင်မယားတွေများ လျှောက်မေးကြည့် ပါဦး၊ ရုံးတက်ပြီး လက်မှတ်ထိုးထားတဲ့စုံတွဲ ဘယ်နှတွဲ ရှိလဲ။ တချို့ မင်္ဂလာဆောင်တယ်၊ တချို့ ခိုးပြေးတယ်၊ ဒီလိုပဲ ... ဇနီးမောင်နှံအရာမြောက်သွားတာတွေ အများ ကြီး"

"ငါ ရှက်လည်း တော်တော်ရှက်တယ်ကွာ ... မေမေ့ခများ လည်း ... လဲသေချင်မလောက် ရှက်ရှာမှာ၊ သူ့သားဟာ ခင်ပွန်းရှိတဲ့ မိန်းမတစ်ယောက်ကို သွားကြိုက်နေတယ်ဆို ပြီး"

"အန့်တီ သိသွားပြီလား"

"မင်းတို့ကို မမေးဘူးလား၊ ငါ့တော့ မမေးဘူး"

"ငါတို့လည်း မမေးဘူး၊ မမေးတာကိုက ပုံမှန်မဟုတ်ဘူး၊ သိသွားပြီးလို့ မမေးတာ ဖြစ်မယ်"

"မေမေနဲ့ မျက်နှာချင်းတောင် မဆိုင်ရဲဘူး"

"ဘာပဲဖြစ်ဖြစ် ... မင်း ဆိုင်ကိုတော့ ပစ်ထားလို့မရဘူး၊ ခုမှစဖွင့်တာ"

"မပစ်ထားပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးဟာ မထင်မှတ်တာတွေ သိပ်ဖြစ်တာပဲ"

"အဲဒါတွေထဲမှာ ငါ့အဖြစ်က အဆိုးဆုံး"

"မင်း လိုက်မရှာဘူး မဟုတ်လား"

"ငါ မရှာသင့်ဘူး ထင်တယ်။ ဒါပေမဲ့ ... မမ ဘယ်ရောက်ပြီး ဘာဖြစ်နေသလဲ ဆိုတာတော့ သိချင်တယ်။ မင်းတို့ လိုက်ရှာကြကွာ။ ငါ သိရမှ ဖြစ်မယ်၊ ငါ သွားမတွေ့ပါဘူး၊ ဒါ ... မမကို စိတ်ပျက်သွားလို့ မဟုတ်ဘူး ...

"လူမှုရေးအရ ထိန်းသိမ်းရမယ့် သစ္စာတရားလို့ ငါ ယူဆတယ်။ အဲဒီလူနဲ့ မမနဲ့ တရားဝင် အတိအလင်း ပြတ်စဲပြီ ဆိုရင်တော့ တစ်မျိုးပေါ့။ မမ ... အခက်အခဲတစ်ခုခု၊ ဒုက္ခတစ်ခုခု ဆိုရင် ငါ ကူညီချင်တယ်။ ငါပစ်မထားရက်ဘူး၊ သူငယ်ချင်း မိတ်ဆွေတစ်ယောက်အနေနဲ့ ကူညီလို့ ရတယ်မဟုတ်လား"

"အန်တီ့ကိုတော့ ထည့်စဉ်းစားရမှာပေါ့"

"ဟား ..."

ထူးသစ်က ဆိုဖာပေါ် ခြေပစ်လက်ပစ် မှီချ၏။ သက်ပြင်းမောကို မှုတ်ထုတ်သည်။ သို့ပေမဲ့ ... ရင်ထဲအေးမသွားပါ။ အမောမပြေပါ။ တင်းကျပ်ဆို့နင့်နေသည့် အစိုင်အခဲပမာဏ လျော့ကျမသွားပါ။ အသက်ရှူရကျပ်လျက် ရင်ထဲမှာ ဘာတွေမှန်းမသိ ခုခံဆို့နင့်နေတော့သည်။

"ရှာကြပါကွာ ... မမကို ရှာကြပါ။ တစ်နေရာရာမှာ ကျိတ်ငိုနေမယ် ထင်တာပဲ။ ငါ အရမ်းသနားတယ်"



"မမထက် ... မင်းကို ပိုသနားတယ်"... ဆိုသောဝါကျကို ဇမ္ဗူ ထပ်မပြောတော့ပါ။ အရွယ်ရောက် ယောကျ်ားလေး တစ်ယောက်ကို ယောကျ်ားချင်း၊ ထပ်တလဲလဲ သနားပြနေလို့ ... အသနားခံ ယောကျ်ားသားက ကျေနပ်လက်ခံမှာမှ မဟုတ်ဘဲ။

✿ ➤ ✿

ခုတော့ ... သီဟက မမကို တွေ့လာခဲ့ပြီတဲ့။ မမဟာ သူတစ်ပါးရဲ့ဆိုင်မှာ အရောင်းစျေးသည်ကလေး လုပ်နေသတဲ့။

မမဟာ ... အဲဒီအလုပ်ကိုလုပ်မှ ထမင်းစားရတော့မယ့် အခြေအနေမျိုးလား။ မမနေခဲ့ဖူးသည့် ခြံနှင့် တိုက်ကြီးကို ပြန်သိမ်းသွားပြီလား။ အိမ်ထောင်မကျမချင်း၊ အဲဒီတိုက်ငှားခရတာယူတော့ဆိုသည့် အခွင့်အရေးကို ပြန်လည်ရုပ်သိမ်းသွားပြီလား။

အဲသည်အတွေးဝင်တော့ ရင်ထဲ ... ရှန်းရှင်းဆန်ခတ်နှင့် ထိတ်လန့်တုန်လှုပ်သွားလိုက်ရတာ မောတောင်မောမိပါရဲ့။ အဲဒီအခွင့်အရေးတွေကို မမ အိမ်တောင်ကျမှ ရုပ်သိမ်းမှာဆိုထားတော့ ... မမ ... အိမ်ထောင်များ ကျသွားလို့လား။

"ချစ်တယ်"လို့ တစ်ခါမှ ပြန်မပြောခဲ့ဖူးတဲ့ မမရဲ့ မျက်ဝန်းတွေထဲမှာ ထူးသစ် အပေါ်ထားတဲ့ အချစ်တွေ၊ တွေ့နေရသလိုပါ မမရယ် ... မမ ကျွန်တော့်ကို ချစ်ပါတယ်။ မမ ... နောက်အိမ်ထောင်ပြုခွင့်ရအောင် လွှတ်လပ်သွားပြီဆိုရင် အဲဒီ

www.burmeseclassic.com

www.burmeseclassic.com


နောက်အိမ်ထောင်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော် မဖြစ်သင့်ဘူးလား။ မမ ကျွန်တော့်ကို အဲဒီအခွင့်အရေး မပေးသင့်ဘူးလား။

"ပြက္ခဒိန်အဟောင်း ဆယ်ခုလောက် ပြန်ရှာလို့မှုားရရင် အဲဒါတွေကို မီးတင်ရှို့ပါရဲ့"

ဇမ္ဗူ့ကို လှမ်းကြည့်မိလိုက်၏။ ဇမ္ဗူ့စကားအဓိပ္ပာယ်ကို ထူးသစ် နားလည်ပါသည်။

"ဘာဆိုင်လို့လဲ"

အရေးထဲ အကြောင်းထဲကျမှ သီဟက ဒုံးဝေးနေတာလား၊ တမင် ဆွတာလား မသိနိုင်ပါ။ မေးခွန်းထလုတ်နေသေး၏။

"လွန်ခဲ့တဲ့ ဆယ်နှစ်ကို ပြန်သွားချင်လို့ပေါ့ကွာ ... မမကို လွန်ခဲ့တဲ့ ဆယ်နှစ်ဆီ ပြန်ခေါ်သွားပြီး ဒီကောင့်လက်ထဲ ထည့်ပေးချင်လို့"

ဇမ္ဗူက ထူးသစ်ကို မေးငေါ့ပြ၏။

"ဖြစ်နေပုံက လင်းတကြီး မှိုင်းတိုက်ထားသလိုပဲ။ သနားရမှာလား၊ အမြင်ကတ်ရမှာလားလည်း မသိတော့ဘူး၊ ကံကြမ္မာဆိုတာသာ အကောင်အထည်ရှိရင် ငါ ဆွဲထိုးတယ်၊ တကယ်"

"စဉ်းစဉ်းစားစား ပြောပါ ... လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက ထူးသစ် ဆယ့်သုံးနှစ်သားပဲ ရှိသေးတယ်"

"ရှိ ရှိ"

"ကောင်းတယ်"

သူတို့မှာတော့ ပြောနိုင်အားကြပါသည်။ ထူးသစ်အဖို့ကတော့ ...။ မမကို ပြေး၍လည်း တွေ့လိုက်ချင်၏။ မတွေ့သင့်ဘူးလို့လည်း ထင်၏။ အတွေးထဲမှာ မေမေ့ကိုလည်း ချန်ရစ်ခဲ့၍မရပါ။ မေမေ ဘယ်လိုခံစားရမလဲ ဆိုတာလည်း မကျန်ရစ်ခဲ့ရ။

အကောင်းဆုံးကတော့ ... ဤကမ္ဘာမှာ ထူးသစ်ဆိုသည့်ကောင် ... အငွေ့ပြယ်၊ လွင့်ပျံ၊ ပျောက်ဆုံးသွားခြင်းပဲ ... ဟု တွေးမိပြန်တော့ ... ကိုယ်ဟာ လူပျော့လူညံ့ စာရင်းဝင်တစ်ဦး ဖြစ်ပြီလားဟု မေးရပြန်ပါဦးမည်။

❀ ➤ ❀

www.burmeseclassic.com

www.burmeseclassic.com

## ၁၂

မြရွက် ... ဤဆိုင်မှာ အလုပ်ဝင်လုပ်ခြင်းက စိတ်ကို စေခိုင်းခြင်းပါပဲ။

ပြီးတော့ ... ထူးသစ်ကို ရှောင်ချင်တာလည်း ပါသည်။ ဒီဆိုင်မှာ အလုပ်ဝင်မလုပ်ဘဲ ခြေရာဖျောက် နေရာပြောင်းရုံနှင့် ရှောင်လို့ရပေမယ့်၊ ဒီဆိုင်မှာ လိုအပ်ပစ္စည်း လာဝယ်ရင် ဆိုင်ရှင်မမ “ဒေါ်ထားဒေဝီ”ကို သဘောကျသွားရခြင်းက တစ်ကြောင်းဖြစ်၏။ စိတ်ကို အလုပ်ပေးရင်း၊ ကွန်းကလေးတစ်ခုမှာ ခိုနားခွင့်ရသလို၊ ရင်ထဲမှာ နည်းနည်းပါးပါး သက်သာလို သက်သာငြား။

ထူးသစ်ကို သတိရပါသည်။

“မမကို ချစ်တယ်”... တဲ့။

ထူးသစ်ရယ်၊ မင်းဘက်ကသာ မမကိုချစ်တာမဟုတ်ပါ၊ မမကလည်း မင်းကို သိပ်ချစ်နေပါတယ် ... ဆိုတာကို ပြောခွင့်မကြုံခဲ့တာပါ။



မြရွက် ... ရန်ကုန်ကို ပြန်ရောက်လာခြင်းကိုက ဦးသိဟန်တို့၏ စွန့်ပစ်ပစ္စည်း၊ သက်ရှိအရုပ်တစ်ရုပ်လို လွင့်လာခဲ့ခြင်းဖြစ်၏။ မြရွက်မှာ ... လုံးဝလွတ်လပ်ခွင့်ပါ ရှိလာခဲ့ပါသည်။ ဘယ်တုန်းကမျှ တရားဝင်ဇနီးအဖြစ် ပွဲလယ်မတင့်ခဲ့ရသူမို့ စွန့်ပစ်ခြင်း ခံရတော့လည်း အသံတိတ် ညင်သာစွာပင်။

ထူးသစ် ဆိုသည့် ကောင်နုလေးကို မြင်မြင်လိုက်ချင်းမှာပင် ... ဆယ်ကျော်သက် အပျိုဖြန်းကလေးတစ်ဦးနှယ်၊ ရင်ထဲ လှိုက်ခနဲ ခုန်သွားခဲ့၏။ အင်းယားကန်ပေါင်ပေါ်မှာ လမ်းမလျှောက်ဖြစ်ခဲ့ရင်၊ လမ်းခင်းအုတ်ပြားလေးတွေတချို့ ကြွထမနေလို့၊ ခလုတ်တိုက် ချော်မလဲခဲ့ဘူးဆိုလျှင် ... ဒီကောင်လေးနှင့် ဆုံတွေ့စရာမရှိ ... ဟု ထင်၏။

စင်စစ် ... ထူးသစ်သည် မြရွက်အဖို့တော့ ကောင်လေးပါပဲ။ မြရွက်တောင် ချစ်စနိုးနှင့် “ကောင်လေး”ဖြစ်နေရပါလျှင် “သားလေး”ဟုခေါ်သည့် သူ့မိခင်ရင်ထဲ ဘယ်လောက်များ အချစ်သည်းရှာလေလိမ့်မလဲ။ ကိုယ့်သားလေးဆိုလျှင် ကိုယ့်သားထက် ငါးနှစ်ကြီးပါသော တစ်ခုလပ်မိန်းကလေး (ပြီးတော့ ... မြရွက် ကိုယ်တိုင် ခပ်နုနုမို့ သေချာနားမလည်သော မိန်းမရောဂါတစ်ခုကလည်း ရှိသေး) ...။ အဲသည်လို မိန်းမမျိုးနှင့် သဘောတူနိုင်ပါ့မလား။ မြရွက်ဟာ ချောင်ချောင်လည်လည် သုံးနိုင်စွဲနိုင်တယ်ဆိုတာ တစ်ဖက်သား ကြည်ဖြူပေးကမ်းစာ။ သူ မကြည်ဖြူတော့သည့်တစ်နေ့ ... အားလုံး ပြန်သိမ်းသွားခဲ့သော် ... စားဝတ်နေရေးတောင် ပြေလည်ဖို့ ခပ်ခက်ခက်။

www.burmeseclassic.com

www.burmeseclassic.com

ထူးသစ်က သူဌေးသားလေး၊ ကိုယ်တိုင်တောင် သူဌေးပေါက်စ ဖြစ်နေပြီ၊ ဘွဲ့ရ၊ ပညာတတ်၊ တစ်ဦးတည်းသော အမွေခံသား၊ အသွန့်ကလေး တလူလူနှင့် လူသား။ ဩော် ... ထူးသစ်ရယ်၊ မတန်ရာလိုက်လေခြင်း။

ကန်ပေါင်ပေါ် ချော်လဲတော့၊ ခပ်ရက်ရက်နှင့် ဟိုကြည့် ဒီကြည့်၊ မျက်နှာလေးတစ်ခုကို သွားမြင်၊ မြွက် ဆယ်ကျော်သက်တုန်းက စွဲလမ်းခဲ့ဖူးသည့် အစ်ကိုမြတ်ခန့်၏ မျက်နှာမျိုးလေး၊ ခပ်ဆင်ဆင်။ အဲသည်တုန်းက အစ်ကိုမြတ်ခန့်အရွယ်၊ အဲသည်တုန်းက စွဲလမ်းခဲ့သလိုလိုပေမယ့်၊ စင်စစ် ... သံယောဇဉ် ရိုးရိုးသာ ... ဆိုတာ မြွက် အသက်ကလေး တော်တော်ရမှ သိလာသည်ပင်။ အဲဒီတော့ ... မြွက်ဟာ ဦးသီဟန်တိုး ပိုင်ဆိုင်သည့် အသက်ရှူတတ်၍ စကားပြောတတ်သော အရုပ်တစ်ရုပ် ဖြစ်နေခဲ့ပြီ။

ဦးသီဟန်တိုးအပေါ် လုံးလုံးမချစ်မိလေတော့မှ အစ်ကိုမြတ်ခန့်ကိုလည်း ချစ်ခဲ့တာမဟုတ်မှန်း နားလည်လာရသည်။ "အချစ်"ဆိုတာကို တကယ် ... ဘာမှန်းမသိခဲ့လို့မို့ကို သိချင်စိတ် ပြင်းပြခဲ့ရသည်။ အဲသည် "အချစ်"ဆိုတာ၊ ဦးသီဟန်တိုးထံမှာ မရှိသလို အစ်ကိုမြတ်ခန့် အပေါ်လည်းမရှိ။ ဖွေရှာမရ၊ အချစ်မဲ့လူသားအဖြစ် နှလုံးသားက ထုံပေပေ။

ကိုယ့်ဘဝလေးကို ဦးသီဟန်တိုး ဆော့ကစားဖို့ သူ့လက်ထဲ ထိုးထည့်ရက်လေခြင်း ... ဟု အဘွားကို စိတ်မဆိုးနိုင်ပါ။ ခပ်ညံ့ညံ့ အတွေးသာရှိသော အဘွားအတွက်တော့၊ သူ့



...ာ သူဌေးကတော်။ နိုင်ငံခြားကြီးများတောင်ပါသွား၊ အဘွား ...ခွဲမှာလည်း မစံစားဖူးသော စည်းစိမ်နှင့် ဆိုပါတော့။ ... ခံစားရရှိသည့် စည်းစိမ်ချမ်းသာ ဆိုသည်မှာ ဦးသီဟန်တိုး ...ဒေါ်မမကြီးတို့အိမ်ရဲ့ ဖိနပ်ချွတ် တစ်နေရာစာလောက်သာ ...ရှိနိုင်ပေမယ့် အဘွားအဖို့တော့ မစံစားဖူးသော စည်းစိမ်ပင်။

အဘွား ခမျာ ... ပျော်ကောင်း ပျော်လို့တောင် နေ...ည်။ ရပ်ကွက်ထဲမှာ လက်မလေးများတောင် ထောင်နေရှာဦး ... နေမကောင်းသည့်အခါ ကောင်းမွန်စွာ ဆေးဝါးကုသခြင်း ...ာ်လည်း မြေးရောက်မလာသည့် အတွက်တော့ ...

"ဒီကောင်မလေး ... ဘဝမေ့တဲ့အထိ အဘွားပါ ... ...ပြီ" ... ဟု တွေးကောင်းတွေးရင်း အဘွားဘဝလေး ဝမ်း...နည်း နိဂုံးချုပ်သွားရှာမှာပါ။

အစ်ကိုမြတ်ခန့်ကို ပထမတော့ စိတ်နာ၏။ အဘွား ...ညံ့ညံ့အတွေးက သဘောမပေါက်ပေမယ့်၊ အစ်ကိုမြတ်ခန့် ...ာ့ နားလည်မှာပင်။ ဦးသီဟန်တိုး ဘယ်လိုလူစားဆိုတာ။ ...ည်းစား အထင်မြင်လွဲခြင်းမှလွှတ် ... ဖြုတ် ... ဆိုသလို ထိုး...ပေးလိုက်တာလား။

"ဒီကောင်မလေး ဒီတစ်သက်မှာ ဒီလောက် ... ဘယ်လိုမှ ကောင်းစားနိုင်မှာမှ မဟုတ်တာ၊ ဦးသီဟန်တိုးကလည်း နှိပ်နှိပ်စက်စက် ရှိမှာမှ မဟုတ်ဘဲ"

အဲသည်လောက်ပဲ ခပ်တိမ်တိမ် (သူ့ညီမအရင်းမှ ...ဘဲ) တွေးကာ အဘွားကို နားချခဲ့ခြင်းလည်း ဖြစ်နိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘာပဲဖြစ်ဖြစ် ... အသက်ရှူ၍ စကားပြောတတ်သေ
အရုပ်ကလေးဘဝမှာ အရာရာကို သည်းခံ၊ ခွင့်လွှတ်၊ စွန့်လ
ပေးဆပ် ... အဲသည်ကျင့်သားတွေ ရလာရလျက် အရာခပ်သိ
ကို နားလည်ပေးနိုင်လာတော့သည်။

"ဘဝပေး အကျိုးပေးကုသိုလ်က ဒီအချိန်မှာ ဒီလိုဖြ
ပါလာတော့"

စင်စစ် ... အဲသည် ငြိမ်းချမ်းစိတ်ကလေးက
ဆယ်ရာခိုင်နှုန်း၊ လှပခြင်းက ငါးဆယ်ရာခိုင်နှုန်း ပေါင်းစပ်
ဦးသီဟန်တိုးထံမှာ ဆယ်နှစ်တိတိ။ ကာလရှည်ကြာခဲ့ခြင်းပ

အစ်ကိုမြတ်ခန့်အပေါ် နာကြည်းခြင်းတွေ ဖြေဖျော
အဲဒါအချစ်မဟုတ်ဟု နားလည်လိုက်ချိန်မှာ အစ်ကိုမြတ်ခန့်
မျက်နှာမျိုးနှင့် ခပ်ဆင်ဆင်၊ ဒီကောင်လေးကို ဖြုန်းခနဲ တွေ့လ
ကာမှ ... ရင်ထဲ လှိုင်းထန်လှုပ်ရှား၊ မောလှအောင် ရင်
ဦးနှောက်တွေ ဆူပွက်၊ မျက်ဝန်းတွေ မှုန်မေ့၊ တစ်ကိုယ်လုံး
သော အသွေးအသား၊ အရိုးအကြော၊ အဆစ်အမြစ်တို့ ဘယ်
ပြုပြင်ပြောင်းလဲကုန်သည် မသိ။

အဲဒါ အချစ်ပဲ ကောင်လေးရယ်။ မင်းကို မြင်
ချင်း ရင်ထဲမှာ ချစ်သွားမိတာဟာလည်း ဘဝပေးကုသိုလ်တ
ဒီအချိန်မှာ အချစ်ကို မမျှော်လင့်ဘဲ တွေ့ရှိဖို့ ကံကြမ္မာပါလ
တာ ထင်ပါရဲ့။

ချစ်မိပါတယ် ... ထူးသစ်ရဲ့။



"မမြရွက် အကျီလေးက လှလိုက်တာ"

ကောင်တာတူ အရောင်းစျေးသည်ချင်း တူတူမှာ
သည်ကောင်မလေးက အသက်နှစ်ဆယ်ပြည့်တယ် ဆိုရုံလေး။
က်နှာလေးလည်း လှရှာပါသည်။ ပိုင်ရှင် ဒေါ်ထားဒေဝီ ကိုယ်
င်က ခန့်ညားပြီး ကျက်သရေရှိရှိလှသော အပျိုကြီးမမ။ သူ့
င် အရောင်းဝန်ထမ်းတွေဆိုလည်း လှမှခန့်သည်။

"လှလှလေးတွေပဲ မြင်နေချင်တယ်"... တဲ့။

"မတတ်တာကို သင်ပေးလို့ရတယ်၊ အမေမွေးက
ည်းက လှမလာတဲ့သူကို၊ လှလာအောင် ပြင်ပေးလို့ မရဘူး"
တဲ့။

အဲဒါကြောင့် ... အဲသည် လှလှပပ ကောင်မလေး
တွေ၊ အသက်ကလေးတွေကလည်း ငယ်ကြသေးသည်မို့ အလှ
ချင်းတွေ ပြိုင်ကြ၊ ဝတ်နိုင်စားနိုင်တာလေးတွေ ပြိုင်ကြ၊ သူတို့
ထဲမှာ (ကိုယ့်အကြောင်းနှင့်ကိုယ်) မြရွက်က ဝင်မပြိုင်ပေမယ့်
သူတို့က လာပြိုင်နေကြတာကို မြရွက် ဘယ်လိုရှောင်ရှားရမည်
သေိပါ။

"ဟင် ... ဘယ်က ဝယ်တာလဲ"

"ဟိုကပါလာတာပါ"

"ဟို ... ဆိုတာ ဘာလဲ၊ နိုင်ငံခြားလား"

www.burmeseclassic.com

www.burmeseclassic.com



“စင်ကာပူမှာတည်းက ဝယ်ထားတာ”

“ရှော့ပင် သွားတာလား၊ မမြွက် ပြောပုံက အဲဒီ
အကြာကြီး နေခဲ့သလိုလို၊ ကျောင်းသွားတက်တာ

“မဟုတ်ပါဘူး၊ အဲဒီမှာ ခဏသွားနေဖြစ်တာပါ”

“ဘယ်လောက်ကြာခဲ့လဲဟင်”

“ဆယ်နှစ်ပါ”

“ဆယ်နှစ်တောင်၊ ဘာဖြစ်လို့ ပြန်လာတာလဲ၊ အဲဒီ
အလုပ်သွားလုပ်တာလား”

အလုပ်သွားလုပ်တာလည်း မဟုတ်၊ ကျောင်း
တက်တာလည်း မဟုတ်၊ သူဌေးတစ်ဦးရဲ့ ကစားစရာ သ
အရုပ်ကလေးအဖြစ် သိမ်းပိုက်သွားခြင်း ခံခဲ့ရတာပါကွယ်
ဟု ဝန်ခံပစ်လိုက်ချင်ပါသည်။

လောကကြီးဟာ တစ်ခါတစ်ရံမှာ ဖြောင့်
တစ်ခါတစ်ရံမှာ ကောက်ကွေ့တတ်၏။ အဖြောင့်တိုက်နှင့်
သည့်အခါမှာ ကိုယ်ကလည်း ဖြောင့်စင်းစွာ ရင်ဆိုင်၊ အ
အကောက် လမ်းမှာတော့ မျဉ်းဖြောင့်ကြီးနှင့် သွားဦးတိုက်
နာကျင်ပုံရွဲ့မှုတွေ ဖြစ်သွားနိုင်ပါသည်။ သူက မြွေလိမ်မြွေကော
ဆို ... ကိုယ်ကလည်း တွန့်တွန့်လိမ်လိမ်ကလေးမှ အဆင်ပြေ

“ဟင် ... အလုပ်သွားလုပ်တာလား၊ မမြွက် ကြည့်
သိပ်မပြေချင်သလိုပဲ၊ နှင်းဆီကလည်း ခပ်စပ်စပ်စုစု

ပြောပြီး တခိခိ ရယ်ပြနေသေးသည့် “နှင်းဆီ
ဆိုသည့် ကောင်မလေးအတွက် သက်ပြင်းမောကို ချရပါသ



“အစ်ကိုတစ်ယောက်နဲ့ လိုက်နေတာ၊ အစ်ကိုက အိမ်ထောင်ကျတော့ ကိုယ့်အိမ်ကိုယ် ပြန်လာတာပါပဲ”

“အယ် ... ဒါဆိုရင် ဘော့စ်ပေါ့။ မမြွက်က သူဌေးပေါ့၊ ဒါနဲ့များ ... ဒီဆိုင်မှာ ဝန်ထမ်းလာလုပ်နေတယ်”

“စားဝတ်နေရေးက ရှိသေးတယ် နှင်းဆီရယ်”

“မိဘတွေရော”

“မရှိတော့ပါဘူး၊ တခြားညီကိုမောင်နှမလည်း မရှိဘူး၊ ဆွေရယ်မျိုးရယ်လည်း မရှိလှဘူး၊ တစ်ကောင်ကြွက်ပါ နှင်းဆီရဲ့၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားတာပါ”

“မမြွက် နေ့တိုင်းဝတ်နေတဲ့ အင်္ကျီတွေက မမြွက် တစ်လစာလောက် ရှိနေတာ၊ ဒါတွေ ... နှစ်လ သုံးလ အတွင်းတောင် ပြန်မထပ်ဘူး၊ ဒီလိုဝတ်ပုံစားပုံနဲ့ ဒီလခ လောက်ကိုမက်မောပြီး အလုပ်လာလုပ်တာ အံ့ဩစရာပဲ။ အကြောင်းရှိလားဟင်”

“စားဝတ်နေရေးဆိုတဲ့ အကြောင်းပါပဲ”

“နှင်းဆီတော့ မယုံပေါင်”

မြွက် ပြုံးပြုံးလေးပဲ နေပေးလိုက်ပါသည်။

သူတို့လေးတွေ ငယ်ကြသေးသည်။ ဘဝဆိုတာ ခါးသီးတတ်ကြောင်း မသိရှာကြသေး။ တချို့ ကံကောင်းခြင်းနှင့် ယှဉ်၍ မွေးဖွားလာသူများကျတော့လည်း ခါးသီးခြင်းအရသာကို မြည်းစမ်းလို့တောင် မကြည့်ဖူးလိုက်တာလည်း ရှိပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ ... မြတ်စွာဘုရားက သုံးဆယ့်တစ်ဘုံမှာ ကြင်လည်သရွေ့ "ဒုက္ခ"ဟု ပြောကြားခဲ့သည်။ ပုထုဇဉ်လူသားတို့မှာ ဒီတစ်ခု မခါးသီးသော်ငြား၊ ဟိုတစ်ခုမှာ ခါးသီးရမည်ပင်၊ ကိုယ့်ကိုယ်ကိုယ် ခါးသီးနေလို့မှ ကိုယ့်ဘဝကြီး ခါးသီးပါပကောဟု မသိသူ ခပ်ထုံထုံပေပေ လူသားတွေလည်း ရှိနိုင်ပါသည်။ အဲဒီ လူမျိုးတွေဟာ ကံကောင်းတာလား၊ ကံဆိုးတာလား၊ တော်တတ် က်မြက်တာလား၊ ထုံထိုင်းညံ့ဖျင်းတာလား ဆိုတာကို မြရွက် း ခုန်လိုတော့ပါ။

ဘဝရဲ့ခါးသီးခြင်းကို ခံနိုင်ရည်ရှိစွာ လက်ခံရင်ဆိုင်နေခြင်းလည်း ဖြစ်နိုင်သေးသည်လေ။

"ယောက်မနဲ့ မတည့်ဘူးလား"

မြရွက် ... မချိမဲ့လေးနှင့် ပြုံးဖြစ်လိုက်ပါသည်။ "ယောက်မ"ဟု ဆွဲလွဲတင်ပြရမည့်သူမှာ "ဒေါ်မမကြီး"ဖြစ်နေ၏။

"အစ်မကြီးက တော်တော်တော့ ရက်ရောတာ မမြရွက်ရဲ့။ သူကဆရာ့ကို သိပ်ချစ်တာ။ သူ့ဘဝမှာ ဆရာတစ်ယောက်ရှိနေရင် ပြည့်စုံပြီ။ ဘာမှမလိုတော့ဘူး၊ မမြရွက်ကို ဒီခြံနဲ့ တိုက်ကလေး အပိုင်ပေးလိုက်ဖို့ အစ်မကြီးက စ,ပြောတာ"တဲ့။

ဒေါ်စိန်က ပြန်ပြောပြခဲ့ပါသည်။

"ဒီလောက်မှ ထိုက်ထိုက်တန်တန် ရမသွားရင်လည်း ဆရာ့ကို လာထပ်နှောင့်ယှက်နေမလား၊ ခွာချမရအောင် ကပ်တွယ်နေမလား ... စိုးရိမ်တာလည်း ပါမှာပေါ့လေ"



"ဘာပဲပါပါ ... ကျွန်မကတော့ သေတစ်ပန် သက်တစ်ဆုံး ကျေးဇူးတင်သွားမှာပါ"

"ကျွန်မ တူတူနေပေးရသမျှ ဆရာကတော်လေးတွေထဲမှာ မမြရွက်က စိတ်ထားအကောင်းဆုံးပဲ။ အရာရာမှာအကောင်းမြင်ဝါဒရှိတယ်"

"မထင်နဲ့ ဒေါ်စိန်ရေ"... ဟု ပြောချင်ခဲ့ပါသည်။ အကောင်းမြင်ဝါဒဆိုတာ ရှိချင်တိုင်း ရှိလို့ရ ... မှတ်လို့။ ထားချင်တိုင်းထား ... ရမှတ်လို့။ ပုထုဇဉ်လူသား ... လောဘ၊ ဒေါသ၊ မောဟကလေးတွေနဲ့ပါ ဒေါ်စိန်။ အကောင်းမြင် စိတ်ထားလေးနဲ့ လျှော့ပေးလိုက်ခြင်းဟာ၊ တကယ်စိတ်ထားကောင်းတာက တစ်ဝက်လောက်ပဲ ပါမှာပါ။ ကျန်တစ်ဝက်က အဆိုးမြင်ပြီး ယှဉ်ပြိုင်တိုက်ခိုက်ဖို့ ကျောထောက်နောက်ခံအင်အား လုံးဝမရှိလို့၊ ဆုတ်ခွာအရှုံးပေးလိုက်ခြင်းလည်း ဖြစ်နေနိုင်ပါသေးတယ် ... ဆိုတာကိုတော့ ရှင်းမပြဖြစ်တော့ပါ။

ဘာပဲဖြစ်ဖြစ် ... ကိုယ့်ကိုခင်သည့် ဒေါ်စိန်ကို ကိုယ်ကလည်း ခင်ပါသည်။ ဒေါ်စိန့်ကိုမှ မခင်လျှင် ဘယ်သူ့သွားခင်ရမလဲ၊ ခင်စရာလူ ဘယ်သူရှိသလဲ။ ခုနေ ... ရပ်ကွက်ထဲ ပြန်ဝင်ပြီး ဟိုတုန်းက သူငယ်ချင်းတွေ (တချို့လည်း အပျိုကြီး၊ တချို့က ကလေးအမေတွေဖြစ်၊ ဘာပဲဖြစ်ဖြစ် သူတို့ဟာ ကိုယ့်လောက် မသုံးနိုင် မစွဲနိုင်၊ မပြည့်မစုံတွေအဖြစ် ကျန်ရစ်ခဲ့တာ)နဲ့ ပြန်ပေါင်းကြည့်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှုတ်ခမ်းဖျားမှာ ကိုယ်ဟာ ရစရာမရှိအော ပျက်စီးလို့လည်း နေနိုင်ပါသည်။ ခုချိန်မှာ ဒေါ်စိန်မှတစ်ပါး ကိုယ့်မှာ ဘယ်သူမှ မရှိပါ။ နောက်လှည့်ကြည့်လျှင်တော ကိုယ့်အရိပ် ကိုယ်မတွေ့ရဘဲ ဒေါ်စိန့်ကိုပဲ တွေ့ရပါမည်။

"ဟော ... မမြရွက် ... ငိုင်သွားတယ်နော်။ ဘာတွေ တာလဲ၊ မမြရွက်က တစ်မျိုးပဲ၊ အရမ်းလည်းငြိမ်တ ပြုံးတယ် ရယ်တယ်လည်း သိပ်မရှိဘူး၊ စင်ကာပူမှာ အ တွေဖြစ်ခဲ့လဲဟင်"

ဩော် ... နှင်းဆီ၊ သူ တကယ်သိချင်ရှာတာ လား။ ရင်ဖွင့်ချလိုက်ရ။ အဲဒီအခါမှာ ... မင်းနှုတ်ခမ်းလေး ထားနိုင်ပါ့မလား နှင်းဆီကြူ။ တစ်နားဝင် တစ်ပါးစပ်ထွက် "မြရွက်ညို"ဆိုတဲ့ မိန်းမသားအကြောင်းဟာ လူတကာအလ မှာ စုတ်ပြတ်သတ်သွားမှာကို မြင်တွေးကြားယောင်မိပါတ နှင်းဆီကြူရေ ...။

"ကိုယ်က အေးအေးနေတတ်လို့ပါ၊ ပြီးတော့ ... နှင်း တို့အားလုံးထဲမှာလည်း ကိုယ်က အသက်ပိုကြီးတယ်လေ ဒါကြောင့်ပါ"

လူကြီးတစ်ယောက်အနေနှင့် လျှော့ပေါ့သည်းခံ ပေါင်းပေးရခြင်းအတွက် မြရွက် စိတ်ထဲမှာ မပင်ပန်းလှပါ။ များစိတ်နှင့် ကိုယ့်ကိုယ်အဖြစ် ဆယ်နှစ်လုံးလုံးတောင် နေခဲ့ ပြီပဲ။



"သူ့မှာ စပွန်ဆာ (Sponsor)တစ်ယောက်ယောက်တော့ ရှိရမယ်ကွာ ... သေချာတယ်၊ ဒီမှာအလုပ်ဝင်လုပ်နေတာ ဟန်ပြနေမှာ၊ ဒီလိုလေ ... စပွန်ဆာက ပေးကမ်းထောက်ပံ့ မှုနဲ့ နေနိုင် စားနိုင်ပေမယ့် ...

"သူ ဘယ်မှာနေလဲ၊ သူနေတဲ့ ရပ်ကွက်ထဲမှာတော့ အလုပ်မရှိဘဲ ထိုင်စားပြနေလို့ ဘယ်ရမလဲ။ ရုပ်ပြအလုပ် တစ်ခုခုတော့ ဖန်တီးထားရမှာပေါ့"

"သူ"ဟု သုံးစွဲပေမယ့် အဲဒီ"သူ"ဆိုတာ ကိုယ့်ကို သာလျှင် ဆိုလိုကြောင်း မြရွက် နားလည်လိုက်ပါသည်။

"မမြရွက် ... တစ်နေ့လောက် အိမ်လိုက်လည်မယ်၊ ဘာ ကျွေးမလဲ"

ဒီမေးခွန်းဟာ ကိုယ်ဘယ်မှာနေလဲ ... ဆိုသည့် မေးခွန်းပဲဆိုတာ မြရွက် နားလည်လိုက်ပါသည်။

"စားချင်တာ ကျွေးပါ့မယ်၊ လိုက်ခဲ့ပါ"

"မမြရွက်က ဘယ်သူနဲ့ နေတာလဲ၊ မိဘတွေ မရှိတော့ဘူး ဆိုသလားလို့"

"အဒေါ်တစ်ယောက်နဲ့ပါ"

"အဲဒီအဒေါ်က အပျိုကြီးလား"

"ဟုတ်တယ် ... သူကလည်း တစ်ယောက်တည်းသမား၊ အပျိုကြီး၊ ကိုယ်ကလည်း သူ့ပဲ ရင်းရင်းနှီးနှီး အားကိုးရာ ရှိတော့လေ"

"ဩော် ... အပျိုကြီးတွဲဝရီး နှစ်ယောက်တည်းနေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြလိုက်ရပေမယ့် မြရွက် စိတ်မလုံပါ။ ရင်ထဲမှာ ခါးသီးသွားမိသည်။ ဘယ်သူ့ကိုမှ ဘာကိုမှ မဟုတ်ပါ။ ကိုယ့်ဘာသာ ခံစားရသည့် ခါးသီးခြင်းပါပဲ။

"တစ်နေ့ လိုက်လည်မယ်၊ ဘယ်မှာနေတာလဲ"

"နီးပါတယ် ... လိုက်လည်တဲ့နေ့၊ တွေ့မှာပေါ့"

"ဘယ်နေ့ဆိုတာ ကြိုမပြောနိုင်ဘူးနော်"

"ရပါတယ်"

ဩော် ... အိမ်ကို လျှပ်တစ်ပြက် ဝင်စစ်ဆေးသလို၊ လူပိုဘယ်သူရှိနေသေးလဲ သိချင်တာလား ကလေးမတို့ရယ် ...။

လောကကြီးဆိုတာ ဘယ်လိုလဲ။ ပတ်ဝန်းကျင်ဆိုတာ ဘာလဲ။ နံရံလေးဘက် အပြည့်ကာပြီး ချောင်ပိတ်တတ်တဲ့ အမျိုးအစားလား။

မြရွက်ညို ဆိုတဲ့ မိန်းမသား ... ဘဝမှာ နေသာချိန်ရယ်လို့လည်း မရှိပါလား ထူးသစ်ရေ။ မင်းဘဝလေးထဲကိုများ ဝင်ခွင့်ရခဲ့ရင်၊ ကိုယ့်ဘဝမှာ နေမင်းနဲ့ လမင်းတို့ အပြိုင်ထွန်းလင်းကြလိမ့်မယ် ထင်ပါရဲ့။

လွမ်းတယ်။

"မမြရွက် ... နေကောင်းရဲ့လား၊ ပိန်ပိန်လာတယ်၊ အသားလည်း ဖြူဖတ်ဖြူရော်နဲ့"



"နေမကောင်းဘူး ဒေါ်စိန်ရယ်"

"ဆရာဝန်လေး ဘာလေး ပြပါလား"

"ကျွန်မ ... စင်ကာပူမှာဖြစ်ခဲ့တဲ့ ရောဂါက ပြန်ထတာလား မသိဘူး၊ သက်သာသွားပြီးမှ"

"အဲဒီတုန်းက ဘယ်လိုဖြစ်တာလဲ"

"သွေးတွေ ဆင်းတာပဲ၊ ပြီးတော့ ဗိုက်ထဲက တစ်ခါတစ်ခါ အရမ်းနာတယ်"

"ကလေးများ ပျက်သလား"

"မဟုတ်ပါဘူး"

"ကျွန်မတို့ ဗမာမှာဝေ... ကလေးပျက်ပြီး အကုန်မဆင်းဘဲ အစအန ကျန်ရင် အပုပ်ဆန်တယ်ဆိုလားပဲ၊ ကျွန်မ မြင်ဖူးတယ်၊ အခု ... မမြရွက် ဖြစ်ပုံနဲ့ ခပ်ဆင်ဆင်ရယ်။ အဲဒီတုန်းက ဆရာဝန်က ဘာပြောလဲ၊ ကလေးပျက်တယ်လို့ မပြောဘူးလား"

"မပြောဘူး၊ ကျွန်မ ဗိုက်ထဲက အရမ်းနာလာပြီး သွေးတွေ ဆင်းလို့ ဦးသီဟန်တို့က ဆေးရုံတင်လိုက်တာပဲ။ ဆေးရုံမှာလည်း ကျွန်မက ဆေးလာတိုက်ရင် သောက်တယ်၊ သူတို့လုပ်ပေးတာ ခံယူနေလိုက်တာပဲ၊ အင်္ဂလိပ်လိုလည်း လိပ်ပတ်လည်အောင် မပြောတတ်တော့၊ မေးမနေတော့ဘူး၊ နောက်ပိုင်း ... သွေးဆင်းလည်းရပ်ပြီး အနာလည်း သက်သာသွားလို့ ဆေးရုံက ဆင်းလာတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ့ကို မေးမကြည့်ဘူးလား၊ ဘာရောဂါလဲလို့၊ ဆရာ တော့ သိမှာပေါ့"

"မိန်းမရောဂါတဲ့"

"ဟာ ... မိန်းမမှာဖြစ်တာ မိန်းမရောဂါပေါ့၊ ဆရာပြော ပုံကလည်း လွယ်လိုက်တာ"

"မိန်းမရောဂါတစ်မျိုးပဲ။ မကြောက်နဲ့၊ ညို ... မသေနိုင် ဘူး၊ ဒါ သေနိုင်တဲ့ရောဂါ မဟုတ်ဘူး၊ ဒါပေမဲ့ ... အိမ် ထောင်သားမွေးခြင်း အလုပ်ကိုတော့ လုပ်လို့မရတော့ ဘူး"

အဲသည်တုန်းက ဦးသီဟန်တိုးက ယဲ့ယဲ့ကလေးပြုံး၍ ပြောခဲ့ပါသည်။ သူ့အပြုံးယဲ့ယဲ့ဟာ အားပေးခြင်းတစ်မျိုးဖြစ်သလို၊ သူ့စကားဝါကျကကျတော့ ... "မင်းနဲ့ ငါနဲ့ လမ်းခွဲကြစို့"... ဆိုတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လား။

"ရန်ကုန်ကို ပြန်တော့"... တဲ့။

"ညို့အတွက်"... ဆိုကာ၊ မြရွက် မမျှော်မှန်းမိသည့် ပမာဏတန်ဖိုးကြီး စည်းစိမ် (စည်းစိမ်ပဲ ဆိုပါတော့၊ တိုက်၊ ခြံ နှင့်ကားတစ်စင်း)တို့ကို လျော်ကြေး (မြရွက်က လျော်ကြေးဟုပဲ သတ်မှတ်ပါသည်)အဖြစ် သဒ္ဒါတရားထက်သန်စွာပေးပြီး ပြန်လွှတ် လိုက်တာပဲ မဟုတ်လား။

"မင်း သွားလိုရာ သွားနိုင်ပြီ"ရယ်လို့ အဓိန့်စာမ ပြန်ရုံတမယ်ပင်။



သို့ပေမဲ့ ... မြရွက်နားထဲမှာ ဦးသီဟန်တိုး ရွတ်ဖတ် သည့် "အမိန့်စာ"ကို ကြားယောင်နေမိပါသည်။ အဲသည် အတွက်လည်း ထူးခြားနာကျင်၊ နာကြည်းမနေတော့ပါ။ မြရွက် ... သားက ထုံပေကာ ထုသားပေသား ကျနေခဲ့ပြီပဲ။

"ခုရော ... ဗိုက်ထဲက နာသေးလား"

"တစ်ခါ တစ်ခါ ... သေလုအောင် နာတယ်၊ ကြိတ်မှိတ် ခံနေလိုက်တာ၊ ပြီးတော့ ... သွေးလည်းနည်းနည်းပြန်ဆင်း တယ်"

"ဟုတ်ပါပြီ။ ကလေးပျက်ပြီး အကုန်မကျဘဲ၊ ဘာတွေ ကျန်နေခဲ့သလဲမှ မသိတာ"

"အဲဒီလို ကျန်နေခဲ့ရင် စင်ကာပူဆေးရုံက မသိဘဲ နေမ လား ဒေါ်စိန်ရယ်၊ ကုန်အောင် စင်အောင် ခြစ်ထုတ်လိုက် မှာပေါ့"

"မြရွက်ကလည်း နှုတ်နည်းလိုက်တာ၊ မေးကြည့်ရော ပေါ့"

ဆယ်နှစ်အတွင်းမှာ... မြရွက် အင်္ဂလိပ်စာ၊ အင်္ဂလိပ် ...သား နည်းနည်းလေးမှ တိုးတက်တတ်ကျွမ်း မလာခဲ့ပါ။ ...စ်ခါတစ်ရံ ဈေးတွေ ဘာတွေ သွားလည်း လက်ညှိုးထိုးပြီး ငွေ ...ခဲ့တာပဲဖြစ်၏။ ဘောက်ချာမှာ ရေးထားသည့် အင်္ဂလိပ်ဂဏန်း ...တော့ ဆယ်တန်းအောင်ထားသူမို့ သိ၏။ တစ်ဖက်လူက ...ပြောသည့် စကားကို တစ်ခါတလေ တချို့တစ်ဝက် နားလည်

www.burmeseclassic.com

www.burmeseclassic.com



တာရှိသည်။ လုံးစေ့ပတ်စေ့တော့ နားမလည်။ အိမ်မှာ ဗီဒီယိုဇာ တွေ ရှိပေမယ့် ဦးသီဟန်တို့သာ တစ်ခါတလေကြည့်သည်။ မြရွက်က လိုက်မကြည့်။ ကြည့်လည်း နားမလည်၊ ဦးသီဟန်တို့ ကလည်း ရှင်းမပြ။ တစ်ခါတစ်ရံ သူကသဘောကျစွာ တဟား ဟား (တစ်ယောက်တည်း) ရယ်နေသေးလည်း မြရွက်က ဘာကြ လိုက်ရယ်ရမှန်း မသိ။

"ညိုက ဗမာကားမှ ကြိုက်တာလား"

အဲဒါမျိုးကျတော့ ဦးသီဟန်တို့က အောက်သင် ကြေစွာ အလိုလိုက်တတ်၏။ သူ ... ရန်ကုန်သွားပြီး ပြန်လာလျှ မြန်မာဇာတ်ကားကောင်းများစွာ၊ သီချင်း ဗီစီဒီတွေ၊ မြန်မာစာတ ထိုးထားသော ကိုရီးယားခွေဆက်တွေ အများကြီး ဝယ်လာတ သည်။ မြရွက်က အိမ်မှုကိစ္စ (နှစ်ယောက်စာတည်း) နည်းနည် ပါးပါးလုပ်ကိုင်ပြီးတာနှင့် ရုပ်ရှင်ကြည့်၊ စာဖတ် (ဝတ္ထု၊ မဂ္ဂဇင် တွေလည်း အများကြီး ဝယ်ပေးထားသည်) ဦးသီဟန်တို့ အမိ ဖြင့် မလုပ်မနေရ၊ လေ့ကျင့်ခန်းလုပ်၊ ဒီလောက်နှင့် တစ်နေကု ကာ ဦးသီဟန်တို့ အလုပ်မှပြန်လာလျှင် သူ့ဝေယျာဝစ္စတွေလု ပေး။

"မမြရွက် ... ဈေးတွေ ဘာတွေ ဘယ်လိုဝယ်လဲ"

"နေ့တိုင်းစားဖို့ ဟင်းရံကွ သူ့ရုံးက ဗမာမလေးတစ်ယော ဝယ်လာပေးတယ်၊ တစ်ခါဝယ်လာရင် တစ်ပတ်စာ နှ ပတ်စာ၊ ကျွန်မက နေ့တိုင်းစားဖို့အတွက်တော့ ဈေးမသွ



ရဘူး၊ ကိုယ့်ဘာသာ ဝယ်ချင်ခြမ်းချင်တာရှိရင် ဦးသီဟန် တို့ကို ခွင့်တောင်းထားလိုက်ပြီး၊ တစ်နေကုန် လျှောက်သွား တာပဲ"

ဆယ်နှစ်လုံးလုံးများ ... စကားတတ်မလာတာ အံ့ ရဲ့ ... ဟု ဒေါ်စိန် မတွေးဖြစ်တော့ပါ။ သူ့ဆရာအကြောင်း သိပါသည်။ ဒီဆရာဟာ သူပိုင်ဆိုင်သော အရုပ်ကလေးများ ကျဉ်းကျပ်လှောင်ပိတ်ရာ မရောက်အောင် ဖန်တီးပြီး အကြား မြင် ဗဟုသုတ၊ သူစိမ်းနှင့် ပတ်သက်ဆက်ဆံမှု အားလုံးကို ာ်ဆို့ထားတတ်သူဖြစ်၏။ သူ့အရုပ်ကလေး တစ်ရုပ်ကို သူ ခ်ပါးက စေ့စေ့ကြည့်လျှင်တောင် ပုံပါမှာစိုးသူဖြစ်၏။ သူ ကြိုက်တော့ပြီဆိုလျှင်တော့၊ ယူချင်တဲ့သူ ယူပစေတော့။ လှည့် ပင် မကြည့်တတ်ချေ။

ဒီဆရာ၏စိတ်ဓာတ်ကို မကြိုက်လှပေမယ့် ကိုယ့် ပေါ်တော့ ကောင်းတာများသည်မို့ တပည့်ရင်းအဖြစ်မှ ရုန်းမ က်နိုင်ခဲ့ခြင်းတည်း။

"ညနေကျ ဆေးခန်းသွားမယ်နော်၊ ဒီနေ့လည်း ဆိုင်မ သွားနဲ့တော့ပေါ့။ နားလိုက်လေ၊ ကျွန်မ ခွင့်တိုင်ပေးပါ့ မယ်"

မြရွက် ခေါင်းညိတ်လိုက်သည်။ ရင်ထဲမှာ ဘာတွေ ယ်လို ပျက်စီးပြုန်းတီးနေမှန်းမသိ။ နေရတာ မချိလိုက်တာများ

www.burmeseclassic.com

www.burmeseclassic.com



ဦးသီဟန်တိုးက သေနိုင်တဲ့ရောဂါ မဟုတ်ဘူးဆိုပေမယ့်၊ လူဆိုတာ သေမျိုးမဟုတ်လား၊ တကယ်လို့များ သေမယ်ဆိုရင်တောင် ထူးသစ် ရင်ခွင်ထဲမှာတော့ သေခွင့်ရမယ် မထင်တော့ပါဘူး။

သေမယ်ဆိုရင်လည်း ... ထူးသစ် ရင်ခွင်ထဲမှာ နောက်ဆုံးထွက်သက်လေး ရှူထုတ်ရင်း သေခွင့်ရချင်ပါတယ် ထူးသစ်ရယ်။

လွမ်းတယ်။

* * *



## ၁၃

သားတစ်ယောက်လည်း ... ခုတလော မျက်နှာကို မကောင်းရှာ။ ဆိုင်ကိုဖွင့်စပြုလိုက်သည်မို့ ဆိုင်ထဲမသွားမဖြစ်၊ သွားနေရခြင်းကြောင့် အလုပ်ထဲ စိတ်မရောက်ချင်လည်း မနေရ၊ ရောက်နေရရှာ၏။ အဲဒါသည်ပင် သားအတွက် ဖြေဆေးလိုဖြစ်နေရလို့ တော်ပါသေး၏။

ကိုယ်က မိခင်မို့ သားရဲ့ရင်ထဲကို မြင်ကြည့်နိုင်ပါသည်။ မထွေးနိုင် မမျိုနိုင်။ ဟုတ်၏။ ဒီနေရာမှာ ဒီစကားဟာ အံဝင်ခွင်ကျ အဖြစ်ဆုံး။ ရင်ထဲသို့ ဆုံးခန်းတိုင် မျိုချပစ်လိုက်လို့လည်း မရ၊ ပြန်ထွေးထုတ်ဖို့ကျတော့လည်း လည်ချောင်း၏တော်တော်အတွင်းကျကျ နေရာသို့ ရောက်နေပြီမို့ အန်ထုတ်လည်း ထွက်လာဖို့ မလွယ်။ သားခမျာ ... မြရွက်ညိုဆိုသည့် ကောင်မလေးကို ချစ်မိရှာခြင်းက သူ့ဘဝအတွက် ကံဆိုးမိုးမှောင်။

ဘယ်တုန်းကမျှ ဘာအကြောင်းနှင့်မှ ကံမဆိုးခဲ့သောသားသား။ ပြည့်စုံချမ်းသာသည့် မိဘနှစ်ဦး၏ တစ်ဦးတည်းသော

www.burmeseclassic.com

www.burmeseclassic.com

သား၊ အဘက်ဘက်မှ လိုလေသေးမရှိသော သားဟာ အချစ်ရေးမှာကျမှ ကံဆိုးရှာသည်။ ဒီမိန်းမတစ်ယောက်နှင့် တွေ့ကြုံဆုံစည်းရခြင်းသည်ပင်လျှင် သားအတွက် ဘဝ၏အနှုတ်လက္ခဏာများ ဖြစ်တော့သည်။

"တစ်ခုလပ်တော့ တစ်ခုလပ်ပေါ့ အန်တီရယ်၊ သူ့ယောကျ်ားက သူ့ကို စွန့်ပစ်သွားပါပြီ"

သားသူငယ်ချင်းတွေ၏ စကားက ဒေါ်တင်မေသစ်အတွက် ခါးသီးလှ၏။

ချစ်လှစွာသော သားကို ဘယ်လိုမိန်းမမျိုးက တစ်ခုလပ်နှင့် ကြည်ဖြူနိုင်မှာတဲ့လဲ။

"သားသမီးလည်း မရှိဘူးဆိုတော့၊ ကလေးတွဲလောင်းပါလာတဲ့ မုဆိုးမထက်တော့ သာပါသေးတယ်"... တဲ့။

"စည်သူ ... မင်းက မင်းသူငယ်ချင်းကို အဲဒီ မြရွက်ညိုနဲ့ သဘောတူနေတာလား"

"ဟင့်အင်း ... တားလို့ရရင်တော့ ဘယ်ကြည်ဖြူချင်ပါ့မလဲ။ တားလို့မရရင်တော့ ... အောင့်အည်းသည်းခံနိုင်တဲ့အနေအထားလို့ ပြောချင်တာပါ"

"အဲဒီ မြရွက်ညိုကိုလည်း အန်တီ ခင်မင်စိတ်ရှိတယ်ဆိုရင် မင်းတို့ ယုံလိုက်တော့၊ ဘာကြောင့်မှန်း မသိဘူး... သနားတဲ့စိတ်၊ မေတ္တာသက်ဝင်တဲ့စိတ် ရှိတယ်၊ မိန်းမသားတစ်ယောက်အနေနဲ့ သူဟာ တကယ်လည်း သနားစရာကောင်းပါတယ် ...



"မိတ်ဆွေ အပေါင်းအသင်းအဖြစ် အန်တီ ခင်မင်ချင်ပါတယ်။ အကူအညီဆိုတာမျိုးလည်း ပေးနိုင်တာပဲ၊ ဒါပေမဲ့ ... ချွေးမတော်ပေးဖို့ကျတော့ အန်တီ ရင်ထဲမချိဘူး၊ မချိဘူးဆိုတာ၊ သားကိုလည်း အတိအလင်း မဆန့်ကျင်ချင်ဘူး ...

"ကိုယ့်သားဟာ သူ့အမေဆန္ဒကို လိုက်လျောပြီးတစ်သက်လုံး စိတ်ဆင်းရဲနေရမှာမျိုးလည်း မကြည့်ရက်ဘူး။ ပြောတောင် မပြတတ်ပါဘူးကွယ်၊ ရင်ထဲမှာမကောင်းတာပါပဲ။ ပိုပြီးစိတ်မကောင်းဖြစ်ရတာက သားဟာ အမေဆီကို ဘာပြဿနာမှ ယူမလာရှာဘူး ...

"သူ့ဘာသာ ကျိတ်စိတ်ဆင်းရဲ၊ ဆုံးဖြတ်ချက်မှန်ကန်ဖို့ သူ့ဘာသာသူ ကျိတ်ကြိုးစား၊ အဲဒါကိုပဲ သနားမိပြန်ရော။ တရားသဘောနဲ့ ကြည့်ရင်တော့ ဘဝပေးအကုသိုလ်လို့ပဲ ပြောရမယ် ထင်ပါရဲ့ကွယ်"

ဘယ်သူငယ်ချင်းကမှ ရှေ့တိုးဖို့ မြှောက်မပေးကြတာကိုလည်း အဲဒီသူငယ်ချင်းတွေကို ကျေးဇူးတင်ရပါသည်။ ရှေ့တိုးဖို့ မတိုက်တွန်းကြသလို နောက်ဆုတ်ဖို့ မကန့်ကွက်ကြတာကိုလည်း ဒေါ်တင်မေသစ် နားလည်ပေးနိုင်ပါသည်။

စားပွဲပေါ်မှ လက်ကိုင်ဖုန်းလေး မြည်လာ၏။

သားရဲ့တယ်လီဖုန်းလေး။ သားဟာ သူ့ကော်ဖီဆိုင်သားဆီသွားတာမှာ တယ်လီဖုန်းလေး မေ့ကျန်ရှာသည်။ မှတ်လော

www.burmeseclassic.com

www.burmeseclassic.com



ဈက်နှာမကောင်း၊ လူက မရွှင်လန်း၊ စကားပါ နည်းသွားရသလို အမေ့မေ့ အလျော့လျော့ကလေးတွေလည်း ဖြစ်ရှာ၏။ သားရဲ့ ဖေဖေက ...

"ချိုတယ် ခါးတယ်တွေ ဘာမှမပြောမီစေနဲ့နော် သားကို အချိန်မှန်မှန် စားဖြစ် အိပ်ဖြစ်အောင်သာ ဂရုစိုက်ပေး ပါ" ... ဟုလည်း ပြောထားပါသည်။

"ဟုတ်ကဲ့"

သားရဲ့တယ်လီဖုန်းကို ဒေါ်တင်မေသစ်ပဲ ထူးလိုက် ပါသည်။ တစ်ဖက်မှအသံ ရုတ်တရက် ထွက်မလာ။ ထူးသစ်ကို သောဖုန်းမှ မိန်းမခပ်ကြီးကြီး တစ်ယောက်ရဲ့ အသံကို ကြားလိုက် ရသည်မို့ အံ့သြတိတ်ဆိတ်သွားပုံရ၏။

"ဟို ... ကိုထူးသစ်ရဲ့ဖုန်းများလားရှင်"

ခုမှ မေးဖော်ရလာ၏။ အသံက မငယ်လှပါ။ မြရွက်ညိုတော့ မဖြစ်နိုင်။ ဖုန်းမှာပေါ်နေသည့် ဂဏန်းကို ဒေါ်တင် မေသစ် မသိ။ မြရွက်ညိုဖုန်း ဟုတ်မဟုတ် မသိပါ။

"ကျွန်မ ... တင်မေသစ်ပါ၊ သားက ဖုန်းကိုအိမ်မှာမေ့ကျ ခဲ့လို့၊ ကိစ္စရှိရင် ဆိုင်ကိုဆက်လိုက်နိုင်ပါတယ်"

"ဟို ... ဆိုင်ဖုန်းလည်း မသိပါဘူးရှင်၊ တစ်ဆိတ် အစ် ကြီးရယ်၊ ကျွန်မက မမြရွက် အိမ်က မစိန်ပါ"

"သြော် ... သိတယ်၊ အဲဒီနာမည် ကြားဖူးပါတယ်၊ သား ကို ဘာပြောပေးရမလဲ"



"မမြရွက်ကို ဆေးရုံတင်လိုက်ရပါတယ်၊ ကျွန်မလည်း ဘာမှနားမလည်ဘဲ မလုပ်တတ် မကိုင်တတ်နဲ့မို့ ကိုထူးသစ် ဆီ ဖုန်းဆက်ရတာပါ"

"ဘာဖြစ်လို့လဲဟင်၊ သူ ... ကားအက်ဆီးဒင့်နဲ့ ဆေးရုံက ဆင်းတာမှ မကြာသေးဘူး မဟုတ်လား"

"သွေးတွေ ဒလဟော ဆင်းတာပါပဲ၊ သတိမရဘူးရှင့်"

"ဖြစ်မှ ဖြစ်ရလေ ... ဘယ်ဆေးရုံလဲ"

ဒေါ်စိန်က ဆေးရုံနာမည်ကိုတော့ ပြောပြနိုင်ပါ သည်။ ဘာရောဂါမှန်းတော့ ပြောမပြတတ်ပါ။

"ကူညီပါလို့ ကိုထူးသစ်ကို ပြောပေးပါ။ မမြရွက်က ဆွေမရှိ မျိုးမရှိ တစ်ကောင်ကြွက်မို့ပါ"

"စိတ်ချပါ။ ပြောပေးမယ်၊ ကျွန်မလည်း လာကြည့်ပါမယ်"

"ကျေးဇူးတင်လိုက်တာ အစ်မကြီးရယ်၊ ဒါပါပဲရှင်"

ဒေါ်တင်မေသစ် ... တယ်လီဖုန်းလေးကိုကိုင်၍ ခဏတော့ ငိုင်မိလေ၏။ ဘာပဲဖြစ်ဖြစ် ... သားကို မပြောဘဲ သိမ်ချန်ထားဖို့တော့ မသင့်ပါ။ လူမှုဝတ္တရားအရ ပြောဖြစ်အောင် ပြောရပါမည်။ မပြောဘဲထားခြင်းဖြင့် လူမှုရေးဖောက်ဖျက်ရာ ရောက်မည်။ မလိုတမာ ဖုံးဖိရာရောက်မည်။ တစ်သက်လုံးမှာ စိတ်သဘောထား ကြီးမြတ်မြင့်မားသူအဖြစ် နေလာခဲ့ပြီးမှ အောက် တန်းကျသယောင် အလုပ်မျိုးကိုလည်း မလုပ်ချင်ပါ။

သြော် ... ငါနှယ်၊ ဒီကိစ္စ မသိရရင် ဘယ်လောက် ကောင်းမလဲ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒါဆို ... သားကို ပြန်ပြောဖို့လည်းမလို၊ ဖုံးဖိ ...လည်းမရောက်၊ မလိုတမာလည်း မဖြစ်။ သို့ပေမဲ့ ... ဆွေမျိုးမှဲ့ မိဘမရှိ၊ တစ်ကောင်ကြွက် မိန်းမသား၊ အိမ်ဖော်အမျိုးသမီးကြီး ဆိုတာကလည်း ဦးနှောက်ဘယ်လောက်ပြေးမှာမှတ်လို့၊ အဲဒါကြီးကိုပဲ အားကိုးစရာမရှိ အားကိုးအားထားပြုနေရရှာသည့် မိန်းကလေး၊ သူ့ဘာသာ တစ်ခုလပ်ဖြစ်ကာမှ ဖြစ်ရော၊ အသက်ကလေး သုံးဆယ်တောင်ပြည့်သေးတာ မဟုတ်။ ကိုယ့်သွေး ကိုယ့်သား၊ ကိုယ့်တူမ၊ ကိုယ့်သမီးသာဆို ... စိတ်ပူလိုက်မယ့်ဖြစ်ခြင်း။

ဒေါ်တင်မေသစ် ... သားရှိရာ ကော်ဖီဆိုင်ဆီသို့ ဖုန်းဆက်ဖြစ်ပါတော့သည်။

"သား ... မြွက်ညို နေမကောင်းဖြစ်လို့ ဆေးရုံတင်လိုက်ရတယ်တဲ့"

"မစိန် ဆက်တာ ... ဘယ်သူမှ မရှိဘူးတဲ့"

"မေမေ သိတယ် သား၊ သူ့ခင်ပွန်းဆိုတဲ့သူက မသိရင်တော့လည်း မပြောတတ်ဘူးပေါ့၊ သိရင် ... လာချင်လာမှာပေါ့။ မေမေ့သားနဲ့ နောက်တစ်ကြိမ် မျက်နှာချင်းထပ်မဆုံဖြစ်ရင်တော့ အကောင်းဆုံးပေါ့"

"မပြောတတ်ဘူး၊ မစိန် ဖုန်းဆက်မလား၊ မဆက်ဘူးလား၊ မေမေ ဖုန်းကိုင်လိုက်တာကတော့ သားဖုန်းကို ဆက်တာ"

"မေမေ အရင်သွားကြည့်လိုက်ရင် မကောင်းဘူးလား"



"သားအမိချင်း ကျေးဇူးတင်စရာ မလိုပါဘူး သားရယ်။ မေမေက သားရဲ့မေမေလေ။ သားအတွက်ဆိုရင် မေမေ ဘာပဲကူညီရ ကူညီရ"

"မေမေ သူ့ကို မုန်းမနေပါဘူး၊ ဒေါသလည်း ထွက်မနေပါဘူး၊ မေမေနဲ့တွေ့တဲ့အတွက် မြွက်ညိုမှာ စိတ်အနှောင့်အယှက် ဘယ်လိုမှ မဖြစ်စေရပါဘူး"

"မေမေ နားလည်ပါတယ်၊ မေမေ ပြောတတ်ပါတယ်၊ ပြီးတော့ ... မေမေ ကိုယ်တိုင် သူ့ကို ကုသမယ့် ဆရာဝန်ကြီးတွေနဲ့လည်း စကားပြောချင်ပါတယ်"

"သွေးတွေအများကြီး ဆင်းနေတယ်ဆိုတော့ သွေးလိုချင်လိုနိုင်တာပေါ့"

"အလှယ်ဆုံးတွေးလိုက်ရရင်တော့ အိမ်ထောင်ရှိတဲ့ မိန်းမတစ်ယောက်၊ ဗိုက်ထဲက အရမ်းအောင့်ပြီး သွေးတွေတအားဆင်းတယ်ဆိုတာ၊ ကလေးပျက်တာပဲ၊ ဒါ အကြမ်းဖျင်း အပေါ်ယံ ရောဂါနာမည်တပ်ကြည့်တာ"

"ဆရာဝန်တွေ သိမှာပေါ့"

"ကျေးဇူးတင်ဖို့ မလိုပါဘူး သားရယ်၊ မေမေ သွားလိုက်ပါမယ်၊ ဒါပဲနော် ... သား"

ဒေါ်တင်မေသစ် တယ်လီဖုန်းလေးကိုပိတ်ရင်း ရင်ထဲမှာ မောကျသွားရလေ၏။

ဒီကလေးမ ... သနားလည်း သနားပါရဲ့၊ ဘာဖြစ်ဘာပါလိမ့်၊ ကိုယ်နှင့် မျက်နှာချင်းဆိုင် ဆုံမိချိန်တိုင်း၊ သူ့အကြည့်

www.burmeseclassic.com

www.burmeseclassic.com



လေးတွေ ကိုယ့်ကို တိုးလျှိုးနေသလား၊ အသနားခံနေသလားလည်း ထင်ရပါရဲ့။ စိတ်သဘောထားလေး မဆိုးဘူးလို့လည်း မှတ်ချက်ချမိပါရဲ့။ သူ့မျက်နှာပြင်ပေါ်က ခံစားမှုပြယုတ်လေးတွေ၊ သူ့မျက်ဝန်းထဲက စွန်းထင်းဝေဒနာတွေက ဘဝမှာ ဒဏ်ရာဒဏ်ချက်များခဲ့ပုံတွေကို ဖော်ပြနေလေရဲ့။ လူ့ဘဝဆိုတာကို နာကျင်နာကြည်းနေပုံလည်းရရဲ့၊ လောကဓံကို ခါးစည်းခံထားရပုံနဲ့ သနားစရာကောင်းတာလည်း အမှန်ပင်။ ဒီကလေးမမျိုးနဲ့မှ ကိုယ့်သားနဲ့ ဆုံစည်းရလေခြင်းရယ်လို့ ရင်နာမိတာလည်း အမှန်ပင်၊

ဘာပဲဖြစ်ဖြစ် … ဆေးရုံကို ကိုယ့်ဘာသာ အရင်သွားလိုက်တာတော့ အကောင်းဆုံးပါပဲ။

✿ ➤ ✿

"လောကကြီးက မတရားဘူး"

"ထူးသစ် … မင်း စိတ်ကိုနည်းနည်းလျှော့မှ ဖြစ်မယ်၊ မင်း ဒီလောက်ပေါက်ကွဲနေရင် မမကို သွားမတွေ့နဲ့"

"ငါ သိတယ် … လျှော့လို့မရဘူး"

မမ … ဖြစ်မှ ဖြစ်ရလေ မမရယ်။

မေမေကိုယ်တိုင် လိုက်သွားသည်မို့ မမ ရောဂါအခြေအနေမှန်ကို သိခဲ့ရသည်။

"ကျွန်မပဲ အဒေါ်သားချင်း ဆိုပါတော့ ဆရာကြီးရယ်၊ သူ့မှာ ဆွေမျိုးရင်းခြာလည်း မရှိပါဘူး"ဟု ပြောကာ



ဆရာဝန်ကြီးနှင့် ကိုယ်တိုင်ဝင်တွေ့ခဲ့သည့် မေမေ့ကို ကျေးဇူးတင်လှပါသည်။

"ကျွန်တော်ကလည်း အုပ်ထိန်းသူတစ်ဦးဦးနဲ့ တွေ့ချင်နေတာပါ" … တဲ့။

"ကာယကံရှင်နဲ့လည်း မဆွေးနွေးချင်ဘူး၊ သူ့နားမှာ အဖော်လုပ်ပေးနေတဲ့ မိန်းမကြီးကလည်း သိပ်ပြီးအသိဉာဏ်ကြွယ်ဝပုံ မရဘူး" … တဲ့။

"ဆရာဝန်စကားနဲ့ ပြောရရင်တော့ စီအေဆားဗစ်ကစ် (CA Cervix)ဗမာလိုတော့ သားအိမ်ခေါင်းကင်ဆာပဲ ဆိုပါတော့"

"သူ စင်ကာပူမှာ ကုခဲ့ပါသေးတယ် ဆရာ"

"သက်သာလာမှာပေါ့ အန်တီ။ သက်သာရုံပဲ လုပ်ပေးနိုင်မှာပေါ့၊ ပျောက်တတ်တဲ့ရောဂါမှ မဟုတ်တာ၊ ခုတော့ … တော်တော်ဆိုးလာပြီ၊ ပတ်ဝန်းကျင်မှာလည်း အကျိတ်ဘုလေးတွေ ထွက်လာပြီ …

"သူ့ခမျာ မခံမရပ်နိုင်အောင် နာလာလိမ့်မယ်၊ အဲဒီအတွက် သူ့ကို အနာသက်သာအောင်၊ နာနေတာမသိအောင်၊ ခံစားရတာ သက်သာအောင် ဒီလိုပဲ ဆေးတွေပေးနေရမယ်၊ သွေးကုန်များတဲ့အတွက် သွေးတွေထပ်သွင်းပေးနေရမယ် …

"လူနာက ဆေးပညာဗဟုသုတ နည်းပါးလို့ ကိုယ့်ရောဂါအကြောင်း ကိုယ်နားမလည်ဘူး ဆိုရင်တောင်မှ

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းတော့ သူ့အခြေအနေ သူသိလာမှာပဲ။ ကုလို့ မရတော့ဘူးဆိုတဲ့ ဝေဒနာကို ခံစားရတဲ့ လူနာတိုင်းဟာ...

"ဗမာစကားနဲ့ ရိုးရိုးပြောရရင် ... ငါ ဒီတောင်က မကျော်တော့ဘူးဆိုတာ ကာယကံရှင် ကိုယ်တိုင်တော့ တဖြည်းဖြည်း သိလာမှာပါပဲ။ စားချင်တာကျွေးပါ၊ စိတ်ချမ်းသာအောင် ထားပါ၊ ဖြစ်နိုင်ရင်တော့ ... သူ ... ကင်ဆာဆိုတာ သူမသိရင် အကောင်းဆုံးပေါ့ဗျာ" ... တဲ့။

မမ ... ခင်ဗျား ဘာဖြစ်လို့ ဒီလောက်ကံဆိုးရတာလဲ။ လောကကြီးကို ဖန်ဆင်းတဲ့သူ ရှိလား။ မမကို ဘာဖြစ်လို့ ဒီလောက် ကံဆိုးအောင် ဖန်ဆင်းခဲ့တာလဲ။ မမဟာ ဒီလောက် ကံဆိုးဖို့ ဘယ်လိုအမှားတွေ ကျူးလွန်ခဲ့လို့လဲ။ ဒီလို လောကခံ အပြစ်မျိုးနဲ့ ထိုက်တန်အောင် မမဟာ ဘယ်လောက်ဆိုးသွမ်း မိုက်မဲခဲ့လို့လဲ။

"ဘာပဲဖြစ်ဖြစ် ... မမမှာ ဆေးကောင်းကောင်းကုနိုင်ဖို့၊ နောက်ဆုံးအချိန်ဆိုတဲ့ အတိုင်းအတာ ကာလမှာ ကောင်းကောင်း နေသွားနိုင်ဖို့ လုံလောက်တဲ့ ငွေကြေး ရှိနေသေးတာ ကျေနပ်စရာလို့ တွေးပေးပေါ့ကွာ"

"ငွေကြေး ဘာလုပ်ရမှာလဲကွ၊ ခုချိန်မှာ ... မမ ဆင်းရဲစုတ်ပြတ်နေလည်း၊ မမ ဒီအခြေအနေနဲ့ ကုန်ဆုံးသွားရအောင် ငါ ထားနိုင်တာပဲ။ မမ အသက်ရှင်မယ်ဆိုရင် ဒီဆိုင် တစ်ဆိုင်လုံး ပြုတ်သွားတော့လည်း ဘာအရေးလဲ"



"ဒါတော့ ဒါပေါ့ကွာ ... ကောင်းတဲ့ဘက်ကလေး လှည့်တွေးပေးရတာ"

"မမအမေဆိုတဲ့သူ ဘယ်မလဲကွာ ... သတင်းစာထဲထည့် ကြေညာမယ်"

"ဘယ်သူမှန်း သိလို့လား"

"မမကို မေးမှာပေါ့၊ ဒီအချိန်မှာ သူ့အမေနဲ့ ပြန်တွေ့ရရင် သူ ဘယ်လောက်ပျော်မလဲ"

"ပျော်ချင်မှ ပျော်မှာပေါ့။ ပျော်ချင်လည်း ပျော်မယ်ပေါ့။ ဒါပေမဲ့ ... အဲဒီအမေဆိုတဲ့သူ ရောက်မလာမှ ပိုစိတ်ဆင်းရဲရဦးမယ်။ ရောက်လာတယ်ပဲထားဦး ... အဲဒီအမေဆိုတဲ့ သူဟာလည်း သူ့ဘဝနဲ့သူ ဖြစ်နေပြီ"

"အေးလေကွာ ... သူ့မှာ သူ့မိသားစုနဲ့သူ၊ သူကအသက်ရှင်ကျန်ရစ်ဦးမယ်ဆိုရင် ကျန်တဲ့သူ့ဘဝမှာ တစ်စိတ်တစ်ပိုင်း အနှောင့်အယှက် ဖြစ်ကျန်ရစ်ခဲ့ရရင် ဘယ်ကောင်းမလဲ၊ သူလည်း သူ့လမ်းသူ လျှောက်နေပြီ"

"လောကမှာ ရှိချင်မှလည်း ရှိတော့မှာပေါ့ကွာ"

"ဒါလည်း ဟုတ်တာပဲ၊ သူ့အမေနဲ့ ပတ်သက်ပြီး မမကို သွားမေးလည်း နာမည်လေးတစ်ခုကလွဲပြီး ပြောနိုင်ပါ့မလား၊ မဖြစ်နိုင်တာတွေ လျှောက်တွေးမနေနဲ့ ထူးသစ် ... ဖြစ်နိုင်တဲ့အထဲက အကောင်းဆုံးကိုပဲ လုပ်ပေးကြမယ်"

"ငါတို့ သွေးတွေစစ်ကြမယ်ကွာ ... မမကို လှူလို့ရတဲ့သူ လှူမယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ... ဒီဆိုင်ကို ပြန်မကြည့်နဲ့၊ ငါတို့တာဝန်ထား"

"မင်းတို့အားလုံးကို ငါ ကျေးဇူးတင်ပါတယ်"

"ပြောနေရမယ့် လူတွေလားကွာ"

"ဟော့ကောင် ... ထူးသစ်၊ ငါ တစ်ခုပြောမယ်၊ ပြောရမလား"

"စည်သူ ... မင်းပြောချင်တဲ့ စကားကို ပြောရမလားလို့ မင်း ဘယ်တုန်းက ခွင့်တောင်းဘူးလို့လဲ၊ ပြောချင်ရာပြောချခဲ့တာပဲ မဟုတ်လား"

"အေး ... ပြောမယ်ကွာ ... ဟို ... ဦးသီဟန်တိုးကို အကြောင်းကြားဖို့ လိုမလားလို့ပါ"

ထူးသစ်ထံမှ အဖြေထွက်မလာပါ။ ဘယ်လိုဆိုလျှင် မမ ပျော်မလဲ။ မမပျော်မယ့် အလုပ်ကိုပဲ လုပ်ပေးချင်၏။ ဦးသီဟန်တိုး ရောက်လာလို့ မမ ပျော်မယ်ဆိုလျှင် အကြောင်းကြားပေးမည်။ အဲဒီလိုလူ မျက်နှာကို မြင်ရလို့ မမ မျက်ရည်ကျလျှင်တော့ အဲဒီလူကို ဆွဲထိုးမိမည် ထင်သည်။

"မလိုပါဘူးကွာ ... ဘာလို့ ပြောရမှာလဲ"

နေထိုက်ထံမှ ဝါကျတစ်ကြောင်း ထွက်ကျ၏။

"ပြောလို့တော့ မရဘူး ... ဆယ်နှစ်ဆယ်မိုး အတူတူနေခဲ့တဲ့ သံယောဇဉ်က ရှိသေးတယ်"

ဇမ္ဗူ့စကားက ထူးသစ် ရင်ထဲသို့ လှံစိုက်သကဲ့သို့ ဝင်၏။

"မှာပါလျက်နဲ့ မလာမှ မမ ပိုဝမ်းနည်းမယ်"



"မှာမယ်ဆိုရင်တော့ မသိအောင် မှာရမှာပေါ့"

"လာမယ် မထင်ပါဘူး၊ လုပ်မနေနဲ့၊ အစကတည်းက ..."

သီဟက ရှေ့သို့ ... စကားဆက်ရန် ခက်ပုံဖြင့် ရပ်ပစ်၏။

"အဓိက,က မမ ဆန္ဒပေါ့ကွ။ မမကို ဖွင့်မေးကြည့်ရင်ကောင်းမလား"

"မကောင်းပါဘူး"

"အန်တီနဲ့ တိုင်ပင်ကြည့်ရင်ရော"

"အန်တီနဲ့ ဆွေးနွေးရမှာလည်း အားနာစရာကြီး"

"ဘာဆိုင်လဲ"

သူငယ်ချင်းတွေ စကားဝိုင်းမှာ ထူးသစ် မပါဝင်သော့ချေ။

"အန်တီက သူကိုယ်တိုင် တစ်ရက်ခြားလောက် သွားတွေ့ပေးနေတာ ထူးလည်းလူးဆန်းတယ်၊ အံ့လည်း အံ့သြတယ်၊ မမက ဘယ်လိုထင်မလဲ မသိဘူး၊ တကယ်တမ်းဆိုရင် ... အန်တီ သဘောတူမှာ မဟုတ်ဘူးဆိုတာ မမ ... မသိဘဲ နေမလား"

"သူ့အခြေအနေဆိုးလို့ အန်တီက လိုက်လျောတာလို့ သိသွားရင် မကောင်းဘူးနော်"

"မမက မသိဘဲ နေမလား၊ ဟော့ ... ထူးသစ်၊ မင်းကို မမ ဘာပြောလဲ၊ မေးနေတယ် ... ဟော့ကောင်"

www.burmeseclassic.com

www.burmeseclassic.com



"အန်တီက သူ့ကို ခင်သားပဲတဲ့၊ သူ့ကိုလာကြည့်ဖော်ရတယ်တဲ့။ ဒါကြောင့်လည်း ထူးသစ် မိဘတွေ စိတ်သဘောထား မြင့်မြတ်ကြောင်း နာမည်ကြီးတာတဲ့၊ ဟိုတစ်ခါကားအက်ဆီးဒင့်တုန်းက မလာတာကို မေမေ မသိလိုက်လို့လို့ ငါ ပြောထားတယ်"

"ဘယ်လောက် ရိုးတယ်ပဲဆိုဆို ... မမ ဒီလောက် မအ, ဘူးကွ၊ အန်တီ သွားတွေ့တာ ကောင်းရဲ့လား"

"မမအခန်းရဲ့ အပေါ်ထပ်မှာ မေမေ့သူငယ်ချင်းသမီးကလေးမျက်နှာမြင်နေတယ်လို့ မေမေက ပြောထားတယ်၊ အဲဒါလာရင်းနဲ့ တစ်ခါတည်း ဝင်လိုက်တာလို့ ပြောထားတယ်"

"တကယ်မွေးနေတာလား"

"မဟုတ်ဘူး"

"သြော် ... ကောင်းအောင် ကြည့်ပြောထားတာပေါ့။ ဒါပေမဲ့ ... ကလေးမွေးတဲ့လူနာက လေး,ငါးရက်ဆို ဆေးရုံက ဆင်းရတာ"

"မေမေ ... မနေ့က နောက်ဆုံးသွားခဲ့တာပဲ၊ သူ့သူငယ်ချင်းသမီး၊ ဆေးရုံမှာ ချုပ်ရိုးပြဿနာနဲ့ နည်းနည်းကြာသွားတယ်၊ ဒီနေ့ ဆင်းပြီလို့ ပြောခဲ့တယ်တဲ့။ နောက်ရက်တွေ မေမေ မသွားတော့ဘူး"

"အဲဒီလိုကျတော့ရော ကောင်းရဲ့လား"



"ကောင်းပါတယ် ... သားရဲ့သူငယ်ချင်းနဲ့ သူငယ်ချင်းရဲ့သမီးကို လူနာသတင်းမေး တူတူလာတယ်ပေါ့။ နောက်ပိုင်းရက်တွေ အမြဲရောက်နေမှ တွေးစရာတစ်မျိုးဖြစ်မှာ၊ မလာတော့တာ သဘာဝကျပါတယ်၊ အန်တီလည်း သဘောထားကြီးရှာတယ်။ ထူးသစ် ... ,မှင်းအမေဟာ တကယ်လေးစားဖို့ကောင်းတယ်"

မမရဲ့နောက်ဆုံးရက်ကလေးတွေမှာ စိတ်ချမ်းသာစွာကုန်ဆုံးသွားနိုင်ဖို့ မေမေက ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

"လူ့ဘဝမှာ ကြာကြာမနေရတော့မယ့် လူသားတစ်ယောက်ကို အတတ်နိုင်ဆုံး ကူညီပေးတာ ကုသိုလ်ရပါတယ်" ... တဲ့။

"ဒါပေမဲ့ ... အဲဒီအတွက် သားမှာ စိတ်မကောင်းဖြစ်မှာကို မေမေ နားလည်ပေးနိုင်ပေမယ့် ... ဒီကိစ္စအတွက် သားဘဝမှာ အနုတ်လက္ခဏာကြီးဖြစ်ပြီး မကျန်ရစ်စေနဲ့၊ သားက ယောက်ျား၊ ကြံ့ကြံ့ခံနိုင်ရမယ်" ... တဲ့။

မေမေ့စကားကို နားထောင်ချင်တာလည်း ပါသည်။ အမေ့စကားက အမှန်တရားမို့ လက်ခံရမှာလည်းပါသည်။ ထူးသစ် စိတ်ကို ဖြေနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားထားပါသည်။ သို့ပေမဲ့ ဖြေရင်း၊ ဖြေရင်းက နာကျင်ရပါသည်။ ကြေကွဲရပါသည်။ လွမ်းမောရပါသည်။ ကိုယ့်တစ်သက်မှာ ဒီတစ်ခါသာ၊ ဒီတစ်ယောက်သာ ချစ်မိခဲ့ခြင်းဖြစ်၏။ မြတ်နိုးစွဲလမ်းခဲ့၏။ အဲသည်အတွက် ယောင်က ... ချစ်သူကို လက်လွှတ်ဆုံးရှုံးရခြင်း ... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



လောကကြီး ... ဘယ်လောက်များ မတရားလိုက်ပါသလဲ။ အဲသည်အတွက် ... မဆုံရမည့်တူတူ၊ မမနှင့် မတွေ့ခဲ့ကြရင် အကောင်းသား ... ဟုလည်း မပြောရက်ပါ။ ရခဲ့သည့် တွေ့ခွင့်လေးနှင့်ပင် ရောင့်ရဲလျက် မမအတွက် ပေးဆပ်ချင်စိတ်တို့သာ အတိုင်းမသိ ဖြစ်ထွန်းရတော့သည်။

မမ၏ ရှင်သန်ခြင်းကိုသာ ရမည်ဆိုပါလျှင် ဘာနှင့်ပဲ လဲရ လဲရ၊ ဘာကိုပဲ စွန့်ရ စွန့်ရ။ မမဘဝလေး ကောင်းစားပျော်ရွှင်စွာ ကျန်ရစ်ခဲ့မည်ဆိုလျှင် ကိုယ့်အသက်နှင့်ပင် လဲလှယ်ပေးဆပ်နိုင်စွမ်းပါရဲ့။

မမကို သိပ်ချစ်ပါသည်။



၁၄

"မျက်နှာလေး ဒီနေ့လန်းတယ်"

"မနေ့က သွေးတွေသွင်းလိုက်ရတဲ့အထဲမှာ ထူးသစ်ဆီက တစ်ပုလင်းပါသွားလို့ဖြစ်မှာ၊ ထူးသစ်ရဲ့သွေးကို သွင်းခွင့်ရတာ၊ မမ အရမ်းအားရှိသွားခဲ့တာ"

"ကျွန်တော်နဲ့ သွေးတူလို့ပေးခွင့်ရတာကိုလည်း ကျွန်တော်က အရမ်းပျော်နေတာ"

"နောက်ထပ် လေးလကြာတဲ့အထိ မမ ... မသေသေးဘူးဆိုရင်၊ ထူးသစ် ... နောက်တစ်ပုလင်း ထပ်လှူဦးနော်၊ သွေးကို လေးလတစ်ကြိမ် ထုတ်လို့ရတယ်ဆို"

"လှူမှာပေါ့ မမရဲ့၊ လေးလတစ်ကြိမ်၊ လေးလတစ်ကြိမ်တွေအများကြီး ... အများကြီး၊ မမအတွက် သွေးတွေပုလင်းပေါင်းများစွာ ထုတ်ပေး ... ဦး ... မှာ"

ထူးသစ်က မင်းသားလွင်မိုး၏ ဟန်ကလေးနှင့် ...က် မေးကလေးဆတ်၍ ပြောတော့ မမ ... အားမရှိတရှိ

www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ရယ်ရှာ၏။ မမ ရယ်သာရယ်ပြား၊ အရယ်လေး
မပီပြင်ရှာ၊ နှုတ်ခမ်းလေးက အပေါ်ပိုင်းသို့ နည်းနည်းတိုနေသ
မို့ ရယ်ပုံက မဲ့တဲ့တဲ့ကလေး ဖြစ်နေရှာ၏။

"မမ စကားတွေ အများကြီး ပြောချင်တယ်၊ ရလား"

"ပြော ... မောရင် ခဏနား၊ ပြီးတော့ ထပ်ပြော၊ မမ
စပျစ်သီးလေး စားမလား၊ ကျွန်တော် အခွံလေးနွှာ
မယ်"

BURMESE CLASSIC .com

"ထူးသစ် ကျွေးရင် စားပါ့မယ်"

စင်စစ် ... ဘာကိုမှုမစားချင်၊ ဘာစားလို့မှ အရ
မရှိ။ ထူးသစ်ခမျာ သူ့ဆိုင်တစ်ဆိုင်လုံးပစ်ပြီး နှစ်ဆယ်လေးနာ
နာရီနှစ်ဆယ်လောက်က မြွှက်နားမှာ လာနေ၊ ပြုစုနေတာ
ထူးသစ်ရဲ့အယုအယများကို အသိအမှတ်ပြုပေးရခြင်းပင်။

ထူးသစ်က စပျစ်သီးအလုံးကြီးများ၏ အခွံ
စိတ်ရှည်လက်ရှည်နွှာ၍ ခွံ့၏။ မြွှက် မျက်နှာလေးက ပြုံး
သည်။ မြွှက်၏တစ်သက်တာမှာ (ကိုယ့်မှာ ဘယ်လိုရောဂါဆို
ပဲ ကျရောက်ကပ်ငြိနေစေဦး) အပျော်ဆုံးအချိန်တည်း။ ထူးသ
မြွှက်မျက်နှာလေး ချောင်ကျ၊ ညှိုးနွမ်း၊ အလှလျော့နေတာ
ကိုပဲကြည့်၍ သနားမဆုံး ခံစားရသည်။ တစ်ချက်ကြည့်
အကြည့်ကို ပြန်မလွှဲနိုင်တော့အောင် လှခဲ့သော ... တစ်ဖက်သ
မျက်ဝန်းရိပ်များကို ပြုစားဆွဲဆောင်ထားနိုင်ခဲ့သော ... မမ
အလှလျော့ရှာပြီ။ မကြာမီသောကာလတစ်ခုမှာ အလှပျက်ပါ
မည်။ အလှတရားက မမထံမှ ဖယ်ခွာတော့မည်။ တိမ်းဖယ်



သို့ အလှတရားနှင့်အတူ မမရဲ့ ထွက်သက်ဝင်သက်ကလေးပါ
ကပ်ပါသွားတော့မှာဖြစ်၏။

ကိုယ် ... ရင်နှင့်အမျှ ရင်ဘတ်ကြီးတစ်ခုလုံး ပွင့်
ကမတတ်ချစ်ရသော၊ မြတ်နိုးတွယ်တာရသော၊ စွဲလမ်းမက်မော
သော ချစ်သူသည် ... ကိုယ်နှင့်တကွ လောကကြီးတစ်ခုလုံးကို
ခဲ့ချန်ခဲ့ကာ၊ တစ်ယောက်တည်း ခရီးရှည်ကြီးကို ဆန့်လေ
တော့မည်။ အဲဒါကို ကြိုသိထားပြီး၊ မိနစ်နှင့်အမျှ၊ စက္ကန့်နှင့်အမျှ
ဆိုင်ဖို့ စောင့်နေရသည့်အဖြစ်က နှလုံးသားကို ညှဉ်းပန်းလွန်း
တော့သည်။ ရင်တွင်းကလီစာများအားလုံး ထုထောင်းရိုက်ပုတ်
ခက်ခံထားရသလို နာကျင်နေ၏။

မမကို မကြည့်ရက်ပါဘဲ ကြည့်နေရသည်။ ဦးသိဟန်
ဆိုသည့် ပုဂ္ဂိုလ်ကြီး ... ခုနေများ၊ ဤလူ့နာခန်းထဲသို့ရောက်
လျှင်၊ တစ်ချိန်က သူဝယ်ယူဆော့ကစားခဲ့ဖူးသည့် အရုပ်က
ကို မှတ်မိပါဦးမလား။ မမဦးခေါင်းမှာ ဆံပင်တို့ ကျဲစပြုပြီ။
ဝန်းတို့မှေးမှိန်ပြီ။ ဝင်းစိုမွတ်ညက်နေပါသော မမပါးပြင်တို့
သည် အညိုဖျော့ရောင်သမ်းစပြုပြီ။ ပါးလုပ်သော အရေပြားအဖြစ်သို့
ပြောင်းလျက် တွန့်ချင်လိပ်ချင်ပြီ။ အစက လှရုံပေါ်သော
နှာတံစင်းစင်းလေးခမျာ ... ခုတော့ ပေါ်လွင်လွန်းခြင်းသို့
ကလျက် အလှပျက်ခဲ့ပြီ။

ရှုန်းစက်တောက်ပနေသည့် မမမျက်ဝန်းအစုံတို့
သို့ဆုတ်လျက် ချိုင့်ခွက်စပြုချေပြီ။ ချိုင့်ဝင်သွားသည့်
အိမ်ကြောင့် နှာတံ ပိုပေါ်လာပေမယ့် အလှတရားတို့ပါလာ

www.burmeseclassic.com

www.burmeseclassic.com

တော့ပါ။ မမ၏အပေါ်နှုတ်ခမ်းလေးက ကျစ်လိပ်လျက် အပေါ်ဘက်သို့ တိုတက်စပြုပြီမို့ မပြုံးမရယ်ပါဘဲ၊ မမ၏အပေါ်သွားဖြူတန်းက အလိုအလျောက် ပေါ်နေချေပါပြီ။

မမရယ် ...။

"တစ်နေ့တခြား အလှပျက် ဆုတ်ယုတ်လျက်၊ ညှိုးလျော်နွမ်းခြောက်လာတဲ့ မမကို ကျွန်တော် ထိုင်ကြည့်နေရတာများ ရင်ထဲ မချိလွန်းလို့ ..."

အတွေးစကို သိမ်း၍ တဲတွေးကိုမျိုရင်း စို့ဝဲချင်လာသော မျက်ရည်စများကို ထိန်းရပါ၏။

မမသည် တစစ ယိုယွင်း လာပါလျက်၊ စကားဝါကျကိုတော့ ရင်ဘတ်ကလေးဖိလျက် အားယူပြောနေရှာသေးသည်။

"နောက်ကို ဘယ်တော့မှမပြောနိုင်တော့ဘူးဆိုတာကြိုသိနှင့်နေလို့များ မမောတမ်း ပြောနေရှာတာလား မမရယ်"—ဟု ဘမ်းတမ်းတတ မေးချင်၏။

"မမ စကားတွေပြောရတာ မမောဘူးလား"

မမလက်ဖျားလေးတစ်ဖက်ကို ဆွဲ၍ ထူးသစ် လက်နှစ်ဖက်နှင့် ညှပ်ကိုင်ကာ ရင်ခွင်ထဲ ထည့်ထားပေးလိုက်ပေမယ့် မမ လက်ကလေးတွေက နွေးသင့်သလောက် နွေးမလာရှာပါ။ အေးစက်ခြင်းဘက်သို့သာ လုလေ၏။

"စိုင်းထီးဆိုင်သီချင်းလိုပေါ့ ထူးသစ်ရယ် ... မောတော့ မောတာပေါ့၊ ဒါပေမဲ့ ... မမောဘူး"



"မမမောရင် ... မမက မျက်စိလေးမှိတ်ပြီး နားထောင်နေ၊ ကျွန်တော် တစ်လှည့်ပြောမယ်"

"အင်း ... ထူးသစ်ဆိုင် လူစည်ကားရဲ့လား"

"စည်ပါတယ်၊ လူဝင်တယ်၊ အကျိုးအမြတ်တွေလည်း အများကြီးရတယ်၊ ကျွန်တော် မင်္ဂလာဆောင်ဖို့ ပိုက်ဆံစုနေတယ် မမရဲ့"

"ချစ်သူက ရပြီလား"

"မမလေ။ ဒီကမ္ဘာမှာ ကျွန်တော့်အတွက် တစ်ဦးတည်းနဲ့ တစ်ယောက်သောချစ်သူဟာ မမ"

"မမကမှ ထူးသစ်ကို မချစ်တာ"

"ရပါတယ် ... တချို့က ပြောကြတယ်၊ အချစ်ဆိုတာ တူညီတဲ့တုံ့ပြန်မှုကို ရတတ်တယ်တဲ့။ ကိုယ်က ချစ်ပြီဆိုရင်၊ ချစ်သူက ပြန်ချစ်တာကိုလည်းရချင်တယ်။ ကျွန်တော်က လောဘနည်းတယ် မမရဲ့။ မမ ပြန်မချစ်ရင်နေ၊ ကျွန်တော် တစ်ယောက်တည်းချစ်နေမယ်၊ ချစ်ခွင့်ကိုပဲ လိုချင်တယ်။ ကျွန်တော် ... ရောင့်ရဲပါတယ် မမရယ်"

စကားသံကို နစ်တိမ်မသွားအောင် ကြိုးစားရင်း မမလက်ဖျားလေးများကို နှုတ်ခမ်းဖြင့် ထိထားလိုက်မိပြန်၏။

မမရယ် ... မမကို ကျုံးမွေ့ပြီး၊ တစ်ဖက်ကဆွဲနေတဲ့ သေခြင်းတရား ဆိုတာကြီးနဲ့ အားချင်းပြိုင်ချင်လိုက်တာ၊ အဲဒီလို အပြိုင်ဆွဲခွင့်သာရှိရင်၊ ကျွန်တော့်ရဲ့ချစ်ခြင်းတွေက ခွန်အားပိုမယ် ထင်ပါရဲ့ မမရယ်။

www.burmeseclassic.com

www.burmeseclassic.com

"ထူးသစ်ရေ"

"ဗျာ ... မမ"

"ဘယ်တော့မှ ဝမ်းမနည်းရတဲ့ဘဝကို ရချင်လိုက်တာ"

"မမနေကောင်းလို့ ကျွန်တော်နဲ့ လက်ထပ်ပြီးရင်၊ အဲဒီလို ဘဝမျိုးကို မမ ပိုင်ပြီ"

"အမြဲတမ်း ပြည့်စုံနေတဲ့ဘဝကိုလည်း လိုချင်တယ်"

"ကျွန်တော့်အချစ်တွေကြောင့် အရာရာဟာ အလိုအလျောက် ပြည့်စုံသွားမယ် ... မမ စိတ်ချနော်"

"မမ ... လောဘကြီးလားဟင်"

"မကြီးပါဘူး၊ လောဘကြီးချင်လည်း ကြီးပါ။ မမရဲ့လောဘ အားလုံးဟာ ကျွန်တော့်ရင်ခွင်ထဲမှာ ပြည့်စုံစေရမယ်။ မမ ... ကျွန်တော့်ကို ချစ်တယ် မဟုတ်လားဟင်"

"ထူးသစ် ကြားဖူးလား ... အောင်မြင်ပျော်ရွှင်တဲ့ အိမ်ထောင်ရေးဆိုတာ၊ ပေးဆပ်သူနှစ်ဦးရဲ့ ပေါင်းစည်းမှုသာလျှင် ဖြစ်တယ်တဲ့"

"ကျွန်တော်နဲ့ မမရဲ့အပြန်အလှန်ပေးဆပ်မှု ချစ်ခြင်းတွေနဲ့ အောင်မြင်ပျော်ရွှင်တဲ့ အိမ်ထောင်ရေးကို တည်ဆောက်ကြမယ်"

"ထူးသစ်တို့ခြံထဲက ရေမြောင်းလေးထဲက ငါးလေးတွေ ပေါက်သေးလား"

"ခုတော့ မပေါက်သေးဘူး၊ မမက ဘာငါးလိုချင်လို့လဲ၊ ကျွန်တော် ဝယ်ဖြည့်လိုက်မှာပေါ့"



"ဒီတစ်ခါ ... ငါးလေးတစ်ကောင် ထပ်ပေါက်ရင် အဲဒါ မမပဲလို့ ယူဆနော်"

"မမက ကျွန်တော့်ရင်ခွင်ထဲမှာလေ။ မမက လူပဲ၊ ငါးမဖြစ်နိုင်ပါဘူး"

"အန်တီစိုက်ထားတဲ့ ပန်းကလေးတွေ ပွင့်လာရင်လည်း နောက်ဆုံးပွင့်တဲ့ပန်းလေးဟာ မမပဲလို့ ယူဆနော်"

"အဲဒါဆိုရင် ကျွန်တော်က နူးပြံ့ပွေ့ထားလိုက်မယ်"

"မမလေ ... ငှက်ကလေးလည်း ဖြစ်ချင်တယ်၊ လေထဲမှာ ပျံဝဲချင်လို့။ ပန်းလေးလည်း ဖြစ်ချင်တယ် ထူးသစ် မွှေးရှိုက်ဖို့၊ စမ်းချောင်းလေးလည်း ဖြစ်ချင်တယ်၊ ထူးသစ်တို့ ခြံထဲမှာစီးဆင်းဖို့"

"ဖြစ်စေဗျာ ... မမ ဖြစ်ချင်တာတွေ အားလုံးဖြစ်ပါစေ၊ ဖြစ်အောင် ကျွန်တော်လုပ်ပေးမယ်"

"တိမ်စိုင်တွေလည်း ဖြစ်ချင်တယ်၊ မိုးကောင်းကင်ကြီးပေါ်မှာ ရွေ့မျောဖို့"

"ကျွန်တော်လည်း မမနဲ့ တူတူပါမယ်"

"ထူးသစ်ရေ ..."

"ကျွန်တော် ရှိပါတယ် မမ"

"အချစ်ဆိုတာ ဘာလဲသိလား"

"မမကို ကျွန်တော် သိပ်ချစ်နေတာပဲ၊ သိတာပေါ့"

"မမကတော့ သိခွင့်မရခဲ့ပါဘူး၊ သိခွင့်ရလိုက်တဲ့ အချိန်ကျတော့၊ သိပ်ကိုနောက်ကျသွားပြီ ထင်တယ်"

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

"အချစ်မှာ နောက်ကျတဲ့ယ်ဆိုတာမရှိပါဘူး မမရယ်"

"ထူးသစ်ရေ ..."

"ကျွန်တော် ရှိပါတယ် မမ"

"ထူးသစ်က မမကို ချစ်နေတာ မဟုတ်ပါဘူး၊ သနားနေတာပါ၊ ကယ်တင်ရှင် လူစွမ်းကောင်းလုပ်ချင်နေတာ၊ တစ်နေ့ထူးသစ် ... မမကို မုန်းသွားမှာ"

"ကျွန်တော် ... ဘယ်တော့မှ မမုန်းဘူး မမ"

"တစ်နေ့ ... မမကို စိတ်ပျက်သွားမှာ"

"ဘယ်တော့မှ မပျက်ဘူး မမ"

"စိတ်ကုန်သွားမှာ"

"ဘယ်တော့မှ မကုန်ဘူး မမ"

"မမဆီကို ထူးသစ် နေ့တိုင်းလာနော်"

"လာမှာပေါ့ မမရယ်"

"ဘယ်ထိလာရမလဲသိလား၊ ထူးသစ် ချစ်သူရတဲ့နေ့အထိ၊ ထူးသစ်ရဲ့ချစ်သူက မြစွက်ညိုဆိုတဲ့ မိန်းမဆီကို မသွားရဘူးလို့ တားတဲ့နေ့ထိ၊ မမ ... မမရဲ့ဂူလေးဆီကို၊ မမကို မီးမသဂြိုဟ်နဲ့နော် ... မမဘဝမှာ ပူလောင်မှုတွေများလွန်းလို့"

"မမ ... နေ ... ကောင်း ... လာမှာပါ မမရယ်၊ ကျွန်တော် မမကို ချစ်တယ်"

မြစွက် မျက်စိလေး မှိတ်ကျသွားသည်။ ထူးသစ် ... မြစွက် လက်ဖျားလေးများကို နှုတ်ခမ်းဖြင့်ထိ၊ ပါးနှင့်ကပ်၊ ရင်ခွင်ထဲသွင်းရင်း၊ စီးကျလာသည့် မျက်ရည်များကို တစ်ဖက်မှသုတ်ရ၏။ ရင်ထဲမှာ မချိလိုက်တာများနယ်၊ မကြည့်ရက်လိုက်တာများနယ် ... ကံဆိုးတဲ့ မမရယ်၊ နေပြန်ကောင်းလာပြီး၊ ကျွန်တော့်ရင်ခွင်ထဲမှာ ... မမရဲ့ဘဝ ပူလောင်ခြင်းတွေကို ငြိမ်းသတ်ခွင့်ရရှာပါတော့လားဗျာ။

မမက မျက်စိမှိတ်ထားပြီမို့၊ ကိုယ့်မျက်ရည်တွေသူ့ မမြင်ရတော့သည့်တူတူ၊ ထူးသစ် ... သိမ်းဆည်းမနေတော့ပါ။ ခုချိန်မှာ ... ကိုယ့်လက်နှစ်ဖက်ကို ဘယ်အလုပ်မှမပေးချင်။ မမကို ထွေးပွေ့ဆုပ်ကိုင်ထားဖို့သာ အသုံးဝင်ချင်၏။ မမနှင့် ထိတွေ့နေရခြင်းအားဖြင့် ... မမနားမှာ ထူးသစ် ရှိနေတာ၊ မမ သိရှာပါစေ။

မမ ... အားရှိရှာပါစေ။

မမ ... မျက်စိလေးမှိတ်ထားတာ၊ ပင်ပန်းလို့လား။ ဖွင့်ကြည့်ဖို့ ခွန်အားမရှိတော့တာလား။ အဲဒီမျက်ခွံလေးတွေကို ပြန်ဖွင့်ပေးပါဦးနော်။ အပြီးတိုင် ပိတ်ချမပစ်လိုက်ပါနဲ့ မမရယ်။ မမမျက်ဝန်းရိပ်တွေဟာ အရောင်အဆင်းမဲ့ပြီး ညှိုးလျော်နွမ်းခြောက်နေလည်း ... ကြောင်ငေးရင်းနဲ့ ဘာကိုမှ မမြင်နိုင်စွမ်းတော့ဘူးဆိုရင်လည်း ကျွန်တော် ... ကြည့်နေချင်ပါသေးတယ်။ ကြည့်ခွင့်ပေးပါ မမရယ်။

"ထူးသစ်ရေ"

ဒီတစ်ကြိမ်ခေါ်သံလေးက ပိုလို့တိုးတိတ်သွားရှာ၏။ မျက်ခွံလေးများကတော့ ဖေ့ပိပိတ်လျက်သာ။


www.burmeseclassic.com

www.burmeseclassic.com

“ကျွန်တော် … ကျွန်တော် မမနားမှာပါ။ ရှိပါတယ် မမရယ်”

“မမမှာ ပြောစရာတွေလည်း မရှိတော့ပါဘူး”

“မောရင်နားပါ မမရယ် … မမ ဘာနားထောင်ချင်လဲ၊ ကျွန်တော် … တလဲပြောပါ့မယ်”

“ပြောဖို့ စကားလေးတစ်ခွန်းပဲ ကျန်တယ်”

“ကျွန်တော် နားထောင်နေတယ်နော် … မမ”

“ဒါပေမဲ့ … အဲဒီစကားတစ်ခွန်းကို၊ ထူးသစ်ကို မမ ဘယ်တော့မှ မပြောဘူး”

“မမ ပြောချင်တဲ့ အချိန်ကျမှပြောပါ”

“မပြောပါဘူး၊ မြှုထားမှာ၊ ထူးသစ် မသိစေရဘူး။ ထူးသစ်ကို မမ … ဘယ်တော့မှ ပြောမပြမယ့်စကားလေး … အဲဒါလေ … ထူးသစ်ကို … မမ … ချစ်တယ် … သိပ်ချစ် … တယ် … ဆိုတဲ့ စကားလေး …”

“မမ …”

ထူးသစ် … ရင်ပွင့်သံနှင့် ခေါ်၏။

မပြောဘူး … တဲ့။ ဘယ်တော့မှ မပြောဘူးတဲ့။ ထူးသစ် မသိစေရဘူးတဲ့။ အခု … မမ ပြောသွားပြီ မမရဲ့။ ကျွန်တော် ကြားသွားခဲ့ပြီ။ ထူးသစ်ဆိုတဲ့ကောင် … သိခွင့်ရသွားပြီ။ မမ … သိစိတ်ရှိသေးလို့ ပြောတာလား၊ သိစိတ်မရှိတော့ဘဲ ပြောတာလား။ မမရဲ့မျက်ခွံလေးတွေကတော့ မှိတ်ထားကြတယ်။ မမအသံက အရမ်းတိုးတယ်။



မမနှုတ်ခမ်းနားကို ကျွန်တော့်ပါးနဲ့ကပ်ပြီး နားထောင်မှ ကြားရတယ်။ မမရယ် … ဒီနှုတ်ခမ်းလေးကတော့ လှုပ်နိုင်သေးတယ်နော်။ မမနှုတ်ခမ်းလေးတွေ မလှုပ်ရှားနိုင်တော့ဘဲ၊ မမ ရင်ထဲမှာသာ … အဲဒီဝါကျလေးတစ်ကြောင်း၊ ဘောင်ဘင်ခတ်နေရင်လည်း၊ ကျွန်တော် … နှလုံးသားနဲ့ ကြားနိုင်ပါတယ် မမရယ်။

မမချစ်တာ သိပါတယ်။

ကျွန်တော့်ကို ချစ်လွန်းလို့ ငြင်းနေမှန်း … ကျွန်တော် ရင်နဲ့အမျှခံစားပြီး သိပါတယ် မမရယ်။

မမရဲ့ဘဝလေးက နွမ်းပြီးသားမို့ ကျွန်တော်နဲ့ မတန်ဘူး ထင်ရက်တာလား၊ တစ်နေ့မှာ မမဟာ လူ့လောကကြီးကို အချိန်မတိုင်မီ စွန့်ခွာခဲ့ရက်သွားရမယ်ဆိုတာ ကြိုသိနေလို့များ ငြင်းရက်တာလား။ မမနှုတ်ဖျားက “မချစ်ဘူး”ဘယ်လိုပဲငြင်းငြင်း၊ မမရဲ့မျက်ဝန်းတွေက ကျွန်တော့်ကို ချစ်နေကြတယ်၊ မမရဲ့အပြုံးလေးတွေက ကျွန်တော့်ကို ချစ်နေကြတယ်။

ကျွန်တော်သိတယ် မမရယ်။

ဘဝရဲ့နိဂုံးရက်လေးတွေမှာ ကျွန်တော်နဲ့ ခင်မင်ခွင့်လေး ရပါစေတော့ရယ်လို့ မေမေ့ကို အောက်ကျို့ပေါင်းသွားရှာတာလေး သနားတယ် မမရယ်။ မမ ကံဆိုးရှာတယ်။ မမက ဘဝမှာ ဘယ်ကဏ္ဍလေးတစ်ခု ကံကောင်းခဲ့သလဲ။ ကျွန်တော့် အချစ်တွေနဲ့ ကံကောင်းစေတော့မယ်ဆိုတဲ့ အချိန့်မှာ မမအတွက် အရမ်းကို နောက်ကျသွားခဲ့ပြီ မမရယ်။

www.burmeseclassic.com

မမ ...။

မျက်ခွံလေးတွေ ပြန်ဖွင့်ပြပါဦး။ အရောင်အဆင်းမဲ့နေတဲ့ မျက်ဆံညိုလေးတွေ၊ အဓိပ္ပာယ်မဲ့နေတဲ့ အငေးလေးတွေကိုပဲ ကြည့်ခွင့်ရရင်တောင် ကျွန်တော် ရောင့်ရဲချင်လို့ပါ။ မမ ... ကျွန်တော့်ကို ကြည့်နေလေရဲ့ ... ဆိုတဲ့ အသိစိတ်ကလေးတစ်ခုတည်းနဲ့တောင် ကြည်နူးပီတိဖြစ်နိုင်တဲ့ ကျွန်တော့်ကို၊ ပျော်ရွှင်ခွင့်လေး တစ်ကြိမ်လောက်ပေးပါဦး မမရယ်။

ကျွန်တော့်မျက်ရည်တွေ မမလက်ချောင်းလေးတွေပေါ် စိုရွှဲကုန်ပြီ။ ပူလောင်သွားလား မမရယ်။ ပူနွေးတဲ့ခံစားမှုကို မမရလား၊ ကျွန်တော် ... သက်ခင်ပြတ်အောင် ငိုနေတယ် ... မမ သိရဲ့လား။

မျက်ခွံလေးများ ပြန်ဖွင့်မလာတော့သည့် မြရွက်ညို၏ဦးခေါင်းလေးက တစ်ဖက်သို့ ဖြည်းဖြည်းလေးလည်၍ ညင်ညင်သာသာလေး စောင်းကျသွားတော့သည်။

"မမ"

ထူးသစ် ကျုံးအော်လိုက်၏။

"မမ"

ရင်ခွင်ထဲမှ လက်ဖျားလေးများကို လွှတ်ချလိုက်၏။ လူနာခုတင်ပေါ်သို့ ဇွေ့ခနဲ ရောက်သည်။

"မမ"

မမကို ကျုံးပွေ့လိုက်၏။ စီးကျလာသည့် မျက်ရည်တွေကို ခေါင်းငုံ၍ အင်္ကျီလက်မောင်းစဖြင့် သုတ်၏။



"မမ"

မမကို ကျုံးပွေ့လိုက်သည်။

မြရွက်၏ကိုယ်ကလေးတစ်ပိုင်း ... ထူးသစ် ရင်ခွင်ထဲသို့ ပျော့ခွေစွာပါလာ၏။

မမ ... မျက်စိလေး မှိတ်ထားလျက်သား။

"မမ"

မမကို ကြမ်းတမ်းစွာ ကိုင်လှုပ်လိုက်မိ၏။

"မမ ပြန်လာပါ မမရယ်။ ကျွန်တော့်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့၊ ကျွန်တော် မကျန်ရစ်ပါရစေနဲ့၊ ချန်မထားခဲ့ပါနဲ့၊ မမ ... ဘယ်တော့မှ မပြောဘူးဆိုတဲ့ စကားလေးကို ပြောပါဦး မမ ...

"ထူးသစ် မသိစေရဘူးဆိုတဲ့ စကားလေး တစ်ခွန်းကို တစ်ကြိမ်လောက် ထပ်ပြောပါ ... မမ။ သိခွင့်ပေးပါ။ ကြားခွင့်ပေးပါ ... မမရဲ့၊ ကျွန်တော့်ကို တစ်ယောက်တည်း ချန်မထားခဲ့ပါနဲ့ ...

"အခွင့်အရေးလေး တစ်ကြိမ်လောက် ပြန်ပေးပါ။ မိနစ်ပိုင်းလေးပဲဖြစ်ဖြစ်၊ တစ်ကြိမ်တည်းပါ၊ မမ ... မပြောချင်တဲ့စကားလေးကို ပြောခဲ့ပါဦး မမရယ်"

မမသာ ပြောခွင့်တစ်ကြိမ်လောက် ... အခွင့်အရေးလေးပြန်ရမည်ဆိုလျှင် ... မမရဲ့အသံလေးဟာ ဘယ်လောက်များ ချိုသာနေမလဲ မမရယ်။ ကျွန်တော့်နားထဲမှာ ဘယ်လောက်များ ချိုမြိန်သွားရမလဲ မမရယ်။

www.burmeseclassic.com

မမ ဘယ်ကိုထွက်သွားတာလဲ၊ သိပ်အဝေးကြီးမသွားပါနဲ့၊ ကျွန်တော့်ဆီ ပြန်လာခဲ့ပါ မမရယ်။ ကျွန်တော် ... မခွဲနိုင်လို့ပါ။ မမကို သိပ်ချစ်လို့ပါ ... သိပ်ချစ်လို့ပါ။

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်

www.burmeseclassic.com